

www.burmeseclassic.com
မှုခင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်ကြစေဖို့
မှုခင်း ရှာဖော်
မှုခင်းနှင့်ရသစုံမဂ္ဂဇင်း
VOL (E) , N0 ( 38 )
၂၀၁၄ ခုနှစ်၊ ဧပြီလ
BURMESE CLASSIC .com
မှုခင်း
မှုခင်း
မှုခင်း
မှုခင်း
သရုပ်ဆောင် - ဆုပန်ထွာ
ဓာတ်ပုံ - ရဲမြင့်လွင်
www.burmeseclassic.com

www.burmeseclassic.com

ချိန်ရပ်မှန်မှုခင်းဝတ္ထုများကို ဖတ်ရှုလေ့လာခြင်းအားဖြင့် မှုခင်းများကို ကြိုတင်ကာကွယ်နိုင်ကြစေရန် ရည်ရွယ်လျက်----

မှုခင်းပညာပေးအစီအစဉ်အရ **ခွင့်ပြုချက်မြ-၀၃၈၂၈**ဖြင့် ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်းအား လစဉ်လဆန်း (၁)ရက်နေ့တိုင်း ပုံနှိပ်ထုတ်ဝေပါသည်။

...ကာ - ဦးတင်လှိုင် (ဝန်ကြီး-ငြိမ်း)
...အဖွဲ့ ဝင်များ - ဦးစောငွေ (ဒုညွှန်ချုပ်-ငြိမ်း၊ အကျဉ်းဦးစီးဌာန)၊ ရဲမှူးချုပ်တင်ဝင်း (ငြိမ်း)၊ ရဲမှူးကြီးအောင်ဖိုင်း (ငြိမ်း)၊ ရဲမှူးကြီး မြင့်စိုး (ငြိမ်း)

7 - MAR 2014

...အကြံပေးအဖွဲ့ - ဒုရဲမှူးကြီးဝင်းမြင့် (ငြိမ်း)၊ ဒုရဲမှူးကြီး ခင်မောင်ဝင်း (ငြိမ်း)၊ ဦးဘဝင်း (ဒုညွှန်မှူး-ထွေ/အုပ်(ငြိမ်း)၊ ဦးရဲထွဋ် (လက်ထောက်ညွှန်မှူး-ဥပဒေ-ငြိမ်း)
...ပေးလမ်းညွှန်မှု - ဒေါ်သက်ရီ (အကြံပေး-မြန်မာနိုင်ငံအမျိုး သမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း)
...တာချုပ်/ထုတ်ဝေသူ - ဦးသက်နိုင်ဦး (အမှုဆောင်အရာရှိချုပ်)
...အယ်ဒီတာချုပ်နှင့်တာဝန်ခံအယ်ဒီတာ -မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ (မြန်မာနိုင်ငံစာရေးဆရာအသင်း၊ တွဲဖက်အတွင်းရေးမှူး)
...ထွေအုပ်ချုပ်ရေးမှူး- ဒေါ်ညိုညိုစိမ့် (ဒုတိယအမှုဆောင်အရာရှိချုပ်)
...ထွေအကြံပေးအဖွဲ့ - ဦးမင်းဆွေ(AE ဆောက်လုပ်ရေး-ငြိမ်း)၊ ဦးအေးမြင့်(SAE-ငြိမ်း)၊ ဗိုလ်ကြီးစိုးပိုင် (ငြိမ်း)၊ ဦးကျော်ဆန်း (လ/ထဦးစီးမှူး)
...ငန်းကြီးကြပ်ရေးမှူး- ဒေါ်တင်တင်အောင်၊ ဦးတင်လင်ဦး
...အုပ်ချုပ်ရေးမှူး - ဦးဌေးနိုင်၊ ဦးအောင်ကျော်ဦး
...မှူး - ဒေါ်ခင်စန်းဝင်း၊
...ရုံးအဖွဲ့မှူး - ဒေါ်မြမြလှိုင်
...တာဝန်ခံ - စောဝဏ္ဏ
...ငန်းအဖွဲ့ - ဒေါ်လှိုင်လေးဝင်း၊ ဦးတင်ကြိုင်
...ချုပ်အဖွဲ့ - ဦးတင်ဦး၊ ဦးမြင့်ဦးအဖွဲ့
... - ဦးထွန်းအောင် (၀၃၀၃၇) စိန်နဂါးပုံနှိပ်တိုက်၊ အမှတ် (၈၉)၊ (၅၆)လမ်းတို၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
...လင် - EAGLE COLOUR SEPARATION

## ရှုထောင့်ဗီဒီယာအဖွဲ့၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဗီဒီယာရုံးခွဲများ

ဦးခိုင်မင်းအဖွဲ့ (နေပြည်တော်)၊ ဦးခင်ဇော်ဦးအဖွဲ့ (ကရင်ပြည်နယ်)၊ ဦးသိန်းလှိုင်အဖွဲ့ (မွန်ပြည်နယ်)၊ ဦးသိန်းဇော်ဦးအဖွဲ့ (မူဆယ်/ရှမ်းမြောက်)၊ ဦးစံဇာတီအောင်အဖွဲ့ (လားရှိုး/ရှမ်းမြောက်)၊ ဦးမြင့်အောင်အဖွဲ့ (ကယားပြည်နယ်)၊ ဦးဇော်ရှင်းအဖွဲ့ (ပဲခူးတိုင်းဒေသကြီး-အရှေ့ပိုင်း)၊ ဦးအောင်သန်းထွဋ်အဖွဲ့ (ပဲခူးတိုင်းဒေသကြီး-အနောက်ပိုင်း)၊ ဦးတင်စိုးအဖွဲ့ (သာယာဝတီခရိုင်/ကြို့ပင်ကောက်)၊ ဦးအောင်လွင်အဖွဲ့ (ပြည်ခရိုင်)၊ ဦးမျိုးဆွေဦးအဖွဲ့ (ပြည်မြို့နယ်)၊ ဦးထွန်းမြင့်အဖွဲ့ (ပန်းတောင်း/ဥက္ကံစိုင်)၊ ဦးလှထူးအဖွဲ့ (အောင်လံ/ပြည်)၊ ဦးမျိုးသက်အောင်အဖွဲ့ (ဇီးကုန်း)၊ ဦးအောင်မြင့်အဖွဲ့ (ရွှေတောင်)၊ ဦးတင်ဝင်းအဖွဲ့ (ပုတီးကုန်း)၊ ဦးခင်သောင်းအဖွဲ့ (သဲကုန်း)၊ ဦးတင်မောင်ကြည်အဖွဲ့ (ပေါင်းတည်)၊ ဦးထွန်းဝေအဖွဲ့ (တံမ)၊ ဦးတင်ဝင်းအဖွဲ့ (အုတ်ဖို)၊ ဦးသိန်းလွင်အဖွဲ့ (နတ်တလင်း)၊ ဦးစိုင်းဇော်ဇော်အဖွဲ့ (အင်းမ/ဝက်ပုတ်)၊ ဦးမောင်မောင်သိန်းအဖွဲ့ (မင်းလှ)၊ ဦးမြင့်လွင်အဖွဲ့ (သာပေါင်း)၊ ဦးထွန်းထွန်းအဖွဲ့ (ပေါင်းတလည်)၊ ဦးထူးထူးအဖွဲ့ (လက်ပံတန်း-၁)၊ ဦးသက်မြင့်ဝင်းအဖွဲ့ (လက်ပံတန်း-၂)၊ ဦးဝင်းဇော်အဖွဲ့ (မိုးညို)၊ ဦးအေးစိုးအဖွဲ့ (ဟင်္သာတ)၊ ဦးမောင်မောင်စိုးအဖွဲ့ (ဘုရားကြီး)၊ ဦးအောင်မျိုးဦးအဖွဲ့ (ကျောက်တံခါး)၊ ဦးအောင်ဇော်မင်းအဖွဲ့ (မြန်အောင်)၊ ဒုရဲမှူးတင်လှိုင်(ငြိမ်း)အဖွဲ့ (ပေါက်ခေါင်း)၊ ဦးချစ်လှအဖွဲ့ (ကြံခင်း)၊ ဦးစိုးမင်းအဖွဲ့ (ဘတ်ရဲ)၊ ဦးကျော်နိုင်ဦးအဖွဲ့ (ထပမြို့နယ်)၊ ဦးသန်းဝင်းအဖွဲ့ (ချောတ်)၊ ဦးလှရွှေအဖွဲ့ (ကျောက်ပန်းတောင်း)၊ ဦးစိန်ဝင်းအဖွဲ့ (ရေစကြို)၊ ဦးစိုးမြင့်အဖွဲ့ (ဘိုကလေး)၊ ဒေါ်သန်းသန်းသျှင်းအဖွဲ့ (ကမာရွတ်)၊ ဦးမိုးအဖွဲ့ (အရှေ့ပိုင်းခရိုင်/သာကေတ)၊ ဒေါ်လှလှကြည်အဖွဲ့ (လှိုင်သာယာ-၁)၊ ဦးတင်ထွန်းဦးအဖွဲ့ (လှိုင်သာယာ-၂)၊ ဦးအောင်မင်းအဖွဲ့ (ဒေါပုံ-၁)၊ ဦးတင်လှိုင်အဖွဲ့ (ဒေါပုံ-၂)၊

## သတင်းနှင့်စာမူများပေးပို့ရန်လိပ်စာ

အမှတ် (၉၆)၊ မဟာသုခလမ်း၊ ကျိုက်ဝော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
**PH: 01-297297, 01-9000017, FAX : 01-397164**
Email : shuhtaunt@gmail.com, nyonyoseinnt@gmail.com, www.shuhtauntheadofficeygn.com

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ။ ဓမ္မော မေ သရဏံ အညံ နတ္ထိ။
သံဃော မေ သရဏံ အညံ နတ္ထိ။

ဒီဝါတပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ၊ သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော၊ အထသဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ၊ တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ၊ နမက္ကာရာနုဘာဝေန၊ သဗ္ဗေဗျေရေန္တု သက်ပွာ။

ဩော်င်း-တစ်ရှာရှစ်ကွက် ဗုဒ္ဓစက်၊ တစ်ဆယ့်လေးချက် ဓမ္မစက်၊ တစ်ဆယ့်ရှစ်ချက် သံဃစက်၊ လရောင်ဝင်းလျက် ရှင်ပစ္စေက ဗုဒ္ဓါရပာန္တာစက်၊ မြင်းမိုရ်တောင်ဦး မြင့်ခေါင်ကျူးလျက် မိဘစက်၊ ဂုဏ်ကျေးဖူးအထူးသိလျက် ဆရာစက်၊ ဗြဟ္မစိုရ်လက်နက် ဗြဟ္မာ့စက်၊ မိုးကြိုးလက်နက် သိကြားစက်၊ လောင်မီးကျလျက် နတ်တို့စက်၊ ဘွဲ့ဖြူလက်နက် ဘီလူးစက်၊ တောင်ဟုန်ပြင်းလျက် ဂဠုန်မင်းစက်၊ အာခံတွင်းက ဝင်းဝင်းတောက်လျက် နဂါးစက်၊ သုံးထောင်သချီာ ယောဝန္တာ အာဏာစိုးလျက် သီဟစက်၊ စက်ကြီးတစ်ဆယ့်သုံးပါး ရွတ်သံကြားက ဘေးများမြင်မှုမကောင်းစုတို့ ဝေးကကြဉ်ရှောင် အောင်စေတတ်သည် မြတ်သည့်ဆရာ ပညာတည်း။
ဩော်င်း-နမော ဗုဒ္ဓါနုဘာဝေန၊ ဩော်င်း-နမောဓမ္မာနုဘာဝေန၊ ဩော်င်း-နမော သံဃာနုဘာဝေန၊
ဩော်င်း-နမော ဒူရေ-ဒူရေ ဘွား ဟုံ-ဟုံ။

ဒါရိုက်တာ 'ဦးဦးသက်' စီစဉ်ညွှန်ကြားသော

AUDIO WAVE

GENERAL ENTERTAINMENT GROUP

-အသံစက်ပစ္စည်းနှင့်မီးပစ္စည်းမျိုးစုံ၊ ဆောင်းဘောက်ပစ္စည်းမျိုးစုံ ငှားရမ်းခြင်း၊
- ပျော်ပွဲရှင်ပွဲအတွက် ကာရာအိုကေစက်များငှားရမ်းပေးခြင်း၊
- နိုင်ငံကျော်အနုပညာရှင်များစွာဖြင့်ပျော်ဖြေမှုအစီအစဉ်များအတွက်စီစဉ်ဆောင်ရွက်ပေးခြင်း၊
- စတိတ်ရှိုး၊ အငြိမ့်၊ DANCER , FASHION ပွဲများ၊ ပရိုမိုးရှင်း(ရောင်းအားမြှင့်တင်မှုပွဲများ)စီစဉ်ပေးခြင်း


အထူးဈေးနှုန်းဖြင့်ဆောင်ရွက်ပေးနေပြီ

ဆက်သွယ်ရန်ဖုန်း - ၀၉ ၇၃၁၂၁၆၇၀၊ ၀၉၄၃၁၁၀၃၂၂ ၊ ၀၁ ၃၉၇၁၆၄၊ ၀၁ ၂၉၇၂၉၇၊
၀၁ ၉၀၀၀၀၁၇ (ရန်ကုန်မြို့)၊ ၀၅၃ ၂၇၁၁၃ (ပြည်မြို့ရုံးခွဲ)

www.burmeseclassic.com

www.burmeseclassic.com

# အဋ္ဌကထာကြေးပိဋကတ်တော်လှူဒါန်းကြစို့



အဘိဓမ္မာပိဋကတော်တွင်
သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊
သုတ္တန္တပိဋကတော်တွင် (၂၉) အုပ်စာ
ကြေးသေတ္တာအလှူရှင်များ
လိုအပ်နေပါသဖြင့်
ကြေးသေတ္တာတစ်လုံးလျှင်
၁၅၀၀၀၀ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါသည်။

---

ကြေးစာရေထွင်းလှူဒါန်းရာ၌
သုတ္တန္တပိဋကတွင် (၂၈)အုပ်စာ၊ ကြေးချပ်ရေ (၅၀၀၀) ခန့်မျှ ကြေးပိဋကတ်တော်များ
ပြုလုပ်လှူဒါန်းရန် ကျန်ရှိနေပါသေးသဖြင့် ကြေးပြား ၁ချပ်လျှင် ၂၆၀၀၀ကျပ်နှုန်းဖြင့်
တတ်စွမ်းသမျှ ပါဝင်လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

---

ဆက်သွယ်လှူဒါန်းရန်ဌာန –
ဇေလာတိုက်ကျောင်း၊ ရွှေကျင်တိုက်ကြီး၊ ကမ္ဘာအေးဘုရားလမ်း၊ (ရွှေကောင်းမဟာ့ပေါ် ရှေ့) ကြားတောရရပ်ကွက်၊ ဗဟန်း။
ဖုန်း – ၅၄၈၈၀၅၊ ၀၉ ၅၁၉၅၂၀၆၊ ၀၉ ၄၉၃ ၁၆၂၀၃

www.burmeseclassic.com

# ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း၊ ဧပြီလထုတ် (၂၀၁၄)

## မာတိကာ


"ကဗျာရှုထောင့်"

- ရွှေငယ်ပိုင်း ၈
- အဖျောက်မြေမောင်ဆွေမွန် ၉
- သားလတ် ၁၀
- ကေမင်းညီ ၁၁

"ကာတွန်းရှုထောင့်"

- ကျော်ကျော်လွင်၊ ဇွဲနေ၊ မြေရိုင်း

"ဥပဒေရှုထောင့်"

- မောင်ညာထက်ရှင် (ဥပဒေ) ၁၅

"မှုခင်းဝတ္ထုတို/ရှည်ရှုထောင့်"

- မောင်မောင်စိန်လင်း (နတ်မောက်) (အတိတ်ကပြစ်မှုတစ်မှု) ၁၈
- စိုးယဉ်ထွန်း (ဒေါ်သထွက်လို့ကြားကသေ) ၂၄
- ကျော်စိုးသူ (ဥသျှစ်ပင်) (အသည်းထဲကဆူး) ၃၂
- ကျေးလက်လမင်း (ဒေါ်သဏ်သားကောင်) ၄၁
- အောင်မြင့်ဦး (ထားဝယ်ချောင်) (အချစ်လွန်ကဲသောမိခင်) ၄၆
- နန်းဖြူဖြူထွန်း (တီဗွီဖန်သားပြင်ပေါ်မှာ) ၅၄
- ဆွေမြင့်သူ (ကြေး/မြေ) (မောင်လည်နမလည်နှင့်ဆေးထိုးများ) ၆၀
- သင်းသင်းလှိုင် (တပ်ကုန်း) (မငိုပေမဲ့ စိုနေတဲ့မျက်ရည်) ၆၅
- မောင်မျိုးသက် (လွန်ဆွဲပွဲရလဒ်) ၇၀
- သာစည်အောင်တင် (ဘယ်ဝယ်ဘယ်ဆီ) ၇၆
- မောင်ဆွေ (တောင်ငူ) (နှစ်ကားပေါင်းတစ်ကျပ်) ၉၂
- တွင်းကြီးသားတင်ဝင်းဦး (စ/ဆုံး) (ပြေး--ပြေး--လွတ်အောင်ပြေး) ၁၀၆


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


"ဘာသာပြန်ရှုထောင့်"

* ယုယုလွင်
(နှလုံးသားဖြောင့်ချက်) ၁၂၆

"ရသဝတ္ထုရှုထောင့်"

* တွင်းကြီးဝမ်းမောင်
(ကျားသေတောရေဝင်ချိန်) ၁၃၄

"ခေါင်းပါးရှုထောင့်"

* ဆူးသစ်
(ကျောက်ခင်းမလား။ ပန်းခင်းမလား) ၁၄၄

"နှလုံးသားရှုထောင့်"

* ခေတ်လူ (စိတ်ပညာ)
(အစွန့်ခံနှလုံးသား) ၁၄၉

"ဖြောင့်ချက်နှလုံးသား"

* တာဝန်ခံအယ်ဒီတာရဲ့သုံးသပ်ချက် ၁၅၆
* လူထက်မင်းဝေ
(ဆန်ပါလေဦးပေါ့ ဗေဒါရယ်) ၁၅၈

"ရုပ်ရှင်ရှုထောင့်"

* KZH
(၃၉ မိုက်ပူ) ၁၆၅
* ကျော်ဇောဟိန်း (ဒေါ်ပုံ)
(အချစ်များနဲ့ဖန်ဆင်းမယ်) ၁၆၈

"စာအုပ်စင်ရှုထောင့်"

* ကိုကြီးထူး ၁၇၁

"ဗေဒင်ရှုထောင့်"

* တက္ကသိုလ်စိုးမိုးနိုင် ၁၇၄


www.burmeseclassic.com

www.burmeseclassic.com



## "အောင်လံထူချိန်"

ရွှေငယ်ဝိုင်

✣ အလျှားနံ့တို
လောင်းလှေအိုသည်
မြစ်ကိုကိုင်လှုပ်နိုင်ခဲ့ပြီ။
✣ ဆူးပန်းနီခေါ် ဆရာတော်သည်
သေသော်မှတည့်၊ ဘြော်--ကောင်း၏ ဟု
မချိရှုတ်ဆို၊ ကဗျာတိုသည်
ခေတ်ကို ကိုင်လှုပ်နိုင်ခဲ့ပြီ။
✣ ဘြော်---တို့ မြန်ပြည်သူ
အောင်လံထူ
ဇမ္ဗူကြွေးကြော်နိုင်ပြီတကား။ ။



(၁၅-၁၂-၂၀၁၃



www.burmeseclassic.com

www.burmeseclassic.com



## "ဝိတောတ်သစ္စာ"

အရောတ်မြေမောင်ဆွေမွန်



* ခူးလိုခူး ချိုင်လိုချိုင်
မဆိုင်သလို နေတတ်သူ။
* ခံပြင်း နာကြည်းစိတ်
ရိုးတိုးရိပ်တိပ် မသန်း။
* ဒဏ်ရာဒဏ်ချက်တွေ
ပြည့်နှက်လို့နေပါစေ။
* ဒေါသ အမျက်အမုန်း
တစ်သက်လုံး မထားစတမ်း။
* တစ်ကိုယ်လုံး ရစရာမရှိ
ပြင်းထန်တဲ့ ထိချက်တွေ
အသည်းနှလုံးကြွေမျှ
ခံစားခဲ့ရလည်း---။
* ဘုရားပန်းတင် ခေါင်းမှာဆင်
မြင်မြင်သမျှ တစ်လောကလုံး
အလှဆုံးချိန်ခါ ရင်ထဲမှာလေ
သစ္စာဆိုနေ ပန်းပိတောက်
တစ်နှစ်တစ်ခေါက် ရောက်မြဲရောက်။ ။



www.burmeseclassic.com

www.burmeseclassic.com



## "အထောင်ဆောင်ဗိတောက်"

သားလ

✣ လှချင်ယောင်ဆောင်ထားတာ
အနံ့ကမရှိဘူး
အဝါကတော့ အဝါပဲ
မညှိုးတဲ့ပန်းမျိုး
ဗိတောက်လို့ယိုးစွပ်ခံ
မနက်ဖြန်တိုင်းလည်း မကြွေ
အခြွေမခံရတဲ့ပန်း
(ဒါပေမဲ့---)
လန်းနေတဲ့ အဲဒီပန်းက
ပန်းအသေ။ ။



(၈-၂-၂၀၁



www.burmeseclassic.com

www.burmeseclassic.com



# "နှစ်တောင်းလွန်သော်"


**ထေမင်းညီ**

ပိတောက်လွန့်လူး၊ နှစ်ကူးပြောင်းသည့်အခါ
ပင်ယံထက်ကြော၊ ဥဩတွန်သံသာ
ရော်ရွက်ကယ်ဝါ၊ မြေမှာစံမြန်း
ရှစ်ရပ်တစ်ခွင်၊ မြူမင်းလွင်
ဝန်းကျင်မှုန်မှိုင်း၊ လွမ်းသည်တည့်လေး။

နိဗ္ဗာန်ရည်မှန်း၊ လှူဒါန်းကြတူပြိုင်
ကျောင်းကန်ဘုရား၊ တရားနှံ့သင်းလှိုင်
စည်ဗျောသံမြိုင်၊ သံပြိုင်ဆိုကြ
မမွတေးသီ၊ ကကြိုးညီ
ကွေးချီခေါင်းမော့၊ ကပြီတည့်လေး။

ကြယ်စင်စိတ္တ၊ ဝင်းပသည့်ခါချိန်
ရာသီမိဿ၊ လှစ်ဟသူ့ဂုဏ်သိမ်
တန်ခူးနေရှိန်၊ သူရိန်ပူစမ်း
သကြိန်ရေစင်၊ ဖျန်းလေလျှင်
ဘဝင်မဆူ၊ လန်းသည်တည့်လေး။

တိုင်းပြည်အဝှမ်း၊ ထုံးတမ်းမလေ့ပင်
ရေကစားပွဲ၊ ခြိမ့်သဲကျင်းပအစဉ်
အတာသဘင်၊ ဆင်ယင်မပြတ်
အမျိုးဘာသာ၊ ထိန်းသိမ်းပါ
မြန်မာဆိုတာ မြတ်သည်တည့်လေး။



သုံးပါးသောကပ်၊ တန့်ရပ်စေဖို့လေ
ဝေနေယျအပေါင်း၊ ဆုတောင်းမေတ္တာဝေ
သာကီမျိုးဆွေ၊ ရင်းလေသည်သွေး
ပရိတ်တရားသံ၊ ဘဝဂ်ညံ
ရည်သန်ရပ်ရွာ၊ အေးစေတည့်လေး။


ရန်ဘေးဘယာဝေး၊ ရှေ့ရေးစိုပြေဖို့အတည်
အမှန်ရေးကဗျာတေး၊
ခေတ်ဆွေးတုန်စေဖို့ရည်။ ။



www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်းရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com



# ဥပဒေရေးရာအမေးအဖြေ

မောင်ဉာဏ်ရှင် (ဥပဒေ)

**မေး။** ဆရာ့ကို မသိတာလေးတစ်ခုမေးပါရစေ။ ကျွန်မ အသိမိတ်ဆွေ မသင်းမြတ်စိုးဆိုတာ ရှိပါတယ်။ အထိုက်အလျောက်လည်း ပစ္စည်းရှိတယ်။ စိန်ရွှေရတနာပွဲစားလုပ်တယ်။ တစ်နေ့ ကျွန်မထံလာပြီး ရတနာပစ္စည်းနှစ်သိန်းကျော်ဖိုးလောက် လာရောင်းတယ်။ ကားဝယ်ရန် ငွေလိုနေလို့ ပြောတယ်။ မကြာခင်ပဲ ပြန်ယူနိုင်ရင် ယူပါ့မယ်လို့လည်း ပြောတယ်။ တန်ရာတန်ကြေးထက် အများကြီးလျှော့ရောင်းတယ်။ ကျွန်မလည်း တန်တယ်ဆိုပြီး ဝယ်ထားလိုက်တယ်။ မကြာပါဘူး ဆရာ၊ ကျွန်မဝယ်ထားတဲ့ ပစ္စည်းတွေ ရဲက လာသိမ်းသွားတယ်။ မသင်းမြတ်စိုးလည်း ပုဒ်မ ၄၀၆အရ အရေးယူခံရတယ်။ အခုတော့ အမှုစစ်ပြီးသွားပြီ။ မသင်းမြတ်စိုးလည်း ထောင်ကျသွားတယ်။ ပစ္စည်းတွေကို ကျွန်မပြန်မပေးဘဲ ပိုင်ရှင်တွေကို ပေးလိုက်တယ်။ ကျွန်မ ကြားထဲက နစ်နာဆုံးရှုံးရပါတယ်။ အဲဒါ ဘယ်လိုလုပ်ရမလဲ ဖြေကြားပေးပါ ဆရာ။

**ဒေါ်ခင်သတ်ခိုင်၊ ဗိုလ်တထောင်မြို့နယ်။**

**ဖြေ။** ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၀၆အရ အရေးယူအပြစ်ပေးတယ်ဆိုတော့ ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်ကာ အလွဲသုံးစားပြုလုပ်မှုဖြင့် တရားစွဲခံရတာဖြစ်မယ် ထင်တယ်။ ပစ္စည်းပိုင်ရှင်က မသင်းမြတ်စိုးကို ပစ္စည်းတွေ ဘယ်လိုအကြောင်းနဲ့ အပ်ထားတယ်ဆိုတာတော့ ဒေါ်ခင်သက်ခိုင်စာမှာ ဖော်ပြထားတာ မတွေ့ရဘူး။ ဘယ်လိုဖြစ်ဖြစ် မသင်းမြတ်စိုးကိုတော့ ပုဒ်မ ၄၀၆အရ အပြစ်ပေးခဲ့ပြီ မဟုတ်လား။ ဒီလိုအခြေအနေမျိုးမှာ သက်သေခံပစ္စည်းများဟာ ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေးဖျောက်ဖျက်မှု ကျူးလွန်ကာ အလွဲသုံးစားပြုလုပ်ထားတဲ့ ပစ္စည်းများဖြစ်လို့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၀အရ ခိုးရာပါပစ္စည်းဖြစ်တယ်လို့ ဆိုနိုင်တယ်။ အဲဒါ ခိုးရာပါပစ္စည်းကို တန်ရာတန်ဖိုးထက် လျှော့နည်း၍ ရယူထားတဲ့သူဟာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၂နဲ့အညီ သဘောရိုးဖြင့် လွှဲပြောင်းရယူခဲ့ရာ မရောက်ဘူးလို့ ဆိုတယ်။ ဒေါ်ခင်သက်ခိုင် ရယူခဲ့တာကတော့ သဘောရိုးဖြင့် မသင်းမြတ်စိုးကို ယုံကြည်ပြီးယူခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဒေါ်ခင်သက်ခိုင်မိတ်ဆွေ မသင်းမြတ်စိုးက မရိုးသားလို့ ဥပဒေအရတော့ ဒေါ်ခင်သက်ခိုင်သဘောရိုးနဲ့ ဝယ်ယူခဲ့တယ်လို့ မဆိုနိုင်ဘူး။ ဒေါ်ခင်သက်ခိုင်ဟာ ကံကောင်းထောက်မလို့ ခိုးရာပါပစ္စည်းလက်ခံမှုနဲ့ အရေးယူမခံရတာပါ။ ပစ္စည်းတွေကို ပစ္စည်းပိုင်ရှင်တွေ ပြန်ပေးတာ မှန်ပါတယ်။ ဒေါ်ခင်သက်ခိုင် ပြန်လည်ရနိုင်စရာ မရှိပါကြောင်း ဝမ်းနည်းစွာဖြေကြားလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



**မေး။** ဆရာ ယောကျ်ားလေးတစ်ယောက်က ဇနီးဖြစ်သူကို လင်မယားကွာရှင်းပြတ်စဲကြောင်း သတင်းစာမှာ ကြော်ငြာလိုက်တယ်။ အဲဒီလိုကြော်ငြာရင် လင်မယားကွာရှင်းပြတ်စဲပါသလား။ အဲဒီ ဇနီးက ယောကျ်ားထံမှ မယားစရိတ်တောင်းရင် ရနိုင်၊ မရနိုင် ဖြေကြားပေးပါ ဆရာ။

**ဒေါ်ကေသီမိုး၊ ရန်ကုန်မြို့။**

**ဖြေ။** ဒေါ်ကေသီမိုး ပြောသလို လင်ယောကျ်ားက လင်မယားပြတ်စဲကြောင်း သတင်းစာမှာ ကြော်ငြာကာမျှနဲ့ လင်မယားပြတ်စဲပြီလို့ မဆိုနိုင်ဘူး။ ဒါကြောင့် လင်နဲ့မယား ပြတ်စဲခြင်းမရှိသေးတဲ့အတွက် မယားစရိတ်တောင်းရင် ရနိုင်ပါကြောင်း ဖြေကြားလိုက်ရပါတယ်။

**မေး။** ဆရာ ကျွန်တော်ဟာ မိန်းမရတာ မကြာသေးပါဘူး။ (၆)လလောက်ပဲ ရှိသေးတယ်။ ဘာမဟုတ်တာလေးနဲ့ လွန်ခဲ့တဲ့တစ်လလောက်က စကားများ ရန်ဖြစ်ကြတယ်။ ဒါလည်း အခန့်မသင့်လို့ပါ။ ရိုက်လားပုတ်လား ဆဲဆိုလားမလုပ်ပါဘူး။ ကျွန်တော့်မိန်းမကို ချစ်ပါတယ်။ ရန်ဖြစ်တော့ မပေါင်းချင်ဆင်းသွားလို့တော့ ပြောမိတာပေါ့ ဆရာ။ ကျွန်တော့်မိန်းမလည်း ဆင်းသွားတယ်။ အခု ပြန်ခေါ်တော့ မရဘူးဆရာ။ ပြန်ခေါ်တာ သုံးလေးကြိမ်ရှိပြီ။ ကျွန်တော်တရားရုံးက မယားခေါ်လို့မှုစွဲရင် ရနိုင်မရနိုင် ဖြေကြားပေးပါ ဆရာ။

**မောင်သက်နိုင်ဦး၊ တောင်ဥက္ကလာပမြို့နယ်။**

**ဖြေ။** မောင်သက်နိုင်ဦးအဖြစ်က စလယ်ဝင်ဖင်မမည်းခင်က ကွဲရချက်ဟန်မကျတာ မဟုတ်ပေမယ့် ခွဲခွာနေရတာတော့ ဆိုးတာပေါ့။ မောင်သက်နိုင်ဦးက မိန်းမယူတတ်ပေမယ့် ကိုယ့်မယားကို ဘယ်လိုချော့ရမယ်ဆိုတာတော့ မသိသေးဘူးနဲ့တူတယ်။ လေ့လာလိုက်ပါဦး။

မောင်သက်နိုင်ဦးအဖြစ်မျိုးနဲ့ ခပ်ဆင်ဆင်ပဲ စီရင်ထုံးဖွဲ့ထားတာရှိတယ်။ ဆိုလိုရင်းကတော့ လင်ယောကျ်ားဖြစ်သူက သူ့မိန်းမကို အမြဲတစေ နှိပ်စက်ညှဉ်းပန်း တိုင်းထွာဆဲဆိုခြင်း၊ အဲဒီလိုပြုမူပြီး အိမ်ပေါ်မှနှင်ချခဲ့ခြင်းမဟုတ်ဘူး။ အခန့်မသင့်လို့ ရန်ဖြစ်ပြီး နှင်ချရုံသက်သက်ဖြင့် ဆင်းသွားတာဆိုရင် မယားခေါ်လို့မှုနဲ့ စွဲနိုင်တယ်လို့ဆိုတယ်။ မြန်မာ့ဓလေ့ထုံးတမ်းအရ သျှောင်နောက်ဆံထုံးပါ ဆိုသလို မယားတစ်ယောက်ဟာ လင်ရဲ့နောက်ကိုလိုက်ပြီး အေးအတူပူအမျှ လုပ်ကိုင်စားသောက်ပေါင်းသင်းနေထိုင်ရန် တာဝန်ရှိတယ်။ လုံလောက်တဲ့အကြောင်းရှိမှသာ မယားတစ်ယောက်ဟာ လင်နဲ့အတူနေထိုင်ရန် ငြင်းဆိုနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



လင်နဲ့မယား လျှာနဲ့သွားဆိုသလို လင်နဲ့မယားဟာ အခန့်မသင့်ရင် စကားများရန်ဖြစ်ကြတာ ဓမ္မတာပဲ။ မောင်သက်နိုင်ဦးတို့ ဖြစ်သလို လင်မယားရန်ဖြစ်ပြီး အိမ်ပေါ်မှဆင်းသွားခြင်းဟာ မယားတစ်ယောက်အနေနဲ့ မောင်သက်နိုင်ဦးထံ ပြန်မလာနိုင်လောက်တဲ့အကြောင်း လုံလောက်စွာမရှိနိုင်ဘူး။ ဒါကြောင့် မယားခေါ်လိုမှုနဲ့ စွဲရင် ရနိုင်ပါတယ်။ ဆရာကတော့ ဥပဒေသမားဆိုတော့ ဥပဒေအမြင်နဲ့ပဲ ဖြေရမှာပဲ။ မောင်သက်နိုင်ဦးအနေနဲ့ အပျော့ဆွဲလေးနဲ့ ပြန်ချော့ခေါ်လို့ရရင်တော့ ပိုကောင်းတာပေါ့။

**မေး။** ဆရာရဲ့ အမေးအဖြေတစ်ခုမှာ လောင်းကစားခြင်းနဲ့ ပတ်သက်ပြီး ကတိပဋိညာဉ်ပြုခွင့် မရှိဘူး။ ပျက်ပြယ် တယ်လို့ဆိုတယ်။ ဖဲဝိုင်းတစ်ခုမှာ နှစ်ယောက်အတူ ဖဲရိုက်ကြရင်း ငွေအပ်ထားတာကို ပြန်မပေးဘဲ နေတာကျ တော့ ဥပဒေအရ အရေးယူလို့ မရဘူးလား ဆရာ။ အရေးယူလို့ရမရ ဖြေကြားပေးပါ။

**မောင်လွင်အောင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)**

**ဖြေ။** ဆရာ့ အမေးအဖြေတစ်ခုမှ မောင်လွင်အောင်ပြောသလို ဆရာဖြေထားဖူးတယ်။ တရားမမှုများမှာ ပဋိ ညာဉ်ဥပဒေအရ လောင်းကစားနဲ့ပတ်သက်ပြီး ပြုလုပ်ထားတဲ့ ကတိပဋိညာဉ်တွေဟာ ပျက်ပြယ်တယ်။ ဒါပေမယ့် အဲဒီ ပြဌာန်းချက်ဟာ ပြစ်မှုဆိုင်ရာအမှုများနဲ့ မသက်ဆိုင်ဘူး။ သူတစ်ပါးက ယုံကြည်အပ်နှံထားတဲ့ငွေကို အလွဲ သုံးစားပြုရင် ဒါမှမဟုတ် ကိုယ်ကျိုးအတွက် လိမ်လည်ရယူလျှင် ပြစ်မှုကျူးလွန်ရာရောက်တယ်။ ဒါကြောင့် မောင် လွင်အောင် အပ်ထားတဲ့ငွေဟာ လောင်းကစားနဲ့ပတ်သက်သည်ဖြစ်စေ မပတ်သက်သည်ဖြစ်စေ ယုံကြည်အပ်နှံ ထားတဲ့ငွေကို အလွဲသုံးစားပြုရင် ကိုယ်ကျိုးအတွက် လိမ်လည်ရယူလျှင် ပြစ်မှုဆိုင်ရာဥပဒေအရ အရေးယူနိုင် ကြောင်း ဖြေကြားလိုက်ရပါတယ်။

**မောင်ညထ်ရှင်-ဥပဒေ**




www.burmeseclassic.com

www.burmeseclassic.com

# အတိတ်က ပြစ်မှုတစ်ခု

မောင်မောင်စိန်လင်း(နတ်မောက်)





www.burmeseclassic.com

www.burmeseclassic.com



## "အတိတ်က ပြစ်မှုတစ်မှု"

**မောင်မောင်စိန်လင်း**

**(နတ်မောက်)**

(၁)

…ဒိသံ ဝပတေဗီဇံ၊ တာဒိသံ
ဟရတေဖလံ၊
…လျာဏ ကရီကလျာဏံ၊
ပါပကာရီစ ပါပကံ။

**မြန်မာပြန်**။ အကြင်သို့
…ရှိသော မျိုးစေ့ကို စိုက်ပျိုး
… ထိုမျိုးစေ့နှင့်တူသော အသီး
…အောင်၏။ ကောင်းမှုကိုပြုလေ့ရှိ
…သူသည်၊ ကောင်းကျိုးကိုခံစား
… မကောင်းမှုကိုပြုလေ့ရှိသော
…သည် မကောင်းကျိုးကို ခံစား
… *(သဂါထာဝဂ္ဂသံယုတ် ပါဠိ
… စာမျက်နှာ- ၂၂၈)*။

ဦးအောင်ကျော်ဖြိုးသည် …ချိန်က ထင်ရှားကျော်ကြားခဲ့ … မြန်မာသံစဉ်အဆိုတော်ကြီး …အံ့ကြီး) ဘီတီကဖီးလုပ်ငန်းရှင် … တပည့်ဖြစ်သည်။ သစ္စာရှိ … တပည့်ကြီးဖြစ်၍ ဦးအံ့ကြီး … ကော်ဖီစေ့ စိုက်ပျိုးထုတ်လုပ် … လုပ်ငန်းကို အတွင်းကျကျ …ရခဲ့သူဖြစ်သည်။

ကော်ဖီ စိုက်ပျိုးထုတ် …ရေးလုပ်ငန်းကို သီးခြားခွဲပြီး တစ်စင်ထောင်၍ လုပ်ကိုင်ရန် ငွေအရင်းအနှီးထုတ်ပေးသောကြောင့် သီးခြားလုပ်ကိုင်သည်။ မေမြို့(ပြင်ဦးလွင်)တစ်ခွင် ပြပြစင်အောင် ကော်ဖီစိုက်ပျိုးရေးခြံလုပ်ငန်းကို ဦးအောင်ကျော်ဖြိုး လုပ်ကိုင်လာ ခဲ့သည်။

၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် လုပ်ပိုင်ခွင့်များအပ်နှင်းသည့်ဥပဒေအရ စက်ရုံလုပ်ငန်းများ ပြည်သူပိုင်သိမ်းခဲ့သည်။ ဦးအံ့ကြီး၏ BT ကဖီး၊ ကော်ဖီထုတ်လုပ်သော စက်ရုံကြီးနှင့် ဦးအံ့ကြီးပိုင် ကော်ဖီစိုက်ပျိုးရေးခြံများ ပြည်သူပိုင်သိမ်းခံရသည်။

ဦးအောင်ကျော်ဖြိုးမှာ ကော်ဖီထုတ်လုပ်သောစက်ရုံ မရှိသောကြောင့် သူ၏ကော်ဖီစိုက်ပျိုးခြံများမှာ ပြည်သူပိုင်သိမ်းရာတွင် မပါဝင်ခဲ့ချေ။ ထို့ကြောင့် ဦးအောင်ကျော်ဖြိုး ကော်ဖီခြံစိုက်ပျိုးရေးလုပ်ငန်းကို အောင်အောင်မြင်မြင် လုပ်ကိုင်ခဲ့လေသည်။

ဦးအောင်ကျော်ဖြိုးသည် သူ၏ကော်ဖီခြံမှ ထွက်သောကော်ဖီစေ့များကို တစ်ပိုင်တစ်နိုင် ကော်ဖီထုတ်သူများသို့ ရောင်းချသည်။ ပြင်ဦးလွင်ကော်ဖီစေ့မှာ နိုင်ငံတကာမှ ကြိုက်နှစ်သက်သော ကော်ဖီစေ့ဖြစ်သည်။ ထို့ကြောင့်လည်း အရောင်းသွက်သည်။ ဦးအောင်ကျော်ဖြိုးမှာလည်း ကိုကိုတက်ချမ်းသာကြွယ်ဝသည်။ ထို့ကြောင့်လည်း ကောင်းမှုမျိုးစေ့များချမှတ်ပြီး ဘုရားဒကာ၊ ကျောင်းဒကာကြီး ဖြစ်လာသည်။ ကောင်းမှုမြတ်နိုး ကောင်းအောင်ကျိုး၍ ကောင်းကျိုးကိုယ်၌ တည်နေသူဖြစ်သည်။

*****

(၂)

(သဗ္ဗေသတ္တာ ကံမသသကာ)ကံကြမ္မာ၏ အကြောင်းတရား၊ အကျိုးတရားကြောင့် ဦးအောင်ကျော်ဖြိုးသည် (၁၉၆၈ ခုနှစ်)တွင် ၎င်း၏ကော်ဖီစေ့များကို ပြင်ဦးလွင်မှ ရန်ကုန်သို့ ကုန်တင်ကားကြီးများဖြင့် တင်ပို့ရာတွင် ကန့်သတ်ကုန်ပစ္စည်းဖြစ်၍ ကော်ဖီစေ့များဖမ်းဆီးခံရသည်။ ပိုင်ရှင်မှာ ဦးအောင်ကျော်ဖြိုးဖြစ်လေသောကြောင့် ဖမ်းဆီးခြင်းခံရသည်။ တရားစွဲဆိုအဖွဲ့မှ ၁၉၆၈ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ ပုဒ်မ ၁၅(၁)အရ တရားစွဲ ရဲတပ်ဖွဲ့က ဖမ်းဆီးချုပ်နှောင်ပြီး တရားစွဲဆို တင်ပို့ခြင်းခံရသည်။



www.burmeseclassic.com

www.burmeseclassic.com



(ဆစတက)ဥပဒေဟု အတိုကောက်ခေါ်ဝေါ်သည်။ ထိုဥပဒေ ပုဒ်မ ၁၅(၁)မှာ အာမခံမရသော (NONBAI LABLE) ဖြစ်သည်။ ပြစ်ဒဏ်မှာလည်း ထောင်ဒဏ် (၁၀)နှစ်မှသေဒဏ်အထိဖြစ်သည်။

ဦးအောင်ကျော်ဖြိုး ကိုးကွယ်သော ဆရာတော်ကြီးများ၊ ဇနီးသားသမီး၊ ဆွေမျိုးများမှာ နေ့စဉ်နှင့်အမျှ စိတ်ဆင်းရဲနေကြရသည်။ နေ့စဉ် မျက်ရည်နှင့် မျက်ခွက် ဖြစ်နေကြရသည်။ ခင်မင်ရင်းနှီးသော မိတ်ဆွေများ၊ ရှေ့နေကြီးများနှင့် တိုင်ပင်ကြရာတွင်လည်း ထောင်ဒဏ်(၁၀)နှစ်လောက်နဲ့ ပွဲသိမ်းအောင် အတော်ကြိုးစားရမည်



ဖြစ်ကြောင်းသော အဖြေထွက်နေ
သည်။ ဦးအောင်ကျော်ဖြိုးကတော့
တရားသမားပီပီ ဝဋ်ရှိလို့ခံရတာပဲ
ဝဋ်ကျွတ်ချိန်ကြရင် ဝဋ်ကျွတ်မှာ
ပေါ့။ ဝဋ်ဆိုတာအမြဲ၊ ငရဲဆိုတာ
အပယိယ (ဝဋ်မှာအမြဲ၊ ငရဲမှာ
အပ)ဆိုတဲ့အတိုင်း တရားနှင့်သာ
ဖြေကြဟု ပြောဆိုလေသည်။

*****

(၃)

(မပြောမပြီး မတီးမမြည်
မလုပ်မဖြစ် မဆုတ်မနစ်လုပ်ကိုင်
မည့်ကိစ္စမှာ ရှေ့နေရှေ့ရပ် ငှားရ
ဖြစ်သည်။ ဆရာတော်ကြီးများနှ
မိသားစု ဆွေမျိုးမိတ်ဆွေသင်္ဂဟတ
၏ အများဆန္ဒအရ ထိုစဉ်က လူသ
များ၊ ထင်ရှားကျော်ကြားလှသော
တရားရုံးချုပ်ရှေ့နေကြီး (မင်းတုံး
လှမြင့်)ဦးလှမြင့်ကို ရှေ့နေခ ငွေ
ကျပ်(၁၀)သိန်းဖြင့် ငှားကြသည်။
(ထိုစဉ်အချိန်က အကောင်းဆုံး
ကားတစ်စီး၏တန်ဖိုးမှာ (၂)သိန်
ကျပ်သာရှိသည်။)

ရှေ့နေကြီး မင်းတုံးလှမြင့်
ကဆိုသည် - "ဥပဒေဆိုတာ စနစ်
တစ်ခု၊ ခေတ်တစ်ခုအတွက်
ပေါက်လာတာဖြစ်တယ်။ ခေတ်
တွေ၊ စနစ်တွေ ပြောင်းတဲ့အခါမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒေဆိုတာတွေလည်း ပြောင်းလဲ ရပါတယ်။ အဲ ဦးအောင်ကျော် ဟာ မြေမှာစိုက်တဲ့ ကော်ဖီပင် ထွက်တဲ့ သူ့ခြံထွက်ကော်ဖီစေ့ကို ပျိုးထုတ်လုပ် ရောင်းချသူသာ တယ်။ သဘာဝတရားက သူ့ ကျ်မှာရပ်တည်နေပါတယ်။ သိပ် မစိုးရိမ်ကြပါနဲ့။ ကျွန်တော် အ တ်နိုင်ဆုံး ဥပဒေအချက်အလက် တွေနောက်တင်ပြပြီး မှန်ကန်မှု၊ ရားမျှတမှု၊ စာနာထောက်ထားမှု တဲ့ လောကပါလတရားနဲ့အညီ အောင် ဆောင်ရွက်ပေးပါ့မယ်" ။

ရှေ့နေကြီး မင်းတိုးလှမြင့် ည် လုပ်ငန်းသဘောအရ အင်း ထောင်ရှိ အချုပ်တရားခံ ဦး အောင်ကျော်ဖြိုးထံမှ ထောင်ပိုင်၊ ထောင်မှူးများရှေ့တွင် ရှေ့နေပါဝါ သည်။ ရုံးချိန်းရက်တွင် သူ၏ရှေ့ နေပါဝါတင်သည်။

နောက်ရုံးချိန်းတွင် ရှေ့နေ ကြီး ဦးလှမြင့်သည် တရားခံ ဦး အောင်ကျော်ဖြိုးသည် အသက်က ည်း (၇၀)ရှိပြီး ဆီးချို၊ သွေးတိုး၊ လုံးဝေဒနာများ ရှိနေသူဖြစ် ကြောင်း ဆေးစာ၊ ဆေးထောက်ခံ ချက်အထောက်အထားများ တင်ပြ ပြီးလည်းကောင်း၊ သူ၏ကော်ဖီခြံမှ စိုက်ပျိုးထွက်ရှိသော ကော်ဖီစေ့ကို တစ်ပိုင်တစ်နိုင် ကော်ဖီမှုန့်ပြုလုပ်သူ များအတွက်နှင့် လုပ်သားပြည်သူ တို့စားသုံးရန် ရိုးသားစွာ လုပ်ကိုင် စားသောက်သူဖြစ်၍တစ်ကြောင်း၊ သူ၏ခြံမှစိုက်ပျိုးထွက်ရှိသော ကော် ဖီစေ့မှာ ကန့်သတ်ကုန်ပစ္စည်းဖြစ် ကြောင်း မသိရှိသောကြောင့် ရိုး သားစွာ စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်ပါ ၍တစ်ကြောင်း၊ တရားရုံးတော်မှ အာမခံပေးတော်မူပါရန် ဥပဒေများ ကို ထုံးလိုမွှေ ရေလိုနှောက်ပြီး ဥပ ဒေအချက်အလက်များ တင်ပြ၍ လျှောက်ထားလေသည်။

အမှုစစ် တရားသူကြီးက အချိန်ယူ စဉ်းစားဆောင်ရွက်ရမည့် ကိစ္စဖြစ်၍ အာမခံကိုပယ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ (NOLBAIL ABLE)အာမခံမပေးနိုင်သော ပုဒ်မ ဖြစ်၍ အာမခံမရရှိခဲ့ပါ။ အာမခံ မရ သော်လည်း ရှေ့နေကြီး မင်းတိုး လှ မြင့်၏ လျှောက်ထားချက်၊ လျှောက် လဲချက်များကို အားရကျေနပ်ကြပါ သည်။

ရှေ့နေကြီး မင်းတိုး လှ မြင့်ကလည်း အမှုသည် မိသားစု တွေကို အားပေးစကားပြောသည် -

ကျောက်တူးသမားတွေ လိုပေါ့ဗျာ၊ ဟိုကျွင်းမရရင် ဒီကျွင်း ဒီကျွင်းမရရင် ဟိုကျွင်း ဆိုသလို ပေါ့။ ဒီနည်းမရရင် ဟိုနည်း၊ ဟို နည်းမရရင် ဒီနည်း ဆက်လက်ကြိုး ပါဦးမယ်" တဲ့။

*****

(၄)

ရှေ့နေကြီး ဦးလှမြင့် သည် သူ့ဆန်စား ရဲမှဆိုသကဲ့သို့ တာဝန်ကျေဖို့အတွက် စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ်ဖွာလိုက်၊ ဥပဒေ စာအုပ်ကြီးများကို တစ်အုပ်ပြီး တစ် အုပ်ဖတ်လိုက်ဖြင့် ခေါင်းစားနေသည်။ (အကြံကုန် ဂဠုန်ဆားချက်) (အ ကြံကုန် သူပုန်ရထားဖျက်)ဆိုသကဲ့ သို့အကြံထုတ်နေသည်။ ရင်ထဲတွင် ဆာလောင်မွတ်သိပ်မှုကလည်း ဖြစ် လာသည်။ (ငါ့ဝမ်းပူဆာ မနေသာ ဖြစ်လာသည်။)

"ပဲပြုတ် ... ပဲပြုတ် ပူပူ လေး၊ လက်မပူအောင် စက္ကူနဲ့ထုပ် ပေးမယ်၊ ပဲပြုတ်လာပြီ ... ပဲပြုတ်"

ပဲပြုတ်သည်၏ ပဲပြုတ်က ရှေ့နေကြီး ဦးလှမြင့်၏ (ငါ့ဝမ်းပူဆာ မနေသာ)ကို ဖြည့်ဆည်းပေးနိုင် လေသည်။

"ပဲပြုတ်လာဦး ... အပေါ်



www.burmeseclassic.com

www.burmeseclassic.com



တက်ခဲ့ပါ"

"ဆရာ ဘယ်လောက်ဖိုးလဲ"

"အေး ... တစ်ရာဖိုးပေးကွာ"

ရွှေနေကြီး ဦးလှမြင့်သည် သတင်းစာကို ကတော့လုပ်ပြီးပေးသော ပဲပြုတ်ကို ယူလိုက်သည်။ ငွေတစ်ရာကျပ် ပေးလိုက်သည်။ (ထိုစဉ်က ပလတ်စတစ်အိတ်မသုံးပါ။ သတင်းစာစက္ကူဖြင့် ထုပ်ပေးပါသည်)

ဦးလှမြင့်သည် မီးဖိုခန်းမှ ထမင်းကြမ်းကို ပန်းကန်ပြားဖြင့်ထည့်၊ မင်းတုံးက မိခင်ကြီးပေးထားသော နှမ်းဆီဆီရွှဲရွှဲဆမ်းပြီး အိမ်ရှေ့ရှိ ပဲပြုတ်ထုပ်ကိုဖြေထည့် ရောသမမွှေပြီး ဝမ်းမီးကို အားရပါးရဖြည့်တင်းနေသည်။ ပဲပြုတ်ဆီဆမ်း ထမင်းကျန်ကို အားရပါးရဝါးရင်း ပဲပြုတ်ထုပ်သည့် သတင်းစာပိုင်းကို ကြည့်ရှုလိုက်သည်။

"အောင်ပြီဟေ့ ... အောင်ပြီ"

"နိုင်ပြီဟေ့ ... နိုင်ပြီ"

"အောင်စေ၊ ပိုင်စေ၊ နိုင်စေကွ"

ရွှေနေကြီး ဦးလှမြင့်၏ အော်သံ၊ ဟစ်သံများကြောင့် နေထွက်အောင်အိပ်လေ့ရှိသော ဇနီးနှင့် သားသမီးနှစ်ဦးတို့ လန့်နိုးသွားကြသည်။ ပျာယီးပျာယာဖြင့် အိမ်ရှေ့သို့ ထွက်လာကြသည်။

"ရှင် ဘာဖြစ်တာလဲ ... ရူးများရူးသွားပြီလား"

"ဖေဖေ ဘာဖြစ်တာလဲ ဖေဖေ"

"ပြောပါဦး ဖေဖေရယ်"

ဦးလှမြင့်မှာ ဝမ်းသာလုံးဆို့သွားသည်။ ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်သွားသည်။ ဝမ်းသာပီတိက သူ၏နှလုံးသားကို ဖုံး လွှမ်းသွားသည်။

"ဟောဒီမှာ ကြည့်ဟေ့ — ကြည့်စမ်း ...."

"ဖတ်ကြည့်ကြစမ်း"

ဇနီးနှင့် သမီးတို့က ဦးလှ မြင့်ပြသော သတင်းစာအပိုင်းလေး ကို ဝိုင်းပြီးကြည့်လိုက်သည်။

(၁၉၆၅ ခုနှစ်၊ ဆိုရှယ်





www.burmeseclassic.com

www.burmeseclassic.com



လစ်စီးပွားရေးစနစ် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေကို ပြင်ဆင်သည့် ၁၉၆၈ ခုနှစ်၊ အက်ဥပဒေကို ပြဋ္ဌာန်းလိုက်သော သတင်းဖြစ်သည်။)

"ဒီ ဥပဒေပြဋ္ဌာန်းချက်နဲ့ ဘယ်လိုပတ်သက်သလဲ ဖေဖေ"

ဖခင်ကြီးဦးလှမြင့်၏ (ဝမ်းသာပီတိ ဂွမ်းဆီထိ) ဖြစ်နေရသည့် ဥပဒေပြဋ္ဌာန်းချက်အကြောင်းကို သမီးဖြစ်သူ(ခိုင်လှမြင့်)နှင့် (ထက်အက်မိုးမြင့်)တို့က မေးမြန်းလေ့လာစုံစမ်းကြသည်။

"ဖေဖေ ငွေဆယ်သိန်းနဲ့ လက်ခံထားတဲ့ ဦးအောင်ကျော်ဖြိုးအမှုနဲ့ ပတ်သက်နေတဲ့ ဥပဒေပြဋ္ဌာန်းချက်ဖြစ်တယ် သမီးတို့ရယ်"

"ဒီပြဋ္ဌာန်းချက်အရ ဦးအောင်ကျော်ဖြိုးအပေါ် စွဲဆိုထားတဲ့ (၁၉၆၅ ခုနှစ်)ဆိုရှယ်လစ်စီးပွားရေးစနစ် လုပ်ပိုင်ခွင့် အပ်နှင်းသည့် ဥပဒေအရ ကော်ဖီစေ့ဟာ ကန့်သတ်ကုန်အဖြစ်က ပယ်ဖျက်လိုက်ပြီဖြစ်တယ်။ ဒါကြောင့် (ဆစတက) ဥပဒေပုဒ်မ ၁၅(၁)အရ တရားစွဲချုပ်နှောင်ခံထားနေရတဲ့ ဖေဖေ့အမှုသည်ကြီး ဦးအောင်ကျော်ဖြိုးဟာ ဒီအမှုက လွတ်ပြီပေါ့သမီးတို့ရယ်။ ဒါကြောင့် ဖေဖေအလွန့်အလွန်ဝမ်းသာသွားတာပေါ့သမီးတို့ရယ်"

*****

## (၅)

တကယ်တော့၊ ရှေ့နေကြီးဦးလှမြင့်သည်၊ နေ့စဉ်သီတင်းစာများကို ပုံမှန်ဖက်ရှုလေ့ရှိသော်လည်း၊ မကွေးတိုင်းဒေသကြီးထဲရှိ မြို့နယ်ကြီးတစ်မြို့နယ်တွင်၊ အမှုတစ်မှုအတွက်၊ လိုက်ပါဆောင်ရွက်နေရသဖြင့်၊ ၁၉၆၈ ခုနှစ်ပြင်ဆင်သည့် ဥပဒေသတင်းကို ဖက်ရှုနိုင်ခြင်းမရှိခဲ့ပေ။ ထိုစဉ်က နယ်မြို့နယ်များတွင် နေ့စဉ်သတင်းစာ မှန်မှန်မရောက်။

ထို့ကြောင့် ရှေ့နေကြီးဦးလှမြင့်သည် သတင်းစာတိုက်၊ စာပေဗိမာန်စာ ကြည့်တိုက်တို့တွင် ၁၉၆၈ ခုနှစ်၊ ပြင်ဆင်သည့် အက်ဥပဒေအပြည့်အစုံပါသောသတင်းစာကို ရှာယူလိုက်သည်။

ဦးအောင်ကျော်ဖြိုး၏ ရုံးချိန်းနေ့တွင် ရုံးတော်သို့ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့်ဥပဒေကို ၁၉၆၈ ခုနှစ်၊ ပြင်ဆင်သည့် အက်ဥပဒေအရ စွဲဆိုထားသော ကော်ဖီစေ့များမှာ ကင်းလွတ်ကုန်ပစ္စည်းဖြစ်ပါသောကြောင့် အမှုမှ အပြီးအပြတ်လွှတ်ပေးပါရန် လျှောက်ထားသည်။


တရားရုံးတော်မှ အထက်တရားရုံးမှ ညွှန်ကြားချက်၊ အမိန့်ရောက်ရှိလာခြင်း မရှိသော်လည်း နိုင်ငံတော်မှ ပြင်ဆင်ပြဋ္ဌာန်းလိုက်သောဥပဒေ၊ အမိန့်၊ ထုတ်ပြန်ချက်အရ ဦးအောင်ကျော်ဖြိုးအား အမှုမှ အပြီးအသတ်လွှတ်ကြောင်း အမိန့်ချမှတ်လိုက်လေသည်။ ထောင်ဒဏ်(၁၀)နှစ်မှ သေဒဏ်အထိကျခံရနိုင်သော အမှုမှ ဦးအောင်ကျော်ဖြိုး လွတ်မြောက်ခဲ့ပြီဖြစ်လေသည်။ ဝဋ်ဒုက္ခမှ မုချကျွတ်လွတ်ခဲ့ပြီဖြစ်သည်။

( သဗ္ဗေသတ္တာ ကမ္မသကာ)

**မောင်မောင်စိန်လင်း**

**(နတ်မောက်)**

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## "ဒေါသထွက်လို့ ကြားထသေ"

**စိုးထဉ်ထွန်း**

စဉ့်သာရွာ၊ စည်ကားသော ရွာကြီးတစ်ရွာ၊ အ.မ.က ကျောင်း၊ ဆေးပေးခန်းနှင့် ရွာဦးဘုန်းတော်ကြီး ကျောင်း၊ ရွာအနောက်ပိုင်းကျောင်းဟူ၍ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း ရှိသည်။ နှစ်စဉ် ကထိန်ပွဲတော်ကို ကျောင်းရှိ သံဃာအကုန်နှင့် အနီးအပါးရွာများမှပါ ပင့်ဖိတ်၍ ပြုလုပ်ကြသည်။ မြို့နှင့်မဝေးကွာခြင်းကြောင့် လုပ်ငန်း ပေါများသည်။ ရွာ၏ကာလသားများသည်လည်း မြို့နေလူငယ်များကို မီသည်အဆင့်တွင်ရှိသည်။ ရွာထဲတွင် လက်ဖက်ရည်ဆိုင် တစ်ဆိုင်နှင့် အရက်ဆိုင်နှစ်ဆိုင်အပြင် တိုးတိုး တိတ်ရောင်းသော ဆိုင်မဟုတ်သည့် နေရာများလည်းရှိသည်။

ရွာ၏ ရှေ့ဘုန်းကြီးကျောင်း ထဲတွင်ရှိသော စေတီကလေး၏ ဘုရားပွဲတော်သည် နှစ်စဉ်ပြုလုပ်သည်။ ဈေးဆိုင်တန်း၊ ဗီဒီယိုရုံနှင့် ရဟတ်ချားများ ပါရှိပြီး စည်ကားသည်။ အနီးအပါးရွာများမှပါ လာရောက်ကြည့်ရှုကြသည်။ ကြည့်ချင်ပွဲကတော့၊ အငြိမ့်၊ ဇာတ်ကြီး၊ ဖိတ်ထားထောင်ရုပ်ရှင်တို့ကို နှစ်စဉ်အလှည့်ကျ ပြောင်းလဲထည့်သွင်းသည်။ ပွဲတော်ဖြစ်မြောက်ရေးတွင် ရွာအရှေ့ဘုန်းကြီးကျောင်း ကျောင်းထိုင်ဆရာတော်၊ ရွာအနောက်ပိုင်း ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် နှစ်ပါးနှင့် ရွာလူကြီး ဦးညဏ်သင်း၊ ဦးဖိုးစ၊ ဦးမှတ် တို့ကို ဦးစီးဦးဆောင်နေရာထား၍ ကျောင်းဆရာ ဦးလွင်ကျော်နှင့် ကိုဘစံတို့အပါအဝင် လူငယ်များနှင့် ပွဲတော်ဖြစ်မြောက်ရေးကို လုပ်ကိုင်ကြသည်။

ရပ်ကွက်မလေ့အရ ရွာ၏ သာမှုလှုရေးတန်းရေးနှင့် နာမှုကိစ္စများကို ဝိုင်းဝန်းလုပ်ကိုင်ကြသည့်အတိုင်း စဉ့်သာရွာဦးကျောင်း စေတီကလေး၏ ဘုရားပွဲတော်ကိုလည်း စဉ့်သာရွာ ရွာသူရွာသားများပင် မဟုတ်ပါပဲ၊ အနီးအပါးရွာများမှပါ လာရောက်ကူညီလုပ်ကိုင်ပေးကြသဖြင့် နှစ်စဉ်စည်ကားသိုက်မြိုက်စွာဖြင့် ဖြစ်မြောက်သည်။

ထိုသို့သော စည်းလုံးညီညာဝိုင်းဝန်း ဆောင်ရွက်တတ်သော ရွာကလေးတွင် ဒီပွဲတော်သည် လူငယ်များ၏ ကြိုးစားမှုနှင့် အငြိမ့်ပွဲသွင်းပြီး ပွဲဈေးတန်းတွင် ဗီဒီယိုရုံနှစ်ရုံပါ ပြမည်။ ရွာအရှေ့ပိုင်းမှ ဖိုးကျော်ဦး၏ ဗီဒီယိုရုံနှင့် ရွာလယ်ပိုင်းမှ ထွန်းလှ၏ ဗီဒီယိုရုံပါပြမည်ဖြစ်သဖြင့် အပြိုင်ကားကောင်းများကို ပြကြမှာဖြစ်သည်။ ဗီဒီယိုပိုင်ရှင်များဖြစ်သည့် ရွာလယ်ပိုင်းမှ ထွန်းလှနှင့် အရှေ့ပိုင်းမှ ဖိုးကျော်ဦးတို့မှာ ကွာခြားမှုများရှိကြသည်။

ရွာကယ်ပိုင်းမှ ထွန်းလှသည် လည်ဝယ်ပါးနပ်၍ တစ်ကိုယ်ကောင်းဆန်သည်။ မည်သူနှင့်ပေါင်းပေါင်း အကျိုးရှိမှ အသုံးချ၍ရမှသာ လျှင် ပေါင်းသင်းသည်။ ထွန်းလှ၏ လက်စွဲလူယုံက ငခြား။ အမျိုးအဆွေမရှိ။ ဘယ်ရွာဘယ်ဇာတိမှန်း မသိ။ ထွန်းလှ၏ ခေါ်ယူကျွေးမွေးထားခြင်းကြောင့် စဉ့်သာရွာတွင် သောင်တင်နေသူဖြစ်သည်။ ထိုငခြားကလည်း ထွန်းလှအတွက်ဆိုလျှင် အားလုံးလုပ်ပေးသည်။ ထွန်းလှအတွက် လက်ရုံးတစ်ဖက်ဖြစ်သည်။

ရွာ၏အရှေ့ပိုင်းမှ ဖိုးကျော်ဦးကတော့ အပေါင်းအသင်း သိပ်မထား။ စီးပွားရေးလုပ်ငန်းတစ်ခုကိုပဲ အလေးထားသည်။ ရရာရကြောင်း အလုပ်ကိုသာ လုပ်သည်။ လူမှုရေး၊ ရပ်ရွာအရေး၊ လှုုရေးတန်းရေးများကို သိပ်ပြီးစိတ်မဝင်စား။ မွေးထားသည့်လူယုံ

www.burmeseclassic.com



ခင်သန်းကိုလည်း ပေးချင်သလောက် ပေး၊ ကျွေးချင်ကျွေးရသူ ဖြစ်သည့်အတွက် လူယုံလက်ရုံးအဖြစ် မွေးထားခြင်းဖြစ်သည်။

✺✺✺✺✺

ထိုခင်သန်းတလည်း လုပ်ငန်းကြီးကြီးမားမားဆိုလျှင်တော့ မျက်မျက်သက်သက်ပေးမှ ရမှလုပ်ပေးသည်။ တော်ရုံအလုပ်ကို မျက်နှာလွှဲခဲပစ် လုပ်တတ်သည်။ စဉ့်သာရွာ၏ မျိုးရိုးဇာ တိချက်တွေဖြစ်သည်။ ဆွေမျိုးအသိုင်းအဝိုင်းတော့ ရှိသည်။ ထွန်းလှနှင့် ဖိုးကျော်ဦးတို့က အပြိုင်ဖြစ်သည်။

စဉ့်သာရွာရွာဦးကျောင်း၊ ရွာဦးဘုရားပွဲတော်၊ ရွာအနီးဝန်းကျင်များဖြစ်တဲ့ ညောင်ငုတ်တို၊ မကျည်းတန်၊ လက်ပန်ပျဉ်ရွာများမှ အကြော်စုံနှင့် မုန့်ဟင်းခါး၊ နန်းကြီးသုပ် စသည်များပါလာရောင်းကြသည်။ အငြိမ့်ပွဲကလည်း နာမည်ကြီးအငြိမ့်၊ ဆယ်ရွာနီးချင်းများမှလည်း ရွာစဉ့်အလိုက် နွားလှည်းတန်[illegible] နှင့် မိသားစုဖြင့် စားအိုးစားခွက်များ[illegible] လှည်းတန်းရှည် စခန်းချ၍ ဘုရားပွဲ[illegible] ရောက်ရှိနေကြသည်။

နယ်မြို့နှင့် တောလ[illegible] ကျေးရွာများမှာ ဘုရားပွဲပြုလုပ်ကျင်း[illegible] သော အချိန်များမှာ သီတင်းကျွတ်လ[illegible] တပေါင်းလအထိ ပြုလုပ်တတ်ပြီး [illegible] ရာပွဲတော်များမှာတော့ ၁၂ လတွင် ရ[illegible] အလိုက်ရှိနေသည်ပင် ဖြစ်သည်။



စဉ့်သာရွာဦးဘုရားပွဲမှာ (၇[illegible] ရက်(၇)နေ့ဖြစ်သည်။ ပွဲစဝင်သည့်[illegible] မှာပင် တိုးတိုးညပ်ညပ်နှင့် စည်ကား[illegible] သည်။ လူပျိုကာလသားများ၊ အပျို[illegible] လသမီးတို့တွင် ကြံသကာခဲ၊ ထန်[illegible] လျက်လုံး၍ သကြားဖြူးသောအချိ[illegible] ဟု ဆိုပါလျှင် မှန်ကန်ပါသည်။ မုဆိုး[illegible] မုဆိုးမနှင့် တစ်ခုလပ်၊ နှစ်ခုလပ်များ[illegible] ငယ်စဉ်ကစံရွေး၍ လင်ကံ၊ မယားကံ[illegible] ဝေးခဲ့သူများပါ မျှော်လင့်ချက် ပျားရည်[illegible] သုတ်မျက်နှာများနှင့် ပွဲဈေးတန်းကို အ[illegible] ခေါက်အရေအတွက်များ လျှောက်ကြ[illegible] သည်။

ဘုရားပွဲတော်က နှစ်စ[illegible] ထက်ပင်ပို၍ စည်ကားသည်။ အ[illegible] သောက်အစားသမားများသည်လည်း[illegible]

www.burmeseclassic.com



ဒ်၌များပြားသည်။ ဈေးသည်များ ည်း ရောင်းရသည်။ ကျန်တာတွေ းလုံးကောင်းပြီး ပွဲတော်ရက်သုံး တ်တွင် ထွန်းလု၏ ဗီဒီယိုရုံမှ လူခေါ် စောင့်၊ ခိုင်းတာလုပ်၊ သောက်သောက် းစား ခြေးနှင့် ဖိုးကျော်ဦးဗီဒီယိုရုံမှ သန်းတို့ လူခေါ်ရင်းမှ စကားများကြ ည်။ ဝင်းတင်နှင့် ငွေးညာဏ်တို့က န်ဖြေပေးလိုက်သည်။

လေးရက်မြောက် ပွဲတော် ည အလှူရှင်ပွဲဒကာ ပေါ်လာသည်။ ျောင်းဆရာ ကျော်မြင့်နှင့် မိသားစုက ကျောင်းဆရာ လွင်လွင်ကျော်တို့ မရင် ိနှင့် ပတ်သက်ပြီး၊ စဥ့်သာရွာဦးဘုရား တော်တွင် လေးရက်မြောက်ညမှစပြီး တော်ပြီးသည့်နေ့ညအထိ နောက် းညကို ရုပ်ရှင်ဗိတ်ကားထောင်ပွဲ ှင်းလှူသည်။ ရုပ်ရှင်ပွဲပြရန်နေရာကို ္ခုချယ်ရ ထွန်းလုက ဘုရား၏အရှေ့ ဘက်အခြမ်းမြေကွက်တွင် ပိတ်ကား ောင်ရန် ပွဲတော်ဖြစ်မြောက်ရေးအဖွဲ့ ို အကြော်စုံရေနွေးကြမ်းနှင့် ညှိခံ ြီးပြောသည်။ အကြံပေးသည်ပဲ ဆိုပါ ။ ဘုရား၏ အရှေ့ဘက်အခြမ်း မြေ ွက်ကကျဉ်းသည်။ ဖိုးကျော်ဦး၏ ဗီဒီ ယိုရုံနှင့် ကပ်လျက်ဖြစ်သည်။

တစ်ခါ ဖိုးကျော်ဦးကလည်း ပွဲတော်ဖြစ်မြောက်ရေးအဖွဲ့ကို ထမင်း နှင့်ဝက်သားဟင်း၊ ငါးပိချက်၊ ချဉ်ရည် ဟင်းတို့နှင့် ထမင်းကျွေးပြီး၊ ဘုန်းကြီး ကျောင်း၏ဘေး ကွက်လပ်တွင် ရုပ်ရှင် ပြရန် နေရာလုပ်လျှင်ကောင်းမည်ဟု ထမင်းကျွေး အကြံပေး၏။ ပွဲတော်ဖြစ် မြောက်ရေးကလည်း ဖိုးကျော်ဦး ဖိုး ကျော်ဦးကျွေးသော ထမင်းနှင့်ဝက် သား၊ ငါးပိချက်၊ ချဉ်ရည်ဟင်းများ ကြောင့် ရုပ်ရှင်ပြရန်နေရာကို ဘုန်းကြီး ကျောင်း၏ဘေး မြေကွက်မှာ အများ သဘောတူရွေးလိုက်သည်။ ထိုမြေ ကွက်နှင့်ယှဉ်လျက် ဗီဒီယိုရုံမှာ ထွန်းလု ၏ဗီဒီယိုရုံဖြစ်သည်။

ညဗီဒီယိုပြချိန်မှာ ရုပ်ရှင်မြေ ကွက်တွင် လူပြည့်၍ ထွန်းလု၏ဗီဒီယို ရုံထဲတွင် လူကဆယ်ယောက်ပင်မ ပြည့်။ ဖိုးကျော်ဦး၏ ဗီဒီယိုရုံတွင် ကု လားရာဇဝင်ကား ဟုဆိုခြင်းကြောင့် ရုံ ပြည့်လုလု ဖြစ်နေသည်။

အပြောကောင်း၊ အသံ ကျယ်၊ ခြေး၏ အော်သံခေါ်သံကသာ စပီကာအသံကိုပင် ကျော်လွှန်နေ သည်။ လူကတိုးမလာ၊ အာခေါင် ခြောက်တိုင်း၊ စဥ့်သာရပ်ကွက်၊ ချက်အ ရက်က ခြေး၏ ပါးစပ်ပေါက်မှဆင်း ပြီး လည်ချောင်းထဲမှ ဗိုက်ထဲသို့ရောက် ရောက်သွားသည်။

ဖိုးကျော်ဦး၏ လက်ရုံးခင် သန်းနှင့် ငွေးညာဏ်တို့နှစ်ယောက် စ ကားပြော၍ ဘုန်းကြီးကျောင်းဘေး ရုပ်ရှင်ကွက်မြေကွက်ကို လျှောက်လာ ကြသည်။ ဒါကို ရုံရှေ့တွင်လူခေါ်နေ သော ခြေးကလှမ်းမြင်လိုက်သည်။

"ဟေ့ ... ခြေးကွ၊ ဒီ လောက်မှ အကင်းမပါးရင် ရွာပြင် ထွက်နေတာကြာပြီ၊ ငါ ... မသား၊ ဘာ

"တောက် .. ထွန်းလု ..

မွေးတဲ့ခွေး ... ခွေးပါးဝတယ် ..

ငါ...ကွာ"

www.burmeseclassic.com



လာလုပ်တယ်ဆိုတာ သိတယ်ကွ"

လျှောက်လာကြသည့် ခင်သန်းနှင့် ငွေးညာဏ်တို့ကလည်း သဘောပေါက်လိုက်သည်။

"တောက် .. ထွန်းလှ .. မွေးတဲ့ခွေး ... ခွေးပါးဝတယ် .. ငါကွာ"

"လာပါ .. ခင်သန်းရာ .. ငါတို့ကရောက်လာမိတာကို၊ ကိုဘစံကို ရှာကွာ မတွေ့လဲပြန်မယ်"

"တောက် ... လာကွာပြန်လှည့်တာကောင်းပါတယ်၊ ငါလုပ်မိလိုက်မယ်"

ခင်သန်းမှာ အတော်ဒေါပွသွားသည်။ ကိုဘစံ၏အိမ်မှ မှာလိုက်၍ လာရှာခြင်းဖြစ်သည်။ ဒါပေမဲ့ သဘောက ထွန်းလှ၏ရုံလူဝင်မှုကို လာကြည့်သည့်သဘော၊ အကဲခတ်သည့်သဘောလိုဖြစ်သွားသည်။ ခြေား၏ဆဲလိုက်သံက ပီပီသသ ပျစ်ပျစ်နှစ်နှစ် ရှိလွန်းလှသည်။

ပွဲခင်းထဲမှ ထွက်လာသော ကိုဘစံနှင့် ဦးဘိုးတင့်တို့နှစ်ယောက်ကို ခင်သန်းက မြင်လိုက်သည့်အတွက်

"ဟာ .. ငွေးညာဏ် ..ဟိုမှာ ကိုဘစံ"

"အေးကွ၊ လှမ်းခေါ်လိုက်ကွာ"

ငွေးညာဏ်က လှမ်းခေါ်လိုက်သည်။ ရှေ့ကိုလည်း မတိုးချင်၍ နေရာမှာပင် လှမ်းခေါ်လိုက်သည်။

"ကိုဘစံ၊ ကိုဘစံ ခင်ဗျား အိမ်ကမှာလိုက်တယ်၊ ညှော်သည် ရောက်နေလို့တဲ့"

"အေး ... အေး ခင်သန်းရေ၊ ငါခုပဲပြန်မလို့ကွ၊ ကျေးဇူးပဲဟေ့"

ဟု ကိုဘစံက ခင်သန်းကို လှမ်းပြောလိုက်သည်။ ဘေးမှဦးဘိုးတင်က

"ဟေ့ကောင်တွေ မင်းတို့



ကဒီဘက် ဘာလာလုပ်တာလဲကွ"

"ဟာ ... ဘာလာလုပ်ရမှာ

လဲ၊ ကိုဘစံကို လာရှာတာလေဗျာ၊ ဘာ

ဖြစ်လို့လဲ"

ဦးဘိုးတင့်၏အမေးကို ခင်

သန်းက ပြန်ဖြေလိုက်စဉ်၊ အနား

ရောက်လာသော ခြေားက

"ဘာလာလုပ်ရမှာလဲ၊

ကောင်နှစ်ကောင် ကျုပ်တို့ရုံအခြေ

နေ လာကြည့်တာပေါ့"

ဟု ဝင်ပြောလိုက်သည်

ငွေးညာဏ်က

"ဟာ၊ မဟုတ်ပါဘူးကွာ၊

ဘစံကို သူ့အိမ်ကမှာလိုက်လို့ လာရှာပြီ



www.burmeseclassic.com

www.burmeseclassic.com



...တာပါကွာ"

ငွေးညာဏ်က စကားနည်း ...ဖြစ်ရန် ကောင်းမွန်စွာရှင်းပြသည်။ ...သန်းကတော့ အခုနဆဲလိုက်တဲ့ ... ယခု အနားကိုရောက်ပြီး ထပ် ...လိုက်သည့်ငြားကို တစ်ချက်ငဲ့ ...ပြီး မျက်နှာကို လက်ပြန်ရိုက် ...သည်။ မထင်မှတ်သော ငြားမှာ ...ညည်လည်သွားသည်။

"ငါ့ကို မင်းက"

ဟုပင်ပြောပြီး ငြားမှာ ခြေ ...ခင်သန်းကို ကန်လိုက်သည်။ ခင် ...ကရှောင်လိုက်သဖြင့် မူးနေသော ... မျက်နှာကိုလည်း အရိုက်ခံထား ...ဖြင့် သူ့အရှိန်နှင့်သူလဲသွားသည်။

"ဟာ .. ဟော့ကောင်တွေ ... .. တော်"

"ခင်သန်းသွားတော့၊ ငြား ...နေတယ်"

"ဟာဗျာ ဒီကောင်က၊ ထွန်းလှအားကိုးနဲ့ သိပ်မိုက်ရိုင်းတယ်"

ဦးဘိုးတင့်နှင့် ကိုဘစံတို့က တားလိုက်သည်။ ငွေးညာဏ်မှာ မခံချင်လွန်းသဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ အတော်ပင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ လူ့သဘာဝအတိုင်း စုဝေးရောက်လာကြသည်။ ငြားက လဲနေရာမှပင် ဆဲနည်းမျိုးစုံဖြင့် ဆဲနေသည်။

"ကဲ .. ကဲ လာကွာခင်သန်း၊ အစ်ကို့စကား နားထောင်ပါကွာ"

ဟုကိုဘစံကပြော၍ ခင်သန်းကို ဆွဲခေါ်လိုက်သည်။ ငွေးညာဏ်နှင့် ဦးဘိုးတင့်ကပါ ခင်သန်းကို ဆွဲထားကြသည်။ လဲလျက်မှဆဲနေသော ငြားကို ချိုင်းမှမ၍ ထူပေးလိုက်သူက ဝင်းတင်။

"ဟေ့ .. ဝင်းတင်၊ ငြားကို ခေါ်သွားကွာ မကောင်းဘူး"

"ကျုပ်သိပါတယ်၊ ဦးဘိုးတင့်ရယ်၊ ခင်ဗျားတို့လဲ ပြန်ကြတော့၊ တော်ကြာရှည်ကုန်မယ်"

ဦးဘိုးတင့်ကို ဝင်းတင်ပြောလိုက်သော စကားသံက စီးစီးပိုးပိုးနိုင်သည်ဟု ဦးဘိုးတင့်က အထင်ရောက်ပြီး၊

"မင်းစကားကဘာလဲကွ၊ ဝင်းတင် ငါ့က သံသရာမရှည်အောင်ပြောတာကွ"

"အေးလေဗျာ ကျုပ်ကလဲ ပြီးတာပြီးအောင်ပြောတာပဲ"

ဝင်းတင်စကားသံက မာသွားသည်။ ပွဲဆက်သွားသည်။ ရန်ပွဲကို ဖျန်ဖြေသူနှစ်ယောက် စကားပြောတွေ လွဲချော်၍ ရန်ပွဲကပြောင်းပြီး ဆက်သွားသည်။

"မင်းက ငါမွေးရင် ငါ့သား အရှယ်လောက်ကကွာ"

ဦးဘိုးတင့်၏ အပြောကို ဝင်းတင်ကလည်း တစ်လုံးမခံ ပြန်ပြောလိုက်သည်။

"အခု ခင်ဗျားကမမွေးလို့ ခင်ဗျားသားမဖြစ်တာ၊ ကျုပ်ကလဲဂရုမ

"အခု ခင်ဗျားကမမွေးလို့ ခင်ဗျားသားမဖြစ်တာ၊ ကျုပ်ကလဲဂရုမစိုက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com





စိုက်ပါဘူး"

"မင်းတော့ သေချင်နေပြီနဲ့ တူတယ်၊ ဟော့ကောင် ဝင်းတင် သွားတော့ ငါလုပ်မိတော့မယ်"

"ဟာ ခင်ဗျားလို သက်ကြီး တုံချိကို လက်ညှိုးနဲ့ပဲ ထိုးသတ်မယ် မှတ်ထား"

ဦးဘိုးတင့်နှင့် ဝင်းတင်တို့ ရန်ပွဲကို ဝိုင်းကြည့်သူများနှင့် ဖျန်ဖြေသူများပါ များလာသည်။ ခင်သန်းက ဝင်းတင်တွဲထားသော ခြေအားပြေး၍ထိုး လိုက်သည်။ ဝင်းတင်က ခြေအားကို လွှတ်လိုက်ပြီး ဦးဘိုးတင့်ကို လှမ်းထိုး လိုက်သည်။ ပြေးသူပြေး အော်သူ အော်ဖြစ်သွားသည်။

ရန်ပွဲက ထိန်းမရအောင်ဖြစ် သွားသည်။ ခြေအားကို ခင်သန်းနှင့်ငွေး ညာဏ်တို့က ညှပ်၍ထိုးကြိတ်ပစ်လိုက် ကြသည်။ ဦးဘိုးတင့်ကို ပါးရိုက်၊ လက် သီးဖြင့်ထိုးပြီး ဝင်းတင်က ထွက်ပြေး သွားသည်။ ကိုဘစံက ဦးဘိုးတင့်ဆွဲ၍ ပြန်ခေါ်သည်။ လဲနေသောခြေအားကို ပွဲ သိမ်းများက တွဲခေါ်ပြီး၊ ခင်သန်းနှင့် ငွေးညာဏ်ကိုလည်း ဘုန်းကြီးထံသို့ခေါ် သွားသည်။

✱✱✱✱✱

ဘုန်းကြီးကျောင်းပေါ် ရောက်တော့ ဦးဘိုးတင့်ပါမလာ။ ခင် သန်းနှင့်ငွေးညာဏ်သာ ပါလာသည် ကျောင်းပေါ်တွင် ကျောင်းဆရာ လွှ လွင်ကျော်၊ ဦးညာဏ်သင်း၊ ဦးမှတ်၊ ဖိုးစ တို့ပါရှိနေကြသည်။ ဆရာတေ နှစ်ပါးက ခင်သန်းနှင့် ငွေးညာဏ်ေ ခြေအားကိုပါ ဆုံးမစကားပြောကြသည် လူကြီးများကပါ ပြောဆိုဆုံးမနေ သည်။ ထိုစဉ် ကျောင်းပေါ်ကို နေဝ ပြေးတက်လာသည်။ ပါးစပ်မှလည် အသံကျယ်ကျယ်နှင့် အော်ပြောလို သည်။

"ရွာထိပ်မှာ ဝင်းတင် သတ်ခံလိုက်ရတယ် ဝင်းတင်သေပြ

"ဟာ ... ဟာ နေဝင်းရ ဖြ ဖြည်းပြောပါကွ"

ဦးဖိုးစက လှမ်းပြောလို သည်။ ဦးမှတ်က

"ထိုင်ပြီး ဖြည်းဖြည်းပြေ နေဝင်း"

"ဟုတ်ကဲ့၊ ဦးလေးမှ ဝင်းတင်ကို ဦးဘိုးတင့်က လှံနဲ့နှစ်ခ ထိုးလိုက်တာ နေရာမှာတင်သေ တယ်"

"ဟေ"

"ဟာ"

"ဒုက္ခပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



“ကဲ .. ကဲ ..ခင်သန်းနဲ့ငွေး …ဉာဏ် ဆရာတော်တို့နဲ့ နေခဲ့ဦး၊ ခြား …ဦးလေးဖိုးစနဲ့ ဦးလေးမှတ်တို့လိုက် …တ်ပါ၊ ကျွန်တော်နဲ့ ဉာဏ်သင်း …နေဝင်းရယ် လိုက်ခဲ့နော် …”

ဟု ကျောင်းဆရာ လွင်လွင် …ကျော်က ပြော၍ ကျောင်းမှဆင်းသွား …သည်။

*****

ကျောင်းဆရာ လွင်လွင် …ကျော်နှင့် ဦးဉာဏ်သင့်၊ နေဝင်းတို့ ရွာ …ရောက်တော့ လက်နှိပ်ဓာတ်မီး …င်များ၊ မီးတိုင်ခွက်များနှင့် လူစုစု …နေသည်။ ပွဲမှပြန်လာသူများက …ည်း တစ်ယောက်တစ်ပေါက်နှင့် …ပြောဆိုသွားကြသည်။

လူအုပ်ထဲကိုဝင်၍ လက်နှိပ် …ဓာတ်မီးနှင့် ထိုးကြည့်လိုက်ရာ ခွေခွေ …ခေါက်လဲကျနေသူ ဝင်းတင်ကို …ပ်မယှက် တွေ့လိုက်ရသည်။ …ကျောင်းဆရာ လွင်လွင်ကျော်က ဘေး …များကိုကြည့်ပြီး

“ဘယ်သူအစအဆုံး မြင် …တွေ့လိုက်လဲ၊ ဘာကိုသိကြလဲ၊ …ကြည့်ပါဦး၊ အလောင်းကိုတော့ မ …ထိုင်ကြနဲ့နော် …”

“ဟုတ်ကဲ့၊ ဆရာလွင် ဦးဘိုးတင့် လုံချည်တစ်ချောင်းနဲ့ ငါ့နောက်မလိုက်ကြနဲ့ ရဲကင်းကို သွားမယ်ဆိုပြီး ထွက်သွားတာကိုပဲ ကျွန်တော်သိလိုက်တယ်”

ဟု ရွာသားတစ်ယောက်က ကျောင်းဆရာ လွင်လွင်ကျော်ကို ပြောလိုက်သည်။

“အေး .. ဗျာ .. ကျေးဇူးပဲ၊ ကိုအောင်မင်းရေ ကဲ .. ကဲ .. လုပ်ပါဦး ဘယ်သူဘာသိသေးလဲ”

“ကျောင်းဆရာရေ ကျုပ်သိတာတော့ ဝင်းတင်က ဘိုးတင့်ကို ဒီညသတ်မယ်ကျိန်းနေတာပဲ၊ ကျုပ်ပွဲခင်းဘက်အသွား နောက်က---နေဝင်း ခပ်သုတ်သုတ်နဲ့ ဘုန်းကြီးကျောင်းကို သွားမယ်ပြောပြီး ကျုပ်ဘေးကဖြတ်သွားတာပဲ၊ ဒီကျမှ ဝင်းတင်သေတာကို သိတာပဲ”

“ဟုတ်ကဲ့၊ တာဝန်ရှိသူတွေ ခေါ်မေးရင်လဲ ဒီအတိုင်းပဲပြောပါ အဘညိုရယ်”

“အေးပါ ကျောင်းဆရာရယ်”

ကျောင်းဆရာ လွင်လွင်ကျော်မှာ သိသူမြင်သူ ကြားသူများ၏ ပြောစကားများကို စုစည်းတွေးတောမိသည်မှာ ပွဲခင်း၌ ခင်သန်းနှင့်ခြားတို့ ရန်ပွဲကို ဝင်ဖျန်ဖြေထားဆီးစဉ် ဝင်းတင်ကလည်း ရန်ပွဲကို ဝင်ရောက်ဖျန်ဖြေပေးရင်းမှ ဖျန်ဖြေသူနှစ်ဦးမှာ ဆက်၍စကားများရန်ဖြစ်ကြပြီး ငယ်ရွယ်သောဝင်းတင်က လူကြီးဦးဘိုးတင့်ကို ကိုယ်ထိလက်ရောက်ပြုလုပ်ပြီး နှုတ်မှလည်း သတ်မည်ဟု ပြာဆိုပြန်လာရာ အသက်အရွယ်နှင့် တွေးတောချင့်ချိန်မှုမပြုဘဲ ဒေါသတရားကို နေအိမ်မှ လုံကိုယူပြီး လိုက်ရှာ၍ ဝင်းတင်ကိုတွေ့လိုက်သည်နှင့် ခြေလွန်လက်လွန် ပြုလိုက်ခြင်းဖြစ်သည် ဟုစဉ်းစားတွေးတောလိုက်ခြင်း ဖြစ်သည်။

*****

စဉ့်သာရွာကလေးတွင် ရွာဦးဘုရားလေးပွဲမပြီးမီ ဝင်းတင်၏မိသားစု ငိုသံပူဆွေးသံများနှင့် ဦးဘိုးတင့်၏မိသားစုမှာလည်း သောကပူနှင့် အသက်ကြီးမှ ဥပဒေကပေးသော အပြစ်ဒဏ်ကိုခံရမည့်အရေးကြောင့် ဗျာများ၍ ရဲစခန်းနှင့်တရားရုံးတို့ကို သွားလိုက်လာလိုက်ဖြင့် လှုပ်ရှားနေကြလေတော့သည်။

**စိုးထွဋ်ထွန်း**

www.burmeseclassic.com



ကျော်စိုးသူ

(ဥသျှစ်ပင်)



www.burmeseclassic.com

www.burmeseclassic.com



**အသည်းထဲထဆူး**

**ဇော်စိုးသူ(ဥသျှစ်ဝင်)**

ဒီနေရာ၊ ဒီဒေသကို ပြန်မ…ချင်၍ ရှောင်နေခဲ့သည်မှာ ဆယ်စုနှစ်သုံးခုကျော်ခဲ့ပြီ ဖြစ်သည်။ တွေး…ထိတ်တိုင်းလည်း မနေ့တစ်နေ့ကလို…င် ခံစားနေရတုန်း ဖြစ်သည်။ သို့သော်…ည်း တာဝန်ပေးအပ်လျှင် ရှောင်လွှဲ…ရသော ဝန်ထမ်းတို့ သဘာဝအတိုင်း…နယ်မြေကို ပြန်ရောက်ခဲ့ရသည်။ အ…အားလုံးသည် ပြောင်းလဲကုန်ပြီဖြစ်…သည်။ မပြောင်းလဲသည်ကတော့ ရင်မှ…ခံစားမှုဖြစ်သည်။

မွေးရပ်မြေက စွန့်ခွာခဲ့တာ…ကြာပြီဆိုတော့ ဆွေမျိုးမိသားဂဏ်ပါများ…နှင့် အပေါင်းအသင်း သူငယ်ချင်းများ…က လိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြသည်။…သည်အခိုက်မှာတော့ ရင်ထဲမှဝေဒနာ…ခဏပြေပျောက်နေခဲ့ရသည်။ သို့သော်…ငယ်စဉ်ကနေခဲ့သော မိဘများ၏ အိမ်…ခြံထောင့်မှစံပယ်ရုံကို မြင်လိုက်ရသော…အခါ နှစ်ပေါင်းများစွာ ကြာမြင့်သည့်…တိုင် စိမ်းစိုလန်းဆန်းပြီး စံပယ်ပွင့်…တွေကလည်း ခူးပြီးရောင်းစားရသည့်…အနေအထားကို ရောက်နေသည်။

ဪ …. ဒီစံပယ်ပင်လေးစပြီး ပွင့်တဲ့နေ့က ပေါ့ …။

"မမမြင့်က စံပယ်ပန်းကြိုက်သလား"

"စံပယ်ပန်းက မမအကြိုက်ဆုံးပန်းလေ"

"ဒါဆိုရင် ကျွန်တော့်စံပယ်ပင်က ပထမဆုံးပွင့်တဲ့ပန်းကို မမကို ပေးလိုက်မယ်"

"အံမယ် ထူးထူးခြားခြားမို့ ဦးဦးများများ ပေးတယ်ပေါ့လေ ဒါဆို ပန်ပေး"

ပြောရင်းနဲ့ ခေါင်းကလေးကိုငုံ့ပြီး ငုံ့ပေးလိုက်သော မမမြင့်၏ ဆံထုံးပေါ်တွင် စံပယ်ပန်းကလေးကို အသာအယာ ပန်ပေးလိုက်ပြီး မမမြင့်၏ မျက်နှာလေးကို ငုံ့ပြီးအကြည့်၌ မမမြင့်ကရုတ်တရက် ခေါင်းကိုဆတ်ခနဲမော့အကြည့်လိုက်တွင် မျက်နှာနှစ်ခု ထိတွေ့သွားကြသည်။

"အို"

အံ့ဩရှက်ရွံ့စွာ အသံထွက်သွားပြီး ပါးတစ်ဖက်ကို လက်ဝါးနှင့်အုပ်ကာအပြေးတစ်ပိုင်းနှင့် ထွက်သွားသောမမမြင့်၏ ကျောပြင်ကို နောက်မှငေးမောကြည့်ရှုကျန်ရစ်ခဲ့သည်။

နောက်တစ်နေ့တွင် …

"မနေ့က အဖြစ်အပျက်အတွက် ကျွန်တော် တောင်းပန်ပါတယ်"

"ရပါတယ် မလိုပါဘူး"

"ဒါဆိုရင် မမစိတ်မဆိုးဘူးပေါ့"

"ညက တစ်ညလုံး အိပ်မပျော်ဘူး"

"ဘာဖြစ်လို့လဲဟင်"

"မသိဘူး ဒါပေမဲ့ တို့ကိုနေ့တိုင်း စံပယ်ပန်းပေးမလား"

"ဗျာ … မမ တကယ်လား"

အရွယ်က အသက်(၂၀)ဝန်းကျင်။ မမက ကျွန်တော့်အသက်(၂) နှစ်ကြီးသည်။ နွေရာသီကျောင်းပိတ်ရက်တွင် ထိုစဉ်က လုပ်ငန်းတွင်ကျယ်ခဲ့သော ကုန်သွယ်ရေးခေတ် ၏ ရက္ကန်းလုပ်ငန်းများ ခေတ်စားနေချိန်ဖြစ်၍ ယက္ကန်းလုပ်ငန်းကို သင်ယူတတ် မြောက်ခဲ့ခြင်းကြောင့် မမမြင့်က ရက္ကန်းပညာကို ကျွန်တော့်ထံတွင် လာရောက်သင်ယူရင်း တွေ့ဆုံကြခြင်းဖြစ်သည်။ နှစ်ယောက်သား ပြောစကားများသည် တိုတောင်းသော်လည်း



www.burmeseclassic.com

www.burmeseclassic.com





အဓိပ္ပာယ်အနက်ကိုတော့ နှစ်ယောက်သားသိကြသည်မို့ ရင်ခုန်သံချင်း ထပ်တူပေါင်းမိ သွားကြသည်။

ချစ်ကြပြီဆိုတော့လည်း အရှုးအမူး စွဲလမ်းမှုကြီးစွာနှင့် ချစ်ခဲ့ကြသည်။ မနက်မိုးလင်းသည်မှ မိုးချုပ်သည်အထိ တစ်နေ့လုံး အတူတူနေခဲ့ကြသော်လည်း အားမရနိုင်။ ညဘက်မှာတွေ့ရအောင် ဖန်တီးကြသေးသည်။ တစ်ယောက်ယောက်ကများ အလုပ်ကို မလာဖြစ်လို့ မတွေ့ရရင် အိမ်ကိုလိုက်ပြီးသားဖြစ်နေသည်။ တကယ်တော့ မမမြင့်က သူ့အတွက် ကျွန်တော်သည် အချစ်ဦး ဖြစ်ကောင်းဖြစ်နိုင်သော်လည်း ကျွန်တော်ကတော့ မမမြင့်သည် အချစ်ဦးမဟုတ်ပါ။

ဒါပေမဲ့လည်း အရူးအမူးစွဲလမ်းခြင်းကတော့ နှစ်ဦးစလုံး အတူတူပင်ဖြစ်သည်။ တစ်နေ့တွင် ကျွန်တော်နေမကောင်းဖြစ်၍ မမမြင့်အိမ်ကို လိုက်လာသည်။ ကျွန်တော့်အမေနှင့် စကားပြောလိုက်သည်မှာ အတော်ကြာသည်။ နောက်မှ ကျွန်တော့်အနားလာပြီး တီးတိုးနှုတ်ဆက်စကားဆိုကာ ပြန်သွားသည်။ အမေက ပြောသည်။

"ဟဲ့သား ... ဒီကောင်မလေးက တို့အမျိုးလား မသိဘူး သူပြောတာတွေဟာ တို့အမျိုးနာမည်တွေ ပါနေတယ်"

အမေကပြောသဖြင့် ရင်ထဲတစ်မျိုးကြီး ဖြစ်သွားသည်။ နေကောင်းသွား၍ အလုပ်ဆင်းနိုင်သော အခါ မမမြင့်ကို ဆွေမျိုးမိဘတွေအ[...] ကြောင်းမေးပြီး အမေ့ကိုပြန်ပြောသော အချိန်တွင် ...။

"ဟဲ့ ဒါဆို ငါ့အစ်ကိုရဲ့သမီး[...] ပါလား၊ နင်နဲ့ မောင်နှမနှစ်ဝမ်းကွဲတော်[...] တယ်။ ကိုယ့်နှမကို ဂရုစိုက်စော[...] ရှောက်နော်၊ ငါလဲ အစ်ကိုနဲ့တွေ့အော[...] သွားဦးမယ်"

နွေခေါင် မိုးကြိုးပစ်တယ်[...] ဆိုတာ ပြောမယုံကြုံဖူးသူတိုင်း သိ[...] မှာပါ။ ကျွန်တော့်ရင်ထဲမှာ မိုးကြိုးမု[...] တိုင်း ထန်ရလေပြီ။ ဆုပ်လည်းစူး စ[...] လည်းရှုး ဖြစ်နေရသည်။ အရှိ[...] ကောင်းနှင့်ပြေးလာပြီးမှ ရုတ်တ[...] ဇာက်ကြိုးဆောင့်ဆွဲခံရသည့် မြင်း[...] နှလုံးသား ဆတ်ဆတ်ခါသွားရသည်[...]



www.burmeseclassic.com

www.burmeseclassic.com



မမမြင့်ကို ဘယ်လိုပြောရမှန်းမသိအောင်ဖြစ်နေသည်။ သူကတော့ ဘာမှမသိ။ ပျော်လို့ရွှင်လို့ ရှေ့ရေးအစီအစဉ်တွေ အပျော်တွေဆက်နေသည်။ ကျွန်တော့်မှာတော့ ကြိုးမိန့်ကျ ပြီးသား အကျဉ်းသားလို အချိန်စောင့်နေရပေမဲ့ သေရမည်ကို ကျိန်းသေသိ နေသလိုပင် ...။

ဘယ်လောက်ပင် အသက်နဲ့အမျှချစ်ကြပေမဲ့ နှစ်ကိုယ်နီး၍မ…ယ်ရုံတင်မက လုံးဝမဖြစ်နိုင်ကြောင်း သိနေရတော့ မျက်နှာမှာ အပြုံးဆောင်နေရပေမဲ့ နှလုံးသားမှာ မျက်ရည်မိုးရွာနေရသည်။ ထိုအချိန်တွင် မမျော်လင့်သော ဖြစ်ရပ်တစ်ခုဖြစ်လာသည်။ တစ်ဖက်သတ်ကြိုက်နေသော မိန်းကလေးတစ်ဦး၏ ဖွတ်တရွတ်နိုင်မှုကြောင့် ကျွန်တော် အိမ်ထောင်ကျသွားရခြင်းဖြစ်သည်။ မင်္ဂလာပွဲကျင်းပတော့ မမမြင့်လာသည်။ ငိုမလိုမျက်နှာကို အပြုံးနှင့်ဖုံးရင်း အားပေးနှုတ်ဆက်စကားဆိုသည်။

"မမပျော်နေပေမဲ့ ကျွန်တော့်ဘဝတစ်သက်လုံး သေသွားလို့ ဘယ်တော့မှ ကျေနပ်မှာမဟုတ်ဘူး"

လို့ပြောလိုက်တော့ မချိပြုံးလား၊ မဲ့ပြုံးလား မသိသော အပြုံးတခု ပြုံးသွားသည်။

သည်လိုနှင့် အချစ်မပါသော အိမ်ထောင်ရေးကို တည်ထောင်နေချိန် တစ်နှစ်လောက်အကြာမှာ မမျော်လင့်ဘဲ သူနဲ့ပြန်ဆုံသည်။ အိမ်ထောင်ရေး၊ စီးပွားရေး တစ်ခုမှမမေး။ သူမေးတာက "မမကိုမင်းချစ်သေးလား"တဲ့။ ကျွန်တော်ကလည်း ရင်ထဲကမျိုသိပ်ထားသမျှတွေ အံထွက်တော့ သူက "မင်းနောက်ကို မမလိုက်မယ် တို့ဝေးရာကို ပြေးကြမယ်၊ အားလုံးဆုံးဖြတ်ပြီးပြီ မင်းကိုမစွန့်လွှတ်နိုင်ဘူး" သူ့စကားကို ကြားလိုက်ရတော့ အံ့ကြဝမ်းသာမှုတွေက ရင်ထဲမှာ ပြည့်လျှံလာလို့ အားပါးတရ သူ့ကိုထွေးပိုက်လိုက်သည်။ သူ့ကိုကတိပေးပြီး အစီအစဉ်တွေဆွဲသည်။ နှစ်ဦးစလုံး အပျော်တွေဖုံးလို့ ကြရသည် ... သို့သော် ....။

သွေးအေးအေးနှင့် တွေးလိုက်တော့ အနီးအနားမှာက ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ တရားဝင်ဇနီးမယား ရှိနေသည်။ စိတ်အလိုလိုက်ကာ သူနဲ့လက်တွဲလိုက်လျှင် သူကဒုတိယဖြစ်သွားမည်။ နောက်တစ်ချက်က သွေးသားမကင်းသည်မို့ လူပုံအလယ်မှာ မတင့်တယ်နိုင်။ ဒါဆိုရင် သူ့ကို ချစ်တယ်တန်ဖိုးထားတယ်ဆိုတာ ချစ်ရာမရောက်နှစ်ရာရောက်တော့

**"မမ ပျော်နေပေမဲ့ ကျွန်တော့်ဘဝတစ်သက်လုံး သေသွားလို့ ဘယ်တော့မှ ကျေနပ်မှာ မဟုတ်ဘူး"**



www.burmeseclassic.com

www.burmeseclassic.com



မည်ဖြစ်သည်။ ဒီအချက်များသည် ပေါ့ပေါ့တွေးရင်သာ ဘာမှမဟုတ်သော်လည်း နက်နက်နဲနဲ တွေးကြည့်လျှင် နှလုံးသားတစ်ခုကို ဦးစားပေးတာနှင့် ဘဝတစ်ခုလုံးအတွက် အမည်းစက်ဖြစ်သွားပေတော့မည်။ ကျွန်တော့်အတွေးများသည် မှားသည်နှင့်မှန်သည်ကြားမှာ လွန်ဆွဲနေခဲ့ပြီး နောက်ဆုံးတော့ ယတိပြတ်ဆုံးဖြတ်ကာ အထုပ်အပိုးပိုက်ပြီး သင်္ဘောဆိပ်မှာစောင့်နေသောသူကို မျက်ရည်ဝဲကာ ရင်နာနာဖြင့် သူ၏မိဘများထံသို့ သင်္ဘောဆိပ်တွင် တစ်ယောက်တည်းတွေ့ရသဖြင့် အကြောင်းကြားသည့်ပုံစံဖြင့် သတင်းပေးလိုက်ရပါသည်။ နောက်ပိုင်းအခြေအနေ ဘာမျှမသိရတော့ပေ။ ကျွန်တော်လည်း ထိုအချိန်မှစ၍ သူနှင့်ဝေးရာကို ရင်နာနာနှင့် ပြေးခဲ့ရခြင်းဖြစ်သည်။

စံပယ်ပင်ကိုကြည့်ရင်း အဆွေးပုံရိပ်က အတိတ်ဟိုဆီ ရောက်သွားခဲ့ရသည်။ မွေးရပ်မြေကို ပြန်ရောက်ပြီး တစ်ပတ်အတွင်းမှာပင် သူ့အကြောင်းကို သိခွင့်ရခဲ့သည်။ သူအိမ်ထောင်ကျနေပြီဖြစ်ကြောင်းနှင့် သူနှင့်အိမ်ထောင်ကျသူမှာလည်း ကျွန်တော်နှင့် အလွန်ခင်သော သူငယ်ချင်း ဖြစ်နေသည်။ သို့သော် ကလေးနှစ်ယောက်အဖေ ဖြစ်သည်။ ယခင်အိမ်ထောင်နှင့်ဘယ်လိုပြတ်စဲသည် မစဲသည်ကိုတော့ မသိ။ လင်မယားတွေ ခဏခဏရန်ဖြစ်သည်။ အမျိုးသားက လောင်းကစား ဝါသနာပါသည်။ ထို့ကြောင့်လည်း ထောင်ကျသည်။ ယခုတော့ ကွမ်းယာဆိုင်ဖွင့်ပြီး ပြေလည်နေသည်ဟု သိရသည်။ သို့သော် မကြာခဏအကြီးအကျယ် ရန်ဖြစ်တတ်သည်ဟု သိရသည်။ စိတ်မကောင်းရုံကလွဲပြီး ဘာမှမတတ်နိုင်ပါ။ သို့သော်လည်း ရင်ထဲက အချစ်အနုသယက မပြတ်လေတော့ သူရှိရာကို သွားမိသည်။

"မမ ကျွန်တော့်ကိုမှတ်မိလား"

ကွမ်းယာကို ငုံ့ယာနေရင်းမှ "မှတ်မိပါတယ်"ဟု ဆွေးဆွေးမြည့်မြည့်အသံနှင့် ပြန်ဖြေသည်။ ဒီထက်ပိုပြီး စကားမပြောဖြစ်ကြ။ မြို့ထဲကိုသွားတိုင်း သူ့ဆိုင်ရှေ့က နေ့တိုင်းလို ဖြတ်သွားရသည်။ သည်လိုနှင့်တစ်ခါ တစ်ရံ စကားပြောဖြစ်ကြသည်။ လူရှင်းလျှင် သူတို့အိမ်ထောင်ရေးအကြောင်း တိုပြောပြသည်။ ကျွန်တော့်အိမ်ထောင်ရေးကိုတော့ တစ်ခါမှမမေးခြင်းက ထူးဆန်းနေသည်။ သတိထားမိသည်က တော့ ကျွန်တော့်ကိုကြည့်လျှင် မျက်လုံးတွေက အေးစက်မာကျောနေသလိုပင်။ ကျွန်တော်ကတော့ အဆွေးရိပ်သီဝေနေသည်ဟု ထင်နေပါသည်။

တစ်နေ့တွင် ကျွန်တော်မြို့ထဲသွားရန် သူတို့ဆိုင်အရှေ့က ဖြတ်အသွားမှာ သူတို့ အော်ကြီးဟစ်ကျယ် ရန်ဖြစ်နေသည်ကို တွေ့ရသည်။ ဆံပင်တွေက ဖွာလန်ကြဲကာ မျက်နှာမှာလည်း မျက်ရည်တွေနှင့် ပစ္စည်းပစ္စယတွေကလည်း ကစဥ့်ကလျားဖြစ်နေသည်။ သက်ပြင်းကိုချရင်း မျက်နှာလွှဲကာ ထွက်ခွာလာခဲ့သည်။ တစ်နေ့လုံး စိတ်မကောင်းဖြစ်နေသည်။ သည်မြင်ကွင်းတွေက တစ်ပတ်မှာ ၄/၅ရက် ကြုံတွေ့နေရသည်။

သို့သော် ဘာမှမတတ်နိုင် ကိုယ့်လိပ်ပြာ ကိုယ်မလုံဖြစ်နေသည်မို့ပါ။ တကယ်ဆိုလျှင် ညီအစ်ကိုမောင်နှမစိတ်နှင့် သို့မဟုတ် မောင်နှမဆိုသောစိတ်နှင့် ဝင်ရောက်ဖျန်ဖြေလို



www.burmeseclassic.com

www.burmeseclassic.com



...လည်း ကိုယ့်စိတ်ကိုယ်မလုံ။ တ...တ်နှင့်ဝင်ပြီး ဖျန်ဖြေရအောင်...ည်း မဖြစ်နိုင်။ စိတ်နှစ်ခု၏ လွန်...ကြောင့် သက်ပြင်းအခါခါချရင်း...နိုင်သမျှ ရှောင်နေမိသည်။

သည်လိုနှင့် တစ်နေ့တွင်။ ...ည်နေ့ကတော့ ဘဝတစ်သက်တာ... ဘယ်တော့မှမမေ့နိုင်သော နေ့...နေ့ဖြစ်လိမ့်မည်။ မြို့ထဲသို့သွားရန်...လမ်းတည်းသာရှိသော သည်လမ်း...လာသည်။ အဝေးကပင် အော်...အစ်ကျယ်စကားသံတွေ ကြားနေ...ည်။ ထုံးစံအတိုင်း သူတို့ရန်ဖြစ်နေ...ဟု အလိုလိုသိနေသည်။ အနီးအ...ရှိသော ဆွေမျိုးညီအစ်ကို မောင်...များတလည်း မည်သူမျှ ဝင်ရောက်ဖျန်ဖြေမပြောကြသည်ကလည်း ကြားပါများ၍ရိုးနေကြခြင်းလား။ ကျွန်တော်လည်း ကိုယ့်မြို့ကိုယ့်ရွာ ပြန်ရောက်နေပေမဲ့ အလုပ်မအားသည်က တကြောင်း၊ လိပ်ပြာမလုံသည်က တစ်မျိုးမို့ ဆွေမျိုးများကို မတွေ့ရသေးပါ။ ရုတ်တရက် မမမြင့်တို့ ဆိုင်ရှေ့အရောက် တွေ့လိုက်ရသည့်မြင်ကွင်းက သွားလက်စခြေလှမ်းကို ရပ်တန့်သွားစေသည်။

မြင်ကွင်းက ဘယ်လိုမှ မကောင်းပါ။ မမမြင့်၏ ဆံပင်ကိုဆွဲကာ ပါးကို ဘယ်ပြန်ညာပြန် ရိုက်နေသော သူ့ယောကျာ်းကို အောက်ကနေ၍ မိန်းမ သဘာဝ ပါးစပ်ကလည်း အော်ပြောရင်း လက်ကလည်း တတ်နိုင်သမျှ ပြန်ခုခံနေ၏။ ကျွန်တော်ဘယ်လိုမှ မနေနိုင်တော့ပါ။ လက်ရှိတာဝန်ကလည်း ဤလိုမှုခင်းဖြစ်လာမည့် ကိစ္စများကို တားဆီးရမည့် တာဝန်ကလည်းရှိနေသည်။ ပြီးတော့ ရင်ထဲက မသိစိတ်ကလည်း နှိုးဆွမှုကြောင့် မည်သို့မည်ပုံ ၎င်းတို့အနားကို ရောက်သွားသည်ကို မသိလိုက်။

"ဟေ့ကောင် တော်တော့ မင်းလွန်နေပြီ"

"မင်းကဘာလဲကွ ငါ့မိန်းမ ငါရိုက်တာ မင်းနဲ့ဘာဆိုင်လဲ"

ဩော် လက်စသတ်တော့ ဒီကောင် တော်တော်မူးနေတာကြောင့် သည်လိုဖြစ်နေတာဟု သိလိုက်ရသည်။ အရက်နံ့တွေက လှိုင်နေသည်။

ဩော် လက်စသတ်တော့ ဒီကောင် တော်တော်မူးနေတာကြောင့် သည်လိုဖြစ်နေတာဟု သိလိုက်ရသည်။ အရက်နံ့တွေက လှိုင်နေသည်။

ကျွန်တော်၏ ဟန့်တားမှုကြောင့် မမမြင့်သက်သာသွားသည်။ ကပျာကယာ လူးလဲထကာ ဆံပင်ကိုပြန်လည်စုထုံးနေပြီး ပါးစပ်မှလည်း မကျေမနပ် စကားတွေပြောနေ၏။

"မင်းကွာ ကိုယ့်သားမယားပဲ မင်းရိုက်လည်း ခံရမှာပေါ့"

"နေပါဦးကွ မင်းကဘာကောင်မို့ ငါ့ကိုလာပြီး တရားဟောနေတာလဲ"

www.burmeseclassic.com



"ဟော့ကောင် သူငယ်ချင်း ငါ့ကိုမမှတ်မိဘူးလား မင်းသူငယ်ချင်း လေကွာ"

"မသိဘူးကွာ ဘာသူငယ်ချင်းလဲ ငါ့မိန်းမကို ကြာကူလီရိုက်မလို့လား"

"ဟာ ... ဟော့ကောင် မင်း ဘာတွေပြောနေတာလဲ"

အနာပေါ် တုတ်ကျသွားသလိုဖြစ်သွားသဖြင့် ရှက်ဒေါသဖြစ်သွားသည်။ ပြောသူက မူးမူးနှင့်ထင်ရာပြောသော်လည်း အနာဟောင်းရှိသူကတော့ ထူခနဲပူခနဲ ဖြစ်သွားရ၏။

"ငါ့မိန်းမက အပျိုကြီးကွ ခုထိ ငါနဲ့ကလေးတယောက်မှ မရသေးတော့ ဆိုင်မှာလာတဲ့ ကောင်တွေက ကြာကူလီရိုက်ချင်တဲ့ ကောင်တွေချည်းပဲ"

"နင်မဟုတ်တာတွေ မပြောနဲ့နော်"

မမမြင့်က တစ်ခွန်းဝင်ပြောသည်။

"ဘာလဲ ခင်ဗျားက ဒီကောင်လည်း ခင်ဗျားရဲ့ကြာကူလီစာရင်းဝင်ပဲလား"

ကျွန်တော့်စိတ်ကို အတတ်နိုင်ဆုံးထိန်းလိုက်ပြီး နေရာမှခွာလိုက်သည်။ အရက်မူးနေသူနှင့် စကားယှဉ်ပြောလျှင် အန္တရာယ်ရှိနိုင်ကြောင်း ရိပ်မိလိုက်သည်။

နောက်ခိုင်းပြီး လှည့်အထွက်တွင် ခေါင်းတွင်မာကျောသော အရာတစ်ခုနှင့် ရိုက်လိုက်သလို ခံစားလိုက်ရပြီး မမမြင့်၏ မပီမသအော်

လိုက်သံကို ကြားရသဖြင့် ခေါ်
လက်နှင့်ဖိရင်း နောက်လှည့်
လိုက်သည်။ ထိုစဉ်မှာပင် မျက်နှာ
ပူခနဲဖြစ်သွားပြီး မျက်လုံးများ
သွားသဖြင့် စိတ်ထဲတွင်ဒေါသ
အသားများ တဆတ်ဆတ်တုန်သွာ
လှစ်ခနဲပြေးသွားကာ ရှက်စိတ်၊
ကြည်းစိတ်၊ ဒေါသစိတ်များနှင့်အ
မနာလိုတိုစိတ်တွေနှင့်အတူ ခေါင်း





www.burmeseclassic.com

www.burmeseclassic.com



…သောသွေးများ ပါးစပ်မှစီးကျ …သော သွေးများနှင့် ပေါင်းစပ်ကာ …တ်လူကိုလည်း မရပ်မနားထိုး …နေပြီး လဲကျသွားတော့မှ အောင် …အသွင်နှင့် ဂုဏ်ယူဝင့်ကြွားစွာ …မျက်နှာကိုကြည့်လိုက်သည်။ အံ့ …တ်လန့်ခြင်း၊ မယုံကြည်နိုင်ခြင်း …ည့် ပုံရိပ်များစွာနှင့်အတူ စူးရှဝင်း …သောမျက်လုံးများနှင့် တုံ့ပြန် …နေသော အကြည့်နှင့်ရင်ဆိုင် …ရသည်။

ကျွန်တော် တုံ့ပြန်ပြုမူလိုက် …ည့် လုပ်ဆောင်ချက်၏ အဓိပ္ပာယ်ကို …တသိသော်လည်း အများနား …အောင် ရှင်းမပြနိုင်ခဲ့သလို မမမြင့် …တ် ဘာဖြစ်လို့ ဤကဲ့သို့ တစ်ဖက် …ပြင်းထန်စွာ တိုက်ခိုက်ပြုမူမိ …ည့်ကိုလည်း သူ့ကိုရှင်းပြချိန်မရ …မှန်း အလိုလိုသိလိုက်ရသည်။ သို့ …လည်း ရောထွေးယှက်တင်နေ …အနုသယမပြတ်သေးသည့် ချစ် …ကြောင့်ဆိုတာတော့ ကိုယ့်ရင်ထဲမှာ …ဝဲသိပါသည်။

ထိုသို့ စိုက်ကြည့်နေသော …မြင့်၏ မျက်လုံးများကိုကြည့်ရင်း ခဏလေးမှာတင် စကားလုံးပေါင်းများစွာ ရင်ထဲမှပြောလိုက်မိသည်။ မမမြင့်၏ နှုတ်မှထွက်လာမည့် စကားတစ်ခွန်းသည် တရားခံအား နောက်ဆုံးစီရင်ချက်ချမည့် တရားသူကြီး၏ "အမိန့်" ဆိုသည့် အသံအား စောင့်ရသကဲ့သို့ ပင်။ ကျွန်တော်လည်း အောက်တွင်လဲကျနေသော သွေးအလူးလူးနှင့် သူငယ်ချင်း၏မျက်နှာကို တစ်လှည့် မမမြင့်၏ မျက်နှာကိုတစ်လှည့် ကြည့်လိုက်ပြီး မမမြင့်၏ စူးရှတောက်ပြောင်နေသော မျက်လုံးကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်စိုက် ကြည့်လိုက်စဉ် …

"အမယ်လေး လာကြပါဦးရှင် ကျွန်မယောကျ်ားကို ဘယ်ကလူလဲမသိဘူး သတ်နေပါတယ် လာကြပါဦးရှင်"

ကျွန်တော်ဘယ်လိုမှ မျှော်လင့်မထားသော အဖြစ်က ဖြစ်လာသည်။ ကျွန်တော့်အတွေး အထင်က တစ်မျိုး .. တကယ်ဖြစ်လာသည်က တစ်မျိုး ဖြစ်နေသည်။ မမမြင့်ရင်ထဲမှာ အငြိုးအတေး ဒီလောက်ရှိလိမ့်မည် မထင်တာကိုက သူ့ကိုကျွန်တော့်ချစ်စိတ်တွေ ဘယ်လောက်ရှိနေသည်ဆိုတာ



ကိုယ့်စိတ်ကို ကိုယ်သိသည်။ သူ့ဘက်ကတွေးရင်လည်း ကျွန်တော့်ကို သတ်ပစ်ချင်လောက်အောင် မုန်းနေပေမည်။ ကျွန်တော့်ဘက်က အဖြစ်ကလည်း သူမသိပေမဲ့ မချိသည့်ရင် မရှင်သည့်နှလုံးနှင့် တစ်သက်လုံး အပြုံးပျောက်ကွယ်နေရသည်။ ဒါတွေကို သူမသိနိုင်ပါ။ သူသိသည်က သူ့အပေါ်ရက်ရက်စက်စက် လုပ်ရက်သည်ဟု စွပ်စွဲထင်မြင်ချက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရှင်းမပြနိုင်တော့ပါ။ အဖြစ်မှန်ကို သူလည်း သိချင်သိမှာပါ။ သို့သော် ကျွန်တော်နှင့် အသိချင်းတော့ ကွာပါလိမ့်မည်။

စေတနာကြောင့် ဝေဒနာခံစားရသူနှင့် ဝေဒနာကြောင့် စေတနာကို မခံစားနိုင်သူတို့ရဲ့ ဒီပွဲမှာ ပတ်ဝန်းကျင်က လူများရောက်ရှိလာပြီး ရဲတပ်ဖွဲ့ကိုအကြောင်းကြားသဖြင့် ရဲတပ်ဖွဲ့ဝင်များ၏ ခေါ်ဆောင်ရာသို့ လိုက်ပါသွားချိန်တွင် မမြင့်က လဲကျနေသောသူ့ခင်ပွန်း၏ဘေးတွင် မျက်နှာကိုလက်ဝါးဖြင့်အုပ်ကာ အားပါးတရငိုနေသည်။ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်အောင် အသံထွက်ရှိုက်ကြီးတငင် ငိုနေခြင်းဖြစ်သည်။ ကျတဲ့မျက်ရည်ဟာ ဘယ်သူ့အတွက်ကျတဲ့မျက်ရည်လဲဆိုတာ ကာယကံရှင်ကလွဲလို့ ဘယ်သူမှမသိနိုင်ပါ။ အင်ကြင်းပန်းခိုင်လေးနဲ့ တင့်တယ်လှပနေစေချင်တဲ့သဘောနဲ့ ပေးမိခဲ့တဲ့ မင်းဆဒ္ဒန်ခမျာ ခါချဉ်ကောင်ပါသွားလိမ့်မယ်ဆိုတာ မထင်ခဲ့ရိုးအမှန်ပါ။ စေတနာအမှန်ကိုသာသိရင် အစွယ်ကိုလိုချင်တဲ့ ဆန္ဒဖြစ်လာမယ် မဟုတ်ပါဘူး၊ ဒါပေမဲ့ မင်းဆဒ္ဒန်ကတော့ မျက်နှာငွေလ ရွှင်ပြုံးပြုံးနဲ့ ခင်မဝမ်းမြောက်ပါလေတော့လို့ ဆိုခဲ့ပါသည်။ သို့သော် ဒီဇာတ်လမ်းမှာက ...

ရဲစခန်းအတွင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ မမြင့်အပါအဝင် ကျွန်တော်လည်း ထိုင်နေကြပါသည်။

"ဟုတ်ပါတယ် စခန်းမှူးကြီးရယ် ရပ်ကွက်လူကြီးတွေကိုလည်း ကျွန်မရှင်းပြပြီး ခေါ်လာခဲ့တာပါ။ တကယ်တော့ ကျွန်မမောင်လေးအနေနဲ့ လက်လွန်ခြေလွန် ဖြစ်မှာစိုးလို့ အော်ဟစ်အကူအညီ တောင်းလိုက်ရတာပါ။ ရပ်ကွက်လူကြီးတွေကလဲ ဝတ္တရားအရ စခန်းမှူးကြီးတို့ကို ထပ်ဆင့်အကူအညီတောင်းလိုက်မှုကြောင့် အလုပ်ရှုပ်သွားရတာကို တောင်းပန်ပါတယ်။ ကျွန်မမောင်လေးကလည်း ရုတ်တရက် မြင်လိုက်ရတော့ ဒေါသဖြစ်သွားလို့ပါ။ ကျွန်မရဲ့အိမ်ထောင်ရေးက ဆိုးလွန်းပါတယ်။ ဒယ်အိုးထဲက ဆီပူထဲမှာနေတဲ့ငါးကို ပူမှာစိုးလို့ဆိုပြီး ဆယ်လိုက်တာ မီးဖိုထဲပြုတ်ကျသလိုပါ[...] ကျွန်မကတော့ ဝင့်ကြွေးမကုန်[...] ပေးဆပ်ရဦးမှာပါ။ ကျွန်မမောင်[...] ကိုသာ ဒီကလူကြီးများနဲ့ ညှိနှိုင်းပြီး[...] လွှတ်ပေးလိုက်ပါလို့ တောင်း[...] တယ်ရှင်"

ပြောရင်းနဲ့ ဝေ့တက်[...] သော မျက်ရည်စတို့ကို သုတ်ရင်[...] ခန်းအပြင်ဘက်သို့ ထွက်ခွာသွား[...] သည်။ ရဲစခန်းအတွင်းသို့ ရောက်[...] အချိန်မှစ၍ ပြန်သွားသည်အထိ [...] တော့်ကို တစ်ချက်မျှမကြည့် [...] တောင်မဆက်ဘဲ ထွက်ခွာသွားခဲ့[...] နားမလည်နိုင်ခြင်း များစွာထဲက [...] တော် နားမလည်လိုက်တာတစ်ခု[...] သည်။ ကျွန်တော့်ကို တစ်သက်[...] တွက် လုလုပပ ပညာပြသွားခဲ့ပြီ[...] ... ။

**ဧကျော်စိုးသူ(ဥဩချစ်[...]**



www.burmeseclassic.com

www.burmeseclassic.com

# ဒေါသ၏သားကောင်

○ ကျေးလက်လမင်း(တွံတေး)





www.burmeseclassic.com

www.burmeseclassic.com



# ဒေါသ၏သားကောင်

**ကျေးလက်မင်း (တွံတေး)**

လောဘ၊ ဒေါသ၊ မောဟ စိတ်တို့သည် မကောင်းသောအား ကုသိုလ်စိတ်ရိုင်းများ ဖြစ်သည်ကို လူတိုင်းသိရှိခဲ့ကြပေသည်။ ထိုအကုသိုလ်စိတ်များကို အသိနှင့် သတိထားပြီး နေတတ်သော လူမှာ အနည်းစုဖြစ်ပြီး၊ အများစုများကား သတိလက်လွတ် ဖြစ်သည်က များသည်။ လောဘကြောင့် လူသတ်မှု ဖြစ်သွားသည်က နည်းပြီး ဒေါသကြောင့်သာ လူသတ်မှုဖြစ်ပွားနှုန်း ပိုများသည်ဟု ထင်ပါသည်။ ဘာမဟုတ်သော စကားတစ်ခွန်းကြောင့် အပြုအမူတစ်ရပ်ကြောင့် တစ်ဖက်လူမှာ အနာပေါ် တုတ်ကျ မခံမရပ်နိုင်ဖြစ်ပြီး အသက်သေသည်ထိ တုံ့ပြန်တတ်ကြသည်ကို သတိထားကြရမည် ဖြစ်သည်။ ဒါကြောင့် ရှေးလူကြီးသူမများ ဆိုစကားရှိခဲ့ကြတာပေါ့။ ကြမ်းကျွံလျှင် နုတ်၍ရသည်၊ စကားကျွံလျှင် နုတ်၍မရဆိုတာမျိုး။

ကျွန်တော်သည် ပဲခူးရိုးမနှင့် နီးသော မြိုင်သာယာမြို့တစ်မြို့တွင် အမှုစစ်ရဲအရာရှိအဖြစ် တာဝန်ကျစဉ်က ဖြစ်ပါသည်။ တစ်နေ့ တာဝန်မှူးတာဝန် ထမ်းဆောင်နေစဉ် ရဲစခန်းအတွင်းသို့ စာပို့လုလင်တစ်ယောက်ရောက်လာပြီး ရဲစခန်းမှူး လိပ်စာဖြင့် စာအိတ်တစ်အိတ် လာပေးသွားသည်။ ကျွန်တော်က ဖွင့်ဖောက်ကြည့်ရာ---

**သို့/**

**စခန်းမှူး**

**မြိုင်သာယာမြို့**

**နေ့စွဲ၊**

အကြောင်းအရာ။ ။**သတင်းပေးပို့ခြင်း။**

စခန်းမှူးခင်ဗျား ကျွန်တော်တို့ ကျွန်းတောကျေးရွာ မြောက်ပိုင်း၊ ရွာနှင့် (၂)မိုင်ခန့်အကွာ တောစပ်၌နေသော "မချက်" ဆိုသူ အမျိုးသမီးမှာ မီးဖွားပြီးတစ်လအကြာမှာ ရုတ်တရက် သေဆုံးသွားပါတယ်။ သူ့ယောကျ်ား ကိုနီ၏ ပြောပြချက်အရ ရေအိုးရွက်ပြီး… လှေကားပေါ်မှ ချော်ကျပြီးသေဆုံး… သွားသည်ဟု ဖော်ပြပါသည်။ သူ့… ယောကျ်ားကိုနီသည် အရက်အ… လွန်အကျွံ သောက်စားမူးယစ်… တတ်ပြီး မိန်းမဖြစ်သူကို မကြာ… ခဏပြေးပြေးကန်ပြီး နှိပ်စက်တတ်… သူဖြစ်ပါသည်။ အခုလည်း မသေ… ခင် ရန်ဖြစ်သံကြားပြီး အသံပျောက်… သွားပြီး "မချက်" လှေကားပေါ်မှ… ချော်ကျ၍ သေသည်ဟု ကိုနီပြော၍… ကျွန်တော် သိရပါသည်။

ကျွန်တော်တို့ မယုံပါ။ သို့… ဖြစ်၍ ကိုနီကိုစစ်ဆေးပြီး အမှန် အ… တိုင်း ဖော်ထုတ်ပေးနိုင်ရန် တာဝန်… သိ ပြည်သူတစ်ဦး အနေဖြင့် သ… တင်း ပေးပို့အပ်ပါသည်။

မှတ်ချက်။ ။ဒီနေ့ "မချက်" ၏ ရုပ်… အလောင်းအား အသုဘချမည့် နေ့… ဖြစ်ပါသဖြင့် အသုဘမချခင် လာ… စေချင်ပါသည် ခင်ဗျား။

**တာဝန်သိပြည်သူတစ်ဦး**



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ စာကိုဖတ်ပြီး စခန်းမှူးထံသို့တင်ပြရာ စခန်းမှူးက သွားရောက်စစ်ဆေးရန် တာဝန်မှူးဖြစ်သူ ကျွန်တော်အား တာဝန်ပေးအပ်ပါသည်။ ပုံမှန်အားဖြင့် ရဲစခန်းများတွင် တာဝန်ကျသော ရဲစခန်းတာဝန်မှူး ဒုရဲအုပ်အရာရှိများသည် ထိုနေ့အတွင်း ဖြစ်ပျက်သမျှ ရဲလုပ်ငန်းဆိုင်ရာ ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းကြရသည်ဖြစ်ပါသည်။ စခန်းမှူးက သွားရောက်စုံစမ်းစစ်ဆေးရန် တာဝန်ပေးသဖြင့် ကျွန်တော်လည်း အပိုင်နယ်ထိန်းနှစ်ယောက်ခေါ်၍ ရွာသို့ထွက်ခဲ့ပါသည်။

ကျွန်းတောရွာသည် မြိုင်သာယာ မြို့၏ အနောက်ဘက်(၁၀)မိုင်ခန့် အကွာတွင်ရှိပြီး လျှို မြောင်၊ ချိုင့်ဝှမ်းနှင့် ယမားချောင်းများ ပေါသဖြင့် နွေဘက်လှည်းလမ်းသာ ပေါက်ပါသည်။ များသောအားဖြင့် ခြေကျင်ခရီးသာ အသွားများကြသည်။ ကျွန်တော်တို့အဖွဲ့လည်း အများနည်းတူ ခြေလျင်ခပ်သုတ်သုတ်လျှောက်ကြရပါသည်။ မချက်၏ ရုပ်အလောင်းအား အသုဘမချမီ အချိန်မီရောက်ရန် အရေးကြီးသည်မဟုတ်ပါလား။



ကျွန်တော်တို့အဖွဲ့လည်း ကျွန်းတောကျေးရွာသို့ ရောက်သောအခါ နေ့လယ်(၁၂:၀၀)နာရီ အချိန်တိတိ ဖြစ်ပါသည်။ ကျေးရွာဥက္ကဋ္ဌနှင့် ရာအိမ်မှူးတို့ကို ဝင်ခေါ်ပြီး အသုဘအိမ်သို့ ကျွန်တော်တို့သွားကြပါသည်။ အသုဘအိမ်တွင် အသုဘချရန်အတွက် လူစုံနေပြီဖြစ်ပါသည်။ ကြေးစည်ထုသူက ထု ဆွေမျိုးသားချင်းများမှ ငိုသူကငိုနှင့်

www.burmeseclassic.com



"မချက်"၏ယောက်ျား "ကိုနီ"က တော့ ရေနွေး၊ ဆေးလိပ်၊ ကွမ်းယာ ဗန်းချပေးကာ အသုဘပို့ရန်လာ သောသူများကို ညှော်ခံနေသည်ကို တွေ့ရပါသည်။

ကျွန်တော်လည်း အချိန် ဆိုင်းမနေတော့ဘဲ ညှော်ခံနေသော "မချက်"၏ယောက်ျား"ကိုနီ"ကို အိမ်အပြင်တောစပ်သို့ ခေါ်ထုတ်ခဲ့ ပါသည်။ ရွာလူကြီး(၂)ဦးလည်း ကျွန်တော်တို့အဖွဲ့နှင့် အတူပါလာ ပါသည်။ ကျွန်တော်က ကိုနီအား "ကဲကျွန်တော်က မြိုင်သာယာမြို့က ရဲ အရာရှိတစ်ဦးပါ၊ တိုင်စာရလို့လာ စစ်တာ၊ ခင်ဗျားလည်း ယောက်ျား တစ်ယောက်ပဲ ကိုယ်လုပ်တာ ကိုယ် ခံရဲရမှာပေ့ါ၊ ကျွန်တော်အကုန်သိပြီး ပြီ၊ ခင်ဗျားကိုယ်တိုင် အမှန်အတိုင်း ဝန်ခံတာကို ကျွန်တော်ကြားချင် တယ်"

ဟုပြောပြီး လက်ထိတ် ခတ်လိုက်ပါသည်။

ကိုနီမှ မျက်ရည်များ တစ် ပေါက်ပေါက်ကျကာ ရှိုက်ကြီးတငင် ငိုပါသည်။ ပြီးမှ-

"မှန်ပါတယ်။ ကျွန်တော် မိန်းမနဲ့ ကျွန်တော် တစ်ယောက် တစ်ခွန်းစကားများပြီး၊ ဒေါသဖြစ် ဖြစ်နဲ့ သူ့ ကလေးကိုနို့တိုက်နေ တုန်း နောက်ကျောကို ခြေထောက် နဲ့ သုံးချက်ကန်လိုက်တာပါ။ သေဖို့ မရည်ရွယ်ပါဘူး၊ နောက်တော့ ကလေးငိုသံကြားလို့ သွားကြည့် တော့ နို့တိုက်ရက်နဲ့ ငုတ်တုတ် သေနေတာကို တွေ့ရပါတယ်။ နို့ တွေကလည်း သွေးတွေထွက်နေ တယ်၊ ကျွန်တော်လည်း လန့်သွား ပြီး ရွာကလူတွေကို "မချက်" လေ့ ကားပေါ်က နောက်ပြန်ကျပြီး သေ တယ်လို့ လိမ်ပြောခဲ့ပါတယ်။ သူ့ ဆွေမျိုးတွေကိုလည်း အကြောင်း ကြားခဲ့ပါတယ်။ ကျွန်တော်မှားပါ တယ် ဗိုလ်ကြီး"

ဟု ဝန်ခံပြောပြပါသည်။

**(မှတ်ချက်။ ။ မြိုင်သာယာမြို့တွင် ဒုရဲအုပ်များအား ဒေသခံများက**





www.burmeseclassic.com

www.burmeseclassic.com



ကြီးဟုခေါ်လေ့ရှိကြသည်။)

ကျွန်တော်တို့အဖွဲ့လည်း ကြီးများ၏ အကူအညီရယူ ချက်"၏ ရုပ်အလောင်းအား ဖြင့် မြိုင်သာယာဆေးရုံသို့ ချင်းပို့ရန်စီစဉ်ပြီး တရားခံ ကိုနီ ဖမ်းဆီး၍ ရဲစခန်းသို့ပြန်ခဲ့ပါ ။ ဆေးရုံမှပေးပို့သော ဆေးစာ ကျောဘက်တွင်ပြင်းထန်သော ချက်ကြောင့် "မချက်"၏ ကပ်နှစ်ခုစလုံး ကြေ၍ သွားသောဒဏ်ရာကြောင့် သည်ဟု ကျွမ်းကျင်ပညာရှင် သော မြို့နယ်ဆရာဝန်ကြီးက ချက်ရေးပေးပါသည်။ ကျွန် က တရားခံ ကိုနီအား အဖြစ် ကို အစအဆုံးသိလို၍ မေး တရားခံကိုနီက

"အဲဒီနေ့ ကျွန်တော့် ကို ငွေတစ်ဆယ်ကျပ်ပေးပြီး ဈေးဆိုင်ကို ဈေးဝယ်လွှတ် ဆရာ။ ဈေးဆိုင်ကပြန်လာပြီး အောင့်ကြာတော့ ကျွန်တော် ဝယ်ခဲ့သလဲဆိုပြီး ပိုက်ဆံ တယ်၊ ကျွန်တော့်မိန်းမက နှစ်ကျပ်၊ ဆီက နှစ်ကျပ်၊ ဘဲဥက နှစ်ကျပ်၊ ငရုတ်သီးနဲ့ ကြက်သွန်က တစ်ကျပ်၊ အာလူးနဲ့ အချိုမှုန့်က နှစ်ကျပ်၊ ဆေးလိပ်က တစ်ကျပ် ကွက်တိပဲ၊ တစ်ပြားမှ မပိုဘူး။ ဒါနဲ့ နေစမ်းပါဦး၊ တော်က ကိုယ့်မယားကျတော့ ပိုက်ဆံတစ်ဆယ် ပေးပြီး စစ်လိုက်တာ၊ တော့အမျိုးတွေကျတော့ ငွေအစိတ်၊ သုံးဆယ် ကျတော့ ပက်ခနဲပဲ ပေးလိုက်တာ၊ ဘာသဘောလဲလို့ ကျွန်တော်ကို မေးတယ်ဆရာ။ အဲဒီအချိန် ကျွန်တော်လည်း အရက်မူးနေတော့ ဘာမှမစဉ်းစားမိဘူး။ မိန်းမစကားကြောင့် ဒေါသထွက်ပြီး ကျောကို နောက်ကနေ (၃)ချက်ဆင့်ကန်ခဲ့ လိုက်တယ်။ မိန်းမက ကလေးမွေးပြီးတာ တစ်လပဲရှိသေးတယ် ဆရာ၊ သူ ကျွန်တော့်ကို ကျောပေးပြီး ကလေးနို့တိုက်နေတုန်း ကျွန်တော် ဒေါသထွက်ပြီး ကန်လိုက်တာပါ။ သေမယ်လို့မထင်ဘူး၊ ကျွန်တော်လည်း အရက်ဆက်သောက်နေခဲ့တာ။ ကလေးငိုသံကြားလို့သွားကြည့်တော့မှ နို့ထဲက သွေးတွေထွက်ပြီး ထိုင်ရက်ကြီး သေနေတာ ဆရာ၊ ကျွန်တော် ဒေါသကြောင့် မှားသွားတယ်ဆရာ"

ဟု ပြောပါသည်။

မည်သို့ပင်ဖြစ်စေ ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီ တရားစွဲတင်ရမည်မှာ ရဲတပ်ဖွဲ့ဝင်တို့၏တာဝန်ဖြစ်သဖြင့် တရားခံ ကိုနီအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ လူသတ်မှုဖြင့် စွဲချက်တင်ကာ ကျွန်တော်တရားစွဲဆို တင်ပို့ခဲ့ပါသည်။

စာဖတ်သူမိတ်ဆွေ

တရားခံ ကိုနီတစ်ယောက်တော့ "ဒေါသ၏သားကောင်"အဖြစ် ၎င်းကျူးလွန်ခဲ့သော ပြစ်မှုအတွက် ထိုက်တန်သောအပြစ်ကို ပေးဆပ်ရပေဦးတော့မည် မဟုတ်ပါလား။

*(မှတ်ချက်။ ရဲအရာရှိတစ်ဦး၏ အတွေ့အကြုံအား ပြန်လည်မေးမြန်း ရေးသားပါသည်။*


**ကျေးလက်လမင်း**

**(တွံတေး)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



**အချစ်လွန်ထဲသောဗိခင်**
**ဆောင်မြင့်ဦး (ထားဝယ်ချောင်)**

"ဩကာသ၊ ဩကာသ၊ ဩ
--"

ဒေါ်စန်းတစ်ယောက် ယနေ့
စောစော ဘုရား၊ ဆီမီး၊ ပန်း၊ ရေ
တပ်လျှုပူဇော်နေစဉ် နေအိမ်
ရင်းဘက်ရှိ ဒေါ်သူဇာတို့အိမ်ဆီ

"အုန်း--ဝုန်း--ဒိုင်း မင်း
အတိုင်းပဲ --- အာဟာ ---
င်တဲ့ မင်းပဲ၊ အုန်း--ဝုန်း--ဒိုင်း
လို လုပ်လိုက်တာလဲ--"

ဆောင်းဘောက်မှ ကျယ်
င်စွာ ထွက်ပေါ်လာချိန်တွင် ဒေါ်
၏ သမီး စိုးစိုးကလည်း သူရ
တဲ့ သီချင်းအပိုဒ်ဖြစ်တဲ့

"ဘယ်လိုလုပ်လိုက်တာ
—"

လိုက်အော်နေတော့ ပိုဆိုး
ပြီး ဒေါ်စန်းက ကျယ်လောင်စွာ
-

"အားလုံး အမျ--အမျ-
ယူတော်မူကြပါကုန်လော့"

အိမ်နှစ်အိမ်၏ ကပ်လျက်အနေအထား၊ ခြံစည်းရိုးခြား၍ တစ်ပေစီသာ ခြံစည်းရိုးမှ ခွာ၍ဆောက်ထားသော မိသားစုနှစ်စု၏ အသွင်မတူမှုက စတင်ပါတော့သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မြို့နယ်အတွင်း ရပ်ကွက်အများစုမှာ ဝန်ထမ်းများချထားပေးသော ရပ်ကွက်များဖြစ်ကြပြီး အစိုးရဝန်ထမ်းများ အများဆုံး နေထိုင်ကြသည်။ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို အတော်များများ နားလည်ကြသူများ ဖြစ်ကြပြီး သားသမီးများအပေါ် အချစ်ပိုခဲ့ကြသဖြင့် မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်လာရခြင်း ဖြစ်သည်။

ဒေါ်စန်းမိသားစုမှာ ညီအစ်မနှစ်ဦးသာနေကြပြီး မောင်ဖြစ်သူမှာ တာဝန်ဖြင့် နယ်တွင်သွားရောက် အမှုထမ်းနေရသူဖြစ်သည်။ ဒေါ်စန်းနှင့် ညီမဝင်းဝင်းမှာ ဌာနဆိုင်ရာဝန်ထမ်းများ ဖြစ်ကြပြီး ဝင်းဝင်းက စာပေးစာယူဖြင့် သမိုင်းနောက်ဆုံးနှစ်သို့ တက်ရောက်နေသူဖြစ်သည်။ ညီအစ်မနှစ်ယောက် နံနက်စောစော အိပ်ရာမှထ၍ ရုံးတက်ရန် ချက်ပြုတ်ပြီး ဘုရားဆွမ်းတော်တင် ရေမိုးချိုး၍ ထမင်းချိုင့်ဖြင့် အလုပ်သွားရသဖြင့် အားလပ်သည်မရှိကြပေ။

"အစ်မ ဟိုဘက်အိမ်က လွန်လွန်းကိုအားကြီးတယ်၊ အစ်မလည်း ဘုရားရှိခိုးမရ၊ ကျွန်မလည်း အိပ်မရ၊ ရပ်ကွက်ထဲ သူတို့တစ်အိမ်တည်းနေတာကျနေတာပဲ"

"ညီမလေးရယ် ပြောမနေပါနဲ့၊ အစ်မတို့ပြောလည်း လက်ခံမှာမဟုတ်ဘူး၊ ဒေါ်သူဇာက သူ့သားသမီးတွေကို အလွန်အလိုလိုက်တာ"

"ခေါင်းငုံ့ခံနေသမျှတော့ ဆက်လုပ်နေမှာပဲ အစ်မရေ"

ဒေါ်စန်းတစ်ယောက် ညီမဖြစ်သူ ညက ညဉ့်နက်သည်အထိ စာကျက်နေသည်ကိုသိ၍ စိတ်ပြေစေရန် ဖျောင်းဖျပြောဆိုခဲ့ရပါသည်။ နောက်ရက် ဒေါ်သူဇာနဲ့တွေ့မှ အေးအေးဆေးဆေး ပြောပြမည်ဟု စိတ်ကူးခဲ့ပါသည်။

ဒေါ်သဇာမှာလည်း ခင်ပွန်းဆုံး၍ ရုံးဝန်ထမ်းတစ်ဦးဖြစ်ပြီး သားတစ်ယောက်၊ သမီးတစ်ယောက်နှင့် ဘဝကိုရုန်းကန်နေရသူ၊ သားဖြစ်သူမောင်ဇော်ကလည်း ဆယ်တန်းမှာ အ

www.burmeseclassic.com



ကြိမ်ကြိမ်အခါခါကျပြီး အလုပ်မယ် မယ်ရရ မရှိပေ။ သမီးငယ် စိုးစိုးက လည်းဆယ်တန်း တက်နေတုန်းပင်။ သား သမီးများမှာ အားကိုး၍မရ။ ဒါပေမဲ့ ဒီသား ဒီသမီးတွေ မျက်နှာညှိုး မှာကိုတော့ သူမလိုလားပေ။

ဒေါ်စန်းနှင့် ဒေါ်သူဇာတို့က တစ်ရုံးတည်းဝန်ထမ်းများ ဖြစ်ကြ၍ အလုပ်အားလပ်သည့်အချိန် ရုံးတွင် တွေ့ဆုံကြစဉ်

"ဒေါ်သူဇာကို ကျွန်မ နည်း နည်းပြောစရာ ရှိလို့ပါ"

"ဘာများလဲ မစိုးရယ်"

"ကလေးတွေကို နည်း နည်းထိန်းပေးပါဦး၊ ညဆိုလည်း ညဉ့် နက်တဲ့အထိ တီဗွီကြည့်ပြီး အော်ဟစ် နေကြ၊ မနက်ဆိုလဲ ကျွန်မ ဘုရား ရှိခိုးလို့မရဘူး အစ်မရယ်"

"ကျွန်မ ဆုံးမပါဦးမယ် မ စိုးရယ်"

သို့နှင့်နှစ်ဦးသား ပြောဆို ဆွေးနွေးကြသော်လည်း အနှစ်မပါကြ ပေ။ မိခင်ကိုယ်တိုင်ပင် ပြောဆို၍ရမည် မဟုတ်ကြောင်း သိပေသည်၊ စကားအ ဖြစ်သာ ပြောဆိုနေခြင်း ဖြစ်ပေသည်။

တစ်နေ့ ည(၉)နာရီခန့်အ ချိန် မောင်ဇော်တစ်ယောက် ဆိုက်ကား ဖြင့် နေအိမ်ရှေ့သို့ အရက်များမူးပြီး ရောက်လာခဲ့ရာ

"ကိုယ့်ပိုက်ဆံနဲ့ ကိုယ် သောက်တာ ဘယ်သူ့ကို ဂရုစိုက်ရမှာ လဲ၊ အားလုံး---ပဲ၊ သတ္တိရှိတဲ့ကောင် ထွက်ခဲ့"

"သားရယ် ဘယ်သူကမှ သားကို ဘာမှမပြောပါဘူး၊ လာပါသား ရယ် အိမ်ပေါ်တက်ပါ"

"ပြောလို့ကော ဘယ်ရမ လဲ၊ ဘယ်သူမှ ဂရုစိုက်စရာ မလိုဘူး"

"တော်ပါတော့ သားရယ်၊ အမေ ထမင်းကျွေးမယ်နော်"

"ကျွန်တော်မစားဘူး အ လုံး---ပဲ၊ တစ်ရပ်ကွက်လုံးလဲ ပဲ၊ ဘယ်ကောင်သတ္တိရှိလဲ ထွက်ခဲ့"

နောက်တစ်နေ့ မိုး သည်နှင့် အိမ်ရှေ့မျက်စောင်းထိုး အိမ်မှ လမ်းမှူး ဦးတင်အောင် စောစောရောက်လာပြီး

"ဒေါ်သူဇာ ရှိသလား"

"ရှိပါတယ်ရှင် ရှိပါတ

"ခင်ဗျားသား နိုးပြီလာ

"မနိုးသေးဘူး ဦး အောင်"

"ခင်ဗျားသား ညက

"ကလေးတွေကို နည်းနည်းထိန်းပေးပါဦး၊ ညဆိုလည်း ညဉ့်နက်တဲ့အထိ တီဗွီကြည့်ပြီး အော်ဟစ်နေကြ၊ မနက်ဆိုလဲ ကျွန်မ ဘုရားရှိခိုးလို့မရဘူး အစ်မရယ်"



www.burmeseclassic.com

www.burmeseclassic.com



ခမ်းကားတာကို ပြောမလို့ပဲ၊ တစ်ရပ်ကွက်လုံးကိုလည်း ဆဲဆိုထိခိုက်နေတယ်၊ ဒီတစ်ခါ နောက်ဆုံးဖြစ်ပါစေ၊ ခင်ဗျားတို့ မထိန်းသိမ်းနိုင်ရင် ကျွန်တော်တို့ ဥပဒေအရ ထိန်းသိမ်းရလိမ့်မယ်၊ ဒါပဲ ကျွန်တော်သွားမယ်"

လမ်းမှူး ဦးတင်အောင်ပြန်သွားသည်နှင့် ဒေါ်သူဇာ နေအိမ်ပေါ်ရောက်သည်ရှိသေး သားသမီးများက တစ်စခန်းထလာပြန်သည်။

"အမေ ညက အစ်ကိုမူးရမ်းတာကို ခြေရင်းအိမ်က သွားတိုင်တာဖြစ်မယ်"

"မဟုတ်နိုင်ပါဘူး သမီးရယ်၊ သမီးအစ်ကို အော်ဟစ်ဆဲဆိုနေတာ တစ်ရပ်ကွက်လုံး ကြားနေတာပဲ"

"သမီးကတော့ ဒေါ်စန်းတို့ သွားတိုင်တာလို့ပဲ ထင်တယ်"

"မဟုတ်တာတွေ ပြောမနေနဲ့၊ နင့်အစ်ကိုနိုးပြီလား"

"ကျွန်တော် အားလုံးကြားပြီးပြီး အမေ"

"အေး ကြားရင်လဲ ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်နေပေါ့၊ ဒီတစ်ခါထပ်ဖြစ်ရင် မလွယ်တော့ဘူးလို့ ပြောသွားတယ်"

"အမေရယ် ဂရုစိုက်မနေစမ်းပါနဲ့"

"နင့်ကိုပြောလိုက်ရင် ဒီအတိုင်းပဲ၊ ငါတော့ သေတောင်သေချင်တယ်"

ဒေါ်သူဇာတစ်ယောက် သားသမီးများ၏ ပြဿနာမျိုးစုံကြောင့် စိတ်သောကရောက်မှု၊ မိသားစု စားဝတ်နေရေးကလည်း ကြာလေဒုက္ခရောက်လေဖြစ်လာပြီးနောက် ငွေကြေးအခက်အခဲများနှင့် ကြုံတွေ့နေစဉ်မှာပင် သမီးဖြစ်သူကလည်း ငွေကြေးသုံးစွဲမှုကမလျှော့။ သူငယ်ချင်းများနှင့် လည်ပတ်မှုကလည်း များသဖြင့် ဒေါ်သူဇာရင်ဖွင့်ရမည့်သူက ဒေါ်စန်းပင်

"မစန်း ထမင်းစားပြီးပြီးလား"

"စားပြီးပါပြီ အစ်မသူဇာ ဘယ်လဲ"

"ဘယ်မှမဟုတ်ပါဘူး မစန်းဆီလာတာ"

"ဘာကိစ္စရှိလို့လဲ ကျွန်မကို





www.burmeseclassic.com

www.burmeseclassic.com



ပြော အားမနာနဲ့"

"ငွေကြေး အခက်အခဲလေးတွေရှိနေလို့၊ အဲဒါ ပေါင်စရာဆိုလို့ အိမ်ဂရမ်ပဲ ရှိတော့တယ်၊ ဘယ်မှာ ပေါင်ရမလဲ အကူအညီ ပေးစမ်းပါဦး"

"ကျွန်မလည်း အဲဒါတော့ မသိဘူး၊ ငွေကဘယ်လောက် လိုလို့လဲ"

"လောလောဆယ် တစ်သိန်းလောက်ဆိုလောက်မယ်ထင်တာပဲ"

"ကျွန်မ စီစဉ်ပေးပါ့မယ်၊ စိတ်ပူမနေနဲ့"

"ကျေးဇူးပဲ မစန်းရယ်၊ မြန်မြန်လေးစီစဉ်ပေးပါ"

"ဟုတ်ကဲ့ အစ်မသူဇာ"

ဒေါ်စန်းက အိမ်ရောက်သည်နှင့် ညီမဖြစ်သူအား တိုင်ပင်ပြီး မောင်ဖြစ်သူ နယ်ကပို့ပေးထားသော ငွေက အဆင်သင့်ရှိနေပြီး၊ အိမ်နှင့်အနီးကပ်ဆုံး အိမ်တစ်အိမ်ဝယ်ထားဖို့ သူမိန်းမယူရင် အစ်မနှင့်ညီမတွေနဲ့ အနီးဆုံးနေနိုင်အောင် စီစဉ်ထားဖို့ ပေးထားတဲ့ငွေကို အသုံးပြုဖို့စီစဉ်ခဲ့သည်။ ညီမဖြစ်သူကတော့ ဒေါ်သူဇာ၏ မိသားစုကို ကြည့်မရ၍ သိပ်မထောက်ခံချင်ပေ၊ အစ်မဖြစ်သူကို မလွန်ဆန်နိုင်၍ ဘာမျှတော့မပြောခဲ့ပေ။

တစ်နေ့ ဒေါ်သူဇာ ရုံးမှပြန်လာပြီး ရေချိုးရန်ပြင်ဆင်နေစဉ် လမ်းမှူးဦးတင်အောင်နှင့် ရပ်ကွက် ရယက ဥက္ကဋ္ဌ ဦးသိန်းတို့ ရောက်လာကြပြီး

"ဗျို့ ဒေါ်သူဇာ ဒေါ်သူဇာရှိပါသလား"

"ရှိပါတယ် လာပါပြီ၊ ဪ

ဥက္ကဋ္ဌကြီးတို့ပါလား လာပါဝင်ပါ ဘာ

ကိစ္စရှိပါသလဲ ရှင်"

"ခင်ဗျားသား မောင်ဇော်

စခန်းရောက်နေတဲ့အကြောင်း လာ

ပြောတာပါ"

"ရှင် သားမောင်ဇော် ဘာ

ဖြစ်လို့လဲ"

"ခင်ဗျားသား မူးမူးရူးရူးနဲ့

လမ်းထိပ်က ဦးခင်မောင်သမီးကို အိမ်

ထဲရောက်အောင် လိုက်နှောင့်ယှက်လို့

ရဲစခန်းက လာဖမ်းသွားတာပဲ"

"ကျွန်မ ဘာဆက်လုပ်ရ

လဲ ဥက္ကဋ္ဌကြီးရယ်"

"ဘာမှလုပ်မနေနဲ့၊ အ

တောင် ဦးခင်မောင်ကို ဝိုင်းဝန်းတော

ပန်ပြီး အရှည်ရှည်တွေဖြစ်မှာစိုးလို့

ချုပ်နဲ့ ခံဝန်ဥပဒေအရ အရေးယူပေး

ငါက တရားလိုလုပ်ခဲ့ရတယ်"

"ကျွန်မကို ကူညီပါဦးရှင်"

"နင့်သားက ရပ်ကွက်

မှာ အကြိမ်ကြိမ်ဖြစ်နေပြီး မူးလာတို

လူတကာကို ရန်ပြုနေတာ၊ ဟို

ရမ်းနဲ့ နင်တို့ကလည်း ကိုယ့်သားသ

ကို ထိန်းသိမ်းဖို့ကျတော့ မလုပ်

"ခင်ဗျားသား မူးမူးရူးရူးနဲ့ လမ်းထိပ်က ဦးခင်မောင်သမီးကို အိမ်ထဲရောက်အောင် လိုက်နှောင့်ယှက်လို့ ရဲစခန်းက လာဖမ်းသွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

မောင်ဇော်ကတော့ ခြေချုပ်နှင့်ခံဝန်ဥပဒေအရ အင်းစိန်ထောင်သို့ မိန်တစ်ပတ် ပါသွားသဖြင့် ဒေါ်သူဇာမှာ ပျာယာခတ်လျက် ရှိနေပေသည်။ သမီးအငယ် စိုးစိုးကတော့ မသိသလို ခင် သွားမြဲလာမြဲ သုံးဖြုန်းဆဲပင် ချေးငှားထားသော ငွေတစ်သိန်းမှာလည်း မ ရှိတော့သဖြင့် ဒေါ်စိန်းထံ ရောက်ရပြန် လေပြီ။

"လာ ဒေါ်သူဇာ မောင်ဇော် သတင်းကြားရတာ စိတ်မကောင်းပါဘူးရှင် ကျွန်မ ဘာအကူအညီ ပေးရမ လဲ"

"ရပါတယ် မစန်းရယ်၊ သူ့အပြစ်နဲ့သူ ဆိုပေမဲ့၊ မိခင်ဆိုတော့ ဟိုလိုက် ဒီလိုက် ဟိုတောင်းပန် ဒီတောင်းပန် လိုက်လုပ်ပေးရတာပေါ့"

"ဟုတ်တာပေါ့ရှင် မိခင်ဆိုတော့ ဘယ်နေလို့ရပါမလဲ"

"ကျွန်မကို ဆက်ကူညီပါဦးရှင်၊ နောက်ထပ် ငွေနှစ်သိန်းလောက် ထပ်လိုချင်လို့ပါ"

"ဒေါ်သူဇာ နှစ်သိန်းဆိုတော့ မများလွန်းဘူးလား ဘာသုံးစရာ ရှိလို့လဲ"

"အငယ်မလေး အလုပြု ရေးသင်တန်း တက်ချင်လို့တဲ့"

"သူက ကျောင်းဆက်မ တက်တော့ဘူးလား"

"ကျောင်းမတက် ချင်တော့ ဘူးတဲ့၊ အပြင်ကပဲ အလုပ်လုပ်ရင်း ဖြေမယ်ပြောတာဘဲ"

"အင်းလေ ဘဝတစ်ခုစာ အတွက်ဆိုတော့ လုပ်ပေးသင့်ပါတယ်လေ"

ရက်သတ္တပတ်ခန့်အကြာတွင်မောင်ဇော်တစ်ယောက် ခြေချုပ်နှင့်ဝံခံဥပဒေအရ အရေးယူခံရပြီး ရဲစခန်းတွင် တစ်လတစ်ကြိမ် ရပ်ကွက်အတွင်း ကောင်းမွန်စွာနေထိုင်ကြောင်း တစ်နှစ်လက်မှတ်ရေးထိုးရန် အမိန့်ချပြီး လွတ်မြောက်လာခဲ့ရာ ယခင်ကနှင့် အတူ မူတွေပြောင်းကာ သပ်ရပ်စွာဝတ်စားဆင်ယင်နေထိုင် သွားလာနေသဖြင့် မိခင်ဒေါ်သူဇာ ကျေနပ်နေမိပေသည်။

နှစ်လခန့်အကြာတွင်တော့ မောင်ဇော်၏ သူငယ်ချင်းများဖြစ်ကြသော ထွန်းထွန်းနှင့်ဇော်ဝင်းတို့ ဒေါ်သူဇာထံရောက်လာကြပြီး

"ဒေါ်ဒေါ် ဒေါ်ဒေါ်ရှိလား"

"အေး ရှိတယ်ဟေ့၊ ဩော် ထွန်းထွန်းတို့ပါလား မင်းတို့သူငယ်



www.burmeseclassic.com



ချင်း အိမ်ပြန်မရောက်သေးဘူး"

"အဒေါ်သွား မောင်ဇော်အကြောင်း ပြောပြမလို့ပါ"

"မောင်ဇော် ဘာဖြစ်ပြန်ပြီလဲကွယ်"

"မောင်ဇော် မိန်းမခိုးသွားလို့ လာပြောပြတာ ဒေါ်ဒေါ်"

"ဘုရားရေ ဘယ်ကမိန်းမကို ခိုးသွားတာလဲ"

"ဟိုဘက်ရပ်ကွက်က ဦးတင်မောင်သမီး သင်းသင်းပါ အဒေါ်"

"ဘယ်ကိုခိုးသွားမယ် ပြောခဲ့သလဲ ထွန်းထွန်း"

"ပဲခူးက ကျွန်တော်တို့သူငယ်ချင်း မောင်မောင်တင်တို့ဆီ သွားမယ်လို့ပြောသွားတယ် ဒေါ်ဒေါ်"

"ဘယ်တတ်နိုင်တော့မလဲ ရပ်ကွက်လူကြီးတွေ အကျိုးအကြောင်းပြောပြပြီး မိန်းကလေးမိဘတွေဆီသွားပြီး ကြောင်းလမ်းရမှာပေါ့၊ မင်းတို့ကို အဒေါ် ကျေးဇူးတင်ပါတယ်ကွယ်"

ဒေါ်သူဇာ ရပ်ကွက်သူကြီးများထံ အကူအညီတောင်းခံပြီး မိန်းကလေးမိဘများထံ သွားရောက်ပြောဆိုကြပြီးနောက် ဒေါ်စိန်းထံသို့ အပြေးအလွှားသွားရပြန်ပါပြီ။

"မစန်းရေ မစန်း"

"လာပါပြီ လာပါပြီ ဒေါ်သူဇာပါလား၊ ကဲပြောပါဦး ဘာကိစ္စရှိသလဲ မောင်ဇော်သတင်းတော့ ကြားပြီးပါပြီ"

"ကိစ္စကတော့ မောင်ဇော်ကိစ္စပါပဲ"

"အင်း ပြောပါဦး မိန်းကလေးမိဘတွေက ဘာတဲ့လဲ"

"မိန်းကလေး မိဘတွေက သွားခေါ်ပြီး ပြန်အပ်ပါတဲ့၊ ပြန်အပ်ပြီးရင် သူတို့ကပဲ မင်္ဂလာပွဲကို လုပ်မယ်တဲ့၊ ကျွန်မက ငွေ(၈)သိန်းပေးရမယ် ပြောတယ်"

"အဲတော့ မများလွန်းဘူးလား"

"အဲဒါနဲ့ လူကြီးတွေကလည်း ဝိုင်းပြောပေးကြလို့ ငွေငါးသိန်းနဲ့ ပြန်အပ်ပေးရမယ်"

"မိန်းကလေး တစ်ယောက်အနေနဲ့ကတော့ ငွေငါးသိန်းက မများပါဘူး၊ ဒါပေမဲ့ တစ်ဖက်လူမှာ တတ်နိုင်လား မတတ်နိုင်လား မမေးကြတော့ဘူး"

"ဘယ်တတ်နိုင်မလဲ မစန်း
ရယ် ဖြစ်လာမှာတော့ မိဘတို့ဝတ္တရား
အတိုင်း လုပ်ပေးရတော့မှာပေါ့"

"ဟုတ်ပါတယ်လေ အဲ
တော့ အစ်မ ဘယ်လိုလုပ်ချင်သလဲ"

"အခု အစ်မ ယူထားတဲ့
က (၃)သိန်းဆိုတော့ အိမ်နဲ့ခြံကို (၁၀)
သိန်းနဲ့ အဖိုးဖြတ်ချင်တယ်"

"အစ်မက အပြီးရောင်း
တော့မှာပေါ့နော်"

"ရောင်းရတော့မှာပေါ့
စန်းရယ်၊ ဒီပြင်သူလဲ မရောင်းချင်ဘူး"

"အစ်မ ဖြစ်ချင်တဲ့ပုံစံ
ပြောပြပါဦး"

"ရပ်ကွက်ရုံးမှာ အိမ်ရောင်း
/ဝယ်စာချုပ် တစ်ခါတည်းချုပ်ပြီး
စန်းကို အပြီးရောင်းမယ်၊ အစ်မအိမ်
မစန်းကပြန်ပြီး အိမ်ငှားစာချုပ်နဲ့ ပြ
ငှားပေးပါ"

"အင်းလေ ဖြစ်လာမှတော
ဘာတတ်နိုင်မှာလဲ ဖြစ်အောင်လုပ်
ရမှာပေါ့"

"တစ်ခုတော့ရှိတယ် အစ်
ကို စပေါ်ပျောက် လပြတ်ငှားပါလို့ ပြော
ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် အစ်မရယ်၊ ကဲ
ရယကရုံးသွားကြရအောင်"

"အခုလုပ်လိုက်ရတဲ့ ကိစ္စ
တို ကလေးတွေတော့ ပြန်ပြောမပြ
နေနဲ့ရယ်၊ ကလေးတွေစိတ်ညစ်
ဆိုပါ"

"လူကြီးတွေလုပ်တဲ့ ကိစ္စ
မက သုံးဖြုန်းပစ်တာမှ မဟုတ်
သူတို့အတွက်လုပ်ပေးနေတာပဲ
ကြမှာပါ"

သားဖြစ်သူ မောင်ဇော်ကိစ္စ
င်ရှက်ပြီးသည်နှင့် နှစ်လခန့်အ
တွင်တော့ သမီးဖြစ်သူ စိုးစိုးတစ်
တ် လှည်းကူးဘက်က ကောင်
တစ်ယောက်နှင့် လိုက်သွား
င်း၊ သတင်းကြားလိုက်ရပြီး ဒေါ်
ရုံးတက်နေရသော်လည်း စိတ်က
င့်။ ဘယ်နေ့လာအပ်မလဲ၊ ဘယ်
နိန်ရောက်လာမလဲ စသည့်အတွေး
တာ နေ့စဉ်နှင့်အမျှ စိုးမိုးလျက်သာ
နေပေသည်။

စိုးစိုး ယောကျ်ားနောက်
တ်သွားသည့်သတင်းသာ ကြား
တ်ရသော်လည်း ဘယ်မိဘဆွေမျိုး
မှ ဒေါ်သူဇာထံ လာရောက်ပြောဆိုခြင်း၊
တောင်းရမ်းခြင်းမရှိကြပေ။ ခြောက်လ
လောက်အကြာမှာတော့ စိုးစိုးနှင့်၎င်း၏
ခင်ပွန်းတို့နှစ်ဦး ဒေါ်သူဇာထံရောက်
လာကြပြီး

"အမေ အမေနေကောင်း
လား"

"သြော် --- စိုးစိုး နင်လာ
သေးတယ်နော်"

"လာရမှာပေါ့ အမေရဲ့၊
မင်္ဂလာဆောင်တုန်းကလည်း အမေ
အားမှာ မဟုတ်ဘူးဆိုပြီး မမှာတာပါ"

"အခု ဘာလာလုပ်တာ
လဲ"

"အခု အမေနဲ့နေပြီး က
လေးမီးဖွားပြီးမှ ပြန်မှာပါ၊ အစ်ကို
မောင်လဲ ပါလာတယ် အမေ"

"အမေနဲ့နေလို့ မဖြစ်တော့
ပါဘူး သမီးရယ်၊ ဒီအိမ်ခြံတွေက အား
လုံးရောင်းပြီးသွားပြီ ရှေ့လကုန်ရင်
ဆင်းပေးရတော့မှာ"

"ဘာပြောတယ် အမေ အဲ
ဒီရောင်းရတဲ့ငွေတွေကော ဘယ်မှာလဲ
သမီးကို ဘယ်လောက်ပေးမှာလဲ"

"အမေ့မှာ ပေးစရာလဲ မရှိ
တော့ပါဘူး၊ အားလုံးကုန်ပါပြီ၊ အဲဒီငွေ
တွေဟာ သားတွေသမီးတွေပဲ သုံးစွဲ
သွားကြတာပါ"

"တော်ပြီ အမေ၊ သမီး (၇)
လ(၈)လ လောက်ထွက်သွားတာနဲ့
အားလုံးအပျောက် ရိုက်လိုက်ကြတာ
နောက်ဘယ်တော့မှ မလာတော့ဘူး၊
လာ အစ်ကိုမောင် သွားကြမယ်"

"ကိုသန်းမောင်ရေ ရှင့်သား
သမီးတွေ ကျွန်မကို ကျေးဇူးဆပ်နေ
ကြတာ လာကြည့်လှည့်ပါဦး ရှင်သေမဲ့
အစား ကျွန်မသာ သေလိုက်ပါတော့
လား"

မျက်ရည်ကိုသာ အဖော်ပြု
၍ နေရှာသော ဒေါ်သူဇာတစ်ယောက်
အိမ်ငှားရက်ကုန်ဆုံးသည့် နောက်ဆုံး
နေ့မှာတော့ မည်သူ့ကိုမျှ နှုတ်မဆက်
တော့ဘဲ နေအိမ်သော့လေးအား ဒေါ်
စန်း၏ အိမ်တံခါးတွင်သွားရောက်ချိတ်
ဆွဲ၍ ထွက်ခွာသွားသည်ကိုတော့ မည်
သူမျှ မသိလိုက်ကြရပေ။

**အောင်မြင့်ဦး(ထားဝယ်ချောင်)**



www.burmeseclassic.com



# တီဗွီမှန်သားပြင်ပေါ်မှာ

တက္ကသိုလ်နန်းဖြူဖြူထွန်း

www.burmeseclassic.com



**"ထီဗွီဖန်သားပြင်ပေါ်မှာ" ထဗ္ဗသိုလ်နန်းဖြူဖြူထွန်း**

အမေသည် မနက်မနက်ဆို တီဗီကို ထိုင်ရှိခိုး၏။ မြန်မာ့ရုပ် ကြားမှလာသော တရားတော် သူများတကာလို ထမင်းဟင်း း ၊ ဟိုလျှောက်သည်လျှောက် ဖြင့် နာကြားလေ့မရှိပါ။ ရှိသေ ဆစ်တုပ်ထိုင်ပြီး ရုပ်မြင်သံကြား လက်အုပ်ချီမိုး ရှိခိုးကာ တီဗွီဖန် ပြင်မှာ ပေါ်လာသည့် ဆရာတော် တရားနာလေသည်။ တရားနာပြီး ရာရှိတာ လုပ်၏။ စားစရာရှိတာ နေ့စဉ် အမေ၏ အလုပ်များပင် တစ်နေ့ ညနေမှာတော့ အမေ ကျွန်တော့်ကို သူ့အနားသို့ခေါ် တားပြောလေသည်။ ခါတိုင်း နှင့် မတူဘဲ တိုးတိုးတိတ်တိတ် ပြောခြင်းဖြစ်၏။

ကျွန်တော် ခေါင်းနား သွားမိသည်။

"သားကြီး စဉ်းစားကြည့်၊ း ဒီလိုလုပ်တာ ကြာပြီတဲ့၊ လဲ ပင်စင်နီးနေပြီ၊ ပင်စင်ယူရင် အိမ်မှာအမြဲနေမှာ။ ဒီကြားထဲမှာ ခုလို အိမ်မှာ နေ့လယ်နေ့ခင်း ဘယ်သူမှမရှိတာကို အခွင့်ကောင်းယူပြီး သူ့သူငယ်ချင်းတွေခေါ်ပြီး ဒီလို ကြည့်နေကြရင် မခက်လား"

"အင်း ... အဲဒါ ပြဿနာပဲ မေမေရယ်။ မေမေက ဘယ်လိုစတွေ့တာတုန်း၊ ကျွန်တော်လဲ မနက်(၇)နာရီအိမ်က စထွက်ပြီဆိုတာနဲ့ ည(၈)နာရီလောက်မှ ရောက်ရတာဆိုတော့ အင်း ..."

"အေးလေ၊ ဒါကို မေမေသိတာပဲ။ မင်းမိန်းမဆိုလဲ မနက်စောစောစျေးပြေး၊ မနက်(၉)နာရီကျက်ဖို့ အပြေးအလွှားချက်၊ ထမင်းဘူးသုံးဘူးလုပ်ပြီးတာနဲ့ ရုံးကို ရုံးကားအမီ တက်သုတ်ပြေးရတာ။ ဒီကလေး မင်းရဲ့သားသာ နေ့လယ်(၁၂)နာရီခွဲ ကျူရှင်က ပြန်ရောက်တာနဲ့ သူငယ်ချင်း တရုန်းရုန်းနဲ့ လုပ်ငန်းစတော့တာ။ သူ့အမေလဲ သူ့သားအိမ်မြဲရင် တော်ပြီဆိုပြီး မကြည့်အားတော့တာလေ။ မေမေတောင် ကျောင်းမှာ ကပွဲတစ်ပွဲရှိလို့ ကချင်စားရှည်လာယူရင်းက အိမ်ရှေ့တံခါးစေ့ထားတာရယ်၊ ယောကျ်ားစီးဖိနပ်လေးငါးရန်ရယ်တွေ့လို့ အသာမသိမသာစေ့ထားတဲ့ ပြတင်းပေါက်က လှမ်းချောင်းရတာ။ လားလား ... မင်းရဲ့သားတော်မောင် ... အေးလေ ငါ့မြေး အမေ့ရဲ့မြေးပါပဲ ... ဒီအုပ်စု မဟုတ်တဲ့ ဇာတ်ကားတွေကြည့်နေလေရဲ့ ... အမေလဲ မျက်စိကလဲရှက်၊ အိမ်ထဲလဲမဝင်ရဲတော့တာနဲ့ ပြန်လှည့်ခဲ့ရတယ်လေ။ ညနေလေးနာရီကျမှ လူစုခွဲကြတာတွေ့တယ်လို့ အိမ်ရှေ့က မလှမြင့်ကပြောတယ်။ အမေမေးတော့ သူပြောတာလေ အဲဒါ နေ့တိုင်းပဲတဲ့။ မမြေးက သူငယ်ချင်းတွေကို တကယ်ခင်တတ်တာပဲတဲ့လေ။ အထဲမှာဘာလုပ်နေကြတယ် ဆိုတာတော့ မလှမြင့်တို့ ရိပ်မိကြမှာပဲ။ အဲဒါပဲသားကြီး၊ အမေလဲ အမေ နေ့စဉ်ထိုင် ရှိခိုးတဲ့ တီဗွီရှေ့ရောက်ရင် ဟိုတစ်နေ့ကမြင်ရတဲ့ မြင်ကွင်းတွေကိုပဲ မြင်နေတော့တယ်။ အဲဒါ ဘယ်လိုလုပ်ရမလဲ သားကြီးရယ်။ မင်း ... ကြည့်လုပ်ပါ ဦး"

"ဗျာ ... အင်း ... ခုတွေ့ပါပဲ"

ကျွန်တော် တကယ်စိတ်ညစ်သွားသည်။ သားတော်မောင်နှင့်ငယ်ငယ်ကို ကျွန်တော်ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို စပြောရမည်မသိ။ စကြည့်လိုက်တိုင်း အဆင်မပြေ။ စိတ်ထူးနှင့်ဝင် ပယ်ချရသည်ချည်း ဖြစ်နေသည်။ မပြောမဖြစ်၍ ဇနီးသည်ကိုတော့ ပြောပြရသည်။ ဇနီးသည်ခမျာလည်း စိတ်မသက်မသာ။ သူ့မိခင်သားကို သူ့အနေဖြင့် နှပ်စင်သည့်တောင် မထင်သေး။ ဆယ်တန်းနှစ်ခါကျ၍ အငြင်ခြေဖြေရန် ကျူရှင်တက်နေသည့် သားတော်မောင်(၁၈)နှစ်ပြည့်သွားတာကို အမှတ်တမဲ့ဖြစ်တန်တူလေသည်။

"ဘယ်လိုလုပ်ကြမလဲ ကို ... ဟိုတစ်လောက မြို့သစ်ဘက်မှာ တိုအိမ်တွေကို ဝင်မွှာတာ ကိုးတန်းကျောင်းသားလေးတွေ ပါသတဲ့ကို။ အဲဒါတွေကြောင့် ဖြစ်မှာ။ ဒုတ္ထပါပဲ ကိုရယ်။ ရုံးမှာလဲ သဇင်တို့ ပြောပြောနေတာ အဲဒါတွေပေ့ါ။ အခုပေါ်နေတဲ့ အခွေတွေဟာ ကြောက်ခရာကြီးတဲ့။ ကလေးတွေတော့ ခွေးဖြစ်ကုန်တော့မှာပဲ ဆိုတာ ပြောနေကြတယ်လေ"

"အိမ်ကို ဖွင့်ခွင့်မပေးရင်လဲ တခြားသွားကြမှာ၊ ပြီးတော့လဲ ပေါ်ပေါ်ထင်ထင်ပြောရရင် ရှက်ပြီး အိမ်ကထွက်ပြေး ဘာညာဖြစ်မှာလဲ စိုးတယ်။ ဘယ်လိုလုပ်ရပ့ါ"

"အိမ်ကို ဖွင့်ခွင့်မပေးရင်လဲ တခြားသွားကြမှာ၊ ပြီးတော့လဲ ပေါ်ပေါ် ထင်ထင်ပြောရရင် ရှက်ပြီး အိမ်ကထွက်ပြေး ဘာညာဖြစ်မှာလဲ စိုးတယ်။ ဘယ်လိုလုပ်ရပ့ါ"

အခုမှ တကယ်ကို စိတ်ဆင်းရဲကြရလေတော့သည်။ အိမ်မှာလည်း သိသာစွာ ခြောက်ကပ်သွားသည်။ အမေကိုယ်တိုင်က သူ့အလွန်ချစ်သော မြေးကို စကားဟဟ မပြောတော့ဘဲ သူ့အခန်းမှာသာ အနေများလာသည်။ ပင်စင်ယူပြီးလျှင် စစ်[…] ချောင်ဝင်တော့မည်ဟုသာ တွင်[…] ပြောနေတော့လေသည်။

သို့နေလာခဲ့ရာ တစ်[…] သောအခါ ဇနီးသည်ထံမှ စကား[…] တစ်ခု ကြားရလေသည်။

"ကို ... ဟိုတစ်နေ့က[…] ယုတို့အိမ်မှာ နတ်ဝင်သည်ခေါ်[…] လေ။ အဲဒီနတ်ဝင်သည်က […] ယောက်ျားခြေများတာတွေကို […] သွားတာတဲ့"

"ဟာကွာ ... မင်း[…] ဘာပြောမလို့လဲ အရေးထဲ […] ယောက်ျားအကြောင်း မင်းမသိ[…] နေတာပဲ"

"မဟုတ်ဘူးကို၊ အဲ[…] မလို့ မဟုတ်ဘူး၊ နတ်ဝင်သည် […] ကိုကြားပြီး အေးတို့အိမ်မှာလဲ အဲ[…] နတ်ဝင်သည် ခေါ်ရင်ကောင်း[…] လို့၊ ဟိုလေ ... နတ်ဝင်သည်အ[…] ကိုရယ် ...။ ယုယုက အတွင်း[…] ... ခဆိုသားက သူတို့ နေ့လယ်[…] တာထိုင်တာ တီဗီကြည့်နေတာ[…] အိမ်က မသိသေးဘူးလို့ပဲ ထင်[…] လေ။ ဒါကို ယုယုက သူ့ကိုယ်တိုင်[…]



www.burmeseclassic.com

www.burmeseclassic.com



သည်လုပ်ပြီး ပြောပေးမှာတဲ့ ... တို"

ကျွန်တော်ဘာမှ ပြန်မပြော ည်ကို ဇနီးအေးက ခွင့်ပြုသည်ဟု ယူဆပြီး တစ်ညတွင် မယုကို အိမ် ခေါ်လာလေသည်။ မိသားစု စုံစုံလင် ရှိနေခိုက်မှာ မယုက ဤအိမ်ကို ချင်စိတ်ပေါက်၍ဟုဆိုကာ ဝင်ချ ခြင်း ဖြစ်လေသည်။ နာရီကြည့်မိ (၇)နာရီ။

"ဟင် ... မယု ... မယု .. ဖြစ်တာလဲ တုန်တုန်ယင်ယင်နဲ့ ... .. အမေ ... အမေ ..မယုကို ကြည့်ပါဦး"

နွားနို့သောက်ရာမှ အမေအ တစ်ပိုင်း ရောက်လာသည်။

"ဟဲ့ ... သမီး၊ အေးအေး ဒါ ပုဂ္ဂိုလ်ဝင်ပူးနေတာဟဲ့ ... လာ လာကြ၊ ထိုင်ကြ၊ ငါမေးစမ်းမယ်၊ ယ်လိုပုဂ္ဂိုလ်မျိုးလဲဆိုတာ အမိန့်ရှိပါ ဘာကိစ္စကြွလာတယ်ဆိုတာ သိပါရ "

ကျွန်တော်ကအနားမှာ မသိ ရပ်ကာ စိုးရိမ်တကြီးပုံစံဖြင့် ရပ် ကြည့်နေမိသည်။ သားတော်မောင်က း စိတ်ဝင်တစား လာရပ်ကြည့်၏။

"ဟဲ့ ... ငါဘယ်သူဆိုတာ မမေးနဲ့ .. နင်တို့မေးစရာမလိုဘူး .. ငါ ပြောချင်တာက ဒီအိမ်က သူတော် ကောင်းမကြီး တရားနာ တရားဖွင့်ရင် ငါတို့လဲ တရားနာရ၊ ဘုရားဖူးရတယ်။ ခုတော့ နင်တို့အိမ်က ကျက်သရေ ယုတ်တဲ့ဟာတွေ ပြနေတယ်လို့ အိမ် စောင့်နတ်က ငါ့လာတိုင်နေတယ် ...။ ဟင်း .. ဟင်း ... ဟင်း .. ဟင်းနော် ... ငါဒေါသ အငော်ထွက်နေတာ ... ဒါ ... အိမ်စောင့်နတ် ကြိုက်ဘူး နော်"

"အမလေး ... အမလေး ... ဟုတ်ရဲ့လား ၊ရှင် ... ဟုတ်ရဲ့လား"

"ဘာ ... ဟုတ်ရဲ့လားလဲ ငါကိုယ်တိုင် ပြောနေတာတောင် ဟုတ် ရဲ့လားလုပ်နေတယ်။ ငါမပြောချင်ဘူး နော်။ သံသရာအောက်ဆွဲအားတွေ ငါ





www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး သတိပေးလိုက်မယ်။ မနက်ဖြန်ကစပြီး ရုတ်ရုတ်ရုတ်ရုတ်နဲ့ မဟုတ်တာလုပ် အိမ်ရှေ့ကြီးမှာ မတော်တရော်မြင်ကွင်းတွေ တွေ့မြင်လို့ကတော့ တစ်အိမ်လုံး မီးလောင်ပြီသာမှတ် ... ဘေးဆိုးတွေတိုက်ဝစ်မယ် ... ဟင်း ... ဟင်း ... ဟင်း ... ကြားကြရဲ့လားတော့"

"ကြား .. ကြား .. ပါတယ်။ ကြားပါတယ်"

"တိုအကောင် ကျစ်ကျစ် သတိထား .. ဟင်းဟင်း .. တဲတဲ ... ပုဂ္ဂိုလ်တွေမယ် ... ကောင်းကောင်းနေကြ ... ဘုရားတရား အာရုံပြုကြကွယ့်"

သဏ္ဍာန်လုပ် သရုပ်တူအောင် လုပ်တာလား၊ အမှန်ပင်ခံစားရ၍လားတော့မသိ။ ဇနီးသည် အေးအေးနွဲ့ခမျာ ငိုရှာလေသည်။

"အေးရယ် ... ဘာဖြစ်တာလဲ ... ဘာပြောတာလဲ ... ကိုယ်လဲ ဟိုဘက်လမ်းမှာ အထည်အပ်ထားတာသွားရွေးမယ်ဆိုပြီး လာတာ ... အေးတို့အိမ်ရှေ့ရောက်တော့ ဘယ်လိုမှ မရည်ရွယ်ဘဲ ခြေထောက်တွေက ခြံထဲဆွဲဝင်တော့တာကွ ... ဘယ်သူဝင်လာတာတဲ့လဲ"

"ဘယ်သူလို့တော့ ပြောမသွားဘူးကွာ ... ဒါပေမဲ့ အိမ်မှာ ဘုရားတရားလုပ်ဖို့တော့ ပြောသွားတယ်"

"ဟင် ... ဘုရားတရားလုပ်ဖို့ .. အေး တို့ယောက္ခမ ဒီလောက်ဘာ

"သား ... မေ့မေ့ကို မှန်မှန် ပြောစမ်း ...

သားလုပ်တာနဲ့ တစ်အိမ်လုံး

ဒုက္ခရောက်တော့မှာပဲ ...

သားတို့ နေ့လယ်ပိုင်း ဘာတွေလုပ်ကြသလဲ"

သာရေးကိုင်းရှိုင်းတာ ကြော် ...ဒါ
ဟုတ် ... သူတို့အမျှလိုချင်လို့ လာ
တိ ပေးတာဖြစ်မှာ"

"ဟုတ်မယ်ထင်ပါရဲ့
ယုလဲမောသွားပြီ ... လာ အချို
လေးသောက်လိုက်ဦး"

"ဟာ .. မမောပါဘူး ..
တောင် မသိလိုက်ဘူး ... အိမ်မှာ
လေးတစ်ယောက်တည်း ထားခဲ့တ
... သွားတော့မယ်အေး ... ကိုယ်
ဘာများလဲလို့ လန့်သွားတာပဲ ...
မယ်နော်"

ဇာတ်ဆောင်တွေက သူ
ရာနှင့်အတူ အပီအပြင် သရုပ်ဆေ
သည့်နောက်ပိုင်း သားတော်မောင်
ငြိမ်သွားလေတော့သည်။

"သား ... မေ့မေ့ကို မှ
ပြောစမ်း ... သားလုပ်တာနဲ့ တစ်
လုံး ဒုက္ခရောက်တော့မှာပဲ ... သာ
နေ့လယ်ပိုင်း ဘာတွေလုပ်ကြသ

မိခင်ဖြစ်သူ သုံးလေး
မေးတော့မှ သူငယ်ချင်းတွေ အ
လာကြကြောင်း၊ သူတို့အိမ်တွေမှာ
လစ်၍ မကြည့်ရကြောင်း ပေါ်လာ
သည်။ သားက အထပ်ထပ် 



www.burmeseclassic.com

www.burmeseclassic.com





ာ သူ့မိခင်ကို ဝန်ချတောင်းပန်သည်
ိသဖြင့် ကျွန်တော့်မှာ သားအဖချင်း
ုက်နှာပူသက်သာရလေသည်။

"ဒါနဲ့ နေပါဦး အေးရေ၊ ကို
မေးရပါဦးမယ်၊ အေးနဲ့ မယုကတော့
ုတ်ပါပြီ၊ ကြိုတင်ပြင်ဆင်ထားကြလို့၊
အမေကတော့ အမေပြောဆိုသွားတာ
အဆင်ချောနေတာပဲ။ အမေလဲ ကြိုသိ
ထားတာပဲလား ..."

"ဪ ... ကိုရယ် ...
အင်းပေါ့ .. ကိစ္စတစ်ခု လုပ်တော့မယ်
ဆိုရင် မလိုလားအပ်တဲ့အရာတွေ မ
ပေါ်ပေါက်အောင် ကြိုတင်တာတွယ်ရ
တယ်လေ။ ညီမထားချင် အမေတ လူ
ရှေ့မှာ မေးလား၊ စမ်းလား၊ ဘုရားရေ
တိုက်လား၊ နှင်ထုတ်လား လုပ်နေမှာစိုး
လို့ပေါ့ ကိုရဲ့"

"အမလေးဗျာ ... ဟား ...
ဟား ... ဟား ... အကြံပိုင်ကြပါပေရဲ့
... အင်း ... အခုတော့လဲ သားတော်
မောင်ငြိမ်လိုက်သမျှ ကုပ်လို့ .. နောက်
တစ်ပတ်ထဲမှာ ကို့သူငယ်ချင်းရဲ့ညီ
ကျူရှင်ဆရာက အိမ်မှာ စာလာသင်
ပေးလိမ့်မယ်"

"ဟာ ... ကောင်းတာပေါ့
ကို ... အင်း .. ကလေးတစ်ဦး လူ
ကောင်းသူကောင်းဖြစ်ဖို့ မိဘတာဝန်
အတော်ကြီးတာပဲနော်"

"ဒါပေါ့ဗျာ ... လက်ဦးဆ
ရာ လက်လယ်ဆရာ၊ လက်နှောင်း
ဆရာ၊ နေရာတကာပါရတာ မိဘပေါ့
ဗျာ"

"အင်း .. အမေလဲ ... ခုမှ
ပဲ တီဗီကို စိတ်ချမ်းချမ်းသာသာ ကြည့်
ရတော့မှာပေါ့"

ကျွန်တော်တို့အားလုံး ရွှင်
ပြုံးသွားကြရပါတော့သည်။

**တစ္ဆသိုလ်နန်းဖြူဖြူထွန်း**



www.burmeseclassic.com

www.burmeseclassic.com

# မောင်လည်နှမလည် နှင့် ဆေးထိုးများသောအမှု

ဒေဝမြင့်သူ(ဗြေး/ဗြေ)







www.burmeseclassic.com

www.burmeseclassic.com



**မောင်လည်နှမလည်နှင့်**
**ဆေးထိုးမှားသောအမှု**
**ဆွေမြင့်သူ(ကြေး/မြေ)**

အစကတည်းက သည်လို ...သိရင် သည်ဆေးခန်းကို ပို့ခိုင်း ...ည်မဟုတ်။ ခုတော့ ရုတ်တရက် ...ိုး ကောက်ကာငင်ကာ အမြှုပ်တ ...ဖြင့် သမီးကြီး၏ ရင်ခွင်ထက်မှ ...ကျိုးကျသွားသော သမက် ...ာင်ဇော်မိုးကိုကြည့်ပြီး ဦးဝင်းမြ ...ခြုံတုန်လှုပ်ပြီး နောင်တကြီးစွာ ...သည်။

ငယ်ငယ်ရွယ်ရွယ်နှင့် လူ ...ယ်သားလေး မောင်စန္ဒနှင့် ဇနီး ...သည်ကို ရာသက်ပန်ခွဲခွာသွားရှာ ...သော မောင်ဇော်မိုးအတွက် စိတ်မ ...ကောင်းဖြစ်မိသည်အမှန်။ လောကဓံ ...တရား၏ ရိုက်ပုတ်ချက်ဒဏ်ဆိုသော် ...လည်း ကျား(၉)စီးစား၍မကုန်နိုင် ...သော၊ ကျန်းမာသန်စွမ်း သောခန္ဓာ ...ကိုယ်ကြီးက အရက်တည်းဟူ ...သော ယမိုက်ရွှေရည်ကို အလွန်အ ...ကျွံသောက်သုံးမိသောအခါ သည် ...လိုပဲ ဆိုးကျိုးခံစားရမည်သာ။

✿✿✿✿✿

"အဖေ၊ အဖေ ကြည့်ပါ ...ဦး။ ကိုဇော် ဘာဖြစ်မှန်းမသိဘူး။ ရင်ထဲက ပူလှချည်ရဲ့ဆိုပြီး အော်နေတယ်"

အချိန်ကား နံနက်(၇)နာရီခန့် သမီးကြီး 'ဝေဝေစည်' လာခေါ်တော့ သမက်ကြီး မောင်ဇော်မိုးမှာ အိပ်ရာပေါ်၌ လူးလိမ့်၍ ဝေဒနာခံစားနေရရှာသည်။ သူ၏ဘေးတွင် သူ၏ညီလေး မောင်ကျော်မိုး၊ သမီးလတ် 'ဆွေဆွေသန်း' နှင့် ဦးဝင်းမြ၏ ဇနီးသည် မညွန့်ရီတို့ စိုးရိမ်ပူပန်စွာ ပြုစုနေကြသည်။

"မောင်ဇော်ရာ၊ ဘယ်လိုဖြစ်တာလဲကွာ၊ ညက မင်းအရက်သောက်တာ များသွားတယ်ထင်တယ်၊ ဒီမနက်ကျမှ ထူးထူးခြားခြား အရင်တုန်းက ဒီလိုမဟုတ်ပါဘူး"

သမက် ဆိုသော်လည်း သားအရင်းတစ်ယောက်လို သံယောဇဉ်ရှိသည်။ မိမိတို့မှာကား သားယောကျ်ားလေး မထွန်းကား၊ သမီး(၃)ဦးသာရှိသည် မဟုတ်လား။ သမီးကြီးက မောင်ဇော်မိုးနှင့် အိမ်ထောင်ကျပြီးနောက် ညနေညနေ အရက်သေစာ သောက်စားတတ်သည်မှအပ ရိုးသားကြိုးစား၍ သမီးကြီးကို ပင်ပင်ပန်းပန်း လုပ်ကိုင်ကျွေးမွေးသည်။ အိမ်မှုကိစ္စအဝဝအတွက်လည်း အားကိုးရသည်။

မောင်ဇော်မိုးတို့ မိသားစုက မိမိတို့ ရပ်ကွက်အတွင်းဝယ် တစ်လမ်းတည်း နေထိုင်ကြသည်။ မောင်ဇော်မိုးအောက် ညီငယ်မောင်ကျော်မိုးနှင့် ဦးဝင်းမြ၏ သမီးငယ် ဆွေဆွေသန်းတို့ နဖူးစာဆုံ၍ ဆက်လက်အကြောင်းပါသည်။

ရပ်ကွက်ထဲက လူတွေက ပြောကြဆိုကြသံကို နားမဆံ့အောင်ကြားရသည်။ 'မောင်လည်နှမလည်' မယူစကောင်းတဲ့။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ အခုခေတ်မှာက သားသမီးတွေက ခေတ်လူငယ်များပီပီ ရေးရိုးကိုပယ်သည်။ ခုမြင်၊ ခုကြိုက် ခုညားဆိုသလို "အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ" ဟူသော စကားပုံအတိုင်း အချစ်ကို ဦးစားပေးချင်ကြသည်။ သည်တော့ မိဘများကလည်း မတတ်သာ၍ မိဘဝတ္တရား ကျေပွန်ပေးလိုက်ရသည်။

ဦးဝင်းမြ အတွေး လွန်နိုက် မောင်ဇော်မိုး အနည်းငယ်သက်သာသွားဟန်နှင့် ခေါင်းထောင်လာသည်။ ဦးဝင်းမြကို လက်အုပ်ချီမိုးရင်း-



www.burmeseclassic.com

www.burmeseclassic.com



"ဦး ... ကျွန်တော့်ကိုခွင့်လွှတ်ပါနော်။ ဒီတစ်ခါတော့ ကျွန်တော် မနေရတော့ဘူးထင်တယ်၊ ရင်ထဲ ဗိုက်ထဲမှာ အတော်ကြီးကို ပူလောင်ပြင်းပြနေတယ်၊ ဒီညနေ မိတ်ဆွေတစ်ယောက်က တိုက်လိုက်တဲ့အရက်၊ အတော်ကြိုက်မိလို့ ခါတိုင်းထက်ပိုသောက်မိတယ်၊ လစ်မစ်ကျော်သွားတယ်။ ဒါပေမဲ့ အဲဒီအရက် ကျွန်တော့်ခန္ဓာကိုယ်ထဲက ကလီစာတွေကို ဒုက္ခပေးပြီထင်ပါရဲ့"

"မောင်ဇော်မိုးရာ ပေါက်ပေါက်ရှာရှာ နမိတ်မရှိနမာမရှိတဲ့ စကားတွေ မပြောပါနဲ့၊ ကဲ ကဲ ခေတ္တ သည်းခံပြီးနေလိုက်ပါ၊ အခုချက်ချင်း ဆေးခန်းပြကြပေ့ါ ဟုတ်လား"

စိတ်မကောင်းခြင်းကြီးစွာနှင့် ဖျောင်းဖျပြောဆိုအားပေးနှစ်သိမ့်ခဲ့ရသည်။ စိတ်ထဲမှာတော့ လေးလံနေသည်။ သည်ကောင်ကြည့်ရတာ အခြေအနေကောင်းပုံမရ။ စိတ်မချရသည့် မခြေအနေမျိုး။

သူတို့ဆေးခန်းသွားစဉ် ဘုရားစင်ရှေ့မှာ ထိုင်ကန်တော့ပြီး ဆုတောင်းမိခဲ့သေးတယ်။

"မောင်ဇော်မိုးတစ်ယောက် သေကံမရောက် အသက်မပျောက်ပါစေနဲ့"ဟူ၍။

✿✿✿✿✿

သို့ပေမင့် ဦးဝင်းမြ ဆုတောင်းမပြည့်ခဲ့ပါ။

မောင်ဇော်မိုးမှာ ရင်ထဲ အသည်းထဲက အပူမီးဝေဒနာကို ကြိတ်မှိတ်ခံစားနေရသည်။ မနက် (၈)နာရီတွင် ဆေးခန်းသို့ ဆရာဝန်က အချိန်မှန် ရောက်ရှိလာသည်။



လူနာအခြေအနေဆိုးမှန်း မြင်ရုံ သိသာနေသည်မို့ ချက်ချင်းစမ်း ကြည့်ရှုသည်။ အသားဆေး အကြောဆေးပါ ထိုးရမည်ဟု သည်။ သူနာပြုဆရာမကို ေ သွင်းဖို့မှာကြားသည်။

(ထိုးပေ့ါ သူကဆရာ ပဲ။ လူနာသက်သာအောင် ဘ ဆေးထိုးရမလဲဆိုတာ သူအသိ ပေ့ါ။)

ဦးဝင်းမြ၏ဇနီး ဒေါ်သွ သမီးကြီး ဝေဝေဆန်း၊ သမီးင ဆွေဆွေသန်းတို့လင်မယားတို့ စိ ထဲဝယ် သည်လိုပဲတွေးထင်ထား သည်။ လူနာအမြန်သက်သာဖို့ အ ကြောဆေးက ပိုမိုထိရောက်မည် မျှော်လင့်မိကြသည်။

သို့သော်-

"မမှားသောရှေ့နေ၊ သေသောဆေးသမား"ဟူ၍ မရှိ

ဆရာဝန်ရော မိသားစု အားလုံး စိုးရိမ်လွန်ကဲနေကြ မောင်ဇော်မိုးမှာ နှလုံးရောဂါခံ သည်ကို မေ့လျော့နေကြသည် ဆရာဝန်ကလည်း မမေး။ ထိုး မည့်ဆေးနှင့် တည့်မတည့်ကိုလည် မစမ်းမိ။

ပထမတော့ ဆေးသွ

www.burmeseclassic.com



ည့်အချိန်တွင် လူနာမှာ မိန်း ပြီး ငြိမ်ကျသွားရာ သက်သာ ၍ ဆေးဖိုးဝါးခရှင်းကာ အိမ် ပြန်ခေါ်လာသည်။

မောင်ဇော်မိုး ကုသိုလ်ကံ နှန်းလှသည်။ အိမ်ပြန်ရောက် တ်ချင်း အမောဖောက်လာ ည်။ ဆေးကပဲပြင်း၍လား၊ ဆေး တည့်လို့လား မသိ။ အမြှုပ်တ ခြင့် အတက်လွန်ကာ ဇက်ကျိုး သွားသည်။

ထိုစဉ် မောင်ကျော်မိုး ခေါ်လာ၍ ဆေးခန်းမှ ဆရာဝန် ည်း ချက်ချင်းလိုက်လာသည်။ စ်မျက်နှာလည်း ပျက်နေသည်။ သက်ကယ်ဆေး ထိုးပေးသော ည်း မရ။

"ဆေးရုံပို့ရအောင် အမြန် ပ်" ဟု ဆိုသည်။

သို့နှင့် ဆရာဝန်၏အကြံ ချက်အတိုင်း လမ်းထိပ်မှ တက္ကစီ အငှားယဉ်တစ်စီး အမြန်ခေါ်၍ ာက်ဥက္ကလာပဆေးရုံသို့ ပြေးကြ န်သည်။

သို့သော် ဆေးရုံမရောက် မီတွင် လမ်းခုလတ်၌ အသက် ပျောက်နှင့်ပြီ။



"ကဲ ဘယ်လိုလုပ်ကြမ တုန်း အကျိုးတော့နည်းပြီ"

ဦးဝင်းမြက ဆရာဒေါက် တာကို အားကိုးတကြီးနှင့်မေး သည်။

ဆရာဝန်ကလည်း မျက် နှာမကောင်း။

"ဆေးရုံတော့ ရောက် အောင်မောင်းပါ။ Post mortal လုပ်ဖို့လိုမယ်ထင်တယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ဆေးရုံရောက်တော့ မှုခင်း ဆရာဝန်က ရင်ခွဲရုံတွင် ခွဲစိတ်ကြည့် ရှုသည်။ မောင်ဇော်မိုး၏နှလုံး အဆ မတန်ကြီးမားနေသည်။ ဆေးထိုး မှားတာသေချာတယ်။ နှလုံးရောဂါ ရှိသောသူအား အကြောဆေး ရော အသားဆေးပါ တပြိုင်နက်တည်း ထိုးနှံပေး၍ အသက်ဆုံးရှုံးရခြင်း။

မှုခင်းဆရာဝန်က -

"ကဲ ... အဖြေကတော့ ရှင်းပါတယ်။ လူနာမှာ နှလုံးရောဂါရှိ



www.burmeseclassic.com

www.burmeseclassic.com



တာကို နောင်ကြီးတို့က ကြိုမပြော လို့ဖြစ်ရတာပါ။ ဒီကဆရာဝန်က လည်း ဒီဆေးရုံမှာ လက်ရှိအမှု ထမ်းဆောင်နေသူပါ။ တကယ်လို့ တရားစွဲလိုက်ရင် ဆရာဝန်ရော ကျွန်တော်တို့ဆေးရုံပါ နာမည်ပျက် မယ်။ သေသွားတဲ့လူနာကတော့ အသက်ပြန်ရှင်လာမှာ မဟုတ် တော့ပါဘူး"

ဟုတ်ပါသည်။

မောင်ဇော်မိုးအား ဆေး ထိုးပေးသည့် ဆရာဝန်ကို တရားစွဲ ၍ကော မည်သို့အကျိုးထူးလာ နိုင် ပါမည်နည်း။

မောင်ဇော်မိုးတစ်ယောက် အသက်ပြန်ရှင်လာဦးမည်လား?

ဆရာဝန်ကို တရားစွဲလျှင် ရုံးတွေကိတ်တွေ သွားရဦးမည်။ ရှေ့ နေငှားရမည်။ သွားစရိတ် လာ စရိတ်တွေနှင့် ငွေကုန်သံပြာဖြစ် မည်။ အမှုနိုင်လျှင်လည်း ဘာများ အကျိုးထူးလာနိုင်ပါမည်နည်း။

(အမှုဖွင့်စဉ် အတောအ တွင်း အလောင်းကို ထုတ်မရဟု လည်း သိရသည်။)

သို့အတွက် မိသားစု တိုင် ပင်၍ အမှုမလုပ်လိုတော့ကြောင်း ဆေးရုံမှာပင် သဘောတူကျေနပ် လိုက်ကြပါသည်။ မည်သို့ပင်ဖြစ်စေ၊ မထူးဇာတ်မခင်းလို့တော့ပါ။

ဆရာဝန်ကို တရားစွဲဖို့ ထက် မောင်ဇော်မိုးအသုဘရှုကိစ္စ ကိုသာ လုံးပမ်းရတော့မည်။

ဆေးထိုးများသည့် ဆရာ ဝန်နှင့် မှုခင်းဆရာဝန်တို့က -

"ကျေးဇူးတင်ပါတယ်၊ နောင်ကြီးတို့မိသားစုနဲ့ ထပ်တူထပ် မျှ ကျွန်တော်တို့လဲ ဝမ်းနည်းမိပါ တယ်၊ စိတ်လဲမကောင်းဘူး" ဟု ဆို သည်။

သို့သော် -

✿✿✿✿✿

မောင်ဇော်မိုးဈာပနကိစ္စ ဆောင်ရွက်နေစဉ် ဆေးခန်းပိုင်ရှင် ကလာရောက်၍ ဝမ်းနည်းစကား ပြောဆိုရင်း ကုန်ကျစရိတ်များ ထည့် ဝင်လှူဒါန်းပေးပါမည်ဟုဆို သည်။ သို့ရာတွင် ယင်းဆေးခန်း ထိုင်သည့် ဆရာဝန်ရော၊ အကြော ဆေးသွင်းပေးသည့် သူနာပြုဆရာ မပါ လုံးဝရောက်မလာပါ။

နောက်ဆုံး အသုဘချ မည့်နေ့တွင် ရက်လည်ဆွမ်းကျွေး နေ့များတွင် ဆေးခန်းပိုင်ရှင်၊ ဆရာ ဝန်နှင့် သူနာပြုဆရာမ (၃)ယော စလုံး မလာရောက်ကြတော့ပါ။

(ဩော် .... လူတွေ တွေ၊ လူတွေရဲ့စိတ်သဘောထာ သည်လိုပါပဲလား) ဟူ၍သာ တ နှင့်ဖြေရပါတော့မည်။ သံဝေဂ ရပ်ဟု မှတ်ယူလိုက်ပါသည်။


အယူအဆရှိသူ၊ အ လန်းရှိသူများကမူ အောင်ဇေ ယခုကဲ့သို့ သေဆုံးရသည် (မောင်လည်နှမလည် လက်ထပ် လို့ပဲ)ဟု မှတ်ချက်ချကြပါလိမ့်မ

ဤသို့ဆိုလျှင် -

မောင်ဇော်မိုး အ သောက်လွန်ခဲ့သည့်အပြစ်၊ ခန်းဆရာဝန်က လူနာ၏ရောဂါ ဆန်းစစ်ဝေဖန်ခြင်း မပြုလုပ်ခဲ့သ အပြစ်နှင့်၊ ကိုယ်တိုင်မဟုတ် သူနာပြုဆရာမကို အကြော ချက်ချင်းသွင်းခိုင်းခဲ့သည့် အ များအားလုံးသည် 'မောင်လည် လည်' ဆိုသည့်ကိစ္စနှင့် ဖုံးကွယ် ရမည်လောဟု ဦးဝင်းမြ ရင်မော မေးခွန်းတစ်ရပ်ထုတ်လိုက်မိတော သည်။

**ဆွေမြင့်သူ(ကြေး/**

www.burmeseclassic.com



# မငိုပေမဲ့ စိုနေတဲ့မျက်ရည်

သင်းသင်းလိုင်(တပ်ကုန်း)



www.burmeseclassic.com

www.burmeseclassic.com



**မငိုပေမဲ့ စို့နေတဲ့မျက်ရည်**

**သင်းသင်းလှိုင်–ထစ်ထုန်း**

"ဒင်းအဖြစ်နဲ့ ဒင်းခံပေ တော့။ ငါ့ကို လာမပြောနဲ့။ ငါ လာတွေ့ လိမ့်မယ်လို့ မမျှော်လင့်နဲ့"

သမီးငယ် စကားကြောင့် ဒေါသတွေ အတော်ထွက်မိတယ်။ ဥပ ဒေနဲ့ မလွတ်ကင်းတဲ့ အလုပ်ကို လုပ်မှ တော့ ခံရပြီပေါ့။ အမေသင်ပေးထားတဲ့ ပညာတွေက အချုပ်ခန်းကို သွားရမယ့် ပညာတွေလား။ တိုင်းပြည်ကို အကျိုး ပြုမယ့် ပညာလား။ မင်းစဉ်းစားကြည့် စမ်းပါ။

"မေမေ ကိုကို ချဲရောင်းနေ လို့ အဖမ်းခံရတယ်"

မင်းညီမလေးရဲ့ စကားသံ ငါ့ရင်ထဲမှာ ဗုံတင်ရိုက်နေတယ်။ ငါ့ သား အမေ မုဆိုးမဘဝနဲ့ ရုန်းကန်ပြီး ပညာသင်ပေးတာ မင်း ဒီလို ဖြစ်ဖို့ လား။ မင်းဆီကို အမေမလာဘူး။ အဲ ဒီ အချုပ်ခန်းကို အမေမလာဘူး။ ဘေး အိမ်တွေက တိုက်တွန်းတယ်။

"အစ်မကြီး သွားတွေ့လိုက် ပါတဲ့"

မင်းကို မွေးထားတဲ့ အမေ မင်းတို့အပေါ် ဘယ်လောက်ချစ်တယ် ဆိုတာ အမေ အသိဆုံး။ အမေ့ရင်ထဲ မှာ ဆို့နေတယ်။ ဒါပေမဲ့ ငါ မငိုဘူး။ မငိုပေမဲ့ မျက်လုံးထဲမှာ မျက်ရည်တွေ ဆို့နေတယ်။

"အမေ သားမှားတယ်။ တစ်ရပ်ကွက်လုံးက လေးစားရတဲ့ ဆရာမကြီး။ တပည့်သားတွေအပေါ် ဆုံးမတတ်တဲ့ ဆရာမကြီးလို့ အားလုံး က ချီးကျူးနေကြတာ။ သားက ဥပဒေ နဲ့ မလွတ်ကင်းတာကို လုပ်မိပြီ။ သား ရဲ့ လောဘ၊ မိန်းမရဲ့ စကား နားထောင် မိတဲ့ အမှားကို အခုခံနေရပါပြီ။ သိက္ခာ ကို ရှေ့တန်းတင်တဲ့ အမေ၊ သားရှိရာ အချုပ်ခန်းကို မလာပါနဲ့။ အမေ့ကို မလာစေချင်ပါဘူး။ အမေ့သိက္ခာ မညှိုး နွမ်းစေချင်ဘူး။ အမေ့သား ငယ်ငယ် က မတတ်တတတ်နဲ့ စပ်ခဲ့တဲ့ ကဗျာ လေးထဲကအတိုင်း ဖြစ်နေပြီ။

**လေးဖက်လေးတန်**

**အုတ်ထာရံသည်**

**ငါထားသတ်ဆင်း**

**ထောင်အတွင်း။**

**ငါပြုမိတာ မိတွတ်တာ**

**ထား**

**မထုတ်ဝါ။**

**ငါပြုမိတာ ဖတွတ်ထာ**

**ထား**

**မထုတ်ဝါ။**

**ငါပြုမိတာ**

**အိမ်သူသတ်ထား**

**ချစ်မထား၏ ပူဆာလို**

**ပုံ**

**ဖော့ဝတ်စုံကြောင့်**

**ဖြည်သူ့ဘဏ္ဍာ ခိုးမိ**

**သည်**

**ဝုဒ်မခြောက်တစ်**

**ထောင်နှစ်နှစ်တဲ့။**

အမေ ကဗျာဝါသနာပါ သား၊ ကာရန်မညီမညာလေးနဲ့ စပ် တာ။ သားကိုယ်သား နိမိတ်ဖတ်သ ဖြစ်နေပြီ အမေ။ သူဌေးဖြစ်ချင် အမေ့ချွေးမရဲ့ လောဘကြောင့် သ လမ်းမှားလိုက်မိပြီ။ အမေ မလာ သားဆီကို မလာပါနဲ့။ ဒါပေမဲ့ သား နေပါတယ်။ အမေငိုနေမယ်ဆိုတာ ငိုဘူးဆိုပေမဲ့ အမေ့မျက်ဝန်းမှာ မျ ရည်စို့နေမယ်ဆိုတာ။

သားလေး မင်းတို့ငယ်င လူမည်ဘဝကတည်းက မင်းတို့အ ဆုံးသွားခဲ့တယ်။ ဆွေမျိုးမောင်နှမတွေ မရှိတဲ့ အမေတစ်ယောက်တည်း မင်



www.burmeseclassic.com

www.burmeseclassic.com



သို့ကိုလူလားမြောက်အောင် ပျိုးထောင်ခဲ့တယ်။ မင်းတော.. မင်းညီမလေးပါ သွားတစ်ခုကို ပိုင်ပိုင်နိုင်နိုင်ရခဲ့တယ်။ မင်းတို့တွေ ပညာဆုံးခန်းတိုင်ပြီး အလုပ်ရင် အမေတော့ သက်သာရချည်ရဲ့လို့ မျှော်မှန်းခဲ့တယ်။ ဘွဲ့ရတဲ့နှစ်မှာ မင်းကမင်းမခိုးခဲ့တယ်လေ။

မင်းဘဝ မျက်နှာမငယ်ရအောင် မင်းမိန်းမဂုဏ်ရှိအောင် မရှိမဲ့ရှိရှာဆောင်းထားတဲ့ ပစ္စည်းလေးတွေထုပြီး မင်္ဂလာဆောင်ပေးခဲ့တယ်။ မင်းတို့လည်း စာရေးတစ်နေရာရအောင် အမေစွမ်းဆောင်ပေးခဲ့တယ်။ မင်းကိုချမ်းသာအောင်တော့ အမေမပေးနိုင်ခဲ့ဘူး။ တာဝန်ကျေအောင် အမေလုပ်ပေးနိုင်ခဲ့တယ်။ မင်းမင်္ဂလာဆောင်မှာမင်းအဖေကိုသတိရလို့ အမေငိုချင်နေတယ်။ သားလေးရဲ့မင်္ဂလာဦးမှာ အမေမျက်ရည် မကျသင့်ဘူးဆိုပြီး အမေထိန်းခဲ့တယ်။ အမေမငိုပေမဲ့ မျက်ရည်တွေစို့နေမိတယ် ... ။

အမေက တာဝန်ကျေပါတယ်။ သားက အချစ်ရဲ့လွှမ်းမိုးမှုအောက်မှာနစ်မြုပ်နေခဲ့တယ် အမေ။ အမေ့ချွေးမက လောဘကြီးတယ်၊ တခဏတွင်း ချမ်းသာချင်တယ်။ သားရဲ့ စာရေးလစာလေးနဲ့ အိမ်ထောင်တစ်ခု မတည်ဆောက်နိုင်ဘူးလို့ အမြဲတမ်း ညည်းတယ်။ အိမ်ထောင်သက်တမ်း (၄)နှစ်ရောက်လာပြီး သားအကြီးကောင်နဲ့ သမီးငယ်ကို ကိုယ်ဝန်ဆောင်နေပြီပေါ့။

"ကိုအောင် ဒီကလေးတွေနဲ့ ဒီဘဝမှာ ဆင်းဆင်းရဲရဲ နေသွားတော့မှာလား၊ ကျော်ကျော်တို့ လင်မယားကိုကြည့်စမ်း စီးပွားရေးဘယ်လောက်ပြေလည်သလဲ၊ ကိုယ်နဲ့တူတူ အိမ်ထောင်ကျတာ အခု အိမ်နဲ့ဝိုင်းနဲ့၊ ရွှေတွဲလွဲ၊ ငွေတွဲလွဲ ဆိုင်ကယ်တစ်စီးနဲ့ ဘယ်လောက်အားကျဖို့ ကောင်းလိုက်တာ၊ သူများကို နည်းနာယူဦးလေ"

"ဪ ... မော်မော်ရယ် ကိုယ်လည်းမင်းတို့ကို အလုပ်လုပ်ပြီး ရှာကျွေးနေတာပဲ ကိုယ့်လစာနဲ့ သူ့အိုးနဲ့သူ့ဆန် တန်ရုံပဲရှိတော့မှာပေါ့"

"ယောကျ်ားရယ် ဒါကြောင့် သူတို့ ဘယ်လိုကြီးပွားတယ်ဆိုတာ အတုခိုးရမယ်လေ။ ကဲ ဒါတွေ မော့်တာဝန်ထား မော်ကြံလိုက်မယ်၊ 'လိုလျှင်ကြံဆ နည်းလမ်းရ'တဲ့ ယောကျ်ားဘာမှမပူနဲ့"

အဲဒီလိုနဲ့ မော်မော်တစ်ယောက် ချဲကောက်လုပ်ရင်း ချဲရောင်း





www.burmeseclassic.com

www.burmeseclassic.com



တယ်။ တဖြည်းဖြည်းနဲ့ အရင်းနှီးလေး ရလာတော့ ချဲဒိုင်လေးဝါ လုပ်လာတယ်။ သူပြောသလို သားတို့ရဲ့အိမ်မှာ စီးပွားရေးလေး ပြေလည်လာတယ်။ ဒါကိုတဖြည်းဖြည်းနဲ့ သားတဝါ သဘောကျလာတယ်။ သားတို့ရဲ့ မျက်လုံးထဲမှာ လောဘအရိပ် ဖုံးလွှမ်းလိုက်ပြီ။

မျက်တန်း တစ္ဆေမကြောက် လမ်းလျှောက်နေပြီ အမေ၊ မော်မော်တလည်းတိုက်တွန်း သားကိုယ်တိုင်ကလည်း နားဝင်နေပြီမို့ အမေသွင်းပေးခဲ့တဲ့ စာရေးအလုပ်ကိုထွက်ပြီး ချဲဒိုင်လုပ်နေမိတယ်။

"သား ဥပဒေဆိုတာ ဆိတ်ကွယ်ရာမရှိဘူး၊ မင်းတရားဥပဒေမဲ့တဲ့ အလုပ်ကို မလုပ်ပါနဲ့လားကွယ်၊ အမေဆုံးမတဲ့စကား မင်းမေ့နေပြီလား"

အမေပြောတဲ့စကား သားမကြားတော့၊ မယားစကားက သားကိုအောင်သွားပြီ၊ သားအလွယ်ကို ကြိုက်သွားပြီ။ ဒီလမ်းကို ဆက်လျှောက်တော့မယ်။

"ကိုအောင် တော့်အမေက ဘာတွေလာပြောနေတာလဲ၊ ခုမော်မော်တို့ အဆင်ပြေနေတာ သူတောင်ဝမ်းသာရဦးမယ်။ ဒီလိုအခြေအနေကို သူ

"သား ဥပဒေဆိုတာ
ဆိတ်ကွယ်ရာမရှိဘူး၊
မင်းတရားဥပဒေမဲ့တဲ့ အလုပ်ကို
မလုပ်ပါနဲ့လားကွယ်၊ အမေ
ဆုံးမတဲ့စကား မင်းမေ့နေပြီလား"

ထားနိုင်လို့လား၊ သူသွင်းပေးခဲ့တဲ့
ရေးအလုပ်က ထမင်းဝအောင်တွေ
နိုင်လို့လား ပြောပါဦး"

"ဒီလိုတော့ အမေ့ကို
ပြောပါနဲ့ အမေက စိုးရိမ်လို့ပြော
ပါ"

"မစိုးရိမ်နဲ့ မော်မော်
လျှင်ပြီးသားလို့"

လျှင်ပြီးသားနဲ့ ကြွေးကြေ
ခဲ့တဲ့သား လည်လွှန်းတဲ့ဘီး ချေးန
မိပြီ အမေ၊ ဒီနေ့ချဲရောင်းပြီး ဒိုင်
ပိုက်ဆံ သွားအပ်တဲ့သားကို ဘယ်
နေသတင်းရ ခြေရာခံမိလဲ မသိဘူ
သားသက်သေခံချပ်တွေ၊ ငွေတွေ
ဖမ်းမိပြီ အမေ။ ဥပဒေကို လက်တ
လုံးခြား လှည့်လို့ရတယ်ဆိုတဲ့ မော်
စကားတွေ ဘယ်ရောက်ကုန်ပြီ
လှည့်လို့မရတဲ့အပြင် ဘေးကျပ် နံ
နဲ့ သားရင်ဆိုင်တွေ့ရပြီ အမေ
ဒါကြောင့်လည်း ရာဇဝတ်ဘေး ပြေ
လွတ်လို့ ဆိုထားတာကိုး။ အမေ့သ
လူမိုက် နောက်မှနောင်တရပြီ အမေ
ရိုးရိုး သားသားကြိုးစားပြီး လုပ်စား
သမ္မာအာဇီဝအလုပ်က သန့်ရှင်း
စိတ်ချမ်းသာရတယ်။ မရိုးမသားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့သား စိတ်မချမ်းသာနိုင်တော့
လေးဖက်လေးတန် အုတ်ကာရံ
တဲ့ ထောင်အတွင်းကို သားဝင်ရ
မှာလား အမေ၊ သားဝင်ရတော့
အမေ ။ သားမိုက်အတွက် မျက်
မကျပါနဲ့၊ တန်ဖိုးရှိလှတဲ့ အမေ့
ရည် မကျပါနဲ့။



သား ဘယ်အမေကမှကိုယ့်
သမီး ဒုက္ခရောက်တာကို မကြည့်
ဘူး။ မကောင်းမြစ်တာ ကောင်းရာ
လတ် တဲ့ … မကောင်းတာလုပ်ရင်
မြစ်ရမယ်၊ ပိတ်ပင်ရမယ်၊ ဆုံးမရ
ကောင်းတဲ့ဘက်ကို လမ်းညွှန်ရ
ယ်။ မင်းက မဘက်လိုက်တော့ မိုက်
ပါတာပေါ့၊ မကောင်းတဲ့လမ်းကို
ပြီး လျှောက်သွားတာကိုး။ မင်း
အမေမဆုံးမတော့ဘူး၊ ဥပဒေက
မလိမ့်မယ်။ မျိုးစေ့မှန်ပြီး အပင်
သန်နဲ့ ပေါက်ဖွားလာပေမဲ့ ပြင်ပပိုး
ဝင်ရောက်ဖျက်စီးလို့ မင်းအ
မှာ ပိုးကိုက်ရာပါနေပြီပေါ့။ တဲ့..
သားလေး မင်းဥပဒေဆုံးမမှုကို ခံယူဖို့
ကိုက်သွားပေတော့။ မင်းဆီကို အမေမ
ပေမဲ့ မင်းအချုပ်ကားပေါ်က လက်
ထိတ်တန်းလန်းနဲ့ တက်သွားတဲ့ပုံတွေ
.. ပြစ်မှုကြွေးကို ချွေးနဲ့ဆပ်နေတဲ့ ပုံရိပ်
တွေ အမေ့မျက်လုံးထဲမှာ ဓာတ်ပုံရိုက်
ထားသလို ထင်ရှားစွာ မြင်နေရပါ
တယ်။ မင်းတစ်နေ့ ကောင်းမွန်တဲ့
လမ်းက လျှောက်လှမ်းလာမယ်ဆိုတာ
အမေယုံကြည်တယ်။ အမေမငိုဘူး
သား၊ မျက်ရည်မကျဘူး သား။

ဒါပေမဲ့ သားလေး .. မငိုပေ
မဲ့ .. အမေ့မျက်လုံးထဲမှာ မျက်ရည်တွေ
စို့နေတယ်။

"အငိုပေမဲ့ စို့နေတဲ့မျက်
ရည်တွေပေါ့ကွယ်"

**သင်းသင်းထိုင်(တစ်ထုန်း)**



www.burmeseclassic.com

www.burmeseclassic.com



# လွန်ဆွဲပွဲ ရလဒ်

ဟင်္သာတမောင်မျိုးသက်



www.burmeseclassic.com

www.burmeseclassic.com



## လွန်ဆွဲပွဲရလဒ်
## တသာတမောင်မျိုးသတ်

လွန်ဆွဲပွဲဆိုသည်မှာ တစ်ဘက်နှင့်တစ်ဖက် အနိုင်မခံ အရှုံးမပေး အားပြိုင်ခြင်းဖြစ်၍ အားသာသည့်ဘက်က နိုင်စမြဲ။

လူ့လောကဘုံ အလွှာတွင်လည်း အားပြိုင်လွန်ဆွဲမှု များစွာရှိသည်။ အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုး၊ အရှုံးနှင့်အမြတ်၊ အချစ်နှင့်အမုန်း လိမ္မာခြင်းနှင့်မိုက်မဲခြင်း၊ ချမ်းသာခြင်းနှင့် ဆင်းရဲခြင်း စသည့် အားပြိုင်လွန်ဆွဲမှုများနှင့် စပ်လျဉ်း၍ ကျွန်တော်နှင့် ရွှေနေဦးကြည်ဝင်းတို့ စကားပြောကြသည်။

"ဒီလိုအားပြိုင်မှုတွေ အများဆုံးက ကျွန်တော်တို့ ရှေ့နေတွေ ကိုသက်ရ၊ တစ်ဖက်နဲ့တစ်ဖက် အနိုင်ရရေး စကားစစ်ထိုးရသလို လျှောက်လဲရတာလေ"

"အင်း .... ဟုတ်တယ်"

"ကိုသက်ကို လွန်ဆွဲအားပြိုင်တာတစ်ခုကို ပြောပြမယ်၊ ကျွန်တော့်ရှေ့နေသက်တန်းမှာ အလွယ်ဆုံးအမှုတစ်ခုပဲ၊ ဒီအမှုမှာ ကျွန်တော့်အမှုသည်က တရားလို၊ တရားခံက ဘာမှမငြင်းကွယ်ဘဲ မေးသမျှဝန်ခံတော့ အမှုက အချိန်တိုတိုနဲ့ ပြီးသွားသလို ကျွန်တော်လိုက်ခဲ့တဲ့ တရားလိုက နိုင်တယ် .... နောက်ဆုံးမှာတော့ ကျွန်တော့်အမှုသည် ရှုံးတယ်"

"ဟာဗျာ ... ခင်ဗျားစကားကလဲ၊ ဘာလဲငွေရှုံးတာလား"

"တကယ်ရှုံးတာ ဖြစ်ပုံကဒီလို ... ဟုအစချီ၍ ပြောပြပါတော့သည်။

မောင်စိုးဝင်းသည် စာတော်သော ကျောင်းသားဖြစ်သော်လည်း မြို့ခံသားမဟုတ်။ မြို့နှင့်မနီးမဝေး ရွာကြီးတစ်ရွာမှ လယ်ပိုင်ရှင်သားတစ်ယောက်ဖြစ်သည်။ ရွာတွင်အလယ်တန်းကျောင်းသာရှိ၍ အထက်တန်းကျောင်းရှိသော မြို့တွင်ဆက်လက်တက်ဖြစ်သည်။ မောင်စိုးဝင်း၏ဖခင် ဦးလူဝ၏အစ်ကိုသည် မြို့ပေါ်ရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ကျောင်းထိုင်ဆရာတော်ဖြစ်ပေရာ သူ၏ကျောင်းမှာနေ၍ ကျောင်းတက်ရန် ဆရာတော်၏ စီစဉ်မှုဖြင့် ပညာသင်ဖြစ်ခြင်းဖြစ်သည်။

စာတော်သဖြင့် ဆရာ၊ ဆရာမများ၏ ချစ်ခင်အရေးပေးမှုကြောင့် သူ၏အမည်သည် အတန်းတူကျောင်းသူကျောင်းသားတို့အလယ်တွင် ပေါ်လွင်ခဲ့သည်။ တက္ကသိုလ်ဝင်စာမေးပွဲကို နှစ်ချင်းပေါက် အောင်မြင်မည့်စာရင်းတွင် ထိပ်ဆုံးကပါဝင်သည်။ ပါဝင်သည့်အလျောက် ဂုဏ်ထူးနှစ်ဘာသာဖြင့် အောင်မြင်ခဲ့သည်။

'ခင်မေချို' လှပချောမောသူဖြစ်၍ ကျောင်းတွင် QUEEN မဟုတ်သော်လည်း STAR စာရင်းဝင်သူဖြစ်သည်။ မိဘက စတိုးဆိုင်ပိုင်ရှင် ချမ်းသာသည်။ တစ်ဦးတည်းသောသမီးလည်းဖြစ်၏။ သူမလည်းစာတော်သည်။ နှစ်ချင်းပေါက်အောင်မြင်သည်။ ချမ်းသာသောမိဘ အရှိန်အဝါဖြင့် ပိုထင်ရှားသည်။

သူတို့နှစ်ဦးသည် အထက စာသင်သားဘဝတွင် အမှတ်မဲ့နေကြသော်လည်း အဝေးသင်တက်သောအခါ တစ်မြို့နယ်တည်းသားချင်း ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



နေ့ဖက်ဖြစ်၍ ရင်းနှီးခင်မင်သွားကြသည်။ ဒုတိယနှစ်၊ တတိယနှစ်များတွင် ပို၍ရင်းနှီးလာကြ၏။ ခင်မေချိုအနေနှင့် မောင်စိုးဝင်းအပေါ် မည်သို့သဘောထားသည် မသိရသော်လည်း မောင်စိုးဝင်းကမူ ခင်ချိုမေကို စွဲလမ်းစိတ်ဝင်စားခဲ့လေပြီ။ နေမြင့်လေ အရှူးတင့်လေဘဝမျိုး ရောက်လာ၍ နောက်ဆုံးနှစ်ပြေပြီးသောအခါတွင် ခင်ချိုမေကို ချစ်ခွင့်ပန်တော့သည်။ ခင်ချိုမေ၏စကား မောင်စိုးဝင်းရှက်သွားသည်။

"ရှင့်ရဲ့ခြေသလုံးမှာ တက်နေတဲ့ တမန်းဆီတွေကို စင်အောင်ခြစ်ချလိုက်ဦးလေ၊ စင်ပြီဆိုရင် စဉ်းစားမယ် ခုတော့ ဆောရီးပဲ"

တုံ့ပြန်စကားကြောင့် မောင်စိုးဝင်း ရင်နင့်သွားသည်။ လယ်သမားသားမို့ မတူမတန်ဟု ဆိုသည့်သဘောကို မောင်စိုးဝင်းသိပါ၏။ စိတ်မနာနိုင်၊ မခံချင်စိတ်တော့ ဖြစ်မိသည်။ သို့သော် မေတ္တာစစ်နှင့် ချစ်ခဲ့သူဖြစ်၍ နောက်မဆုတ်ချင်။ အဆင့်မတူဟု ခွဲခြားသတ်မှတ်ခံရသော်လည်း ပညာအရည်အချင်းကားအတူတူ၊ မောင်စိုးဝင်း၏ အပေါင်းအသင်းများက မခံချင်၊ သက်သက်မာနကြီးတာ၊ ဘဝင်မြင့်တာဟု ထင်ကြသည်။ ပြောလဲပြောစရာပါ။ စတိုးဆိုင်ပိုင်ရှင် သူဌေးသမီးနှင့် လယ်သမားလေ။

တစ်ခွန်းစကားနှင့်ပင် မောင်စိုးဝင်း နောက်ဆုတ်ခဲ့ပါသည်။
ရင်းနှီးသော သူငယ်ချင်းများတ
မောင်စိုးဝင်းဘက်မှ မခံနိုင်ကြ။
ချိုကို သွေးတိုးစမ်းပြောကြည့်ပါ
လက်မခံ၍ မပြောကြတော့။
ဝင်းလည်း အေးဆေးစွာနေ
သည်။ သူ၏ရင်ထဲတွင်မူ ခင်
သည် အမြဲစိုးမိုးနေသည်တည်။

အရွယ်ကလည်း ရ
၍ အပေါင်းအသင်းများ အိမ်ထေ
သူ ပြုကြကုန်ပြီဖြစ်ရာ၊ မောင်စိုး
အပေါင်းအသင်းထဲမှ သူငယ်ချ
ဦး မင်္ဂလာဆောင်ကြမည်၊ သတို
ရော၊ သတိုးသမီးရော ကျောင်း
သူငယ်ချင်းများဖြစ်သလို ဘွဲ့ရကြ

"ရှင့်ရဲ့ခြေသလုံးမှာ တက်နေတဲ့ တမန်းဆီတွေကို စင်အောင်ခြစ်ချလိုက်ဦးလေ၊ စင်ပြီဆိုရင် စဉ်းစားမယ် ခုတော့ ဆောရီးပဲ"



www.burmeseclassic.com

www.burmeseclassic.com





ခုလည်း အတူတူဖြစ်၏။ မြို့ပေါ်မှမ ထုတ်ပေ။ နှစ်ယောက်စလုံး ကျေး လက်ကပင်ဖြစ်သည်။ နှစ်ဖက်မိဘများ ပြည်စုံသူဖြစ်၍ မင်္ဂလာဆောင်မှာ ကြီး ကျယ်စည်ကားမည်။ ကြီးကျယ်စည် ကားမည်ဖြစ်၍လည်း မောင်စိုးဝင်း၊ ခင် မေချို့အပါအဝင် သူငယ်ချင်းများအား ညအိပ်လာပါရန် ဖိတ်ကြားသဖြင့် မိဘ များချက်ချင်း သွားရောက်ကြသည်။ မင်္ဂလာဆောင်ပြီးသည်အထိ အေး အေးဆေးဆေး ပျော်ပျော်ရွှင်ရွှင်၊ သို့ သော် ...

မမလေးကိုနော်ဗျာ .. ဒီ မောင်ခိုးမယ်လို့ လူဆိုးတွေနဲ့ မောင် တိုင်ဝင်ပြောရမည်ထက် လူဆိုးမတွေ့ နှင့် တိုင်ပင်ဆောင်ရွက်ခဲ့ရာမှ ပြဿနာ စခဲ့ပေသည်။ တချို့ သူငယ်ချင်းများက မနက်မင်္ဂလာဆောင် မပြီးမီကပင် ပြန် နှင့်ကြ၏။ ကျန်သူမှာ မောင်စိုးဝင်း ခင် မေချို့ အပါအဝင် ယောကျ်ားလေး နှစ် ယောက် မိန်းကလေးနှစ်ယောက် ပေါင်းခြောက်ယောက်ကျန်၍ စက်ဘီး လည်းသုံးစီးသာရှိသည်။ မင်္ဂလာ ဆောင်ပြီး၍ အပြန်လမ်းတွင် မောင်စိုး ဝင်း၏အစ်မဖြစ်သူ နေထိုင်သော ရွာရှိ သည်။ ရွာဝင်ဝင်ချင်း ခြံကျယ်ကြီးဖြစ် သည်။ ထိုခြံသို့ ခဏဝင်နားကြသည်။

"အပျော်သွားကြရအောင်" ဟု မိန်းကလေးတစ်ဦးက ပြောပြီး နောက်ဘေးအိမ်သာဆီသို့ သွားကြ၏။ ခင်ချို့မေအလှည့် အိမ်သာတွင်းဝင် လိုက်သောအခါ ကျန်မိန်းကလေးနှစ် ယောက်သည် အဆင်သင့်စောင့်နေ သော ယောကျ်ားလေးနှစ်ဦးနှင့်အတူ ထွက်သွားကြတော့သည်။ ခင်မေချို့ အိမ်သာမှထွက်လာလျှင် အဖော်တွေ ကို မတွေ့တော့၊ မောင်စိုးဝင်း၏ အစ်မ ကိုလည်းမတွေ့တော့ ...

ထိုခြံဝန်းကြီးတွင် မောင်စိုး ဝင်းနှင့် ခင်မေချို့တို့ သုံးရက်သုံးည ခို လှုံခဲ့ကြပေသည်။

မြို့တွင် ခင်မေချို့၏ ဖခင် သည် စိတ်ဆိုးဒေါသထွက်နေသည်။ မင်္ဂလာဆောင်သို့ သွားသည်ဖြစ်ရာ လက်ဝတ်ရတနာများ ပါသွားသဖြင့် ည တွင်းချင်း ရဲစခန်း အမှုဖွင့်သည်။ မင်္ဂလာဆောင် အတူသွားသူများ၏ ပြောစကားအရ မောင်စိုးဝင်းနှင့် လိုက် သွားကြောင်းသာ သိရသည်။ မည် သည့်နေရာတွင် ရှိသည်မသိ။ သို့သော် ... လည်းမည်သည့်နေရာတွင် ရှိသည် ဆိုသည်ကို လာရောက်သတင်းပေးသူ ရောက်လာသည်။ အချို့သော ကျေး လက်လူတန်းစားသည် နှုတ်ဆော်



www.burmeseclassic.com

www.burmeseclassic.com



စည်းတာတ်ကြ။ မျက်နှာလိုမျက်နှာရ ပြောချင်သူလည်း ရှိတတ်သည်။ ထို့ကြောင့်ပင် မိန်းကလေး သဘောမတူဘဲ အတင်းအကျပ်ခေါ်လာကြောင်း သတင်းလာပေးသဖြင့် သွားရောက်ဝိုင်းဝန်းဖမ်းဆီးရာ မိသွားသည်။ ခင်မေချို၏ မိဘနှစ်ပါးစလုံး ပါသွားရာ မိဘနှစ်ပါးကိုတွေ့လျှင် ပြေးဖက်ငိုတော့သည်။ သမီးကိုယ်တိုင် သဘောတူလိုက်သွားခြင်း မဟုတ်သည်ကိုသိ၍ မောင်စိုးဝင်းအား မတရားသွေးဆောင်ခိုးယူမှုအရ ဖမ်းဆီးလိုက်၏။ မောင်စိုးဝင်းလုံးဝ မငြင်းကွယ်၊ ခပ်ပြုံးပြုံးပင် အသာတကြည် အဖမ်းခံခဲ့၏။

တရားသူကြီး၏ အမိန့်ချမှတ်သံပြီးဆုံးချိန်၊ တရားခွင်တစ်ခုလုံး တိတ်ဆိတ်သွားသည်။ ခင်မေချိုသည် အမှတ်မထင် မောင်စိုးဝင်းကို လှမ်းကြည့်လိုက်မိသည်။ ညှိုးငယ်သော မျက်နှာနှင့် သူမကို ပြုံးပြသည်ကို တွေ့လိုက်ရ၍ မျက်နှာလွှဲလိုက်ရသည်။ မျက်နှာလွှဲလိုက်မှ တန်းတိုးရသော မျက်နှာမှာ သူမကို မီးဝင်းဝင်းတောက်မတတ် မျက်နှာဖြင့် စိုက်ကြည့်နေသော မောင်စိုးဝင်း၏ အစ်မဖြစ်သူ၏ မျက်နှာ။

သည်မျက်နှာနှစ်မျိုးကို မျက်စိထဲမှ မထွက်။

"အချစ်နှင့်အမုန်း"

"ခင်ဗျား ဇာတ်လမ်းကြီးကလဲ အားမပါလိုက်တာ၊ ရိုးရိုးစင်းစင်းကြီး၊ ခင်ဗျား အမှုသည်နိုင်တာပဲ၊ ဘာရှုံးတာလဲ၊ ငွေလား၊ သိက္ခာလား"

"မောင်စိုးဝင်းဘက်က ရှေ့နေမငှား၊ အားပြိုင်မှုမရှိတော့ အမှုက ရိုးရိုးစင်းစင်းကြီး ပြီးသွားတာ အမှန်ပဲ၊ ရှုံးတာက နောက်ဆက်တွဲကိစ္စဗျ "ဒီလို ... ဒီလို" ဟု ရှေ့နေဦးကြည်ဝင်းက ဆက်ပြောပြသည်။

အမှုပြီးပြတ်သွား၍ အမှတ်မဲ့နေခဲ့သော်လည်း ပြဿနာရှိ
သည်။ မောင်စိုးဝင်းနှင့် သုံးလေး
ညားခဲ့ရသော ကိုယ်ဝန်က ပေါ်
သည်။ ပထမ ဘာမျှမဖြစ်ဟု ထ
သော်လည်း ကိုယ်ဝန်လက္ခဏာ
လာ၍ မိသားစုတစ်စုလုံး မျက်လုံး
သွားကြသည်။ ဖျက်ချရန် မစဉ်း
ရှောင်လွှဲမရအောင် ဖြစ်ပျက်လာသ
ကို လက်ခံ ရင်ဆိုင်လိုက်ကြ၏။

ခင်မေချိုသည် ကိုယ်ဝ
လာပြီဆိုသည့် အသိကြောင့် မေ့
ပျောက်ပျောက်ထားခဲ့သည့် အကြော
တို့က အစီအရီ ပြန်ပေါ်လာသည်။
ခွင့်ပန်၍ စွဲစွဲလမ်းလမ်း သူ့ကိုချစ်သေ





www.burmeseclassic.com

www.burmeseclassic.com



မောင်စိုးဝင်း၊ သူနှင့်သုံးလေးည ညားခဲ့ရသော မောင်စိုးဝင်းနှင့် အထိအတွေ့ ကိုယ်ဝန်ရှိပြီ၊ မွေးလာလျှင် ကလေး၏ဖခင်မှာ မောင်စိုးဝင်းဖြစ်သည်ဆိုသောအသိ နောက်ဆုံးအမိန့်ချစဉ်က တွေ့မြင်ခဲ့ရသော မောင်စိုးဝင်း၏ ညှိုးငယ်နေသောမျက်နှာနှင့် သူ့ကိုပြုံးပြခဲ့သောအပြုံး ... စသည်တို့က ခင်မေချို့နှလုံးသားအား ရိုက်ခတ်လာလေပြီ။

ခင်မေချို အနေနှင့်လည်း အမှုပြီးခါစ ချုပ်ချယ်မှု ခံနေရသော်လည်း နောက်ပိုင်း လွတ်လပ်စွာ နေထိုင်သွားလာခွင့်ရသွားသည်။ ကိုယ်ဝန်လွယ်ရသော သမီးကိုလည်း စိတ်မဆင်းရဲစေလို၊ တစ်ဦးတည်းသော သမီးဖြစ်သကဲ့သို့ အညွန့်ချိုးခံလိုက်ရသော သမီးဘဝကိုလည်း သနားနေကြသည်။ ထိုသို့နေပါရင်းမှ ခင်မေချို မီးဖွားသည်။ မိန်းကလေး မွေးသည်။ ဘိုးဘွားအချစ်မြေးအနှစ် ဆိုစကားနှင့်အညီ မြေးမလေးကို အချစ်ပိုကြပြန်သည်။ ခင်မေချိုကမူ မောင်စိုးဝင်းကို အမြဲ သတိရနေသည်။ သတိရသလိုပင် ...အကြောင်းကို မောင်စိုးဝင်းဆီ သတင်းစကားပို့ချင်၍ သူငယ်ချင်းတစ်ဦး၏ အကူအညီဖြင့် မောင်စိုးဝင်းအစ်မဖြစ်သူထံ စာရေးပို့ခဲ့၏။

ထောင်ဝင်စာ သွားတွေ့လျှင် မောင်စိုးဝင်းနှင့်ရသော ကိုယ်ဝန်ကို မွေးခဲ့ကြောင်း၊ မိန်းကလေးမွေးကြောင်း၊ ထောင်မှလွတ်လာသည်အထိ သစ္စာရှိရှိစောင့်မည်ဖြစ်ကြောင်း သတင်းစကားပါးလိုက်၏။ နောက်သုံးနှစ်အကြာတွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် မောင်စိုးဝင်းထောင်မှ လွတ်လာ၏။ မိဘအိမ်တွင် ဘယ်မှမထွက်၊ ခြေငြိမ်စွာနေရင်း အစ်မဖြစ်သူ၏ရွာသို့သာ ဘေးဝန်းကျင်မသိအောင် သွားရောက်တိုင်ပင်သည်။ သူငယ်ချင်းများနှင့်လည်း တိတ်တဆိတ် ဆက်သွယ်အကူအညီယူကာ ညဘက်သွားတွေ့၍ အစီအစဉ်ချကြသည်။

နောက်တစ်ကြိမ်တွင် လူတင်ပါ၍ နွားကျားကိုတ်ခံရခြင်းဖြစ်သည်။ ခင်မေချိုကိုယ်တိုင် သမီးငယ်နှင့်အတူ မောင်စိုးဝင်းနှင့် လိုက်သွားသည်။ လိုက်သွားသည့်နေ့၊ လိုက်သွားသည့်နေ့က နောက်တစ်ဦးနှင့် လိုက်ပြေးသည် အထင်ရှိကြသော်လည်း မောင်စိုးဝင်း ထောင်မှလွတ်လာ၍ လိုက်ပြေးသည်ကို သိသွားကြ၏။ ဘာမှမပြောကြတော့၊ သို့သော် ... မြေးမလေးကို အောက်မေ့နေကြသည်။ သို့အတွက် .....

"ဒါပါပဲ ကိုသက် ခင်မေချိုရဲ့ မိဘများက စကားလွန်လွန်တွံ့တွံ့တွေ ပြောမိထားတော့ ကြိတ်မှိတ်ခံနေတယ်။ နောက်ဆုံး မြေးကိုအကြောင်းပြပြီး သမီးနဲ့သမက်ကို အိမ်ပေါ်ခေါ်တင်ရတဲ့ ကိန်းဆိုက်သွားသဗျ"

"ဘယ်မှာရှုံးလို့လဲ ကိုကြည်ဝင်းရ၊ သမီးတစ်ယောက် ရင်းရတာ၊ သမက်ရော မြေးပါရတော့၊ ရှုံးတာမဟုတ်ဘူး မြတ်တာဗျ"

"ဟာဗျာ ... ကိုသက်ကလဲ တရားဥပဒေအရမှာ အနိုင်ရပေမဲ့ နောက်ဆုံးတော့ သမီးရော၊ ဂုဏ်သိက္ခာရော ဆုံးရှုံးသွားတာကို ပြောတာပါဗျာ"

ရှေ့နေဦးကြည်ဝင်းအား
ကျေးဇူးတင်ပါသည်။

**ထသာထမောင်မျိုးသထ**



www.burmeseclassic.com

www.burmeseclassic.com

# ဘယ်ဝယ်ဘယ်ဆီ

သာစည်အောင်တင်





www.burmeseclassic.com

www.burmeseclassic.com



## "ဘတ်ဝတ်ဘတ်ဆီ"

**သာစည်အောင်ထင်**

(၁)

"ငှက်ပျောခြောက်တွေ၊
ပျောခြောက်တွေ၊ တစ်ပိဿာမှ
ကျပ်ရယ်နော် .. စားလို့ကောင်း
.. ဝါးလို့ဆိမ့်တယ် ဗျို့ ..."

"ငှက်ပျောခြောက်တွေ ..
ပျောခြောက်တွေ အိမ်အပြန်လက်
ဆောင် ပေးလို့ကောင်းတယ်၊ သားတွေ
တွေ၊ မြေးတွေ၊ မြစ်တွေ စားလို့ဝါး
ဆိမ့်ကောင်းတယ်။ တစ်ပိဿာမှ
ကျပ်တည်းရယ် တစ်ကျပ်တည်း"

"ငှက်ပျောခြောက်တွေ ..
ပျောခြောက်တွေ .. စားလို့ဝါးလို့
ကောင်းတယ်။ အပျိုစား လူပျိုဝ
ယ်။ လူပျိုစား အပျိုဝတယ်။ ယင်
း ခယားဝတယ်။ မယားစား ယင်ဝ
ယ်"

"ဦးချို(ခေါ်)ဘာဘချို"

မြေလတ်ဒေသ မြို့ကြီးတစ်
မကွေးမြို့၊ ရေဝတီသင်္ဘောဆိပ်
ငှက်ပျောခြောက် ရောင်းနေသည်
ကာလကြာညောင်းခဲ့ပါလေပြီ ...။

"ကိုအောင်ကျော်သန်း"

မကွေးမြို့တွင် တာဝန်ထမ်း
ဆောင်လျက်ရှိပြီး ဘာဘချိုနှင့်အတော်
အတန်ရင်းနှီးမှုဖြစ်ခဲ့ပါသည်။ မကွေးမြို့
သလွန်ဘုရား စောင်းတန်းတလျှောက်
ခုံတန်းများကို အမြောက်အမြားလှူ
ဒါန်းထားပါလေသည်။

"ဒီလိုခုံတန်းတွေ ဦးစီးပြီး
လှူထားတာ ဘာအတွက်ကြောင့် လှူ
တာလဲဗျ။ နာမည်ကောင်းရအောင်လို့
လားဟင်"

"ဟာ ... ဘာဘချိုကလဲဗျာ
လုပ်တော့မယ်၊ အသက်အရွယ်ကြီးသူ
တွေ မောပန်းတတ်သူတွေ ဘုရားပေါ်
တက်တဲ့အခါ နားရအောင်လို့ပေါ့ဗျာ။
နိဗ္ဗာန်ကိုရည်မှန်းတဲ့ အလှူဒါနပါဗျာ"

"တော်တော်ကုန်မှာပဲ
ဩော် ... ခုံတန်းတွေက အများကြီးဆို
တော့လေ .."

"နှစ်သောင်းကျော်
လောက် ကျပါတယ်ဗျ။ ဘာဘချိုရ"

"နှမြောစရာကြီးနော် ငွေ
သားနှစ်သောင်းကြီးများ တောင်မှပဲ"

"ဘာဘချိုရယ် .. နိဗ္ဗာန်မရ
မီစပ်ကြား သံသရာမှာ အထောက်အပံ့
ပေါ့ဗျာ"

ကျုပ်တော့ .. အခုကိုပဲ အ
ရေးကြီးတယ်လို့ ထင်တာပဲဗျာ"

"ဩော် ... ဘာဘချိုရယ်"

"တစ်နေ့"

တစ်သက်တာ မေ့လို့မရ
သည့်နေ့တစ်နေ့ ဖြစ်ခဲ့ပါသည်။ ကို
အောင်ကျော်သန်းသည် မြစ်စဉ်တစ်
လျှောက်မြို့များသို့ တာဝန်နှင့်သွားရန်
ရှိသဖြင့် သင်္ဘောအပေါ်ထပ်ဦးခန်း၌
သင်္ဘောထွက်ချိန်ကိုစောင့်ရင်း ကို ငေး
.. ဒီငေး .. ငေးလို့နေမိပါလေ သည်။
ထိုစဉ်အခါတွင်

"ငှက်ပျောခြောက်တွေ ..
ငှက်ပျောခြောက်တွေရမယ်၊ တစ်
ပိဿာမှ တစ်ကျပ်တည်း တစ်ကျပ်
တည်းရယ်"

"ဩော် .. ဘာဘချိုတစ်
ယောက် ငှက်ပျောခြောက် ရောင်းနေ
တုန်းပါပဲလား"

ကိုအောင်ကျော်သန်း၏
စိတ်ထဲမှ အမှတ်မထင် သတိပြုမိသလို
လိုရှိလိုက်ပါသည်။

"တစ်ပိဿာငါးမူး .. တစ်ပိ
ဿာ ငါးမူး လျှော့ဈေးလျှော့ဈေး -



www.burmeseclassic.com

www.burmeseclassic.com



ငှက်ပျောခြောက်တွေနော်"

သဘော်တွက် ချိန်နီးနေပြီ ဒါတောင် ဘဘချိုစျေးရောင်းနေတုန်း ပဲပဲလား ...!

ဘဘချို၏အသံ နားထဲသို့ စူးစူးဝါးဝါး ဝင်လာသဖြင့် ကိုအောင်ကျော်သန်း သတိပြုမိလိုက်ခြင်းပါ။

"တူတူ .. တူတူ .. တူတူ ..."

"ငှက်ပျောခြောက်တွေရမယ် တစ်ပိဿာမှ တစ်မတ်တစ်မတ်တည်းရယ် .. အထူးလျှော့စျေးနဲ့ ရမယ်နော်"

အိုး ... သဘော်ထွက်ဖို့ ဥသြတောင် ဆွဲနေပြီ ဘဘချို တစ်ယောက် စျေးရောင်းနေတုန်းပါပဲလား ..."

ဘဘချို၏အသံကို ကြားလို့ နေရပြန်ပါသေးသည်။

"အင်း .. တစ်ပိဿာတစ်ကျပ်ကနေ ငါးမူး၊ နောက်တစ်ခါ တစ်မတ်တဲ့ ဘယ်လိုပါလိမ့် .. အင်းလေ သူ့အကြောင်းနဲ့သူ ရှိမှာပေါ့ .."

ဤသို့ အမှတ်မထင် ကိုအောင်ကျော်သန်း ရုတ်တရက် အတွေးဝင်လိုက်မိပါလေသည်။

"တူတူ .. တူတူ .. တူတူ .."

သဘော်သည် ဆိပ်ခံသမ္ဗန်မှ ထွက်ခွာစပြုပါလေပြီ။

"ငှက်ပျောခြောက်တွေရမယ် ငှက်ပျောခြောက်တွေရမယ်"

"အိုး .. ဘဘချိုတစ်ယောက် မဆင်းသေးပါလား"

> "ဟယ် ..
> ငှက်ပျောခြောက် အဘိုးကြီး
> မြစ်ထဲကျသွားပြီ"

ကိုအောင်ကျော်သန်းသ[...]
အပြေးအလွှား တွေးလိုက်မိပါ[...]
သည်။

"တူတူ .. တူတူ .. တူ[...]
.."

"ဟယ် .. ငှက်ပျောခြော[...]
အဘိုးကြီး မြစ်ထဲကျသွားပြီ"

"ဟာ .. စျေးသည်ကြီး[...]
ထဲကျသွားပြီလား"

"ခါတိုင်းလဲ အခုလိုမျိုး[...]
ပြီးကူးနေကြပဲလား"

"ဟုတ်တယ် .. အခုဟာ[...]
ဆိပ်ခံပေါ်က ငှက်ပျောခွံပေါ် ခြေထ[...]
ချော်ပြီးတော့မှ ရေထဲကျသွားတာ"

ခရီးသည်တို့ တစ်ယော[...]
တစ်ပေါက်ပြောကြဆိုကြ နေကြ[...]
လေတော့သည်။ သဘော်သားတို့[...]
လည်း အသက်ကယ်ဘောကွင်းေ[...]
ပစ်ချပေးလေသည်။ ဘောကွင်းေ[...]
သုံးလေးကွင်းလောက် ပစ်ချပေး[...]
လေ။ ဘဘချိုကိုမူကား ရှာလို့မေ[...]
တော့ပါ။

"ဟော .. ဟိုမှာ .. တို[...]
.."



www.burmeseclassic.com

www.burmeseclassic.com





"ဘယ်မှာလဲ .. ဘယ်မှာလဲ .."

"လူတော့မဟုတ်ဘူး"

"လူမဟုတ်ရင် ဘာလဲဟ"

"ဟိုမှာ ဟိုမှာ အဘိုးကြီးရဲ့ပိသာလေးကြီး ရေပေါ်မှာ ပေါ်ပေါ် .. ပေါ်ပေါ် .. မျောနေတယ်ဗျ .."

"ဟေ"

"ဟဲ .. ဗျာ .."

"ဟုတ်ပါ့ဗျာ .."

ခရီးသည်တို့၏ ဆူညံဆူညံ အသံများ။ ဘဘချိုကိုကား ရှာမတွေ့တော့။ မန်ကျည်းသားနှစ်ကို ဆေးနှတ်သုတ်ထားသည့် ပိသာလေးကြီးမှာကား ဘယ်ဝယ်ဘယ်စီ မျောလေဦးမည်မသိ။ ဦးချို (ဝါ) ဘဘချိုသည် ဘယ်ဝယ်ဘယ်ဆီ ရောက်လေသည်မသိ။

"ပြစ်မှု"

ဘဘချို၏ မကောင်းသည့် ပြစ်မှု (တစ်နည်း) စားသုံးသူအပေါ်မှ ခိုးမှုသည် နောင်သံသရာခံရမည့်အရေးကား မည်သို့မသိရပါသော်လည်း လူ့ဘဝ .. လူ့လောကတွင်မှု သေဆုံးသွားပြီဖြစ်၏။ နောက်ပိုင်းတိုင်အောင် ...

"သူခိုးကြီး"

ဤသို့ အမှတ်ထင်ထင် သမိုင်းဝင်ခဲ့ပါလေတော့သည်။ သတိသံဝေဂ ယူရမည်သာဖြစ်ပါသည်။

**သာစည်(အောင်ထင်)**



www.burmeseclassic.com

www.burmeseclassic.com



# သိမ်းလဲလိုက်မယ် ချန်မထားနဲ့

မောင်မောင်(ပီတောက်မြိုင်)



www.burmeseclassic.com

www.burmeseclassic.com



## သစီးလဲလိုက်မယ် ချန်မထားနဲ့

**မောင်မောင်(ဝိတောတ်မြိုင်)**

ရွှေတိဂုံစေတီတော်မြတ် ဦးပေါ်က ရင်ပြင်ရှိဇရပ်တစ်ဆောင်ပင် သည်။ ရဲအုပ်လှမြင့်(ငြိမ်း)တို့ ဇနီး မောင်နှံ စေတီတော်မြတ်ကြီးအား တ်ယာရစ်ပတ်လျက် ဖူးမြော်ပြီး ပ်ပေါ်တွင် အနားယူနေကြသည်။

ဇနီးသည်ကတော့ လက်ဆွဲ တ်ထဲမှ စိပ်ပုတီးလေးကိုထုတ်ယူ ၏၊ ဘုရားအားအာရုံပြု၍ ပုတီးစိပ် သည်။ ဦးလှမြင့်ကတော့ ဘုရားရင် ပေါ်တွင် ဥဒဟို သွားလာနေကြ ာ ဘုရားဖူးညေ့်သည်များကို ငေး ည့်နေမိသည်။ ဘုရားဖူးညေ့်သည် းတ စုံလှသည်။ အမျိုးသားတွေ ည်းပါသည်။ တချို့က မိသားစု၊ ချို့က စုံတွဲတွေလည်း ပါသည်။ ဦး မြင့်၏ စိတ်အစဉ်တို့က တည်ငြိမ်မှု ဟိုရောက်၊ ဒီရောက် ဖြစ်နေသည်။

"အဖေကြီး ဘုရားကိုအာရုံ ပြီး ပုတီးလေးဘာလေးစိပ်ဦးလေ ာ့ပုတီး"

ဇနီးဖြစ်သူက သူ့လက်ဆွဲ အိတ်ထဲမှ ပုတီးကြီးကိုထုတ်ယူပေး လိုက်သည်။ ဦးလှမြင့်က ပုတီးကိုလှမ်း ယူလျက် ခတ်ညည်းညည်းလေး ပြော လိုက်သည်။

"အေးကွာ၊ ဘုရားဖူးတွေ သွားလာနေကြတာကြည့်ပြီး မိငယ်တို့ သားအမိကို သွားသတိရမိတယ်၊ သူတို့ သားအမိလဲ ဘယ်ရောက်နေကြလဲမ သိဘူး၊ ဒီလောက်ဆိုရင် ဘေဘီအောင် ရွှေလေးလဲ အတော်ကြီးရော့ပေါ့လို့ တွေးနေမိတာပါ"

"အလိုတော် ... ရှင့်မလဲ ပေါက်ပေါက်ရှာရှာ၊ ဘာတွေစဉ်းစားနေ တာလဲ။ ဘုရားပေါ်မှာ ဘုရားတရားကို အာရုံပြုမှပေါ့"

"အေးပါကွာ၊ တစ်ခါတ လေတော့လဲ လူ့စိတ်ဆိုတာ အခက် သားကွ၊ စိတ်ကိုထိန်းကျောင်းရတာ မ လွယ်ပါဘူး။ အတွေးထဲ အမှတ်မထင် တာတွေ ဝင်လာတတ်တယ်"

"ဒါကြောင့် စိတ်ကိုတည် ငြိမ်သွားအောင် ဘုရားတရားကို အာရုံ ပြုပြီး ပုတီးစိပ်ပါလို့ ပြောတာပေါ့"

ဇနီးမောင်နှံနှစ်ယောက် စကားအချေအတင်ပြောနေစဉ်မှာပဲ ဦး လှမြင့်၏ မြင်ကွင်းထဲသို့ အမျိုးသမီး နှစ်ဦး လျှောက်လှမ်းလာသည်ကို တွေ့ လိုက်ရသည်။ တစ်ဦးက အမေအရွယ်၊ နောက်တစ်ဦးက သမီးအရွယ်။ ဦးလှမြင့် အာရုံစူးစိုက်ကြည့်နေမိ သည်။ အမျိုးသမီးနှစ်ဦးက နီးသထက် နီးလာသည်။

"အမေကြီး တိုမှာကြည့် စမ်း၊ ဘုရားကြီးတို လက်ယာရစ် လျှောက်လာတဲ့ အမျိုးသမီးနှစ်ဦးဟာ အသက်ကြီးကြီးအမျိုးသမီးက မိငယ် နဲ့မတူဘူးလား။ အကယ်၍ မိငယ်သာ ဖြစ်ရင် အငယ်ကောင်မလေးဟာ ဘီ ဘေအောင်ရွှေဖြစ်နိုင်တယ်"

"အမယ်လေးတော် ... ရှင့် မလဲ၊ ကြံကြံဖန်ဖန် ဟို ... နှစ်ပေါင်းနှစ် ဆယ်ကျော်လောက်က ကိစ္စတွေ ပြန် စဉ်းစားနေပြန်ပြီ။ ကျွန်မက မျက်စိလဲ သိပ်မကောင်းတော့ ဘာမှမသိတော့ပါ ဘူး။ ရှုပ်ရှုပ်ယှက်ယှက်၊ ဘာမှလဲ မစဉ်း စားချင်ပါဘူး"

"အမေကြီး ငါသွားမေး ကြည့်ချင်တယ်ကွာ"

"အလိုတော် ရှင့်မလဲ အ လုပ်မရှိအလုပ်ရှာ စပ်စပ်စုစု၊ တော် တော်ကြာ ကျော်မကောင်းကြားမ ကောင်းတွေဖြစ်ကုန်ပါဦးမယ်။ ကိုလှ



www.burmeseclassic.com

www.burmeseclassic.com



မြင့်ရယ် အေးအေးနေစမ်းပါ"

"ဘာမှမဖြစ်ပါဘူးကွာ ရိုးရိုးသားမေးကြည့်တာပဲဟာ"

"တဲ ... မိငယ်တို့ဟုတ်ပါပြီတဲ့ ရှင့်အတွက်ဘာအကျိုးတွေဖြစ်လာမှာလဲ။ ရှင်ဟာလေ ရဲစိတ်ကိုမကုန်ချင်သေးဘူး။ မေးချင်ရတာနဲ့၊ စမ်းချင်ရတာနဲ့ ဘာမှန်းမသိဘူး"

ဇနီးသည်၏ စကားမဆုံးခင်မှာပဲ ဦးလှမြင့်ထိုင်ရာမှထလျက် ဇရပ်ပေါ်ကဆင်းသွားသည်။ အမျိုးသမီးနှစ်ယောက်ကလည်း ဇရပ်နှင့်မနီးမဝေးသို့ ရောက်လာကြပြီးဖြစ်သည်။ ဦးလှမြင့်က အမျိုးသမီးနှစ်ဦးနှင့် မျက်နှာချင်းဆိုင်ရပ်လိုက်သည်။

အမျိုးသမီးနှစ်ဦး ကြောင်အမ်းအမ်းဖြစ်သွားသည်။ ဦးလှမြင့်က အပါးကင်းစွာဖြင့် စကားစလိုက်သည်။

"စိတ်မရှိနဲ့နော် တစ်ခုလောက်မေးချင်လို့ပါ"

"ဟုတ်ကဲ့ ... မေးပါရှင့်"

အမေအရွယ်အမျိုးသမီးက သွက်လက်စွာဖြေသည်။ သမီးအရွယ် အမျိုးသမီးလေးကတော့ ငေးစိုက်ကြည့်နေသည်။

"ဒီလိုပါ မိန်းကလေးက တို့သိဖူးခဲ့တဲ့ မိငယ်ဆိုတာများ ဖြစ်နေသလားလို့"

"ရှင် ... "

အမျိုးသမီးက "ရှင်"တစ်လုံးသာပြောပြီး ဦးလှမြင့်ကို မျက်မှောင်ကြုတ်လျက် စိုက်ကြည့်နေသည်။ အတန်လေးကြာမှ သူ့အသံထွက်လာသည်။

"ဟုတ်ပါတယ်၊ ကျွန်မနာမည်မိငယ်ပါ။ ဒါပေမဲ့ ဦးလေးကြီးကို ကျွန်မ မသိဘူးရှင့်၊ ဘာကိစ္စရှိလို့လဲ၊ ဦး[...] လေးကြီးက ဘယ်သူလဲ"

"အေး ... ဟုတ်ပြီ၊ ဟု[...] ပြီ။ ညည်းမိငယ်ဆိုတာ မှန်သွားတေ[...] တို့ဝမ်းသာသွားပြီ။ ဒါဆို ဟောဒီသ[...] လေးကလဲ ဘေဘီအောင်ရွှေပေါ့။ [...] နာမည်က လှမြင့်၊ တစ်ရုံရောအခါတု[...] က သဃ်န်းကျွန်းရဲစခန်းမှူး။ အ[...] တော့ အငြိမ်းစားရဲအုပ် လှမြင့်ပေါ့[...]

"ဟယ် ... တိုက်တိုက်ဆ[...] ဆိုင်၊ ဝမ်းသာလိုက်တာ ဆရာရ[...]





www.burmeseclassic.com

www.burmeseclassic.com



မိငယ်ဆရာ့ကို မမှတ်မိတာခွင့်လွှတ်ပါ။ ဆရာကဆံပင်တွေကလဲတစ်ခေါင်းလုံး ဖွေးသွားပြီး မျက်နှာကလဲ နည်းနည်းချောင်သွားသလို ဖြစ်နေတော့ အဘိုးကြီးရုပ်ပေါက်သွားလို့ပါ ဆရာရယ်။ ဒီလိုပြောမိတာ မိငယ်ကိုစိတ်မရှိပါနဲ့ ဆရာရယ်။ မိငယ်တောင်းပန်ပါတယ်"

မိငယ်က သူ့ထုံးစံအတိုင်း သွက်သွက်လက်လက် ပွင့်ပွင့်လင်းလင်း ပြောချလိုက်သည်။ တစ်ဆက်တည်းမှာပဲ ...

"သမီးလေး ... ဒါ အမေတို့သားအမိရဲ့ ဆပ်မကုန်နိုင်တဲ့ ကျေးဇူးရှင်ပါပဲ၊ လာ ... ထိုင်ကန်တော့ရအောင်"

မိငယ်က ပြောပြောဆိုဆို ကျုံ့ကျုံ့လေးထိုင်ချလိုက်သည်။ သမီးလေးဘေဘီအောင်ရွှေကတော့ ဘာဆိုရမှန်းမသိ၊ ကြောင်အမ်းအမ်းဖြစ်နေသည်။ ဦးလှမြင့်က လက်ကလေးကာလျက် ...

"နေဦးမိငယ် မကန်တော့နဲ့ဦး။ ဟိုမှာ နင့်အန်တီအုန်းလဲပါတယ်။ အဲဒီကျမှ ကန်တော့ချင်လဲကန်တော့၊ စကားတွေလဲ တဝကြီးပြောရအောင်၊ လာလိုက်ခဲ့"

ဦးလှမြင့်က ဇနီးသည် ဒေါ်တင်အုန်းရှိရာ ဇရပ်ပေါ်သို့ မိငယ်တို့သားအမိအား ခေါ်လာခဲ့သည်။

✸✸✸

"အမေကြီး ဒီမှာကြည့်စမ်းပါဦး။ မိငယ်မှမိငယ်အစစ်ကွ။ ဟောဒါက ဘေဘီအောင်ရွှေလေးတဲ့ကွ။ သမီးလေးကလဲ ရုပ်ချောလေးဟေ့"

ဦးလှမြင့်က သူ့မှန်းဆချက် မှန်တန်သွားသဖြင့် အားရပါးရ ပြောချလိုက်သည်။ ဇနီးသည် ဒေါ်တင်အုန်းလည်း အံ့အားသင့်သွားခဲ့ရသည်။

"တုတ်ဖို့တော် မိငယ်တို့သားအမိကို အခုလိုမမျှော်လင့်ဘဲ တွေ့လိုက်ရတာ အရမ်းဝမ်းသာတာပဲ။ ဦးလှမြင့်က ညည်းကိုမြင်လိုက်တာနဲ့ တူပါတယ်ဆိုပြီး အန်တီတားနေတဲ့ကြားက အတင်းလိုက်မေးတာ"

"မိငယ်ကဆရာ့ကို မမှတ်မိဘူးဖြစ်နေတာ အန်တီရဲ့။ ဆရာက ခေါင်းကလဲဖွေးနေအောင် ဖြူနေတယ်။ နည်းနည်းလည်းပိန်သွားတော့ အဘိုးကြီးရုပ်ပေါက်နေတယ်လေ။ ဒီလိုပြောလိုက်လို့စိတ်မရှိပါနဲ့နော် အန်တီ"

"စိတ်မရှိပါဘူးအေ၊ ဒါက လူတိုင်းကြုံတွေ့ရမယ့် ဇရာရဲ့သဘောပဲဟာ။ ဟိုတစ်နေ့ ဥပုသ်နေ့ကတောင် ဆရာတော်ကဟောလိုက်သေးတယ်။ ဒီရုပ်၊ ဒီခန္ဓာကြီးဖြစ်လာရင် ဘယ်တော့မှမမြဲဘူးတဲ့၊ တစ်နေ့ပျက်ရမှာပဲတဲ့၊ ဖြစ်ပြီးရင်ပျက်တဲ့သဘောဟာ အမြဲရှိတယ်တဲ့။ ခန္ဓာရလာရင် ဇရာ၊ ဗျာဓိ၊ မရဏဆိုတာ ကပ်ပါလာစမြဲတဲ့ လှုပနေခြင်း

> "သမီးလေး ... ဒါ အမေတို့သားအမိရဲ့ ဆပ်မကုန်နိုင်တဲ့ ကျေးဇူးရှင်ပါပဲ၊ လာ ... ထိုင်ကန်တော့ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



သည့် အကျည်းတန်ဖို့တဲ့ နုပျိုနေခြင်း ဟာလဲ အိုမင်းရင့်ရော်ဖို့တဲ့။ နောက်ဆုံး အသက်ရှင်နေခြင်းဟာလည်း သေဖို့ အတွက်သာဖြစ်တယ်တဲ့။

မိငယ်နှင့်ဘေဘီအောင်ရွှေ တို့ သားအမိနှစ်ယောက်ကတော့ ဒေါ်တင်အုန်း၏ သံဝေဂတရားစကားတွေကို သဘောကျ၊ ငေးစိုက်နားထောင်နေကြသည်။

ဦးလှမြင့်က ဘေဘီအောင်ရွှေကို အသေအချာကြည့်လိုက်သည်။ မိငယ်နှင့်ဘာမျှမဆိုင်၊ တသွေးတမွေးဖြစ်သည်။ မျက်လုံး မျက်ဝန်း၊ ကိုယ်လုံးကိုယ်ထည် အသားအရေကအစ မိန်းမကောင်းတို့၏ အင်္ဂါရုပ်နှင့်အကျုံးဝင်သည်ဟု ဆိုရပေမည်။ ခေတ်၏ သမီးပျိုလေးပီပီ ဝတ်စားဆင်ယင်မှုကလည်း ရိုးရိုးယဉ်ယဉ်လေးနှင့် မြန်မာဆန်သည်။ ပါတိတ်အကောင်းစားကို အထက်အောက်ဆင်တူဝတ်ထားသည်။ အဝါရောင်အောက်ခံတွင် အညိုရောင်ပန်းပွင့်လေးများ ဖေါက်ထားသည်။ သူ့အသားအရေနှင့်လိုက်ဖက်လှသည်။ဆံပင်ကို တစ်ပတ်လျှိုလေးထုံးထားသည်။ ဆံနွယ်လေးများကို ဝဲဘက်ပခုံးပေါ်မှ



ကျော်လျက် ရင်အုံလေးပေါ်သို့ ချထားသည်။ မယဉ်မရိုင်း ထင်တိုင်းလှနေသည်ဟု ဆိုရပေတော့မည်။

"သမီးလေး ဘေဘီအောင်ရွှေကတော့ အံသြလောက်အောင်ကို ထူးခြားနေတယ်။ လှလဲလှနေတယ်။ မိငယ်နဲ့တော့ တခြားစီပဲဟေ့"

ဦးလှမြင့်က ဘေဘီအော[...] ရွှေကို ချီးကျူးလိုက်သည်။ သို့[...] လည်း မိငယ်ကိုတော့ နှိမ်သလို[...] သွားသည်။

"ထူးခြားတာပေါ့ [...]

www.burmeseclassic.com



ရယ်။ မိငယ်ဘဝက ကြမ်းတမ်းခဲ့ပါတယ်။ မိငယ် ငယ်စဉ်ဘဝကပင် မိဘတွေဆုံးသွားကြတယ်။ သူများခြေကြိုခြေကြားမှာပဲ ကြီးပြင်းခဲ့ရတယ်။ လမ်းပေါ်မှာစား၊ လမ်းပေါ်မှာအိပ်၊ လမ်းပေါ်မှာနေဘဝမျိုးဆိုပါတော့ ဆရာရယ်၊ ယောကျ်ားရတော့လဲ လမ်းပေါ်ကထောင်နဲ့ပဲ ညားခဲ့ရတာပေါ့ ....။

"သူက ဒုစရိုက်သမားဆိုတော့ မိငယ်လဲ ဒီစရိုက်နယ်ထဲမှာပင် ကျင်လည်ခဲ့ရတာပေါ့။ သူကကျွန်မအရင်ထောင်ထဲရောက်သွားတယ်လေ။ သူ့အတွက်မိငယ် အပြင်မှာအတော်ရုန်းကန်ခဲ့ရပါတယ်။ ထောင်ဝင်စာတစ်ခေါက်သွားတွေ့ရင် သူ့အတွက်စားဖို့သောက်ဖို့ ဝယ်ခြမ်းသွားဖို့ ရှာရဖွေရတာ ဘယ်လွယ်မလဲ။ ဗိုက်ကြီးတကားကားနဲ့ ရှာရင်းဖွေရင်းနဲ့ပဲ နောက်ဆုံး မူးယစ်ဆေးဝါးမှုနဲ့ ဆရာတို့ရဲ့စခန်းရောက်ခဲ့ရတယ်။ အဲဒီအမှုနဲ့ပဲ ထောင်ကျခဲ့ရတယ်လေ..."

ကျွန်မက ထောင်ထဲအဝင် သူက ထောင်က အထွက်ဆိုတော့ ကျွန်မ အလှည့်ရောက်တော့ သူက လှည့်တောင် မကြည့်တော့ပါဘူး။ ထောင်ဝင်စာတောင် တစ်ခါမှလာမတွေ့ပါဘူး။ နောက်မိန်းမယူသွားတယ် ကြားတာပဲ။ ယောကျ်ားတွေများ တော်တော် ကြောက်စရာကောင်းပါတယ် ဆရာရယ်။ ကြော် ... ကြော် ... ကန်တော်နော်ဆရာ၊ အဲဒီလို ယောကျ်ားမျိုးထဲမှာ ဆရာတော့ မပါပါဘူး"

ကျွန်မ အလှည့်ရောက်တော့ သူက လှည့်တောင်မကြည့်တော့ပါဘူး။ ထောင်ဝင်စာတောင် တစ်ခါမှလာမတွေ့ပါဘူး။ နောက်မိန်းမယူသွားတယ် ကြားတာပဲ။ ယောကျ်ားတွေများ တော်တော် ကြောက်စရာကောင်းပါတယ် ဆရာရယ်။

မိငယ်က သူ့စကားလွန်သွားသလိုဖြစ်သွားသဖြင့် ဦးလှမြင့်ကိုအားတုံ့အားနာဖြစ်ကာ တောင်းပန်သည်။ ဦးလှမြင့်ကတော့ ရယ်ကျဲကျဲလုပ်နေသည်။

"ဒါထက် မိငယ်တို့သားအမိ ရုန်းကန်ခဲ့ရပုံလေး ပြောပြပါဦး"

"ပြောရမှာပေါ့ ဆရာရယ်။ မိငယ်ထက ပြောပြချင်နေတာပါ။ ဆရာတို့ကျေးဇူးတွေက မိငယ်တို့သားအမိအပေါ်မှာ ဆပ်မကုန်နိုင်အောင် ရှိနေပါတယ်။ ဆရာတို့ကို အမြဲသတိရနေဖို့ သမီးလေးနာမည်ကိုတောင် ဆရာမှည့်ပေးလိုက်တဲ့ ဘေဘီအောင်ရွှေလို့ပဲ အခုအထိမှည့်ထားခဲ့ပါတယ်"

"သိပ်ကောင်းတာပေါ့ကွာ"

"မိငယ်တို့သားအမိ ရုန်းကန်ခဲ့ရတာကတော့ ပြောရရင် အရှည်ကြီး ပဲဆရာရယ်။ မိငယ်ကို ဆရာတို့ရဲ့စခန်းက မူးယစ်ဆေးဝါးမှုနဲ့ တရားစွဲတင်လိုက်တဲ့အမှုနဲ့ မိငယ် ထောင်ငါးနှစ်ကျသွားတာ ဆရာမှတ်မိဦးမှာပေါ့"

"ဘယ်မေ့နိုင်ပါ့မလဲ မိငယ်ရယ်၊ ညည်းကို စီရင်ချက်ချမယ့်နေ့က

www.burmeseclassic.com



ရက်သားမျှသာရှိသေးတဲ့ ဘေဘီအောင်ရွှေလေးကို ညည်းတရင်ခွင်မှာပိုက်ပြီး တရားသူကြီးအလာကို စောင့်နေရတယ်။ အပြစ်မဲ့တဲ့ လူမမယ်ဘေဘီအောင်ရွှေလေးကတော့ ဘာမှမသိရှာဘူး။ ညည်းရင်ခွင်မှာ အိပ်မောကျနေတယ်…"

"ဒီမြင်ကွင်းကို မြင်နေရတဲ့ တို့တစ်တွေကတော့ ရင်ထဲမှာမကောင်းကြဘူး။ အဲဒီတုန်းက စီရင်ချက်ချမယ့် တရားသူကြီးကလဲ အမျိုးသမီးဖြစ်တယ်။ စီရင်ချက်ချခါနီးမှာ ညည်းတို့သားအမိကိုကြည့်ပြီး မျက်နှာမကောင်းရှာဘူး။ တရားသူကြီးက တစ်ချက်ပဲမေးတယ်"

BURMESE CLASSIC .com

"ဒီအမှုနဲ့ပတ်သက်လို့ အပြစ်ရှိပါသလား"ဆိုတော့ ညည်းက

"အပြစ်ရှိပါတယ်"

"တရားသူကြီးက "ထောင်ငါးနှစ်ကျစေ"ဆိုတဲ့အမိန့်ကို ခပ်မြန်မြန်ဖတ်ပြီး တရားခွင်ကခပ်မြန်မြန်ဆင်းသွားတယ်လေ။ ညည်းတို့သားအမိကို ထောင်ပို့ခါနီးမှာ တရားသူကြီးက ကလေးအတွက်ဆိုပြီး ငွေသုံးထောင်ပေးလိုက်သေးတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ၊ မိငယ်တို့သားအမိ ကံကောင်းတယ်လို့ဆိုရမှာပါ။ တရားသူကြီးကလဲ ကရုဏာရှိတယ်။ ဆရာတို့ရဲတပ်ဖွဲ့ မိသားစုကတော့ ပြောဖွယ်ရာ မရှိတော့ပါဘူး။ ကလေးအတွက်ရော မိငယ်အတွက်ပါ လိုလေသေးမရှိအောင် ကူညီကြတယ်။ စောင့်ရှောက်ကြတယ်။ မိငယ်ဘဝအတွက် ဝမ်းသာရပါတယ်။ မိငယ်ကျူးလွန်မိခဲ့တဲ့ ပြစ်ဒဏ်အတွက် လဲ ကျေကျေနပ်နပ်ကြီး ပေးဆပ်သွားဖို့ ဆုံးဖြတ်ထားပါတယ်။ ဒါပေမဲ့ ဆရာ လောကကြီးအကြောင်း ဘာမှမသိသေးတဲ့ သမီးလေးကို မိငယ်နဲ့အတူ ထောင်ထဲခေါ်သွားရမှာကိုတော့ ဝမ်းနည်းလို့ မဆုံးပါဘူး ဆရာရယ်။ ဒါကြောင့် သမီးလေးကို မိငယ်လိုဘဝမျိုး မရောက်ရလေအောင် ကြိုးစားသွားမယ်လို့ဆုံးဖြတ်ထားပါတယ် …"

"သမီးလေးအတွက်ကိုလဲ စိတ်မကောင်းပါဘူး။ ညည်းရဲ့ဆုံးဖြတ်ချက်ကိုတော့ ချီးကျူးပါတယ်။ ဒါနဲ့ ညည်းတို့သားအမိ ထောင်ထဲမှာဘယ်လောက်ကြာခဲ့သလဲ"

"ပြစ်ဒဏ်ကငါးနှစ်ဆို
မဲ့ လျှော့ရက်တွေရယ်၊ ထောင်ထဲ
စည်းကမ်းတကျနေထိုင်မှုတို့အတွ
လေးနှစ်ကျော်ကျော်ပဲ နေခဲ့ရပါတယ်

"ညည်းထောင်ကထွ
လာတော့ ဘေဘီအောင်ရွှေ
တော်တော်ကြီးပြီပေါ့"

"သူမွေးပြီး ရက်ပိုင်း
တွင်းမှာပဲ ထောင်ထဲဝင်ခဲ့ရတယ်
တော့ ထောင်ကထွက်လာတော့ သူ
သက်ကလေးနှစ်ကျော်ခဲ့ပြီပေါ့။ သ
လေးဘဝက အဆိုးထဲကအကော
လို့ပဲ ဆိုရမှာပေါ့။ ထောင်ထဲမှာလဲ မူ
သဘောစာသင်ပေးတာရှိပါတယ်
သမီးလေးက ပါရမီလို့ပဲဆိုရလေမလာ
မသိဘူး။ ဉာဏ်ကောင်းတယ်။ စာ
တော်တယ်။ သင်ပြတဲ့ဆရာ၊ ဆရာ
တွေကလဲ ချီးကျူးကြတယ်၊ ချစ်
ချစ်ကြတယ် …"

"မိငယ်တို့ထောင်ကထွ
လာတော့ အတော်လေးဒုက္ခရော
သေးတယ်။ လိုင်သာယာက အသိ
ယောက်အိမ်မှာ ကပ်နေရတယ်။
ကျေးဇူးကြောင့်ပဲ မြို့နယ်အမျိုး
ရေးရာအဖွဲ့နဲ့ အဆက်အသွယ်ရ



www.burmeseclassic.com

www.burmeseclassic.com



ယ်။ မိငယ်က စက်ချုပ်တတ်တော့ ထည်ချုပ်စက်ရုံတစ်ရုံမှာ သွင်းပေး တယ် ...”

“မိငယ်တို့သားအမိအ တ် အသက်ရှူချောင်သွားပြီလို့ ဆိုရ ပေါ့။ မိငယ်အလုပ်ကို ကြိုးစားပါ ယ်။ အထက်လူကြီးတွေကလဲ င့်ရှောက်ကြပါတယ်။ သားအမိနှစ် ာက် အိပ်ခန်းလေးတစ်ခန်း ငှားနေ ပါတယ်။ သမီးလေးကို ကျောင်း တော့လဲ အတန်းတိုင်းမှာ ပထမ ည်းပဲရတယ် ဆရာ”

“သမီးလေးက သိပ်တော် တလား၊ မိငယ် မွေးရကျိုးနပ်တာ ပဲ”

“ဟုတ်ပါတယ် ဆရာရယ် ်ရုံကလူကြီးတွေကလဲ သဘောကျ ကျောင်းစရိတ်ကအစ ထောက်ပံ့ တယ်။ နောက်ဆုံးတော့ သမီးလေး တက္ကသိုလ်က ဥပဒေဘွဲ့ဆိုလားရ ယ်။ အခုမြို့နယ်ဥပဒေအရာရှိ ာင် ဖြစ်နေပြီဆရာရဲ့”

“ဟာ ... ဒါထက်ဝမ်းသာစ ကောင်းတာ ဘယ်ရှိတော့မလဲ၊ အလွန်

ရမ်းဝမ်းသာတယ်ကွာ။ မိငယ်ရဲ့ရှည် မှန်းချက်က အတော်အောင်မြင်သွားပြီ ပေါ့”

မိငယ်တို့ဖြစ်စဉ်ကို ကြား လိုက်ရသည့် ဦးလှမြင့်အဖို့ မယုံကြည် နိုင်လောက်အောင်ပါပဲ။ အခုဖြင့် မိငယ် တို့သားအမိက လက်တွေ့ပြတိုက်ကြီး မို့ ဦးလှမြင့်ပီတိတွေဖြာခဲ့ရသည်။ လူ့ ဘဝရဲ့တစ်ဆစ်ချိုး အလှည့်အပြောင်း ဟာလည်း မထူးဆန်းပေမဲ့ အံ့ဩစရာ တစ်ခုလို့တော့ မှတ်ယူရမှာဖြစ်ပါသည်။

ဟုတ်ပေသည်။ လူဆိုတာ သတိနှင့်အသိကပ်မိသွားရင် အောင် မြင်မှုပန်းတိုင်ဆိုသည်မှာ မဝေးဘူးဆို တာ မိငယ်တို့သားအမိက လက်တွေ့ပြ သလိုက်ခြင်းဖြစ်ပေသည်။

“ဆရာ စကားပြောလို့လဲ ကောင်းပါတယ်၊ ကျွန်မတို့သားအမိ လိုင်သာယာအထိပြန်ရမှာမို့ ခွင့်ပြုပါ ဦး”

“အေးကွယ် ... နောင်များ လည်း ပြန်ဆုံကြသေးတာပေါ့”

ဦးလှမြင့်၏ စကားအဆုံးမှာ တော့ မိငယ်နှင့်ဘေဘီအောင်ရွှေတို့ သားအမိနှစ်ယောက် ပုဆစ်တုပ်ထ လေးတွေထိုင်လျက် ဦးလှမြင့်တို့ ဇနီး မောင်နှံအား လက်အုပ်ကလေးများချီ လျက် ကန်တော့ကြသည်။ ပြီးနောက် ဇရပ်ပေါ်မှ ဆင်းသွားကြသည်။

မိငယ်နှင့်ဘေဘီအောင်ရွှေ တို့ ဝေး၍ဝေး၍သွားကြပြီဖြစ်သည်။ ဦးလှမြင့်၏ အတွေးစတို့ကလည်း ဟို

မိငယ်တို့သားအမိက လက်တွေ့ပြတိုက်ကြီးမို့
ဦးလှမြင့်ပီတိတွေဖြာခဲ့ရသည်။
လူ့ဘဝရဲ့တစ်ဆစ်ချိုး အလှည့်အပြောင်းဟာလည်း
မထူးဆန်းပေမဲ့ အံ့ဩစရာ တစ်ခုလို့တော့
မှတ်ယူရမှာဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## "အမယ်လေး ဒုက္ခပါပဲ၊ မူးယစ်ဆေးဝါးအမှုက တရားခံက မိငယ် ကလေးမွေးချလိုက်ပြီ။ လုပ်ကြပါဦး"

... အဝေးဆီ အတိတ်ကာလသို့ ရောက်သွားခဲ့သည်။

✹✹✹

ဦးလှမြင့် တာဝန်ကျသည်က ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းရဲစခန်း စခန်းမှူးဖြစ်သည်။ ရဲစခန်းကို ပြန်လည်ပြုပြင်နေသော ကာလဖြစ်သဖြင့် ရုံးခန်းများဖွဲ့စည်းနိုင်ခြင်း မရှိသေး။ စခန်းမှူးအတွက် ရုံးခန်းများ ပင်မရှိသေး၍ စားပွဲတစ်လုံးနှင့် သင့်တော်သလို ဆောင်ရွက်နေရခြင်းဖြစ်သည်။

တစ်နေ့တော့ ညနေခင်းတွင် ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ဒုစရိုက်နှိမ်နင်းရေးအဖွဲ့က အမျိုးသမီးတစ်ဦးကို ဆေးခြောက်ငါးဝိဿာနှင့်အတူ လာရောက်အပ်နှံသည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဥပဒေပုဒ်မအရ အမှုဖွင့်လိုက်ရသည်။

တရားခံဖြစ်သူ အမျိုးသမီးလေးက အသက်နှစ်ဆယ်ခန့်ရှိမည်။ ထူးခြားသည်က နေ့စေ့၊ လစေ့ မွေးလုမွေးခါနီး ဗိုက်ကြီးတကားကားဖြင့် ဖြစ်သည်။ စခန်းမှူးရဲအုပ်လှမြင့် စိတ်ပူသွားခဲ့ရသည်။ ဒီရက်အတွင်း မွေးဖွားချလိုက်ပါက ဒုက္ခ။ ရဲစခန်းရုံးခန်းအတွင်း အကာအရန်ကလည်းမရှိ။ အမျိုးသမီးအချုပ်ခန်းလည်း မရှိသဖြင့် သင့်တော်သည့်နေရာတွင် အမျိုးသမီးရဲတပ်ဖွဲ့ဝင်တစ်ဦး အစောင့်ချ၍ ထား[...]ရသည်။

ဒီရက်အတွင်း ဒီကလေး[...] ဒီဗိုက်ကြီး မမွေးပါစေနဲ့လို့ စခန်းမှူး[...] အုပ်လှမြင့် ဆုတောင်းခဲ့ရသည်။ ဒါ[...]မဲ့ ဦးလှမြင့် ဆုတောင်းမပြည့်ခဲ့ပါ။

✹✹✹

"အူဝဲ .... အူဝဲ .... အူဝဲ"

"အမယ်လေး ဒုက္ခပါပဲ၊ မူး[...] ယစ်ဆေးဝါးအမှုကတရားခံက မိငယ်[...] ကလေးမွေးချလိုက်ပြီ။ လုပ်ကြပါဦး"

အစောင့် တာဝန်ချထား[...] သော ရဲဒုတပ်ကြပ် နီနီစိန်၏ ပျာပျာ[...] လဲအော်သံဖြစ်သည်။ နီနီစိန်က အ[...] အရွယ်လေးဆိုပြန်တော့ ရှက်ကိုးရှ[...] ကန်းဖြင့် ဘာလုပ်၍ဘာကိုင်ရမှန်းမ[...] ဖြစ်နေသည်။

"မိငယ်ကတော့ လုပ်[...] လိုက်ပြီကွာ ဗိုက်နာရင်လဲ စောစော[...] စီးပြောပေါ့၊ ဆေးရုံပို့သင့်ရင် ပို့ရမှာပေ[...] အခုတော့ကွာ တယ်ခက်ပါလား။ [...] ကောင် အောင်နိုင်စခန်းမှူးနဲ့ တာဝန်[...] မှူးကို အမြန်သတင်းပို့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့[...]



www.burmeseclassic.com

www.burmeseclassic.com



အထွေထွေ တာဝန်ကျ ရဲအုပ်သားသော်နိုင်က စခန်းဝင်းအပြင်ဘက် ပြေးထွက်လိုက်သည်။

"ဟော့ကောင် နေဦး၊ နေဦး။ စခန်းမှူးကတော်နဲ့ နီးစပ်ရာအိမ်ထောင်သည် အမျိုးသမီးတွေကိုလဲ တစ်ခါတည်းခေါ်လာခဲ့ကွာ"

ရဲစာရေးကြီး၏ အမိန့်ပေးချက်အရ အထွေထွေတာဝန်ကျ ရဲတပ်သားအောင်နိုင် အပြေးထွက်သွားသည်။ ရဲတပ်သားအောင်နိုင်၏ အော်ကြီးဟစ်ကျယ် ပျာပျာသလဲ ပြောသံကြောင့် တစ်လိုင်းလုံး လှုပ်လှုပ်ရွရွဖြစ်သွားသည်။

ရဲစခန်း ရုံးခန်းအတွင်းမှာလည်း အလုပ်ရှုပ်နေကြသည်။ မိငယ်ကတော့ တမံတလင်းကြမ်းပြင်ပေါ်တွင် ခွေခွေလေး။ ကလေးကတော့ အပြင်ရောက်နေပြီဖြစ်သည်။ ချက်ကြိုးက တန်းလန်းကြီးရှိသေးသည်။ သွေးသံတွေ တရဲရဲ၊ မြင်မကောင်း ရှုမကောင်း။ ကလေးငိုသံက ရပ်သွားသည်။

ခဏအကြာတွင် စခန်းမှူးရဲအုပ်လှမြင့်နှင့် တာဝန်မှူးဒုရဲအုပ်အောင်ရွှေတို့ ရောက်လာသည်။ စခန်းမှူးကတော် ဒေါ်တင်အုန်းနှင့် အမျိုးသမီး တစ်သိုက်လည်း ရောက်လာကြသည်။ အကာအရံမရှိ မြင်ကွင်းကြီးဆိုတော့ ကြည့်ရမြင်ရတာ အတော်ဆိုးလှသည်။

"ဟဲ့ ... ဟဲ့ ... ဒီအတိုင်းထားလို့ ဘယ်ဖြစ်မလဲ၊ လူမြင်မကောင်း၊ သူမြင်မကောင်းနဲ့ အကာအရံလေးတော့ လုပ်ပေးဦးမှပေါ့"

စခန်းမှူးကတော် ဒေါ်တင်အုန်းပြောလိုက်မှပင် အမျိုးသမီးတချို့ အိမ်ပြန်ပြေးကြသည်။ စောင်ကန့်လန့်ကာနှင့် လုံချည်အဟောင်းအနွမ်းများ ယူလာကြသည်။ ပိုင်းဝန်းဆောင်ရွက်ပေးမှုကြောင့် မိငယ်အတွက် လုံခြုံသောမီးနေခန်း(မွေးခန်း) လေးဖြစ်သွားခဲ့သည်။ မကြာခင်မှာပဲ မြို့နယ်ရဲတပ်ဖွဲ့မှူးကြီးကတော်လည်း ရောက်လာသည်။

"ဟဲ့ .. ချက်ကြိုးကြီးကလဲ တန်းလန်းကြီးရှိပါသေးလား။ ကလေးငိုသံလဲ မကြားဘူး။ ဒီအတိုင်းထားလို့ ဘယ်ဖြစ်မလဲ။ နည်းနည်းပါးပါး လုပ်တတ်ကိုင်တတ်တဲ့သူ မရှိဘူးလား"

"ရှိပါတယ် မမ၊ ဒုတပ်ကြပ်သန်းဦး မိန်းမက သားဖွားသင်တန်းတက်ဖူးပါတယ်။ သူ့ကိုသွားခေါ်နေပါတယ်"

မကြာခင်မှာပဲ ဒုတပ်ကြပ်သန်းဦးမိန်းမ ထွေးရီရောက်လာသည်။ ထွေးရီက မီးနေခန်း(မွေးခန်း) အတွင်းသို့ အပြေးဝင်လာသည်။ အသင့်ပါလာသော ဘရိတ်ဓားကို မီးပြပြီး

"ဟဲ့ .. ချက်ကြိုးကြီးကလဲ တန်းလန်းကြီးရှိပါသေးလား။
ကလေးငိုသံလဲ မကြားဘူး။
ဒီအတိုင်းထားလို့ ဘယ်ဖြစ်မလဲ။ နည်းနည်းပါးပါး
လုပ်တတ်ကိုင်တတ်တဲ့သူ မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com





ကလေးချက်နှင့်နှစ်လက်မအကွာခန့်မှ ချက်ကြိုးဖြတ်ချလိုက်သည်။ အဖျား တွင်အပ်ချည်ကြိုးသန့်သန့်ဖြင့် ချည် ထားလိုက်သည်။ မိငယ်ကိုယ်အတွင်းမှ အချင်းကျလာရန်လည်း ဆောင်ရွက် ပေးလိုက်သည်။

"အူဝဲ ... အူဝဲ ... အူဝဲ"

ထွေးရီမျက်နှာပြုံးသွား သည်။ ကလေးငိုသံကြောင့် မိငယ် လည်းမျက်လုံးလေးဖွင့်လာသည်။

"ဆရာမ ... ဆရာမ ကျွန် မ ကလေးက ယောကျ်ားလေးလား၊ မိန်းကလေးလားဟင်"

"အမယ်လေး အခုမှပဲ အ သံကြားရတော့တယ်။ မိန်းကလေးရှင့် မိန်းကလေး။ ချစ်လဲ ချစ်စရာလေး တော့"

ထွေးရီက အားရဝမ်းသာ ပြောလိုက်ခြင်းဖြစ်သည်။

"ကျွန်မကတော့ ယောကျ်ားလေးပဲဖြစ်ဖြစ်၊ မိန်းကလေး ပဲဖြစ်ဖြစ် ချစ်မှာပါ"

"ဟော့ ... မိန်းကလေးဆို ရင် တစ်ခါတည်း နာမည်ပေးလိုက် မယ်။ ဒီနေ့ တာဝန်မှူးကျတာက ဒုရဲ အုပ် အောင်ရွှေဖြစ်တဲ့အတွက် သမီး လေးနာမည်ကို ဘေဘီအောင်ရွှေလို့ပဲ ပေးလိုက်မယ်"

စခန်းမှူး ရဲအုပ်လှမြင့်၏ ကင်ပွန်းတပ်၊ မင်္ဂလာ ကြေညာသံဖြစ် သည်။ အားလုံးက သဘောကျလျက် လက်ခုပ်တီး ရယ်မောလိုက်ကြသည်။

✸✸✸

တရားခံမိငယ်ကလေးမွေး ဖွားပြီးသွားပြီဖြစ်သည်။ မိခင်ရောက လေးပါ ကျန်းမာလျက်ရှိသည်။ တစ် ကောင်ကြွက်မိငယ်ကို မည်သူတစ်ဦး တစ်ယောက်ကမျှလာရောက်မေးမြန်းမရှိ ခင်ပွန်းဖြစ်သူကလည်း ထောင်ထဲ ရောက်နေသည်။

ဒါပေမဲ့ သူ့ရဲ့အတိတ်ကံအ ရိပ်က ကောင်းခဲ့လို့ပဲ ဆိုရပေမည် သဃ်္ဃန်းကျွန်းရဲစခန်း မိသားစုက အ ကြင်နာတရားဖြင့် ဝိုင်းဝန်းစောင့် ရှောက်ကြသည်။ အားပေးကြသည် လူကြီးအတွက် အဝတ်အစား၊ က လေးအတွက် အဝတ်အစားနှင့် အနှီး ပိတ်ကအစ အလျှံပယ်ဖြစ်နေသည် ဆေးဝါးနှင့်ကလေးအတွက် အသုံး ဆောင်ပစ္စည်းများကလည်း သူတစ်ခုငါ တစ်ခုဖြင့် ပြည့်စုံနေတော့သည်။

ရီမန်ရက်အတွင်း သဃ်္ဃန်း ကျွန်းရဲစခန်းမှာပင် ထားခွင့်ပြုရန် အ



www.burmeseclassic.com

www.burmeseclassic.com





တတ်အဆင့်သို့ တင်ပြချက်အရ ဆေးရုံကျွန်းရဲစခန်းမှာပင် ထားခွင့်ရသဖြင့် မိငယ်အတွက် အနေအစားအဆင်ပြေသွားသည်။ စခန်းမှူးရဲအုပ်လှမြင့်၏ မေတ္တာစေတနာပင်ဖြစ်သည်။

ရီမန်ရက် ကုန်ဆုံးသွားပြီဖြစ်သည်။ မိငယ်အမှုကို တရားရုံးသို့ တရားစွဲတင်ခဲ့သည်။ တရားရုံးအချုပ်ဖြစ်သွားသဖြင့် မိငယ်တို့သားအမိ အင်းစိန်ထောင်အချုပ်သို့ ပါသွားလေတော့သည်။

✱✱✱

ဒီနေ့ မိငယ်အမှုကို စီရင်ချက်ချမည်ဖြစ်သည်။ မြင်ကွင်းက ရင်နှင့် စရာကောင်းလှသည်။ တရားခွင့်ရှေ့ တရားခံများအတွက် သတ်မှတ်ထားသော ဝက်ခြံလေးထဲတွင် မိငယ်က ထိုင်နေသည်။ ရက်သားမျှသာရှိသေးသော သမီးငယ်လေးကို ရင်ခွင်ထဲတွင် ပိုက်ထားသည်။ အမျိုးသမီးရဲတပ်ဖွဲ့ဝင် တစ်ဦးက ဝက်ခြံလေးနားမှရပ်လျက် စောင့်ကြည့်နေသည်။ မိငယ်အား မည်သူတစ်ဦးတစ်ယောက်မျှ မေးမြန်းသူ အားပေးသူမရှိ။ မိငယ်က သမီးလေးကိုပိုက်လျက် ညှိုးငယ်စွာဖြင့် တရားသူကြီးအလာကို စောင့်နေရသည်။

တရားသူကြီးတရားခွင်ပေါ်သို့ ရောက်လာပြီဖြစ်သည်။ အားလုံးမတ်တတ်ရပ်ကြရသည်။ မိငယ်လည်း သမီးလေးကိုပိုက်လျက် မတ်တတ်ရပ်ရသည်။ တရားသူကြီးထိုင်မှ မိငယ်အပါအဝင် အားလုံးထိုင်ကြသည်။

တရားသူကြီး၏ စီရင်ချက်အမိန့်က တိုတိုနှင့်လိုရင်းပင်ဖြစ်သည်။ "ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ်ငါးနှစ်ကျခံစေရန်" ဖြစ်သည်။

မိငယ်က သမီးလေးကို ကျစ်ကျစ်ပါအောင်ဖက်ထားသည်။ အံကိုတင်းတင်းကြိတ်ထားသည်။ သမီးလေးမျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ မျက်ရည်ပေါက်တို့က ပါးပြင်နှစ်ဖက်ပေါ်သို့ စီးကျနေပြီဖြစ်သည်။

ဩော် ... အပြစ်ရှိသူတစ်ယောက်က သူ့မိုက်ပြစ်အတွက် အကျဉ်းထောင်သို့သွားရသည်မှာ ဓမ္မတာပင်ဖြစ်သည်။ သို့သော်လည်း အပြစ်မဲ့သူ ဘေဘီအောင်ရွှေလေးကတော့ မိခင်နှင့်အတူ အကျဉ်းထောင်သို့လိုက်သွားရပေဦးမည်။ ရင်နင့်စရာကောင်းလှပါတကား။

အချုပ်ကားကြီးက စတင်ရွေ့လျားလျက် တဖြည်းဖြည်း၊ ဝေး၍ဝေး၍သွားခဲ့ပြီ ဖြစ်သည်။

**ရဲအုပ်လှမြင့်(ငြိမ်း)သို့**
**အမှတ်တရ**
**ဆောင်ဆောင်(ဗိုလ်ထောင်မြို့)**



www.burmeseclassic.com

www.burmeseclassic.com



# နှစ်ကားပေါင်း
# တစ်ကျပ်

မောင်ဆွေ(တောင်ငူ)





www.burmeseclassic.com

www.burmeseclassic.com



**နှစ်ထားပေါင်းတစ်ထျပ်**

**မောင်ဆွေ(တောင်ငူ)**

အိတ်ကပ်ထဲမှ ဖုန်းမြည်သံ ကြောင့် ဆိုင်ကယ်ကို ဘေးအသာချ ၍ စက်ကိုသတ်ကာ ဖုန်းနံပါတ်ကို ကြည့်လိုက်၏။

မြန်မာ့အလင်း သတင်း ထောက် ကိုသူရထံမှ ဆက်သွယ်ခြင်း ---

“ဟယ်လို .. ကိုသူရ .ရေ ..မိန့်ရှိပါခင်ဗျာ”

အချိန်က နံနက်(၉)နာရီ ..ဉ်ခန့်ရှိပေပြီ။ ကျွန်တော်ရောက်ရှိ ..သောနေရာက တောင်ငူမြို့၏ ..ြာက်ဘက် မိုင်တိုင်အမှတ် ၁၇၈အ ..(ရန်ကုန်-မန္တလေးကားလမ်း) သစ် ..ာပျိုးဥယျာဉ် ရှေ့နားလောက်တွင် ..ဖြစ်၏။

“အစ်ကို ရေ .. ဘယ် ..ာက်နေလဲဗျ။ အမှတ်(၂)စခန်းမှာ ..သတ်မှုတစ်မှုရှိဆိုလို့ ရပ်ကွက်(၆) ..မှာ ဖြစ်တာလို့ပြောတယ်”

“ဟင် .. ဟုတ်လား .. ရပ် ..ွက်(၆)ဆိုတာ ကျွန်တော်နေတဲ့ ရပ် ..ွက်ပဲဗျ။ ဘာသံမှ မကြားရပါလား။ မှားများနေသလားပဲ။ မနက်ကတော့ (၂)စခန်းကိုဝင်ဖို့ ရည်ရွယ်ပြီးမှ က လပ်စစ်ကအပြန် မဝင်တော့ဘဲ ရေတာ ရှည်ဘက်မှာ အလုပ်တစ်ခုရှိလို့ တန်း ပြီးထွက်လာခဲ့မိတာ”

“သတင်းက တိကျတယ် အစ်ကိုရ။ အခု ကျွန်တော်တို့စခန်းထဲ ရောက်နေကြပြီ။ အစ်ကို လာခဲ့ပါ လား”

“အေးဗျာ .. ခင်ဗျားတို့ပဲ သွားကြပါတော့။ ကျွန်တော်က ဒီဘက် ရောက်နေပြီ။ ကန်ရိုးကို ကျော်လာပြီ။ ကြံတောနား ရောက်တော့မှာဆိုတော့ ပြန်မလှည့်တော့ပါဘူး။ ညနေကျမှပဲ သတင်းဝင်ယူတော့မယ်။ ကျေးဇူးပဲ ကို သူရရေ”

“ဟုတ်ကဲ့ အစ်ကို .. ဟုတ် ကဲ့ .. ဒါဆို ဒါပဲနော်”

“ဟုတ်ကဲ့ပါဗျာ ...”

“ဟူး ... ငါတော်တော်ညံ့ပါ လား”

အခါတိုင်းဆိုလျှင် မနက်မိုး လင်း မျက်နှာသစ်ပြီးသည်နှင့် လက် ဖက်ရည်ဆိုင်သို့ အလျင်သွား၏။ လက် ဖက်ရည်ဆိုင်၌ လူပေါင်းစုံတို့ထံမှ ရသ မျှသတင်းစကားများကို စနည်းနာ၏။ ထို့နောက် အရေးပါသော သတင်းဖြစ် ပါက ရဲစခန်းနှင့်သက်ဆိုင်လျှင် ရဲစခန်း သို့ တစ်လက်စတည်း သတင်းအတည် ပြုရင်း နယ်မြေသတင်းကို ထပ်မံစုံစမ်း ထောက်လှမ်းနေကြမြဲ။ ဒါ .. ကျွန် တော်၏ နေ့စဉ်ပုံမှန် လှုပ်ရှားဆောင် ရွက်မှုပင်။

ယခုနေ့ကျမှ ရေတာရှည် ဆည်မြောင်းတွင် အလုပ်လက်ခံထား သော အလျားပေ(၆၀)၊ အနံ(၁၃)ပေ ရှိ နံရံဆေးရေးပန်းချီကားအတွက် ခင် မင်သူကိုပေါနှင့်တွဲဖက်ကာ အလုပ် လုပ်သည့် နေရာဌာနသို့ ဦးစားပေးသွား ရောက်နေရသည်ဖြစ်၍ သွားရောက် ဆောင်ရွက်နေကျမြဲ အလုပ်တာဝန် တစ်ခုကို ပေါ့ပေါ့တန်တန် သဘော ထားလိုက်မိသည့်အကျိုးက သတင်း နောက်ကျခြင်းဟူသော ဆိုးကျိုးအဖြစ် ကို လက်တွေ့ကြုံရလေပြီ။

ယခင်အချိန်ကာလများ တုန်းကတော့ တောင်ငူတွင် မှုခင်း သတင်းထောက်ဟူ၍ မိမိတစ်ယောက် တည်း ပြိုင်ဘက်မရှိ၊ ရှိသောပြိုင်ဘက် သည်လည်း သူ့အလိုလို ခြေရာပျောက် သွားကြမြဲ။

ယခုတော့ ထိုသို့မဟုတ်ပြီ



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ပွင့်လင်းလာသော သတင်းမီဒီယာခေတ်နှင့်အညီ ဂျာနယ်၊ သတင်းစာတိုက်များမှာ မိုးတွင်းကာလပေါက်သော မှိုများသဖွယ် အပြိုင်အဆိုင် အမြောက်အမြား မရေတွက်နိုင်အောင် ပေါ်လာကြသည့်နည်းတူ ဂျာနယ်တိုက်၊ သတင်းစာတိုက်များမှ မွေးထုတ်လေ့ကျင့်ပေးလိုက်သော သတင်းသမား လူငယ်ကလေးများမှာလည်း စက်ရုံမှထုတ်လိုက်သော ပလတ်စတစ်အရုပ်များသဖွယ် အပြိုင်းအရိုင်း ပေါ်ရာကြသည်ဖြစ်ရာ စာရေးသူတို့မြို့၌ သတင်းသမား (၁၀)ဦးထက်မနည်း တိုးလာခဲ့လေပြီ။

ငယ်ရွယ်နုပျိုသော လတ်ဆတ်တက်ကြွသော လူငယ်သတင်းသမားများပီပီ လက်စွမ်းကလည်း အလွန်ပြကြပြီး တစ်ဦးနှင့်တစ်ဦးလည်း အပြိုင်အဆိုင် ကြိုးစားကြသည်ဖြစ်ရာ သတင်းတစ်ပုဒ်ရပြီဆိုလျှင် ထိုသတင်းဇာစ်မြစ်ရှိရာဌာနသို့ ထန်းလျက်ခဲအားဝိုင်းအုံသော ပုရွက်ဆိတ်အမည်းများသဖွယ် သူ့ထက်ငါဦးအောင် စုပြုံတိုးဝှေ့ရောက်ရှိနေတတ်ကြပြီး သတင်းဦးသတင်းထူးတို့အား ၎င်းတို့ကအင်တာနက်များနှင့် ချိတ်ဆက်ကာ မိခင်သတင်းဌာနသို့ EMAIL များဖြင့် အလျင်အမြန် ပို့ကြလေတော့၏။ နည်းပညာ၏အစွမ်းကား အံ့မခန်းလောက်ပါပေ၏။ ကမ္ဘာ့အရှေ့ဖျားမှ သတင်းအား ကမ္ဘာ့အနောက်ဖျားသို့ EMAIL ဖြင့် စက္ကန့်ပိုင်းအတွင်း သယ်ဆောင်ဖြန့်ကြက်ပေးနိုင်သည် ဖြစ်ရကား သတင်းကိုထမင်းသဖွယ် သဘောထားကြသော စပ်စပ်စုစု စေ့စေ့ငုငု သိလိုကြသည့် သတင်းလူသား ပြည်သူများအတွက် လွန်စွာတန်ဖိုးရှိလှသော သတင်းအချက်အလက်များကို အချိန်တိုအတွင်း သိရှိခွင့်ရကြလေပြီ။ သို့ရာတွင် သတင်းဦးသတင်းထူးတို့ ထုံးစံအတိုင်း မပြည့်စုံသော မှားယွင်းသော သတင်းအချက်အလက်များ မကြာခဏ ဖော်ပြမိတတ်ကြသဖြင့် ကြာတော့လည်း သတင်းထောက် လက်သစ်အချို့မှာ သန့်ရှင်းရေး ဆန်ခါပေါက်မှ ခြေကျွံကျသွားပြီး သတင်းလောကမှ တဖြည်းဖြည်းမေးမှိန် ပျောက်ကွယ်သွားကြပေပြီ။

ကျွန်တော်ကတော့ ထိုကလေးများနှင့် နှိုင်းစာလျှင် သတင်းမီဒီယာလောကတစ်ခုတည်း၌ အစိကကျင်လည်သူဟုတ်ဘဲ ဝတ္ထုရေးသားခြင်းဟူသော စာပေအနုပညာ လု… များအား ဦးစားပေးလိုက်ကိုင်… ဖြစ်သည့်အပြင် ဆယ်စုနှစ်တစ်… ကျော်လွန်လာပြီဖြစ်သော စာပေ… လမ်းပေါ်၌ မလွှဲသာမရှောင်သာ… တွေ့လာရသော မီဒီယာလောက၏… တက်လာမှု အပြောင်းအလဲတွင် သ… ရိုးကျ လျှောက်နေကျလမ်းမှပြော… အကွက်ပြောင်း ကစားရသော အ… ကစားသမား တစ်ဦးပမာ ဂျာန… သတင်းသမားဘဝကို တစ်ဆင့်တ… နေ့စဉ် ပုဂ္ဂလိက မီဒီယာသမားတ… အဖြစ်လည်းကောင်း၊ ရေးလက်စ… စာပေများကို ခပ်ကျဲကျဲဆက်လက်… သား၍၎င်း အသွင်ပြောင်းခဲ့ရသ… ဖြစ်ရာ လူငယ်သတင်းသမား ကို… ကိုဇေယျာကို၊ ကိုကျော်စွာ၊ ကိုဇော်… ကိုဇော်ဝင်းချစ်တို့နှင့် မကြာခဏဆုံ… လို အတူဆုံ သတင်းရယူ ဖြစ်ခဲ့သည်… ခင်မင်မှု၊ လေးစားမှု၊ ယုံကြည်မှုများ… ပြန်အလှန် ရစ်ပတ်နှောင်တွယ်မိခဲ့… သည်ဖြစ်၍ သတင်းကောင်းလျှင် … သူရကာ အမြဲလို ဆက်သွယ်တွဲခေါ်… ရှိ၏။

ယခုလည်း ကျွန်တော်… လိုက်ရသော လူသတ်မှုသတင်းတ…

www.burmeseclassic.com



ဆက်သွယ်သတင်းမျှဝေပေးလေ
သို့ရာတွင် လူသတ်မှုသတင်းသည်
င်းသမားအတွက် တန်ဖိုးရှိသည်
သတင်းစာအခင်းအကျင်း၌ စာ
သူရင်ထဲသို့ စေ့စေ့ငုငု ပေးပို့နိုင်ခွင့်
သော အနေအထားဖြစ်၍ မှုခင်း
ယ်များနှင့်သာ လိုက်လျောညီထွေ
ဝေဝေဆာဆာဖော်ပြခွင့်ရသော
တန်းသတင်း (အဖိုးတန်သတင်း)
န်းအစားဖြစ်သည်ဟု ကျွန်တော်
ကိုယ်ပိုင်အယူအဆ ( သတင်းအ
အတန်းခွဲခြားမှု အတတ်ပညာ၊ အ
ညာ)ကြောင့် ညနေအလုပ်သိမ်း
အိမ်ပြန်ရောက်တော့မှ သွားတော့
မည်ဟု ဆုံးဖြတ်ချက်ချလိုက်၏။

"ဘာတဲ့လဲ အစ်ကို"

"လူသတ်မှုဖြစ်လို့တဲ့ ကိုပေါ်ရေ။ ဒီကနေ့ လက်ဖက်ရည်ဆိုင်သွားတာ အဲ့ဒီ ဒေါက်တာကိုကြီး လမ်းဆုံကပါပဲဗျာ။ ဘာသတင်းမှ မသိခဲ့ဘူး။ ခါတိုင်းရဲစခန်းကို ဝင်နေကျ။ ဒီနေ့ကျမှ ကံဖယ်ချင်တော့ ရဲစခန်းကိုမဝင်ဘဲ ရေတာရှည်ကို တန်းထွက်လာတာ။ သူများပြောမှသိရတယ်။ အဟဲ ... သွားမယ်ဗျာ။ ဆိုင်ကယ်ပေါ်တက်"

ကိုပေါ်အား မိမိ၏ညံ့ဖျင်းအားနည်းချက်ကို အရှက်ပြေပြောရင်း ဆိုင်ကယ်ပေါ်တင်ကာ (၂)ယောက်သား ရေတာရှည်သို့ ဆိုက်ရောက်ခဲ့ကြ၏။

◇◇◇◇◇

"အစ်ကို – ထမင်းစားနား ကြမယ်"

"တောင်းပြီလေ။ သွားကြတာပေါ့။ နေဦးဗျ ဖုန်းလာနေတယ်"

နံရံဆေးရေး ပန်းချီများကို ရေးဆွဲနေကြရင်းမှ နေ့လယ်(၁၂)နာရီ ထိုးပြီဖြစ်၍ ထမင်းစားနားကြရန် ကိုပေါက ကျွန်တော့်အား စကားစလိုက်ချိန်နှင့်တိုက်ဆိုင်စွာ တယ်လီဖုန်းမြည်လာ၍ ဖုန်းလက်ခံနားထောင်လိုက်၏။

မြို့မရဲစခန်းမှူး ဒုရဲမှူးတင်ဝင်း၏ဖုန်းပင် ..

"ဟယ်လို .. ရဲမှူးအမိန့်ရှိပါခင်ဗျာ"

"သတင်းထောက်ကြီးကို သတင်းပေးမလို့၊ ဒီမှာဗျာ လူသတ်မှုဖြစ်တာ တရားခံမိပြီဗျ။ အဲဒါ စခန်းကို လာခဲ့ဦး "

"ဟုတ်ကဲ့ ရဲမှူး လာခဲ့ပါ့မယ်။ ညနေကျရင်လာခဲ့မယ်"

"အိုကေ အိုကေ ညနေကျရင် ရဲတပ်ဖွဲ့နေ့ညခံပွဲလဲ လာခဲ့ဦး။ ကျူပ်တပည့်တွေကို ဖိတ်စာတော့ပို့ခိုင်းထားတယ်။ ဒါပေမဲ့ ဖိတ်စာရောက်

---

"လူသတ်မှုဖြစ်လို့တဲ့ ကိုပေါ်ရေ။ ဒီကနေ့ လက်ဖက်ရည်ဆိုင်သွားတာ အဲ့ဒီ ဒေါက်တာကိုကြီး လမ်းဆုံကပါပဲဗျာ။ ဘာသတင်းမှမသိခဲ့ဘူး။ ခါတိုင်းရဲစခန်းကို ဝင်နေကျ။ ဒီနေ့ကျမှ ကံဖယ်ချင်တော့ ရဲစခန်းကိုမဝင်ဘဲ ရေတာရှည်ကို တန်းထွက်လာတာ။ သူများပြောမှသိရတယ်။ အဟဲ ... သွားမယ်ဗျာ။ ဆိုင်ကယ်ပေါ်တက်"

www.burmeseclassic.com



ရောက်၊ မရောက်ရောက် လာခဲ့ဗျာ”

“ဟုတ်ကဲ့ပါရဲမှူး ဟုတ်ကဲ့ ဒါနဲ့ တရားခံက အမှတ်(၂)ရဲစခန်းက အမှုက မဟုတ်ဘူးလားရဲမှူး”

“မဟုတ်ဘူးဗျို့ ကိုဆွေရဲ့။ အမှတ်(၂)က ဒီကနေ့မနက် သန်း ခေါင်ကျော်လင်းအားကြီးချိန်မှာ အရင် ဖြစ်တာ။ ကျုပ်တို့မြို့မရဲစခန်းက အခု (၁၀)နာရီလောက်မှ ရုံးဝါကြီး(ခရိုင်ရုံး) ထောင့်ဗျာ .. စစ်တောင်းတံတားထိပ် ကယ်ရီဂိတ်မှာ နောက်ထပ်သတ်သတ် ဖြစ်တာ”

“ခရိုင်ရုံးမှာ အစည်းအဝေး လုပ်နေကြတုန်း ကမန်းကတန်းပြေးရ တာဗျာ .. လူကိုစိတ်ညစ်သွားတာပဲ”

“ဟာ .. ဒါဆို အောက်တို ဘာ(၁)ရက်နေ့ရဲ့ တပ်ဖွဲ့နေ့ကို တောင် ငူက မှတ်မှတ်ရရဖြစ်သွားအောင် လူ သတ်မှု တစ်နေ့တည်း (၂)မှုနဲ့ကြိုဆို လိုက်တာပေါ့ ဟုတ်လား ရဲမှူး ..”

“အေးဗျာ .. အဲဒီလိုဖြစ်နေ ပြီ။ လူတွေကလည်း ခက်တယ်ဗျာ။ သွေးဆူတဲ့လူတွေဆိုတော့ အထိန်းရ သိပ်ခက်တာကိုး ... အခုတော့ပြီးသွား ပါပြီ။ အမှုကြီးတက်လာတာဆိုတော့ လူကြီးရှေ့မှာ မျက်နှာမလှဘူးပေါ့ဗျာ”

“ကောင်းပါပြီ ရဲမှူးရေ ကျွန်တော်ညနေ လာခဲ့ပါ့မယ်။ အခုလို ဖိတ်ကြားတာ ကျေးဇူးပဲဗျာ”

မြို့မစခန်းမှူး ဒုရဲမှူး[...] ဝင်းအား ကျေးဇူးတင်စကား တ[...] ပြောကြားလိုက်၏။ ညနေမိုးချုပ်[...] ရဲတပ်ဖွဲ့နေ့ ညစာစားပွဲ သွားရ[...] တော့မည်။

✧✧✧✧✧

“ဟော ရောက်လာပါပြီ[...] သူများတွေပြောမှ သိရတဲ့သတ[...] ထောက် ... သူဘာမှသိတာမရှိ[...] ခုလည်း ညကဖြစ်တဲ့လူသတ်မှု[...] သူ့လမ်းနားမှာဖြစ်တာ။ အခင်းဖြစ်[...] ရာကိုလဲဖြတ်ပြီး မနက်စောစော[...] လက်ဖက် ရည်သွားသောက်သေး[...] တဲ့။ ဒါတောင်မှ သူမသိဘူး။ တ[...] သတင်းထောက်တွေက မနက်[...] စောစီးစီး လာသွားပြီးပြီ။ ခင်ဗျာ[...] ခုညနေမှလာတယ်”

ရဲစခန်းထဲသို့ ဝင်လိုက်သ[...] နှင့် အမှတ်(၂)နယ်မြေ စခန်းမှူးရဲ[...] အေးဖော်က ကျွန်တော့်အား ထူး[...] ပြောင်မြောက်သော ဂုဏ်ပုဒ်များ[...] ဘေးလူများကြားအောင် အော်[...] ဟစ်ကျယ် ပြုံးရွှင်သောမျက်နှာ[...] ဖြင့် ရယ်ကာမောကာ ပြောဆိုချီး[...] ထောမနာပြုရင်း နှုတ်ခွန်းဆက်သ[...]





www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အား လွန်စွာအ ...မကြီးသော စခန်းမှူးမောင်းကွဲကြီး ...သတည့် ...

✧✧✧✧✧

"အပြစ်ပြောလည်း ခံရမှာ ...ဆရာရေ့ ခုဟာတောင် သတင်း ...ထာက် ကိုသူရပြောလို့ သိရတာ။ ဒါ ...တ်ဆရာ ရဲနှစ်ပတ်လည် ညော်ခံပွဲမ ...ပ်ဘူးလား"

"ဟောဗျာ .. ခင်ဗျား မသိ ...လား၊ မနက်ကပြီးသွားတယ်။ အဲဒါ ...ကြောင့် ခင်ဗျားကိုကျုပ်ပြောတော့ လွန် ...ယ်တဲ့၊ ခင်ဗျားသတင်းထောက်လုပ် ... ဘာသိတာရှိတုန်း ... ဟား ဟား .. တကယ့်လူပဲ"

"ဟီး .. ကံဆိုးတာပေါ့ ...ရာရယ်။ ဒါနဲ့ဆိုပါဦး။ လူသတ်မှုက ...ယ်လိုဖြစ်ရတာတဲ့တုန်း"

"အင်း .. ဇာတ်လမ်းအား ...း ခြုံငုံသုံးသပ်ရရင်တော့ တစ်ဖက် ...လည်း အရက်ဆိုင်ကထွက်လာကြ ...တဲ့ မူးကြောင်ကြောင်(၂)ယောက်၊ ...ျန်တဲ့ဘက်ကလည်း အရက်ဆိုင်က ...ထွက်လာကြတဲ့ မူးကြောင်ရူးကြောင့် (၄)ယောက်၊ အဲဒီနှစ်ဖွဲ့တွေတော့ မူး ကြောင်ရူးကြောင်နဲ့ရန်စ၊ စကားများ၊ ရိုက်ကြ၊ ပုတ်ကြနဲ့ လက်လွန်ပြီးသေသွားတာပေါ့ဗျာ။ အချိန်အခါကလည်း လူကောင်းသူကောင်းတွေ အနားယူအိပ်မောကျချိန် ညသန်းခေါင်ကျော်ပြီးအချိန်မှာ ဖြစ်တာတဲ့။ မယ်မယ်လျှလျှ ကိစ္စမျိုးမဟုတ်တဲ့ လူသတ်မှုဗျို့ .. ဖြစ်ပုံက ဒီလိုဗျ"

ဇော်ပု၊ ဇော်ဦး၊ မျိုးဝင်း၊ ထွန်းဝင်းတို့ သူငယ်ချင်း(၂)ယောက် နဂါးရုံဘုရားလမ်းရှိ "ဈာန်" ဘီယာဆိုင်က ဆိုင်ကယ်များဖြင့် ထွက်လာခဲ့ကြသည်။ အချိန်က ညသန်းခေါင်ကျော်ပြီး (၁)နာရီနီးပါးခန့်ရှိပေပြီမို့ မြို့လယ်လမ်းများပေါ်၌ လူသူလေးပါးကင်းရှင်းနေ၏။ တစ်နေကုန်တစ်နေခန်း ရုံးသွားရုံးပြန်၊ ကျောင်းသွားကျောင်းပြန်၊ ဈေးသွားဈေးပြန်၊ အလုပ်သွားအလုပ်ပြန်စသည်ဖြင့် ကိုယ့်တာဝန်နှင့်ကိုယ် သွားလာလှုပ်ရှားနေကြရသော အလုပ်နှင့်အကိုင်နှင့်လူများ တစ်နည်းအားဖြင့် လူကောင်းသူကောင်းများ အိပ်စက်အနားယူနေကြချိန်၌ အလုပ်မရှိအကိုင်မရှိ မိဘပိုက်ဆံထိုင်ဖြုန်းနေကြသော ဇော်ပုတို့လို ဝေလေလေလူတစ်သိုက်ကတော့ လောကကြီးအတွက် အမှိုက်များသဖွယ် ကိုယ့်အိမ်ကိုယ်ယာသို့ ပြန်ချင်သည့်အချိန်မှပြန်၊ အိပ်ချင်သည့်အချိန်မှအိပ်၊ မပြန်သေး၊ မအိပ်သေးသရေ့တတော့ အရက်ဆိုင်တကာ့ အရက်ဆိုင်ဝင်လိုက်ထွက်လိုက်၊ လှည့်ပတ်သောက်လိုက်၊ မန်းနီးဂိမ်းဆိုင်များဝင်၍ မန်းနီးဂိမ်းကစားကာ ဟေးလားဝါးလားလုပ်လိုက်၊ အချိန်ဖြုန်းလိုက်နှင့် ပြက္ခဒိန်ရက်စွဲများကို ဝမ်းထဲမျိုချနေသူများဖြစ်၏။

ယခုလည်း ၎င်းတို့အားလုံး ညနေကတည်းက စုရပ်ဖြစ်သော ရန်ကုန်-မန္တလေးလမ်း၊ ဆေးရုံထောင့်ရှိ ကွမ်းယာဆိုင်တွင် စတင်ဆုံစည်းလူစုမိပြီးချိန်မှစ၍ မြို့တွင်းရှိမှိုလိုပေါက်နေသော အရက်ဆိုင်များတွင် တစ်ဆိုင်ပြီးတစ်ဆိုင် လှည့်ပတ်သောက်ခဲ့ကြပြီးဖြစ်သော်လည်း ရပ်နားသည်ဟုမရှိသေး။ ယခုတိုင်သောက်နေဆဲ။ ဒါနောက်ဆုံးဖြစ်မည်ဟု မဆိုသာ။ နည်းနည်းအမူးပြေလျှင် ထပ်သောက်ချင်သောက်ကြဦးမည်။

ဆိုင်ကယ်များကို လူရှင်းနေသာလမ်းပေါ်၌ လီဗာကိုတဖြီးဖြီးမြည်ဟိန်းပေါက်ကွဲအောင် ဆွဲကစား

www.burmeseclassic.com



လျက် ဆိုင်ကယ်အားပလာတာရိုက်သလို ဘယ်ညာလူးလွန့်၍ တွေ့တာရိုက်ကာဖြင့် တစ်လမ်းလုံးပြည့်နေအောင် မောင်းနှင်လိုက်၏။

"ရှေ့မှာ ဘဲကြီးနှစ်ကောင်ကွ .. အသာနေပွတ်ဆွဲလိုက်မယ်"

"ဖြီး .. ဖြီး .. ဖြီး . ဝရော"

"ဝါးယားယားယား"

"ဟာ .. ငါ့မယားသားလေးတွေ .. ဆိုင်ကယ်နဲ့လူကို ပွတ်ဆွဲသွားတယ်၊ ဟဲကွာ ဘာမှတ်သလဲ တောင်ငူမြို့လယ်ကောင်မှာ နေတဲ့ကောင်တွေကွ"

"ဝိုး .. ဖောက် .. ဝိုး .. ဖောက်"

"အား .. အား .. ဟေ့ကောင်တွေ လေးခွနဲ့ပစ်တယ်ကွ၊ မောင်းမောင်း မြန်မြန်မောင်း"

ဇော်ပုတို့ဆိုင်ကယ်ဖြင့် ပွတ်ဆွဲခံရသူ နှစ်ယောက်က လက်တွင်းအသင့်ကိုင်ဆောင်ထားသော လေးခွဖြင့် ချက်ချင်းပြန်ပစ်သဖြင့် ဇော်ပုတို့အား ထိမှန်ကုန်သောကြောင့် ၎င်း(၂)ယောက်၏စက်ကွင်းမှ လွတ်ကင်းအောင်ဆိုင်ကယ်များအား အရှိန်မြှင့်တာမောင်းလိုက်ပြီး ဈေးတန်းဟောင်းကျောင်းအနီးရှိ မန်နီးဂိမ်းဆိုင်ရှေ့၌ ဆိုင်ကယ်များကို ထိုးရပ်ကြကာ ဆိုင်အတွင်းသို့ ပြေးဝင်ပုန်းခိုကြ၏။

"လိုက်လာကြမလား မသိဘူးနော် ဇော်ဦး"

"မလိုက်လောက်ပါဘူးကွ လိုက်လာလည်း မှတ်မိစရာမှမရှိတာ။ ဇော်ပုရာ ဘာလဲ၊ မင်းကြောက်လို့လား"

"အံမာ .. ဘာကြောက်စရာရှိလဲ။ သူတို့က (၂)ယောက်တည်းဥစ္စာ။ အဲသလောက်များတော့ကွာ ဇော်ဦးရာ"

"ဒါဆို ဘာလို့ပြေးလာသေးလဲ ဇော်ပု"

"မင်းတို့ကို ထိမှာစိုးလို့ကွ သိလား။ အရက်အတူသောက်လာတဲ့လူအချင်းချင်းက ရစ်နေပြန်ပြီ။ ကြောက်နေတာက မင်းမို့လား။ ငါသိပါတယ် ဇော်ဦးရာ"

"ဟေ့ကောင် ဇော်ဦးက သွေးရဲတယ်ကွ"

"ဒါဆို မင်းပြန်ချရဲလား ငါလိုက်ပို့မယ်"

"သိပ်ချရဲတာပေါ့ မင်း...
လည်း .. မင်းသာကြောက်"

"ဟေ့ကောင် ငါလည်...
မိုက်တယ်ကွ၊ လာ .. မင်းနဲ့ငါနဲ့အ...
သွားချမယ်။ ဟေ့ကောင် မျိုးဝင်းလိုက်...
ခဲ့ဦး၊ ငါတို့ကိုလေးခွနဲ့ပစ်တဲ့ ဘဲကြီး(...
ကောင်ကိုပြန်ရိုက်မလို့"

"အေး ကြိုက်တယ်...
လိုက်မယ်ကွာ"

မူးကြောင်ရူးကြောင်နှ...
ဇော်ပုတို့(၃)ယောက်ဆိုင်ကယ်...
မောင်းနှင်စီးနင်းကာ ဗိုလ်မှူးဖိုးကျွ...
လမ်းအတိုင်း နောက်ကြောင်းပြ...
မောင်းနှင်ခဲ့ကြသည်။

"တွေ့ပြီကွ ဟိုမှာ ခေါ...
တာကိုကြီးလမ်းဆုံမှာ မင်းတို့နော...
ကလိုက်ခဲ့ ဆိုင်ကယ်ကိုဒီမှာရပ်၊ ငါ...
ရင်အချိုသတ်နဲ့ အနားကပ်ပြီး အဲဒီ...
ကြီးရဲ့လေးခွကို ဝင်လုမယ်။ ဖြီး...
ဆော်မယ်၊ မင်းတို့အဲဒီတော့မှ ဝို...
သမ"

"အေး ကောင်းတယ်"

အစီအစဉ်အတိုင်း ဇော်ပု...
အမည်မသိလူ(၂)ယောက်ထံ ...
ကပ်လျှောက်သွားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး .. မီးခြစ်ပါထား၊ ခဏငှားပါဦး၊ ဆေးလိပ်မီးညှိချင်လို့"

"မပါဘူးကွ ..တကယ်ပြောတာ"

"မပါလဲရတယ် အဲဒီလေးကိုလိုချင်တဲ့ ကဲကွာပစ်ဦး"

"ခွပ်"

"အား ...."

"ဖုန်း .. ထိုင်းခွပ်"

"အွန် .. အိ .. အီး"

"ဟေ့ကောင်တွေ လွှန်မယ်တော်တော့ အစ်ကိုကြီး ကျွန်တော်တောင်းပန်ပါတယ် လူမှားသွားလို့နော်"

အချိန်တိုအတောအတွင်း အဖြစ်အပျက်က မြန်ဆန်လှ၏။

(၂)ယောက်နှင့် (၄)ယောက်ရန်ပွဲ၊ ကြိုတင်တိုက်ခိုက်ရန် အကြံသမားလေးယောက်က လက်ဦးမှုရယူကာ စတင်၍လက်သီးများဖြင့်ထိုးကြိတ်ခြင်း၊ တုတ်ဖြင့်အဆက်မပြတ်ရိုက်နှက်ခြင်းတို့များ ပြုလုပ်လိုက်မှုကြောင့် (၂)ယောက်သမားဘက်မှ တစ်ယောက်မှာ ကတ္တရာလမ်းပေါ်၌ စကားမေးမရတော့ဘဲ လဲကျသွားခဲ့လေပြီ။ သွေးများက မြင်မကောင်းအောင် ကတ္တရာလမ်းပေါ်၌ အိုင်ထွန်းစွာဖြင့်

ညသည် တိတ်ဆိတ်မှုတို့ကြီးစိုးနေ၏။ မြို့လမ်းအပေါ်၌ မလှုပ်မယှက် သွေးအိုင်ထဲလဲနေသူတစ်ယောက်နှင့် ဒဏ်ရာဒဏ်ချက်တွေရထားသော လူတစ်ယောက်တို့နှင့် ဝေးသည်ထက်ဝေးအောင် ဇော်ပု၊ ဇော်ဦး၊ မျိုးဝင်း၊ ထွန်းလွင်တို့လူသိုက် ဆိုင်ကယ်များအား တလလန်းကြွမ်းခေါင်းနှင်တာ ရန်ကုန်-မန္တလေးလမ်းမကြီးဦးတည်၍ မောင်းနှင်ထွက်ခွာသွားကြသည်။

✧✧✧✧✧

"ဗိုလ်ကြီး .. တပင်ရွှေထီးလမ်းထောင့်မှာ ရန်ပွဲတစ်ပွဲဖြစ်သွားတယ်၊ တစ်ယောက်က ဒဏ်ရာအတော်ပြင်းတယ်၊ စကားမေးမရဘူး၊ ကျွန်တော်တို့ ဆေးရုံသွားပို့တော့မယ်"

"ဟေ .. ဟုတ်လား ကိုသန်းထိုက်ထွေး ကောင်းပြီ ကိုယ် အခုဆေးရုံကိုလိုက်လာခဲ့မယ်"

ညကြီးအချိန်မတော် စကားပြောစက်ဖြင့် ဆက်သွယ်လာသောလုံခြုံကင်းအဖွဲ့မှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သန်းထိုက်ထွေး၏ သတင်းပို့ချက်ရသည်နှင့် အမှတ်(၂) နယ်မြေစခန်းမှူး ရဲအုပ်အေးဇော်က တောင်ငူဆေးရုံ အရေးပေါ်ဌာနဆီသို့ ဆိုင်ကယ်မောင်းထွက်ခဲ့၏။

"တစ်ယောက်တော့ ရှောသွားပြီဗိုလ်ကြီးရေ၊ ဟိုမှာ ဦးခေါင်းကို သစ်သားတုတ်နဲ့ အရိုက်ခံခဲ့ရပုံပဲ။ ဒီ

---

"ဟာ .. ငါ့မယားသားလေးတွေ .. ဆိုင်ကယ်နဲ့လူကို ပွတ်ဆွဲသွားတယ်၊ ကဲကွာ ဘာမှတ်သလဲ တောင်ငူမြို့လယ်ကောင်မှာ နေတဲ့ကောင်တွေကွ"

www.burmeseclassic.com



တစ်ယောက်က သူ့အဖေါ်မောင်မောင်တဲ့ ... ရေတာရှည်ကားဆိပ်ကမ်းထောင်းမှာနေတာ"

"ဟုတ်လား ကဲပြောစမ်းပါဦး ခင်ဗျားတို့ဘယ်လိုဖြစ်တာလဲ"

"ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်း နဂါးရုံလမ်းထဲက စွာန်ဘီယာဆိုင်မှာ အရက်သောက်ခဲ့ကြပြီး ညသန်းခေါင်အချိန်လောက်ကြတော့ ချစ်သူလက်ဖက်ရည်ဆိုင်မှာ ထမင်းကြော်စားကြမယ်ဆိုပြီး ခြေကျင်လမ်းလျှောက်လာခဲ့ကြတုန်း နောက်ကပါလာတဲ့ဆိုင်ကယ်သမားတွေက ဗိုလ်မှူးဖိုးကွန်းလမ်းပေါ်မှာ ကျွန်တော်တို့(၂)ယောက်ကို ဆိုင်ကယ်နဲ့ပွတ်ဆွဲသွားလို့ ကျွန်တော်လည်းစိတ်ဆိုးပြီး လေးခွနဲ့ပစ်လိုက်မိတယ်။ နောက်တော့ တပင်ရွှေထီးလမ်းဆုံ ဒေါက်တာကိုကြီးထောင့်လဲ ရောက်ရော သူတို့(၄)ယောက် ဆိုင်ကယ်တွေနဲ့ ပြန်ရောက်လာပြီး ကျွန်တော်တို့ကို တုတ်နဲ့ဝိုင်းရိုက်ကြတော့တာပဲ"

"ခင်ဗျားတို့ဟာကလည်း အရက်တွေကို မူးအောင်သောက်ပြီးရင် အိမ်မပြန်နိုင်ကြသေးဘူး။ ဟိုအချိန်သွားဖြုန်း၊ ဒီအချိန်သွားဖြုန်းနဲ့ တယ်လဲခြေရှည်ကြတာကိုး။ ပြီးတော့ မူးကြောင်ရူးကြောင်နဲ့ ပြဿနာဖြစ်ကြအခု တစ်ယောက်သေပြီ၊ ဘာမှမဟုတ်တဲ့ ပြဿနာလေးနဲ့ဗျာ၊ ကဲ .. ခင်ဗျားတို့ကို လုပ်သွားတဲ့လူတွေကို သိလား မှတ်မိလား"

"မသိဘူး ခင်ဗျာ၊ မှတ်လည်းကောင်းကောင်းမမှတ်မိဘူး။ ဆိုင်ကယ်ကတော့ ဝေ့ဖ်အယ်လ်ဖာလို့ထင်တာပဲ"

ထိုစဉ် ဆေးရုံဝင်းထဲသို့ လူငယ်နှစ်ဦး မယောင်မလည်ဖြင့် ဟိုကြည့်၊ သည်ကြည့်လုပ်ကာ စူးစမ်းသလိုအကြည့်မျိုးဖြင့် ဆိုင်ကယ်တစ်စီးကို မောင်း၍ ဝင်လာကြသည်ကို စခန်းမှူး ရဲအုပ်အေးဇော်က မြင်လိုက်၏။

"ကိုဖိုးတုတ် ခင်ဗျားပြောတာ ဒီလူ(၂)ယောက်ပါလား ဝေ့ဖ်အယ်လ်ဖာဘီးနဲ့"

ဒဏ်ရာများနှင့် ဖိုးတုတ်ဆိုသူက အကင်းမပါးချေ။ စခန်းမှူးရဲအုပ်လေသံခပ်တိုးတိုးဖြင့် ကပ်၍မေးလိုက်သော်လည်း ဖိုးတုတ်မှာ ယောင်တိယောင်နနှင့် ဘာမှပြန်မပြော ...

"တရားခံဆိုတာ သူပြစ်မှုကျူးလွန်ခဲ့တဲ့နေရာ သူပတ်သတ်ခဲ့တဲ့လူတွေဆီ တစ်ကျော့ပြန်လာပြီး အ ခတ်စူးစမ်းလေ့ရှိတယ်"

စုံထောက်သင်တန်းတ စဉ်သင်တန်းကပို့ချလိုက်ဖူးသော သ ခန်းစာရပ်အား "ဖျတ်ခနဲ" ရဲအု အေးဇော်၏ခေါင်းထဲ ဝင်ရောက်လာ ဆေးရုံထဲမှ ပြန်ထွက်ခွာသွားသ ဆိုင်ကယ်နှင့်လူနှစ်ယောက်နောက် ခြေရာခံလိုက်ကြည့်ရန် မိမိ၏ဆို ကယ်အားစက်နှိုး၍ မောင်းနှင် ဆေးရုံတွင်းမှ ထွက်ခွာလိုက်၏။

"တောက် .. ဘယ်နာ ပျောက်သွားပါလိမ့်၊ မြန်လိုက်တာ ဆေးရုံအရှေ့ဘက် ထွက်ပေါက်ကို တယ်ဆိုရင် ဒီ(၁၉)ရပ်ကွက်ထဲ ကောင်တွေပဲဖြစ်ရမယ်"

စခန်းမှူးရဲ အုပ်အေးဇေ က ခြေရာပျောက်သွားသော ဆိုင်က သမား(၂)ယောက်နှင့် ပတ်သက် မြည်တွန်တောက်တီးကာ ရန်ကုန် မန္တလေးလမ်း ဆေးရုံထောင့်နေ တွင် ဆိုင်ကယ်ကိုခေတ္တရပ်တန့် လှည့်ကင်းအဖွဲ့ထံ စကားပြောစက်ဖြ ဆက်သွယ်လိုက်၏။

"ဟဲလိုလား ..."

"ဟုတ်ကဲ့ ဗိုလ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com





"အေး .. ဟသ်ာရေ ဝေ့ဖ် ယ်လ်ဖာနဲ့ မသကာ်ာစရာလူ(၂) ဘက် ရန်ကုန်–မန္တလေးလမ်းပေါ် င် ခြေရာပျောက်သွားတယ်။ ဗိုလ်မှူး ွန်းလမ်းကို ဝင်လောက်တယ်။ ချစ် လမ်းဆုံက စောင့်နေပါ"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

လှည့်ကင်းအဖွဲ့နှင့် ချိန်းဆို းသော ချစ်သူလက်ဖက်ရည်ဆိုင် မ်းဆုံထောင့်သို့ရောက်သည်နှင့် ခန်းမှူး ရဲအုပ်အေးဇော်သည် လမ်းဆုံနယ်မြေတစ်ပိုက် လက်ဖက်ရည်ဆိုင်များ၊ မုန့်ဟင်းခါးဆိုင်၊ ထမင်းကြော်ဆိုင်နှင့် မန်းနီးဂိမ်းဆိုင်များသို့ဝင်ရောက်ကာ သတင်းစနည်းနာလိုက်၏။

"ခုနကတော့ ဇော်ပုတို့အဖွဲ့ ရန်ဖြစ်ကြတယ်လို့ အသံကြားတယ်၊ မန်းနီးဂိမ်းဆိုင်ထဲမှာ ပြောနေသံကြားခဲ့တာ"

သတင်းပေးတစ်ယောက်၏ ပြောစကားက စခန်းမှူးရဲအုပ်အေးဇော်အတွက် အဖိုးတန်လွန်းလှ၏။ (၂၄)နာရီမပြည့်ခင်မှာပင် ထူးဆန်းမှုနှင့် ယှက်နွယ်ခဲ့သူအားလုံးအား အချိုမီစုံစမ်းဖော်ထုတ် ဖမ်းဆီးရမိခဲ့တော့သည် ... ။

"ဇာတ်လမ်းကတော့ အဲဒါပဲကိုဆွေရ။ အဓိကကတော့ အလုပ်မရှိ၊ အကိုင်မရှိ၊ မိဘဆီကရတဲ့ပိုက်ဆံနဲ့ အရက်သောက်၊ လောင်းကစားလုပ်၊ အချိန်တွေဖြုန်း၊ ပြဿနာရှာနဲ့ ကိုယ့်အတွက်လည်း တန်ဖိုးနိမ့်၊ ပတ်ဝန်းကျင်အတွက်လည်း ကောင်းကျိုးမပြု၊ တိုင်းပြည်နဲ့လူမျိုးအတွက်ဆိုတော့ ဝေလာဝေး"

လူငယ်တဲ့ဗျာ .. တိုင်းပြည်အတွက်ရင်နာတယ် .. တစ်နေ့တစ်နေ့ အရက်ပဲသောက်ပြီး ညဥ့်နက်သန်းခေါင်ကျော်အချိန်ထိ ဝေလေလေလုပ်နေကြသူတွေ အကြောင်းမဲ့အကျိုးမဲ့ သေတဲ့သူကသေ၊ ထောင်ကျတဲ့သူတွေကထောင်ကျ၊ ကျန်ရစ်ခဲ့တဲ့ မိဘ၊ ဆွေမျိုး၊ သားချင်း၊ ညီအစ်ကိုမောင်နှမတွေက သောကပရိဒေဝမီး တောက်လောင်ကြနဲ့ လူ့လောကမှာ ဒိုက်သရေတွေလို ရေစုန်မျောနေကြသူတွေပေါ့ဗျာ ...

စခန်းမှူး ရဲအုပ်အေးဇော်



www.burmeseclassic.com

www.burmeseclassic.com



ထံမှဖဲကြဉ်၍ မြို့မရဲစခန်းဘက် ခြေဦးလှည့်ခဲ့၏။ အချိန်ကား နေဝင်ဖျိုးဖျ မိုးချုပ်စ ..

အောက်တိုဘာလ(၁)ရက်ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ညစာစားပွဲရှိသည်မို့ စခန်းရှေ့ရှိ ဆောက်လက်စစားသောက်ဆိုင်အသစ်၌ နေရာယူသူတွေက ယူကုန်ကြလေပြီ။

"လာကိုဆွေရေ မနက်ကတည်းက လာမယ်ထင်နေတာ"

"အေးဗျာ ဗိုလ်သက်နိုင်ရေ ကျွန်တော်လည်း မအားတာနဲ့ ခုတောင် အမှတ်(၂)နယ်မြေစခန်းကို အရင်ဝင်ပြီး ဒီကိုဆက်ကူးလာတာ။ လူသတ်မှုက ဘယ်လိုဖြစ်ရတာလဲ၊ ဇာတ်လမ်းလေး ပြောပြပါဦး ... ဒုရဲအုပ်သက်နိုင်အား ကျွန်တော်ကမေးလိုက်၏။ ဒီလိုဗျ .. ကိုဆွေရ ... သေတဲ့လူက .. အုတ်ကျွတ်တန်းက ဆိုင်ကယ်ကယ်ရီသမားဗျ။ သတ်တဲ့လူကလည်း ဆိုင်ကယ်ကယ်ရီသမားပဲ။ ဖြစ်ရတဲ့အကြောင်းအရင်းကတော့ ..."

"မိုးမလင်းသေးဘူး ဆိုင်ကယ်ကယ်ရီသမားတဲ့ကွာ ကြည့်ပါဦး။ အဲဒီကောင် စောစောစီးစီးမူးနေပြီ၊ အရက်နဲ့ မျက်နှာသစ်လာသလားမသိဘူး။ ခရီးသည်တွေကို အားနာရကောင်းမှန်းမသိဘူး။ အရက်နံ့က တထောင်းထောင်း။ လူကအရက်မူးနေတော့ ဒယီးဒယိုင်နဲ့ စကားပြောတော့ အာလေးလျှာလေး၊ ထိသလိုရှိသလို ပဂျိုးပဂျိုက ပြောသေးတယ်"

"ဟုတ်ပါရဲ့ကွာ အဲဒီငဝင်းဆိုတဲ့အကောင် နေ့တိုင်းလိုလိုအရက်ပဲမူးနေတာ ငါတို့ဆိုင်ကယ် ကယ်ရီဂိတ်နံမည်ပျက်တယ်"

မြင့်သောင်းနှင့်ပဲပဲတို့က အုတ်ကျွတ်တန်းနေ ငဝင်းဆိုသူအား ကြည့်၍ ပြောဆိုဝေဖန်နေကြ၏။

ငဝင်းကကြားပါ၏။ သို့သော် မကြားဟန်ပြုကာနေလိုက်ပြီး စက်လှေဆိပ်မှတက်လာသော ခရီးသည်များထံ ခြေဦးလှည့်လိုက်၏။ နှုတ်မှတော့ မကျေမချမ်းပြောလိုက်သေး၏။

"ဘယ်ကောင်မှ သောက်ဂရုမစိုက်ဘူး"

"ဟေ့ သူငယ်ချင်း ဘယ်သွားမှာလဲ ဆိုင်ကယ်ကယ်ရီငှားမလား .. လိုက်ပို့ပေးမယ် .. ထီးလှိုင်ကိုလား . ငါးရာပဲပေး"

"ဟေ့ သူငယ် ဒါငါ့ခရီးသည်လေကွာ .. ငါ့ဆိုက်ကားနဲ့ ... ခေါ်ထားတာ"

"ခင်ဗျားကြီးနဲ့ မဆိုင် ... သူ့ဘာသာ သူဆိုင်ကယ်စီးစီးဘာ ... ပေါ့"

ဆိုက်ကားသမားကြီး ... ဦးထံမှ ခရီးသည်တစ်ယောက်အ... ငဝင်းကလုခေါ်နေ၍ ပဲပဲမှာမနေ... တော့ပါ။

"ဟေ့ကောင် ငမူး သူ... ထမင်းထုပ်ကို ဘာလို့ဝင်လုရတာ... မင်းထက်လည်းအသက်ကြီးတဲ့ ... ကားသမားကြီးဆီက ခရီးသည်ကို ... လို့စည်းမစောင့်ဘဲ ဝင်လုခေါ်ရတာ... မင်းတော်တော်ငတ်နေပြီလား"

"ခင်ဗျားကျုပ်ကို အ... သမားငမူးလို့မခေါ်နဲ့ ကျုပ်ဘာ... ကျုပ်လုခေါ်တာ ခင်ဗျားအပူပါ... လူကြီးနဲ့လူငယ်မို့ ကြောက်မယ်မ... အသေသတ်ပစ်မယ်"

"အံမာမင်းကများ ... မြှောင်နဲ့ငါ့ကိုထိုးကြည့်စမ်း သတ္တိရှိ... လာလေကွာ"

အချိန်က နံနက်(၁၀) ... ခန့်ရှိပေပြီ။ စစ်တောင်းဖြတ်ကူးတား... ခရိုင်ရုံးဝါကြီး၏ အရှေ့တောင်ထော...



www.burmeseclassic.com

www.burmeseclassic.com



မ်းနားလမ်း စက်လေ့ဆိပ်မှတက် သော ခရီးသည်အား ဆိုက်ကား ရာထံမှ လုခေါ်နေသော ဝင်းနှင့်အ င်မတော်၍ ဝင်ပြောပြသောပဲပဲတို့ စ်ယောက်နှင့်တစ်ယောက် တိုက် တ်ပုတ်သတ်ကြမည့် အသွင်ဆောင် သဖြင့် ဘေးလူများဝင်ဆွဲထားလိုက် ရ၏။

"ဟေ့လူ .. ခင်ဗျားတို့ သတ်ပစ်မယ် ကိုပဲပဲ"

"စမ်းကြည့်လိုက်ပေါ့ကွာ ငါလည်းလက်နဲ့ခြေနဲ့ပဲ"

အမှန်ပြောရလျှင် ပဲပဲနှင့် ဝင်းမှာ လူကောင်ချင်းအများကြီးကွာ ပါသည်။ သို့သော် ဝင်းကို လျှော့တွက်



၍မရ၊ အရက်မူးနေသူဖြစ်၍ အမြဲခန် လိုတတ်သောကြောင့် ဒင်းတို့သတိ ထားမှ တော်ရုံကျနေသည်ဟု အိမ်သို့ပြန် ရင်း ပဲပဲသည်ဂုဏ်ကြီးကောင်းဆားကိုယူ ၍ ဆိုင်ကယ်တွင်နှိုးမြင်းတပ်ချည်နှောင် ကာ ကယ်ရီဂိတ်သို့ ပြန်လာခဲ့၏။

"ဘယ်ခွေးမှ လုမထင်ဘူး ကွ"

ပဲပဲကိုမြင်သည်နှင့် တစ္ဆေရာ လမ်းပေါ် တောင်လျှောက်မြောက် လျှောက်နှင့် လမ်းသလားရင်း ဝင်းက ကျယ်လောင်စွာပြောလိုက်၏။

"ဒီကောင်တော့ ချိုကြွနေ ပြီ၊ ဟိုက သူ့ထက်ဗလကောင်းတယ်။ လုပ်ရင်ခံရတော့မှာ"

"ဟုတ်တယ်ကွ မူးနေတဲ့ ကောင်ဆိုတော့ အကောင်းပြောလည်း အကောင်းထင်မှာ မဟုတ်ဘူး"

"လွှတ်ထားလိုက်ကွာ သူ့ ထိုက်နဲ့သူ့ကံ ခံရပြီးမှငြိမ်သွားမှာ"

ဆိုင်ကယ်ကယ်ရီဂိတ်မှ လူ များအချင်းချင်း တီးတိုးပြောကာ ဝင် ရောက်ဖျန်ဖြေဟန့်တားခြင်းမျိုး အကူ အညီမပေးကြတော့ဘဲ လက်ပိုက် ကြည့်နေလိုက်ကြ၏။

ပဲပဲမှာ ရန်ဆက်ဖြစ်မည်စိုး



www.burmeseclassic.com

www.burmeseclassic.com



၍ ဂိတ်ရှေ့လက်ဖက်ရည်ဆိုင်ထဲတွင် ဝင်ထိုင်လိုက်၏။

"ဟေ့လူ .. သတ္တိရှိရင် ထွက်ခဲ့ .. ခင်ဗျားနဲ့စာရင်းရှင်းမယ်"

"ဟေ့ကောင် .. မင်းငယ်သေးပါတယ်ကွာ .. အေးအေးနေစမ်းပါ ငါပြဿနာမဖြစ်ချင်ဘူး"

"သူတော်ကောင်းလုပ်မနေစမ်းပါနဲ့ဗျာ .. သတ္တိမရှိရင် မရှိဘူးပြောလိုက်စမ်းပါ .. ဟား .. ဟား"

"ဒီကောင်နဲ့တော့ ခက်တော့တာပဲ .. တုဖြစ်ပြန်တော့လည်း ကိုယ့်ထက်ငယ်တဲ့သူနဲ့ ဖြစ်ရကောင်းလားဆိုပြီး ပတ်ဝန်းကျင်က ဝိုင်းအပြစ်တင်ဦးမှာ၊ ငုံ့နေတော့လည်း ဒီကောင်က သူ့ကိုကြောက်လို့ဆိုပြီး ထင်ဦးမှာ"

"တုမဖြစ်စမ်းပါနဲ့ ပဲပဲရာ၊ ရှောင်နေလိုက်စမ်းပါ၊ ခုနကပဲ သူ့မိဘတွေဒီကောင့်ကို အေးအေးနေဖို့လာပြောသွားပြီးပါပြီ ရှောင်နေလိုက်၊ ရှောင်နေလိုက်"

လက်ဖက်ရည်ဆိုင်ထဲက မိတ်ဆွေအချို့၏ ဝိုင်းဝန်းဖျောင်းဖျမှုကြောင့် ရှောင်ထွက်သွားရန်ဆုံးဖြတ်လိုက်ပြီး ပဲပဲကဆိုင်ကယ်အားတွန်း၍ ထွက်လာခဲ့၏။

ထိုစဉ် ဝဝင်းကပြေးလာပြီး လက်ထဲကဓားမြှောင်ဖြင့် ပဲပဲအားထိုးချလိုက်၏။

ပဲပဲက ဆိုင်ကယ်အားလွှတ်ချလိုက်ပြီး ဝဝင်း၏လက်တွင်းမှ ဓားကိုလုယူကာ သူ့ဓားနှင့်သူ ပြန်ထိုးချလိုက်၏။

ခွန်အားချင်း အဆမတန်ကွာသည့်အပြင် အရက်မူးနေသော ဝဝင်းမှာ ပဲပဲ၏ဓားချက်အောက်၌ အသက်အပျောက်ခဲ့ရလေပြီ။

အရက်ကိုအကြောင်းပြု၍ လူ့အသက်တစ်ချောင်း ဆုံးရှုံးမှုဖြစ်ခဲ့ရလေပြီ ...

"ပဲပဲကတော့ ထွက်ပြေးသွားတာပေါ့ဗျာ။ ဒါပေမဲ့ ပဲပဲက အရင်ပြစ်မှုတစ်ခုနဲ့ ရဲစခန်းကိုရောက်ဖူးခဲ့တဲ့သူဆိုတော့ သူ့ကိုကျွန်တော်သိနေတယ်လေ။ ဒါနဲ့ပဲ ညနေနေစောင်းတော့ သူ့ရဲ့အိမ်မှာပဲ ပြန်ပြီးဖမ်းမိလိုက်တာပေါ့"

ဒုရဲအုပ်သက်နိုင်က ကျွန်တော့်အား စိတ်ရှည်စွာရှင်းပြနေပါသည်။

အောက်တိုဘာလ(၁)

နေ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်

အတွက် ဂုဏ်ပြုသောအားဖြင့် ရဲ

ဖွဲ့နေ့ဟူ၍သတ်မှတ်ကာ ထိုနေ့ထို

၌ နိုင်ငံတစ်ဝှမ်းလုံးရှိ ရဲတပ်ဖွဲ့ ရဲ

များ၌ နှစ်ပတ်လည်အခမ်းအနား

ကျင်းပြကြပြီး တစ်နှစ်တာလုပ်ငန်း

စွမ်းဆောင်ရည်ဆုများ ချီးမြှင့်ပေး

ကြသော နေ့ထူးနေ့မြတ်တစ်ခု ဖြစ်

သည်။

ထိုသို့သော ရဲတပ်ဖွဲ့ဝင်တို့

နေ့ထူးနေ့မြတ် အခါသမယ၌ စာ

သူတို့၏ တောင်ငူမြို့၌ ပြောစမှတ်

လောက်အောင် တစ်နေ့တည်း၊ တ

ရက်တည်းတွင် အရက်သေစာသော

စားမူးယစ်ထားခြင်းကို အကြောင်း

၍ သွေးဆူနေသော လူတစ်သိုက်တို့

လူသတ်မှုနှစ်ခုကို ဖန်တီးဖြစ်ပေါ်

ကြလေပြီ။ လူ့အသက်(၂)ချောင်း

ကြောင်းကျိုးမဲ့စွာ ဆင်ခြင်တုံတ

ကင်းမဲ့သော လုပ်ရပ်မျိုးဖြင့် ပေါ

လောလော သေဆုံးမှုဖြစ်ပွားစေခဲ့

ပြီ။

စာရေးသူတို့ငယ် ငယ

တောင်ကျေးကလေးဘဝ ကျေးလ



www.burmeseclassic.com

www.burmeseclassic.com





…ဘာရွာဘုရားပွဲ၌ ဈေးပေါသောအစမ…ါ အဆုံးမရှိသော ခပ်ညံ့ညံ့ဗီဒီယိုဇာတ်…ား အပိုင်းအစများအား "နှစ်ကား…ပေါင်းတစ်ကျပ်" ဟူ၍ ရုံပေါက်ဝမှလူ…ကြော ပြသလေ့ရှိကြသည့် ဗီဒီယိုရုံ…များပေါပေါက်ခဲ့သည်။ နှစ်ကားပေါင်း…တစ်ကျပ်ဟူသော ဈေးပေါ သည့်ဗီဒီယို…ဇာတ်ကားတို့၏ ထုံးစံအတိုင်း ဇာတ်…လမ်းဇာတ်အိမ်ကလည်း ခပ်ညံ့ညံ့၊…အစလည်းမပါ အဆုံးလည်းမသေချာ၊…နမူနာအတု ယူစရာဟူ၍လည်း မည်…သည်ရရမရှိသော "အောက်ကားများ"…သာဖြစ်၍ ဘုရားပွဲလာသူ ပရိသတ်တို့…အတွက် အမယ်များပြီး ပွဲစည်စေရန် အဖြည့်ဖြည့်ခံ သတ်သတ်များမျှသာ ဖြစ်လေ၏။

ယနေ့ ဖြစ်ပွားခဲ့သော လူသတ်မှုဖြစ်စဉ်(၂)မှုလုံးအားလည်း ခြုံငုံသုံးသပ်ကြည့်ပါလျှင် မူလဇာတ်လမ်းအခြေခံသည် အရက်သေစာ သောက်စားမှုးယစ်ကြခြင်းကို အကြောင်းပြု၍ ကြောင်းကျိုးမဲ့စွာ ဖြစ်ပွားသေဆုံးခဲ့ကြရသော လူသတ်မှုများဝင် ဖြစ်လေ၏။

အရက်သေစာအား မရပ်မနား အတိုင်းအဆမဲ့ သောက်စားထားကြသည့်အပြင် ဝင်တိုကလည်း ဆင်ခြင်နိုင်စွမ်း ဉာဏ်ရည်နိမ့်ပါးကြသည် ဖြစ်၍ လူသတ်မှုကို လွယ်လင့်တကူ ကျူးလွန်ခဲ့မိကြခြင်း ဖြစ်သည်ဟုယူဆရပေမည်။

ဆင်ခြင်နိုင်စွမ်း ဉာဏ်ရည်နိမ့်ပါးသူတို့အတွက် သေရည်သေရက်သည် အဆိပ်ရည်ပမာ သဏ္ဌာန်တူလှပေသည်။

အဆုံးမှာတော့ အဆိုပါလူတို့သည် ရခဲလှသော လူ့ဘဝကြီးအား ကံထူးစွာရောက်ရှိလာကြ၏။ သာသနာနှင့်လည်း ကြုံတွေ့ခဲ့ရ၏။ သို့ရာတွင် သေရည်သေရက် သောက်စားဖက်မှုကြောင့် မိမိတို့ကိုယ်တိုင်အတွက်လည်း အကျိုးမပြုနိုင်၊ မိမိဝန်းကျင်နှင့် တိုင်းပြည်အတွက်လည်း စိုးစဉ်းမျှအသုံးမဝင်ခဲ့ဘဲ ဘုရားပွဲများမှ နှစ်ကားပေါင်း တစ်ကျပ်ပမာ ဈေးပေါပေါနှင့် သေဆုံးခဲ့ရလေပြီ .. နောင်လာနောက်သားတို့အတွက် မှတ်သားထိုက်သော သတိပြုရှောင်ရှားသင့်သော မဟာသင်ခန်းစာ အမှားကြီးများဖြစ်သည် မဟုတ်ပါလော .... ။

**မောင်ဆွေ(ထောင်ငှ)**



www.burmeseclassic.com

www.burmeseclassic.com



# ပြေး.. ပြေး.. လွတ်အောင်ပြေး

တွင်းကြီးသားတင်ဝင်းဦး

ဝတ္ထုရှည်(၈/ဆုံး)

www.burmeseclassic.com

www.burmeseclassic.com



**"ပြေး .. ပြေး ..**
**လွတ်အောင်ပြေး"**
**တွင်းကြီးသားတင်ဝင်းဦး**

အရက်ဝိုင်းသည် စိုပြည်စွာ
ှင့် အာသွက်လျှာသွက်၊ လက်သွက်
ခြေသွက် ဖြစ်နေကြပြီ။ အလုပ်ချိန်မို့
ာင်ရာမြင်ရာပြောရင်း တောင်စဉ်ရေမ
ပြောသံများက ဆူဆူညံညံ။ ကိုအေး
အိမ်ရှေ့က တမာပင် အောက်ဝယ်
ိုင်ရင်း ဝိုင်းဖွဲ့နေကြသည်က နေ
ောင်းကတည်းက။ ယခု နေက ဝင်
ုလု။

ဝိုင်းက မပြီးပြတ်သေး ...။

တမာပင်ဘေးဝယ် ဝယ်
ားသော ဝက်များက တအီအီအော်
 င်း ရုန်းကန်နေသည်။ တစ်သောင်း
ာန်ဝက်က နှစ်ကောင်။ တစ်သောင်း
ွဲတန်က သုံးကောင်။ သည်ကနေ့ ငါး
ကောင်ခန့် ဝယ်ပေးခဲ့ပြီးပြီ။ ပွဲစားခရပြီး
ပြီ။ အရက်ဖိုးကုန်စရာမလို။ ကြိုက်
သောက်မိုက်သောက်၊ ဆွေမေ့မျိုးမေ့
သောက်ခဲ့ရပြီမို့ ကိုအေးအူမြူး၊ စိတ်
ွလို့မဆုံး။ ဝက်ပွဲစားက ကိုအေး။ မိမိ
ိမ်က ဘာမျှကုန်စရာမလို။ အရက်
ယ်ဖို့ အရက်ပုလင်းခွံနှင့် ရေခွက်တစ်

ခွက်ချပေးထားရုံသာ။ ဝယ်သူများက လိုသည့်အရက်ဝယ်။ မြည်းလို စားလိုသည့်အမြည်းဝယ်။

"ခင်ဗျား သိပ်တော်တယ် ကိုအေးရာ။ ခင်ဗျား အပြောကောင်းလို့ တစ်သောင်းခွဲတန်တဲ့ ဝက်တစ်သောင်းနဲ့ရခဲ့တာ"

"ဟုတ်တယ် ကိုအေး။ ခင်ဗျားကိုတော့ ကျုပ်တို့ဆရာတစ်ဆူအဖြစ်၊ ဝက်ဝယ်ရာမှာ ဆရာတင်ပြီဗျာ။ တကယ် ဟား .. ဟား .. ဟား ...."

တစ်ရွာက ဝက်ဝယ်သူ ကိုတင်အေးနှင့် ကိုမြင့်မောင်တို့က ကိုအေးကို ချီးကျူး ထောမနာပြုရင်း မိုးထိရောက်ရန် မြှောက်ပေးနေပြီ။ သည်တော့ ကိုအေး သွားများအားကုန်ပေါ်အောင်၊ ထူထဲသော ပါးစပ်ကြီးများ အသားလွတ်ဖြဲထားသည်က အကျည်းတန်နေသည်။

"ပြီးတော့ အခု တစ်သောင်းခွဲပေးရတဲ့ ဝက်တွေဆိုရင်၊ အချိန်ထွက်မှာနဲ့ တွက်ကြည့်ရင် နှစ်သောင်းသုံးထောင်လောက် တန်တာဗျာ။ တော်ပါပေတယ် ကိုအေးရာ။ အဟုတ် .. အဟုတ်"

ကိုမြင့်မောင်က အရက်ပုလင်းကို ထောင်ကြည့်သည်။ အရက်ကျန် မကျန်ကြည့်ရင်း ပြောသည်။ ပြီးဖန်ခွက်နှုတ်ခမ်းပဲ့ထဲ လျှံကျသည်အထိငှဲ့တာ ကိုအေးရှေ့တိုးပေးရင်း ပြောသည်။ ကိုအေးက ဘွာမခတ်ကြေးသဘောနှင့် တောက်ကာမော့ချသည်။ ဂွပ်ခနဲမြည်သံက လိပ်ပြာလွင့်လောက်သည်အထိ လည်ချောင်းထဲက မြည်သွားသည်။ ဟားခနဲ အရက်အပူငွေ့များကိုထုတ်ရင်း ပဲကြော်များကို လက်နှင့်ကုတ်ယူပြီး ပါးစပ်ထဲခွံ့လိုက်သည်။

"ဟို .. ဟိုကောင့်ကိုပေးလိုက်ဦး ..."

ကိုအေးက ပဲကြော်ဝါးရင်း ဝိုင်းတစ်ဖက်တွင်ထိုင်နေသော ငပြေ့ကိုပြောသည်။ ငပြေ့က ရေချိန်မကိုက်သည့်ဟန်နှင့် ပြုံးပြရင်း ကိုမြင့်မောင်ငှဲ့ပေးလာသော အရက်ခွက်ကို ဆတ်ခနဲယူကာ မော့လိုက်သည်။

တကယ်တော့ ကိုပြေ့ဟူသည့် အသုံးစကားက ဝက်ဝယ်လိုသည့်သူများနှင့် ရွှဲထဲမှလူများ နှုတ်ကျိုးပြီးခေါ်သည့် ပညတ်ချက်။ ကိုအေးအသက်ငါးဆယ်နားကပ်နေပြီ။ မိန်းမမရှိ။ မုဆိုးဖို။ ငပြေက ကိုအေး၏သား။ ငပြေ့အသက်က နှစ်ဆယ်ကျော်သာရှိ

www.burmeseclassic.com



သေးသည်။

"ငါ့သား ... ငပြေ။ မင်း .. တော်ပြီ။ မသောက်နဲ့တော့။ ဝက်တွေပို့ဖို့ ကိုသောင်းရဲ့လှည်းငှားချေ"

"ဟုတ်"

ဟု တိုတိုပင်ပြောကာ ငပြေ တစ်ယောက် အရက်ဝိုင်းမှ ထသွားသည်။ ကိုသောင်းအိမ်သွားပြီး လှည်းငှားသည်။ ပို့ရမည့်ရွာကို ပြော၏။ မိုင်အကွာအဝေး၊ ခရီးအတိုအရှည် တွက်ပြီး ဈေးစကားပြောသည်။ ကိုအေးတို့ကတော့ သောက်ဆဲ။ ဝိုင်းကောင်းဆဲ။ မကြာပါ။ ကိုသောင်း၏ ဝက်လှည်း ရောက်လာပြီ။ ဝက်ပို့ရမည်မို့ လှည်းအိမ်၏နံရံကာအတွင်း လုံခြုံရေးအတွက် လှည်းနောက်မြီးပိုင်းကို အသားချောင်းများနှင့် ကလန့်ပြီး ကာထားသည်။ ပြီး .. လှည်းအိမ်ပေါ်မှ အိမ်ရှေ့ကွပ်ပျစ်ကြီးကို တင်ထားသည်။ ဝက်တွေ ထွက်ပေါက်မရှိရန် ကာခဲ့၊ ခင်းခဲ့ခြင်းပင်။ လှည်းရောက်တော့ ဝက်ကြီးငါးကောင်ကို ကြိုးတုပ်ကာ ကိုအေးတို့အဖွဲ့က ဝိုင်းဝန်းဖမ်းဖိကြပြီး တင်ကြသည်။

ဝက်များ၏ တဂီးဂီးအော်သံ တဂဲဂဲမာန်သွင်းသံ၊ တအီအီနှင့်အားလျော့သံများက ညံညံစည်ဝေလျက်။ ဝက်သံလူသံများက သောသောညံလျက်။ ရက်စက်မှုများနှင့် ကိုအေးတို့၏ နိုင်လိုမင်းထက် ပြုသံများ၏ ရယ်သံကြီးများက ဝမ်းခေါင်းတွင်းက ခြစ်ခြစ်ကုပ်ကုပ် အသံပေးလျက်။ အောင်နိုင်သူတို့ ပြုမူသည့်ထုံးစံအတိုင်း ဟားတိုက် ရယ်မောရင်းနှင့် ဝက်များကို လှည်းအိမ်တွင်း သွင်းပြီးခဲ့ကြပြီ။ မကြာ။ လှည်းသမား ကိုသောင်းတစ်ယောက်၊ နွားအိုတစ်ရှဉ်းကို ဖြည်းလေးစွာ မောင်းနှင်သွားပြီ ...။

ကိုအေးတို့ ထနောင်းကန်ရွာနှင့် ကိုတင်အေးတို့ ကိုင်းတောရွာက နှစ်တိုင်(လေးမိုင်ခန့်)ရှိသည်။ လမ်းကလည်းကောင်းသည်။ ဖြောင့်သည်။ သာယာသည်မို့ ခရီးတွင်မည်။ သို့ကြောင့် လှည်းသမားကိုသောင်း ဝက်လှည်းနှင့် ခရီးနှင်ခဲ့ပြီ။

"ရွာရောက်ရင် ကျုပ်အိမ်ဘေးက ဝက်ခြံထဲ လွှတ်ပေးထားနော်"

ဟု ကိုတင်အေးက စက်ဘီးစီးရင်း ပြောသည်။ ပြီး ကိုအေးနှင့် အတူ နောက်ရက်ဝယ်ရန်အတွက် ကျန်ရစ်ခဲ့သော အခြားသူများ၏ ဝက်ခြံအတွင်း စိတ်ကြိုက်ဝက်များကို ရင်း ကျန်ရစ်သည်။

ကိုတင်အေးနှင့် မောင်တို့က ဝက်သားလိုင်စင် (သတ်လိုင်စင်)ရ သားသတ်ရောင်း အဲ .. သူတို့ကတော့ ရွာကိုလို ရောင်းခဲ့။ ဖောက်သည်ယူရောင်းသူ ကိုပေးသည်။ အလှူပွဲ၊ မင်္ဂလာ ဘုရားပွဲရှိ၍ ဝက်သားအော်ဒါမှာ ဝက်သားနီဟင်းချက်နိုင်ရန်အတွ ပေ့ဆူပေ့ဆိုသည့် ဝက်ကြီးများကို ဝယ်ပြီး သတ်ပေးခဲ့ကြသူတွေပင်။

ဝက်ရှာခြင်းကိုတော့ အေးကိုသာ အားထားရမြဲ။ ကိုအေး ဝက်အပေါ် ကျွမ်းကျင်သည်။ ဝက် ကြည့်ရုံနှင့် ဘယ်နှစ်လသားအရွ ဘယ်နှစ်,နှစ်ရှိပြီဆိုတာ သိသလို၊ ဝ သားအရေကြည့်ပြီး နှမ်းဖတ်ကျွေ ကျွေး၊ အခြားဝက်အားဆေး ကျွေ ကျွေးသိသည်။ နောက် .. ဝက်ကိုလ ညှိုးနှင့်ထောက်ကြည့် ထိုးကြည့် ပိဿာချိန် အဘယ်ခန့်အထိ ထွ သည်ကိုပါ နားလည်ထားသူ။

သည်တော့ ဝက်ဝယ် ဘုရင်တစ်ဆူ၊ ဆရာတစ်ပါးလ သူက ကိုအေး။ ပွဲခရုံက ကိုအေ



www.burmeseclassic.com

www.burmeseclassic.com



အရက်တမြမြနှင့် ယစ်မူးနေသူက မု
ဆိုးဖိုကိုအေး။ နှစ်ဆယ်ကျော်အသက်
ပြီဖြစ်တဲ့ ငပြေရဲ့အဖေ ကိုအေး။ ဘဝ
ခမ်းရေးအတွက် အကုသိုလ်အလုပ်ကို
"ဝါးခုတ်ရာလက်လျို" လုပ်ရင်း ဆင်
ခြုတော်မှီလို့ ကြုံစုပ်နေသည်ကအမှန်။

✦✦✦

"တောက် ..."

တောက်ခေါက်သံပြင်းပြင်း
ခေါက်ရင်း မကျေမနပ်နှင့် အရက်ခွက်
ကို မော့လိုက်သည်။ အရက်ပူ၊ အာပူ
ငွေများကို "ဟား"ခနဲထုတ်ရင်း
ခေါင်းခါသည်။

"ဟုတ်ပါ့ကွာ .. မရှိတဲ့ဘဝ
ဆင်းရဲတဲ့ဘဝများ ရှာလို့ဖွေလို့ရတဲ့ငွေ
ကလည်း သိပ်ပြီးကြာကြာမကိုင်လိုက်
ရဘူး။ ကြည့်စမ်း။ အတောင်ပေါက်တဲ့
ငှက်ဆိုးထက် ဆိုးတယ်ကွ။ ကြာကြာ
မနားချင်ဘူး။ လက်ပူတောင် မကိုင်ရ
ဘူး။ ပိုက်ဆံအရောင်အဆင်းတောင်
သိပ်ပြီးမမှတ်မိလိုက်ဘူး"

ပြောရင်း အရက်ကိုငှဲ့ကာ
ဆက်သောက်သည်။ ဩော် .. ဝက်
ဝယ်သည့်အလုပ်၊ သားသတ်သည့်အ
လုပ်ဆိုတာ ကုသိုလ်အလုပ်မဟုတ်။
အကုသိုလ် အရိပ်မည်းကြီးတွေ အတုံး
လိုက်အတစ်လိုက်၊ ဒေါနှင့်မာန်နှင့်ဝင်
သည့်အလုပ်ဆိုတာ ကိုအေးမသိ။
လွယ်လွယ်ရ၊ လွယ်လွယ်ဖြုန်းခဲ့သည်
မို့ ပွဲစားခရသည့်ငွေသည် အိတ်ထဲကြာ
ကြာမနေခဲ့ခြင်းပါလားဟု ကိုအေး မ
သိ။ မတွေးတော့။

ရိုးသားကြိုးစားပြီး "နဖူး
ကချွေး ခြေမကျသည်အထိ" လုပ်ခဲ့
သောချွေးနှင့် ရင်းသည့်ငွေဝင်လျှင် မရှိ
ဆင်းရဲသားတစ်ယောက်လက်ထဲ သိပ်
ပြီးမကိုင်ရ။ ယခု ကိုအေးအလုပ်က
အကုသိုလ်အလုပ်။ ပါးစပ်က အလ
ကားရသည့်လေနှင့် ထင်ရာမြင်ရာပြော
ငါ့စကားငါ့နွားရဆိုရင်း မိမိအလုပ်နှင့်
အမြတ်ရရေး လိမ်ခဲ့ညာခဲ့ရသည့် အ
လုပ်မို့ ဘယ်မှာငွေက တည်မြဲပါ့မလဲ။
ကြည့်။ ကြည့်လေ။ ပိုင်ရှင်က ဝိသာ
မည်မျှထွက်မည်ဟု ခန့်မှန်းပါက ကို
အေး(ကြားပွဲစား)က ပိုင်ရှင်တွက်
သည့်အချိန်ထက် ဝိသာလျှော့တွက်
ရင်း ပိုင်ရှင်ကိုဖိရသည်။ ယုတ္တိရှိရန်ညာ
ရသည်။ ဖြီးဖြန်းရသည်။

ဝယ်ပေးတော့လည်း အ
ကုသိုလ်နှင့် ဝက်ဖမ်းတော့လည်း အ
ကုသိုလ်နှင့်။ ပြီး ... ဟင်းပေါ် (ဝက်
သတ်)တော့လည်း အကုသိုလ်နှင့်။ ကို





www.burmeseclassic.com

www.burmeseclassic.com



အေးအနေဖြင့် လွယ်လွယ်ရသည့် ငွေကို လွယ်လွယ်ဖြုန်းရုံမက မြိုးမြိုးမြက်မြက်လေး စားချင်သေးသည်။ ဝက်သားတော့ အသေအလဲကြိုက်သည်။ သည်တော့ ကိုတင်အေးတို့ ဝက်ပေါ်တိုင်း သူတို့ရွာကိုသွားပြီး ဝက်ကိုင်ရမှာကူညီသည်။ ကူသတ်ပေးသည်။ ကူဖြိုးဖြတ်သည်။ သည့်အတွက် အသည်း၊ ကလီဇာနှင့် အသားငါးဆယ်သား တစ်ပိဿာခန့်တော့ ရခဲ့စမြဲ ...။

ယခုတော့ ... မိမိဘဝကို မကျေနပ်။ မိမိအလုပ်က တံငါသည်အလုပ်လို လှေဦးခိုတန်းခိုသည့် ဘဝ။ လှေဦးခြောက်လျှင် ခြောက်သည့်ဘဝပေကိုး။ ဝင်ငွေနှင့်ထွက်ငွေက မမျှ။ ဝင်ဖို့အကြောင်းတရား တစ်ခုဆိုလျှင် ထွက်ဖို့အကျိုးတရားက ဆယ်ခုမကပြီ။ အရက်မိုး ထန်းရည်ဖိုးတွေ ဒုနှင့်ဒေး။ အကြွေးက ခေါင်းစိုက်နေသည့်လူ။

"အဖေ"

အတွေးနှင့် အကြွေးများအကြား ဒေါသနှင့်တွေးရင်း နစ်မျောပြီးခံစားနေစဉ် သားဖြစ်သူ ငပြေအနီးလာရင်းခေါ်သည်။ ငပြေကို နီရဲသောအရက်ငွေ့ လွှမ်းနေသည့် မျက်လုံးကြောင်များနှင့် ကြည့်သည်။ ငှဲ့ထားသောအရက်ခွက်ကို ငပြေရှေ့တိုးပေးသည်။

"ဟော့ကောင် .. ရော့"

ပေးလာသော အရက်ခွက်ကို ငပြေကောက်ယူပြီး သောက်၏။

"အဖေ ..."

"ဟေ ... ပြောလေကွာ .. ဘာပြောချင်လဲ .. ပြော"

ငပြေကခေါင်းရင်း ခေါင်းကိုကုတ်သည်။ ကိုအေးက စူးစမ်းစိတ်နှင့် ကြည့်ရင်းရှိသည်။ ကိုအေးကို မူးလှပြီ။ ယစ်လှပြီ။ ငပြေက မမူးသေး။ ရီဝေဝေရှိသေးသည်။ ငပြေ ... ဒီကောင်ကဘာပြောချင်တာ ပါလိမ့်။ ကိုအေး သိချင်ပြီ။

"ဟော့ကောင် .. ပြောစမ်း၊ ဘာအကြောင်းလဲ"

"ကျုပ် .. မိန်းမယူတော့မလို့။ အဲ .. အဲဒါ"

"ဟေ .. မိန်းမယူတာများ ယူပေါ့ကွ။ ဘာခက်တာမှတ်လို့"

အိမ်ထောင်ရေး ကိစ္စကို သားဖြစ်သူ ငပြေက ဖခင်ဖြစ်သူကို လေးနက်စွာ ပြောခဲ့သော်လည်း ကိုအေးက ငှက်ပျောသီး အခွံနွှာစားသလို ခပ်လွယ်လွယ် ပြောလိုက်သည်။ ...
စိတ်ထဲ သိပ်ပြီးဘဝင်မကျ။

"အဖေကလည်း ကျု...
ကယောက်ျားလေး၊ သူတို့က မိန်...
လေး။ မိန်းကလေးဆိုတာ မြန်...
လေ့၊ မြန်မာ့ထုံးနဲ့အညီ မိသား...
ပီပီ တောင်းရမ်းစေချင်တာဗျာ...
ကြောင့် တင့်တောင်းတင့်တယ် ...
အဖေ့ကို တိုင်ပင်ရပြောရတာ"

ငပြေအသံက ခပ်မာ...
သည်တော့ ကိုအေးက ပြုံးသည်...

"အဖေတို့ဆင်းရဲတာ ...
အသိ"

"ဟုတ်ကဲ့"

"ဒြီး .. မင်းယူမယ့် မိန်...
လေးကလဲ အမြင့်နေမှာပေါ့ကွာ"

"မြင့်တော့မြင့်ပါတယ်...
ပေမဲ့"

"ကဲ .. ပြော။ မင်း .. ဆ...
ပြောစမ်း"

မခိုးမခန့်ရယ်ရင်း ကို...
က ပြောသည်။ ငပြေ၏ဆက်လာ...
နောက်ဆက်တွဲ စကားများသည် ...
ကိုယ်ဒုက္ခပေးမည့် ဆင်းရဲအောင်...
မည့် စကားများဟု ကိုအေးကြို...
ပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



"ကျူပ်တို့ဆင်းရဲတာ မွဲတာ
ရှာပါတယ်။ ဒါပေမဲ့ လူနဲ့သူနဲ့တူ
အောင်တော့"

"အင်း .. အဖေ့ကို ဝန်ထုပ်
ကြီးပေးနေတာကိုး။ ကဲပါလေ။ ဖြစ်ရ
ပါ"

"အဖေ့အပေါ် ဝန်ထုပ်ကြီး
ပေးနေတယ် ဆိုချင်ဆိုပါ အဖေ။
မိန်းကလေးချင်း သားသမီးချင်း ကိုယ်
ချင်းစာပြီး ဖြစ်သင့်တာဖြစ်အောင်လို့ပါ
... နော် အဖေ"

ကိုအေး ဘာမျှ မပြော
တော့။ ဝန်ထုပ်မပေးပါဘူး ဆိုပေမဲ့
ကြာကြာမနားသော မနေသော ငွေရေး
ကြေးရေးကို ဒေါသဖြစ်ပြီး သားဖြစ်သူ
အားမတောင်းပေးရမည့် ကိစ္စက ပိုပြီး
ဘားလံနေပြီ။

"နေပါဦး ... မင်း .. ဘယ်
သူ့ကို ယူမှာလဲကွ"

"ဟို ... ဟို ... ဟိုဘက်က
အေးမိကိုပါ"

ဟိုဘက်ရွာဆိုကတည်းက
ရက်တောရွာဆိုတာ ကိုအေးသိပြီး
သား။ ကိုတင်နှင့် မိကြည်၏သမီး အေး
မိဆိုတာသိပြီးသား။ ဘဝတွေက တွေး

"အဖေ့အပေါ် ဝန်ထုပ်ကြီး ဖိပေးနေတယ် ဆိုချင်ဆိုပါ အဖေ။ မိန်းကလေးချင်း သားသမီးချင်း ကိုယ်ချင်းစာပြီး ဖြစ်သင့်တာဖြစ်အောင်လို့ပါ ... နော် အဖေ"

လေဝေးလေ စဉ်းစားလေ မွဲလေဘဝ
တွေချည်းမို့ ဘယ်သူ့ဘယ်သူမှ အဆင့်
မနိမ့်သဖြင့် ခွဲခြားစရာမလိုသည့် ဘဝ
တွေ ...။

မိမိတို့ဘဝက တစ်ခြမ်းပဲ့
ဘဝ။ မိခင်ဖြစ်သူမရှိလို့ မုဆိုးဖိုသားဆို
သည့် ဂုဏ်ပုဒ်က အေးမိတို့ထက် နှာ
တစ်ဖြားသာခဲ့သည်။ အေးမိဘဝကမှ မိ
စုံဖစုံရှိသေးသည်။ မိမိတို့ဘဝက လေ
ကိုအရင်းပြု ကြားပူးနားဝစကားကို အ
ရင်းတည်လိမ်လည်ပြီး မုသာဝါဒကံ အ
မြဲကျူးလွန်နေရသည့် ဝက်ဝယ်ပွဲစား။
ကြားပွဲစား။ သားသတ်သားတို့အလုပ်
ကို တွန်းအားပေးနေရသူ။

အဲ .. အေးမိအဖေ ကိုတင့်
ကရော။ ဒီလူကလည်း မိမိလိုပင် အကု
သိုလ်အလုပ် လုပ်နေသူ။ ဒီကောင် အ
လုပ်ကပျားရှာ။ မိကြည်က ပျားရည်
ရောင်းရသည့်အလုပ်။ ငရဲအိုးဖောက်
ထိုးသွားမည့် သူတွေချည်း။

တွေးရင်း အရက်ကို အပြီး
သောက်သည်။ ပြီး .. သားအဖနှစ်
ယောက် ထမင်းစားကြသည်။ အတွေး
ကိုယ်စီနှင့်။ အပူကိုယ်စီဖြင့်။

✦✦✦

ငပြေမင်္ဂလာပွဲအတွက် ငွေ
ကိုရှာရပြီ။ ငွေဝင်ထွက်၊ ရပေါက်ငွေကို
ရှာနေပြီ။ ဝက်ဝယ်လာမည့်သူကို မျှော်

www.burmeseclassic.com



ရတာကလည်း ခေါင်းခဲလှပြီ။ နေ့ရော ညပါ မျှော်ရသည်မို့ နောက်ကျလှပြီ။ ရွာထဲနှင့် အခြားရွာကိုသွားပြီး ဝက်ရောင်းမည့်သူများထံသွား။ ဝက်ခြံထဲက ဝက်တွေကြည့် အရွယ်အစားကို စံတိုးကြေး(ဈေး)ငွေကို ကြိုတင်စုံစမ်းရပြီ။ ဘယ်သူ့ဝက်ကို ဘယ်လိုဈေးစားမည်။ ဘယ်လိုဖြတ်လိုးမည်ကိုလည်း စိတ်ထဲတေးထားရသည်။ စိတ်ထဲတေးထားသည်က ဦးနှောက်ပင် အရည်ပျော်လုလု ...။

ပြီး .. သားသတ်လိုင်စင်ရ ကိုတင်အေးဆီကို ရေထွက်တော့မည်အထိ သွားရသည်က ခြေတိုလုလု။ ဘယ်ရွာက ဘယ်သူ့ဝက်။ ဘယ်ဈေး ဘယ်ကြေးရှိသည်ဟု ဝက်ရောင်းလိုသူ၏ ရောင်းလိုသည့်ဈေးထက် ပိုပြောရသည်။ မုသာဝါဒကံ ကျူးလွန်ရသည်ကလည်း နေ့ဝင်နေထွက်။

ရောင်းလိုသူ၏ဈေးထက် ဝယ်လိုသူအားပိုပြီးပြော။ ဝယ်လိုသူ၏ ကြေးထက် ရောင်းလိုသူကို လျှော့ပြီးပြော။ ဒါ .. ကိုအေးလှည့်ကွက်။ ကိုအေးပရိယာယ်။ ကိုအေး ကြားပွဲစား၏ စိတ်သဘောထား။ ငိုစားရယ်စား သဘော။ နှစ်ဖက်ယူ၊ နှစ်ဖက်ရသည့်အပြင် ဝယ်သူ ကိုတင်အေးတို့၏ ရက်ရက်ရောရောပေးမည့် ပွဲစားခကိုပါ မျက်လုံးထဲ မြင်ယောင်ဆဲ ...။

"ကိုတင်အေးရာ .. ကျုပ်ခင်ဗျားဆီ အကူအညီတောင်းချင်လို့ ..."

စကားပလ္လင်ခံရင်း သားဖြစ်သူ၏ မင်္ဂလာပွဲသတင်းကို အစအဆုံးပြောပြသည်။ မိဘဝတ္တရားကို တင်ပြသည်။ မိခင်မဲ့သား၏ အခြေအနေကို စပ်ဟတ်ပြောပြသည်။ ပွဲစားပီပီ စကားပရိယာယ် ကြွယ်ဝစွာနှင့်ပြောရင်း ခေါင်းငုံ့ထားသူက ကိုအေး။ သနားချင်အောင်၊ ပေးကမ်းချင်အောင် မိမိမျက်နှာကို အချိုသာဆုံးဖြစ်အောင် ဟန်ဆောင်လို့ အပူရုပ်ဟန်ပြုရင်း ပြောဆိုနေသည်က တကယ့် ... အသက်ဝင်ပါဘိတော့ ...။

"အင်း .. အခုတစ်လော လုပ်ငန်းကလည်း သိပ်ပြီး အဆင်မပြေချင်ဘူး"

"ခင်ဗျားတို့ အဆင်မပြေတာက ဆင်ပိန်ကျွဲလောက်တော့ ရှိပါသေးတယ် ကိုတင်အေးရာ။ ကျုပ်တို့မှာက သူတောင်းစားခွက်ပျောက် ဖြစ်နေပြီဆိုတော့။ အင်း .. တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုသလို အရင်ကရှိခဲ့တဲ့ ကျိုးကျေးဇူးတွေ ထောက်ထားပြီး တစ်ခါတော့ ကူညီပါဦး ကိုတင်အေးရာ"

ကိုတင်အေး စဉ်းစား... ကိုအေးပြောသလို သူ့ကျေးဇူးတွေ... ရှိခဲ့သည်။ များခဲ့ပြီ။ ကိုအေး အ... ကောင်းလို့ ဝက်ပေါ်ကအမြတ်နှင့်... ပွားရေးတက်ခဲ့တာက အမှန်။ ... ယာတွေ အပေါင်ခံခဲ့ပြီး ဆိုင်ကယ်... ပြီးပြီ။ တီဗီ၊ အောက်စက်ပင် ဝယ်... ပြီ။ ရွှေထည်ဆိုတာကတော့ မပြော... အမျိုးမျိုးသော ရွှေထည်တွေက ဗီရို... မှာ။ ရွှေဘူးလေးထဲမှာ ...။

"ကျုပ် .. ကိုမြင့်မော... တိုင်ပင်ဦးမယ်။ အဟင်းဟင်း ... ... ရမှာပါ"

"ဟုတ်။ ဖြစ်အောင်လု... ဗျာ။ နော်။ မင်္ဂလာပွဲပြီးရင် ကျုပ် .. ... တိုးပေးရ၊ ပေးရ"

✦✦✦

မင်္ဂလာပွဲအပြီး၊ အေးမိ... အိမ်မှာခေါ်ခဲ့သည်။ အေးမိက မ... တော်ပါသည်။ ဘုရားအိုးရေလဲ... ကပ်တာက အစ၊ ဘုရားကေ...ကို စိုပြေ... အောင်ကုသိုလ်ယူသည်။ အမှိုက်ထ...



www.burmeseclassic.com

www.burmeseclassic.com



င်၊ ပိုးတစ်မျှင်မျှမရှိအောင် သန့်ရှင်းသည်။ ငပြေအဝတ်အစားများနှင့် သာကူမဖြစ်သူ၏ အဝတ်အစားများ ထိ လျှော်ဖွပ်ပေးရှာသည်။ ထမင်း တ်ဟင်းချက်ကလည်း အကောင်း ကြိုက်သူ ကိုအေးနှင့် အကြိုက်တူ ည်။

မင်္ဂလာပွဲကို အစကတော့ ်ကျဉ်းကျဉ်းဟု သဘောထားပြီး ပြု ပ်ခဲ့ခြင်းပင်။ နောက်တော့ မိမိက ပွဲ းယောင်ယောင် လူလည်ယောင် ာင်မို့ သိပြီးကျွမ်းပြီးသူများကို ဖိတ် ြားခဲ့သည်။ သည်တော့ ချဲ့ခဲ့ရပြီ။ တစ် မှ ဖိတ်ကြားသူများကို ထမင်းကျွေး ည်။ ဝက်သား၊ ပဲဟင်းချို၊ ငရုတ်သီး ြာ်၊ အချဉ်တစ်ခွက်နှင့် ကျွေးခဲ့ပြီး မှဖိတ်ကြားသူများကိုတော့ ရွှေဝါ ပ်ပြာပြန်ခဲ့သည်။ ဒါ ... ရွာ၏ထုံးစံ

ထုံးစံအတိုင်း လုပ်ခဲ့သည့် လာပွဲ၊ အကျဉ်းကျဉ်းနှင့် ကကျယ် ယ်ချဲ့ခဲ့သော မင်္ဂလာပွဲ၏ရလဒ်သည် ကြွေးတင်နေခဲ့ခြင်းပင်။ တင်ကျန် သည့် အကြွေးကို ပေးဆပ်ဖို့တာဝန် တိုအေး၏ခေါင်းပေါ် စုပြုံကျဆင်း ပြီ။ ရိပ်ခနဲဒိတ်ခနဲ ရုတ်တရက်ပြို ကျလာသော အကြွေးငွေများက ကို အေးကို လိပ်ပြာလွင့်စဉ်တော့မည်အ ထိ ခြောက်လှန့်နေပြီထင်ခဲ့၏။

အကြွေး ...။ အကြွေး ...။ အကြွေးတဲ့။

နိမ့်ပါးဆင်းရဲသော လူတန်းစားတစ်ဦးအတွက် အရေးအကြောင်း ရှိ၍ လိုအပ်သည့်ငွေကို ငွေရှိသူထံ လက်ဝါးဖြန့်အောက်ကျို့ပြီး ယူခဲ့သည့် ငွေသည် အချိန်တန်ပေးဆပ်ရမည်က အမှန်။ ပေးချေရမည်က မှချ။ လူက သာအိပ်သည်။ အကြွေးက မအိပ်တဲ့။ ကမ္ဘာကြီးသာ ပျက်မည်။ အကြွေးပေး ဆပ်ရမည့်ထုံးက မပျက်တဲ့။ လူသာ သေသည် အကြွေးကမသေတဲ့။ အရိုးသာဆွေးမည်။ အကြွေးမဆွေးတဲ့။ အို .. တွေးရင်းနစ်မွန်းစွာ ခံစားနေရသည့် ပေးဆပ်တင်ရှိနေသော အကြွေးဟူသည့် သဘောတရား၏ အဓိပ္ပာယ်ကို ငိုကာချဲ့ရင်းတွေးပြီး ကြောက်နေပြီက ရှူးတော့မတတ်။

သည်တော့ ...

ကိုအေးတစ်ယောက်၊ အရက်သောက်မိခဲ့သည်။

"အဖေ မနေ့က ကိုတင်အေးတို့ ကိုမြင့်မောင်တို့နဲ့ တွေ့တယ်။ ယူထားတဲ့ငွေ လာပေးပါဦးတဲ့ ..."

အရက်သောက်နေသည့် ကိုအေးအနီးလာထိုင်ရင်း ငပြေ့က ပြောသည်။ ကြားရသောစကားသည် မဆန်းပေမယ့် နားထဲခါးသီးစွာ ပြေးဝင်ဆောင့်လာပြီ။ ငပြေ့စကားကို မကြားချင်ဟန်ပြုရင်း ခွေးမဖြစ်သူထမင်းချက်ရာ မီးဖိုချောင်ဆီကြည့်သည်။ အေးမိသည် လုံးကြီးပေါက်လှကိုယ်အချိုးအစား၊ ပြေပြစ်ဖြောင့်စင်းသော အချိုးအဆစ်၊ မို့ကြွဖြိုးမောက်သောတင် ရင်တို့နှင့်။ ပြီး .. ဝင်းဝါသောမျက်နှာပြင်ကို ရှင်မတောင်သနပ်ခါး၊ မထူမပါး လိမ်းကျံထား၏။

"အင်း .. ဒါကြောင့် ဒီကောင်မလေးကို ငပြေ့က အရယူခဲ့တာကိုး"

"အဖေ"

ကိုအေးက သူ့အတွေးနှင့်သူတွေးဆဲ။ ရုတ်တရက် အပြေက 'အဖေ' ဟုခေါ်သည်။ ခေါ်ရင်း .. ဖခင်၏မျက်နှာမူရာ၊ ဖခင်၏မျက်လုံးများကိုကြည့်ရင်း အကဲခတ်တော့ အေးမိဆီမှာ နာကသိုဏ်းရှုနေမှန်း ငပြေမသိရှာ။

"ဟေ .. မင်းကလည်း အလန့်တကြား" ဟု ရှက်ရှက်နှင့် ရယ်ကျဲ



www.burmeseclassic.com

www.burmeseclassic.com



ကျဲလုပ်ရင်း အရှက်ပြေအဖြစ် အရက်ခွက်ကို ကောက်ယူမော့သည်။

"ဟာ ... အဖေ .. ဘာဖြစ်နေတာလဲ။ အရက်ခွက်က အရက်မပါဘူးဗျ"

"ဟင် .. အေး၊ အေး၊ ဟုတ်သားပဲ၊ အဟီးဟီး"

အရက်မပါသောခွက်ကို ပြန်ချသည်။ ငပြေ့က ပုလင်းကိုယူပြီး ငှဲ့ပေးသည်။ သည်တော့မှ ကိုအေးက အရက်ခွက်ကိုယူပြီး သောက်လိုက်၏။ မိမိမျက်လုံးကျက်စားရာ အကြောင်းတရားများ၊ သားဖြစ်သူငပြေ့များ သိသွားလေပြီလားဟူသော အတွေးများနှင့်ပူပန်မိသည်။ ငပြေ့ကို မရဲတရဲကြည့်သည်။ ငပြေ့မှာ ဘာမျှမခံစားရသလို၊ ဘာမျှမသိသလို။ တော်ပါသေးရဲ့။

"အင်း .. ပေးဆပ်ရမယ့်အကြွေးကို တွေးရင်းနဲ့ဆိုတော့ ..."

ကိုပြေ့ကပြောရင်း ဆင်ဖွေ့ရန်ရှောင်ပြောသည်။

"ကျုပ်လည်း အကြွေးဆပ်ရမှာကို တွေးပြီးပူနေတာ အဖေရ။ အေးမိရဲ့နားဆွဲလေး အပြတ်ရောင်းပြီးဆပ်လိုက်ရင် အနည်းအကျဉ်းတော့

"ကျုပ်လည်း အကြွေးဆပ်ရမှာကို တွေးပြီးပူနေတာ အဖေရ။ အေးမိရဲ့နားဆွဲလေး အပြတ်ရောင်းပြီးဆပ်လိုက်ရင် အနည်းအကျဉ်းတော့ ပေါ့သွားမယ်ထင်တာပဲ။ အေးမိက ရောင်းချင်ရောင်းလို့ ပြောနေတယ်"

ပေါ့သွားမယ်ထင်တာပဲ။ အေးမိက ရောင်းချင်ရောင်းလို့ ပြောနေတယ်"

"အိုကွာ .. သူ့ခမျာ ဒီနားဆွဲလေးပဲပါရှာတာ။ မိဘတွေက မင်္ဂလာပွဲကို အပြီးလက်ဖွဲ့လိုက်ရှာတာကွ။ ဒီရွှေထည်လေး ရောင်းခဲ့ရင်၊ အဖေတို့ကို လူပျော့လူညံ့၊ အကြံတုံး၊ ဉာဏ်တုံးလို့ ပြောကြမှာကွ"

အဖေပြောတာ စဉ်းစားတာဖြစ်နိုင်သည်ဟု ငပြေ့တွေးရင်း အေးမိထံအကြည့်၊ အေးမိသည် အမြည်းပန်းကန်လေး ကိုင်ရင်းထွက်လာသည်။

"ဦးလေး .. အမြည်းခွ
ကိုပြေ့ .. သိပ်မသောက်နဲ့နော်"

အေးမိကကိုအေးကို
လေးဟုခေါ်ရင်း အမြည်းခွက်ကို
ပေးကာ ငပြေ့ကိုမျက်စောင်းခဲ
ရင်း ပြောသံက ညင်သာလွန်းသ
သားအဖနှစ်ဦး ပြုံးရင်းက သဘော
စွာနှင့် အေးမိကိုအပြိုင်ကြည့်သ
အေးမိ အိမ်လေးထဲ ပြန်ဝင်သွားသ
သည်တော့မှ အရက်ဝိုင်းပြန်စသ

"အဖေတို့ .. တစ်
မှဖြစ်မယ်။ သတ္တိမွေးမှဖြစ်မယ်



www.burmeseclassic.com

www.burmeseclassic.com



တင်ရှိနေသော အကြွေးကျေရေးအတွက် စဉ်းစားရင်း ကိုအေးပြောလိုက်သည့်စကားကို နားထောင်နေသူက ငပြေ့ ...။

ပူမှာလား အေးမှာလား။ မင်းရေလား၊ ငရဲလားဆိုတာ ခွဲခြားခြင်းမှာ မစွမ်းသာပြီ။ လိုချင်ဇောတစ်ခုနှင့် ကျေလိုသောအကြွေးတစ်ခုနှင့် ပူပင်ကြောင့်ကြခဲ့သော သောကစိတ်များသည် လောဘစိတ်ကို နှိုးဆွနေပြီ။

ထိုအချိန် ... ကိုအေးပြုံးသည်။ အကြံရလိုက်ပြီ ...။

✦✦✦

ကိုအေးပြုံးသည်။ ထိုအပြုံးက ကြောက်စရာကောင်းသည့် အပြုံး။ မြေခွေးများ အကောက်ကြံသည့် မျက်နှာထားမျိုး။ ဒေဝဒတ်အကြံမျိုး။ အသိတရား လုံးဝကင်းသွားပြီ။ လိုချင်ဇောတစ်ခုကိုသာ ဦးတည်ချက်ထားပြီး ဖြစ်ချင်ရာဖြစ်၊ စိတ်မညစ်နှင့် ဟူသော စိတ်လွန်းရူးလွန်းသည့် အသိဆိုးများက ကိုအေး၏စိတ်ကို ကြီးစိုးမင်းမူခဲ့ပြီထင် ...။

ဝန်းကျင်သည် မှောင်နေပြီ။ တောင်းကင်သည် ကြယ်ပွင့်ကလေးများက တန်ဆာဆင်ထားသော်လည်း မြေပြင်ရှိအမှောင်ထုကို မတွန်းနိုင်ရှာ။ အားအင်ပျော့စွာနှင့် လင်းလက်ရင်း မြေပြင်အမှောင်ထုကို ငုံ့ကြည့်သည့်အလား။ ဝန်းကျင်အမှောက်ထုကို အရှုံးပေးသည့်အလား။

ညလေသည် တစ်ခါတစ်ရံ တောင်မှမြောက်၊ မြောက်မှတောင်သို့ တိုက်ခတ်နေသည်က ဦးတည်ချက်မရှိ။ စည်းကမ်းမထားလေသည်ထင့်။ သရက်ပင်၊ တမာပင်များနှင့်ဝန်းရံထားပြီး မိုးနံချုံနဘူးချုံကြီး များအပြင် တောချဉ်ပေါင်၊ တော ဘောက်ခွေး၊ တောနာနတ်ပင်များက လှည်းလမ်းလူသွားလမ်းဘေးဝယ် မင်းမူငိုက်မျှင်းဆဲ ....။

လမ်းဘေးချုံများအတွင်းက ပုဇင်းရင်ကွဲမည်သံ၊ ကျီကျီ၊ ကြာကြာအသံစူးရှရှက တစ်ချက်တစ်ချက်မြည်သံပြုနေ၏။ တစ်ခါတစ်ရံ "ဂီး .. ဂီး"ဟူသော ငှက်ဆိုးသံကို ကြားရသည်။ ပြီး ... တစ်တီတူး ... ငှက်မြည်သံကလည်း "တစ် .. တစ်၊ တီတူး .." ဟူ၍ အကြိမ်ကြိမ်မြည်ဆဲ။

ရွာအပြင်မှသည် သရက်တောရွာဆီသွားရာ လမ်းမပေါ်ဝယ် ရောက်ခဲ့သည်။ ရွာနှင့်ဝေးလေ တောထနက်လေ၊ ငြိမ်သက်လေ။ စိတ်ခြောက်ခြားစရာကောင်းလေ။ လိပ်ပြာလွင့်စင်သည်အထိ အမှောင်ထုနှင့် ဆိတ်ငြိမ်ခြင်းက ဖမ်းစားလေ။ ကိုအေးတို့ ထနောင်းကုန်နှင့် အေးမိတို့ သရက်တောရွာမှာ သိပ်ပြီးမဝေး။ နှစ်မိုင်(၁–တိုင်)ခန့်သာဝေးမယ့် ကြားခုလတ်မှာဖုန်းဆိုတော့ ချုံတွေက ကြီးစိုးထားသည့်ဒေသ။

နှစ်ရွာအကြားဝယ်၊ နှစ်ရွာပိုင်၊ နှစ်ရွာဆွမ်းချပြီး နှစ်ရွာပျော်ပါးခဲ့ကြသည့် "တောရရွှေဂူကြီးဘုရား"ရှိသည်။ နှစ်စဉ် တန်ခူးလပြည့်နေ့တွင် ကျင်းပသည့်ဘုရား။ နှစ်ရွာစလုံး မုန့်ပဲသားငါး၊ ဆွမ်းဆန်လောင်းလှူခွင့်ပြုသည့်ဘုရား။ ဘုရားတစ်ပိုင်း နတ်တစ်ပိုင်း တည်ခဲ့သည်ဟု သတင်းကြီးသည့်ဘုရား။ နတ်ကြွမ်းတောကြွမ်း၊ နတ်ဖမ်းတောဖမ်းသည်ဟု ထင်ရှားခဲ့သောဘုရား ... ။

ဘုရားဝန်းကျင်သည် ထန်းပင်များ၊ သရက်ပင်၊ သစ်ချိုပင်များ ဝန်းရံထားပြီး ချုံပုတ်များက ကာဆီးထားသည်မို့ နေ့ခင်းမှာပင် အသွားအလာကျဲသည့်နေရာ။ တန်ခိုးကြီးဘုရားပေ

www.burmeseclassic.com



မယ့် ဝန်းကျင်သည် ချုံနွယ်များ ဝန်းရံထားဆဲ။

ဘုရားပရိဝုဏ်အလယ်တွင် ဉာဏ်တော်နှစ်ဆယ်တောင်ခန့်ရှိသည့် စေတီ။ မုခ်ဝလေးခုက ဆေးရောင်စုံခြယ်သထားသည်။ အုတ်တံတိုင်းကာထားပြီး ဝဲဘက်မုခ်များမှာ စောင်းတန်းများဆောက်ထားပြီး လူများထိုင်ရန် အုတ်ခုံများခင်းပေးထား၏။ ဘုရား၏တောင်ဘက်တွင် နတ်စင်ရှိသည်။ ဘုရား၏အရှေ့ဘက် အုတ်တံတိုင်းဘေး၊ သရက်ပင်ခြေဝယ် သောက်ရေအိုးစင်ရှိသည်။ အုတ်ခုံကို ခါးအမြင့်အထိ ထည့်ထားပြီး၊ ဘေးက နတ်စင်သဏ္ဍာန် ဆောက်ထားသည်။

ဘုရားက နှစ်ရွာဆက်သည့် လမ်း၏ အနောက်ဘက်တွင် ရှိသည်မို့ အချို့ခြေလျင်သွားသူများက ဘုရားဝိုင်းထဲမှ ဖြတ်သွားကြသည်။

ဘုရားဝိုင်းဘေးက အပင်များအောက်နားရင်း အုတ်ခုံခံ။ အုတ်ခုံကာရေအိုးစင်ကို ဝင်ပြီးသောက်ကြသည်။

ကိုအေးတို့ သားအဖနှစ်ဦးသည် လှည်းလမ်းမှတစ်ဆင့် ဘုရားဝိုင်းထဲဝင်ခဲ့သည်။ ပေးဆပ်ရတော့မည်။ အကြွေးအတွက် ခြွင်းချက်မရှိ ကျေ အေးပေးဆောင်နိုင်ရေး အလုပ်လုပ် ကြရတော့မည်။

"ငပြေ့ ..."

"ဗျာ .. အဖေ"

"ခြေသံလုံပစေ၊ ချောင်းသံမဟန့်နဲ့။ သိလား။ လက်နှိပ်မီးကို ခပ်အုပ်အုပ်ထိုး"

"ဟုတ်ကဲ့ ..."

သားဖနှစ်ယောက် တီးတိုးတိုင်ပင်ရင်း ပြောဆိုရင်း၊ ဘုရားဝိုင်းထဲဝင်သည့်သွားလမ်းလေးဆီ ချိုးပြီးဆင်းလိုက်သည်။ ဝန်းကျင်ကမှောင်ဆဲ။ ဘုရားဝိုင်းထဲအဝင် တောကြွက်ကြီးများ အလန့်တကြားပြေးလွှားသံ၊ တောကြောင်ကြီးများ မာန်ဖီသံ၊ တောကြီးမြွေဟောက်တို့ တွန်သံ၊ မာန်သွင်းသံကို ဘုရားဝန်းကျင်ရှိ ချုံထဲများမှ ကြားနေရသည်။

"လာ .. ငပြေ့။ သတိထား"

"ဟုတ်"

ပြောသံများက နှစ်ကိုယ်ကြားရုံသာ။

✦✦✦

လမ်းပေါ်တွင်တွေ့၍ ယူလာဆုပ်လာသော သဲတစ်ဆုပ်ကို ထ[...] ပြင်ပေါ်မှာတင်ပြီး လက်များ[...] သည်။ ပြီး .. ဘုရားရှေ့ဒူးထော[...] သည်။ အမှောင်ထဲမှ စေတီအ[...] ဘုရားရုပ်တုရှေ့မှာ အသက်ပြင်း[...] သံကြားနေရသည်။

ကိုအေးတစ်ယော[...] ဘုရားရှေ့ဒူးထောက်ထိုင်လို့ လ[...] တသဲတစ်ဆုပ်ကို မြှောက်လိုက်သ[...] ပြီး .. ကြီးမားလေးလံသော သ[...] ကားများကို အံချသည်။

"ဘုရားတပည့်တော်သ[...] မြန်မာဗုဒ္ဓဘာသာများက ကိုးကွ[...] ဆည်းကပ်လို့ ကပ်လှူပူဇော်ထား[...] မြတ်စွာဘုရား၏ကိုယ်တော်၊ မျ[...] တော်မှရွှေများကို ခွာယူပါမည်ဘု[...] ဤသို့မကောင်းသည့် အလုပ်အ[...] တပည့်တော်၏လက်တွင်းမှာရှိသေ[...] ရေတွက်နိုင်၊ များပြားလှစွာသော သဲ[...] နှင့်အမျှ သဲတစ်ပွင့်တစ်ကမ္ဘာဖြင့် မ[...] အဝီစိငရဲကျခံပါမည် ဘုရား။ သို့[...] ဘုရားတပည့်တော်သည် ဂငိဝါရွှ[...] မက ကမ္ဘာနှင့်အညီခံပါမည်ဟု ဆ[...] ရင်း မြတ်စွာဘုရား၏ရွှေများကို [...] ယူခွင့်ပြုတော်မူပါ"

ကိုအေးက သဲစွာပြုရင်း[...]



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆုပ်ကို ဘုရားရှေ့ကပ်လှူလိုက်သည်။ ကပ်လှူရင်း သစ္စာပြုပြီးသည့်နောက် နောင်အခါနောင်လာဈေးဟူသော မိုက်မဲသောအသိဉာဏ်များက ထားမနိုင်ပြီ။ ငပြေ့လက်ထဲက လက်နှိပ်မီးကိုယူသည်။ မိမိတို့ရွာနှင့် ဝေးမဖြစ်သူ၏ရွာသာမက အနီးဝန်းကျင်ကလူများပါ ဤဘုရားကို ပူဇော်ရိုကျိုးခဲ့ခြင်း ကိုအေးမသိ။ နှစ်စဉ် ဆွမ်းချ၊ ရွှေချခဲ့သည်မှန်းလည်း မသိ။ မိမိသည် မြန်မာလူမျိုး။ မြန်မာဆိုတာ ဗုဒ္ဓဘာသာဝင်တွေချည်း။ ယခုတော့ မကြံကောင်းစည်ရာအလုပ်ကို လုပ်တော့မည်။

ကြည့်စမ်း။ လက်တစ်ဆုပ်အတွင်းက သဲပွင့်များကို မြတ်စွာဘုရားရှင်သာ ရေတွက်နိုင်မည်။ လူသားတွေ ရေတွက်နိုင်မည် မဟုတ်။ ထိုသဲပွင့်နှင့်အမျှ သဲတစ်ပွင့်တစ်ကမ္ဘာနှုန်းဖြင့် ငရဲခံပါမည်တဲ့လား …။

အို .. လက်နှိပ်မီးရောင်အောက်ဝယ်၊ မြင်တွေ့ဖူးမြော်ရသော ဘုရားရှင်၏မျက်နှာတော်၊ သင်္ကန်းတော်တို့မှာ ရွှေတွေဝင်းလို့။ အိလို့။ ဝါဝါဝင်းဝင်းနှင့်။ မွတ်မွတ်အိအိနှင့်။ ရွှေသားပြင်ကိုကြည့်ရင်း လောဘလှိုင်းလုံးများက အရှိန်မထိန်းနိုင်တော့။

ကိုအေးသစ္စာဆိုစဉ် ငပြေ့မှာ ဖခင်ဖြစ်သူအနား ရပ်ဆဲ။ ငပြေ့ သိပါပြီ။ အဖေနှင့် အရက်အတူသောက်ပြီး အဖေ့အကြံအစည်ကို သိခွင့်မရခဲ့။

"အဖေ့နောက်သာ လိုက်ခဲ့။ ဟိုရောက်ရင် သိလိမ့်မယ်။ အဖေကိုယ်တိုင်လုပ်မယ်။ အဖေကိုယ်တိုင်ခံမယ်"လို့သာ ပြောခဲ့သည်။ ယခု အဖေက ဂင်္ဂါဝါဠုသဲစုမက ကမ္ဘာနှင့်အမျှ ခံပါမည်တဲ့။ အလို။ ဘုရားရွှေပွတ်မှာပါလား။

ငပြေ့တွေးဆဲမှာပင် အဖေသည် လွယ်အိတ်ထဲလက်နှိုက်သည်။ ပလတ်စတစ်ဘူးတစ်ခု ပါလာပြီး၊ အဖုံးဖွင့်သည်။ အထဲကဘာအရည်၊ ဘာအဆီဟူ၍ ငပြေမသိ။ အဖေက ထိုအဆီများကို အဝတ်ပါးပါးဖြင့်ဆွတ်ပြီး ရွှေရှိသည့်နေရာတော်များကို ပွတ်သည်။ ဆွတ်သည်။ အားရအောင်ဆွတ်ပြီး ခဏနားသည်။ ပြီး .. အရာဝတ္ထုတစ်ခုနှင့် ပွတ်နေပြီ။ ထိုအရာဝတ္ထုနှင့် ကပ်လိုက်ပွတ်လိုက်လှိမ့်လိုက် လုပ်နေသည်။

"အဖေ …"

ငပြေ့ အသက်ဝင်လာ





www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘုရားထဲဝင်တာက အစ၊ ဘုရားရှေ့သစ္စာဆိုသည်အထိ။ နောက် .. ရွှေတွေရဖို့လုပ်တာကိုင်တာ အဆုံးအထိ၊ အသက်ငင်ရင်းငေးကြည့်ကာ ငေါင်ရင်းရပ်နေရာမှ သတိအဝင် "အဖေ" ဟုခေါ်သံသည် ဘုရားအတွင်းလှိုင်သံပေါက်လာသည်။

"ဘာလဲသား ... အသာနေ"

"ဟာ .. အဖေ .. လူ .. လူတွေလာနေပြီ"

ငပြေ့က ဘုရားဝိုင်းအပြင်ဘက်က လူသံများနှင့်အတူ လက်နှိပ်ဓာတ်မီးရောင်တွေကြောင့် အလန့်တကြားပြောလိုက်သည်။ ကိုအေးမှာ တအံ့တသြနှင့် အံ့အားသင့်ကာ လုပ်လက်စလုပ်ငန်းများ ရပ်တန့်သွားသည်။

"ဝိုင်းထားဟေ့၊ ဝိုင်းထားဟေ့။ အထဲမှာ ဘုရားခိုးတာလား၊ ရွှေပွတ်တာလား မသိဘူးကွ"

လူသံများက ဆူညံသံတွေနှင့် ရှေ့ကိုတိုးလာကြပြီ။ ငပြေ့ .. ကြာကြာမစဉ်းစားတော့။ ဆုံးဖြတ်ချက်အပိုင်ချတော့မည်။ ပြတ်သားရတော့မည်။

"အဖေ၊ ရွာကလူတွေ ဝိုင်းကုန်ပြီ။ ကျုပ်ပြောတာကို နားထောင်။ ဒီ .. မြောက်ဘက်ဘုရားအတွင်းပေါက်ကထွက်။ ပြေး ... ပြေးတော့"

ကိုအေး ဘာမျှမပြော။ သဲဆုပ်မျှခံပါမည်ဟု သစ္စာဆိုထားသည်ကို သတိမမူတော့။ ပေးဆပ်ရမည်။ အကြွေးတွေအကြောင်း သတိမရတော့။ ငပြေ့ အစီအစဉ်အတိုင်း ဘုရားအတွင်းမှခ်ဆီထွက်သည်။ ပြီး .. ဘုရားအပြင်ထွက်ပြီး အပြင်အုတ်တံတိုင်းပေါက်မှတစ်ဆင့်၊ ချုံတန်းများဆီပြေးခဲ့သည်။

"ဝင်၊ ဝင်ဟေ့၊ အတွင်းဝင်ကြ"

"ဝင်သူဝင်၊ အပြင်က ဝိုင်းသူဝိုင်းကြဟေ့"

လူတွေက အပြင်မှဝိုင်းရင်းအတွင်းတိုးလာကြသည်။ လူအင်အားကမနည်း။ လက်နှိပ်မီးရောင်က မြိုင်လှသည်။ တုတ်ဝါးတွေ လေးခွတွေနှင့်။ ငပြေ ... စိတ်ကိုတည်ငြိမ်အောင်ထိန်းသည်။ ရွှေပွတ်ခံထားရသော ဘုရားရုပ်ရှင်တော်မြတ်ရှေ့ဝယ် လက်အုပ်ချီသည်။ ဝတ်ပြုသည်။

"ဖြူဖြူသမျှ အမှားတွေအ

တွက် အဖေ့အပေါ်မကျရောက်ဘဲ

ပည့်တော်အပေါ်သာ ကျရောက်ခံစား

ပါစေ ဘုရား ..."

နှုတ်က အသံထွက်ရွတ်

မတ်တတ်ရပ်ကာ လက်အုပ်ချီသ

တိုအချိန် လက်နှိပ်မီးကိုယ်စီနှင့် အ

ရောက်လာပေပြီ။

"ဟေ .. ဟိုမှာ .. ဟို

"မပြေးစေနဲ့ကွ"

"သတိထားဟေ့။ ဒီ

လက်ထဲ လက်နက်ပါရင် အခက်

ပြောရင်းပတ်လည် ဝိုင်း

လက်နှိပ်မီးနှင့် အပြိုင်ထိုးထားသည်

ထိ ကျရောက်ပေါက်ကွဲတော့မည့်

ရွာလူထု၏ တုံ့ပြန်မှုကိုခံရန် မျက်

မှိတ်ထားဆဲ။

"အဖေလွတ်သွားပြီ။

ဖေ .. အန္တရာယ်မကျရင်ပြီးတာပဲ။

သတ်ချင်သတ်"

အသံတိတ်ပြောရင်း ရပ်

မျက်လုံးများ မှိတ်ထားဆဲ။

"ဟာ .. ငပြေ့၊ ငပြေ့ ...

"ဘာ .. ငပြေ့၊ ငပြေ့ဟု

လား"

"ဟုတ်တယ်၊ ဒါဟို့ရွာ

ငပြေ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ..."

"မင်းကွာ .. ရက်စက်လိုက်တာ။ ငါ့တို့လူမျိုးတွေအတွက် အမြတ်ထားတဲ့၊ ဘုရားကရွှေတောင် ချမ်းသာမပေးဘူး။ မင်းနှယ်ကွာ"

"ငါတို့ရွာက ဖြစ်ဖြစ်၊ သူတို့ရွာကဖြစ်ဖြစ်၊ သာသနာအပေါ် သစ္စာမရှိတော့ သတ်သာပစ်ကွာ"

"ဟုတ်တယ်။ ဝိုင်းရိုက်ကြဟေ့"

"တိုင်းပြည်နဲ့လူမျိုး၊ ဘာသာနဲ့သာသနာရဲ့ မျက်နှာကိုမှမထောက်၊ ချကွာ"

"မကြံကောင်း မစည်ရာကွာ။ ခွေးလောက်မှ အသိမရှိကြဘူး"

ကာလသားများက တုတ်များဖြင့် ဝိုင်းရိုက်ရင်းပြောသည်။

"ဟေ့ .. ဟေ့ .. လက်လွန်မယ်။ ဒီကောင်အတွက် ရဲရှိတယ်။ ဥပဒေဆိုတာ ရှိတယ်။ ထောင်ဆိုတာရှိတယ်။ တော်ကြ"ဟု ဥက္ကဋ္ဌပြောသည်။ ဥက္ကဋ္ဌစကားကြောင့် လူငယ်များ တန့်သွားကြသည်။ အချို့က မကျေနပ်ကြသေး။ တောက်ခေါက်အံကြိတ်ရင်း တုတ်တပြင်ပြင်။ ဓားတဆဆ။

"ကျုပ်ခံရဲပါတယ်ဗျာ။ ခင်ဗျားတို့ပြောသလို ခွေးလောက်မှ ..."

နာကျင်သော ဒဏ်ရာများက သွေးများစီးကျနေသည်။ ခေါင်းမှာ ဒဏ်ရာတွေနှင့် ကျောပြင်၊ လက်မောင်းအရင်း။ ပြီး .. ပေါင်နှင့် ခြေသလုံးတွေအထိ ရိုက်ချက်တွေက ထိရှခဲ့ပြီ။ ခေါင်းမှ ဒဏ်ချက်များအ နောင်အသေအမတတ်။ ထက်တလော ခံစားနေရပြီ။

"ဟော့ကောင် .. ငပြေ့"

"ဗျာ ..."

"မင်းကွာ .. ရက်စက်လိုက်တာ။ ငါ့တို့လူမျိုးတွေအတွက် အမြတ်ထားတဲ့၊ ဘုရားကရွှေတောင် ချမ်းသာမပေးဘူး။ မင်းနှယ်ကွာ"

ဥက္ကဋ္ဌပြောရင်း ဝါးတိုဖြောင်းခနဲမြည်သည်အထိ ရိုက်လိုက်သည်။ ငပြေ့အံကြိတ်ခံရသည်။ ဝါးရိုက်တာလောက်တော့ မနာပါ။ သည်ထက်ရိုက်ချက်ပြင်းသည့် ဓားဖြင့်ဇက်ကိုသာ အပြီးပိုင်းသင့်မှန်း ငပြေ့သိပါသည်။ ခံ။ ခံတော့။ ငပြေ့ ... အံကိုက်ရင်း မိမိတို့ မိုက်မှားမှုအတွက် နာကျင်တာတောင်မှ အံကြိတ်ခံသည်က၊ မိမိကိုယ်မိမိ၊ ဒဏ်ခတ်နေခြင်းဟု ငပြေယုံကြည်သည်။

"ဟေ့ .. ငပြေ့ကို ခေါ်ခဲ့။ ရဲစခန်းပို့မယ်"

လူငယ်များက ဖမ်းဆွဲခေါ်ပြီး ဘုရားအပြင်ထုတ်ခဲ့သည်။ ဘုရားအပြင်မှတစ်ဆင့် လမ်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ရှာသို့ပြန်ခဲ့သည်။ ရှာဆီပြန်ခဲ့သည်။ ညတွင်းချင်းပင် ရဲစခန်းသို့ ပို့သည်။ မြို့ရဲစခန်းသည် ရှာနှင့်သိပ်ပြီးမဝေး။ ဥက္ကဋ္ဌကပြတ် သည်။ မြို့နယ်ပို့တရားစွဲသည်။ တရားစွဲသည်အထိ ငပြေ့ ... စိတ်မစိုးခဲ့။

ငပြေ့၏ ဘုရားရှေ့ပွတ်သတင်းက တစ်ရွာလုံး၊ ရွာနီးချုပ်စပ်တစ်ပြင်လုံး တောမီးနယ်သတင်းဆိုးက လွှင့်နေပြီ။ အေးမိခမျာ ရှုတ်သည်ဟု ဆိုပြီး သူ၏မိခင်ရှိရာ ရွာသို့ပြန်ပြေးခဲ့ပေပြီ။

✦✦✦

"ဒီကိစ္စမှာ မင်းတစ်ဦး တည်းလား"

မြို့နယ်မှူး၊ စခန်းမှူးနှင့် အမှုလိုက်ရဲများ နယ်ထိန်းရဲများက ဝိုင်းပြီးထားကာ၊ စခန်းမှူးက ငပြေ့ကို မေးသည်။ ငပြေ့ခေါင်းညိတ်အဖြေပေးသည်။

"မင်း .. မလိမ်ချင်ဘူး။ အင်းလေ ဘုရားတောင်ရှေ့ပွတ်ရဲသေးတာပဲ။ သဲဆုပ်ပြီး သဲပွင့်နဲ့အမျှ ဖြစ်ပေါ်လာမယ့် နောင်နောင်ကမ္ဘာအဆက်ဆက်ခံပါမယ်လို့ သစ္စာဆိုရဲသေးတာပဲ။ ငါ့တို့အပေါ် လိမ်တာလောက်ကတော့ ထမင်းစားရေသောက် နေမှာပေါ့ကွာ"

မြို့နယ်မှူးကပြောသည်။

ဒဏ်ရာကြောင့် မေးစင်းထားသော မျက်လုံးများပွင့်လာသည်။ အဖေရော ပါသည်ဟု ဝန်ခံမည်လား။ သို့သော် မိဘတူသောအသိက ဝန်ခံဖို့ငြင်းဆန်နေသည်။

"ပြောကောင် .. ပြောလေကွာ ..."

"ကျုပ် ... တစ်ယောက်တည်းပါ"

"မင်းလိမ်ပေါ့ကွာ။ လိမ်လိမ်။ ငရဲကျမယ့် အကောင်။ အသေဆိုးနဲ့ သေမယ့်အကောင်"

ရဲတစ်ဦးက လူငယ်ဗီဇဘုရားရုပ်တုက ရှေ့ပွတ်ထားသူဟူသော မခံချင်သည့်စိတ်နှင့် နာကြည်းစွာ ပြောလိုက်သံကို ကြားရသည်။

ထိုအချိန် စခန်းမှူးက ရဲသားတစ်ဦးကို လွယ်အိတ်တစ်လုံးယူလာစေသည်။ ငပြေ့ကြည့်လိုက်တော့ အဖေလွယ်ခဲ့သောအိတ်။ ပြီး .. အဖေစီးနေကျ ကားဖိနပ်နက်နက်တစ်ရန်။ သိပါပြီ။ ငပြေ့နားလည်ပါပြီ။ ဩော် ... မိမိသာခံမည်။ အဖေ မခံစေရဟူ၍ လိမ်ပြောခဲ့သော်လည်း အမှန်တရားက ဖုံးကွယ်မရတော့ကြောင်း ငပြေ့ လည်ပါပြီ။ ရာဇဝတ်ဘေး ပြေးမလွ ဆိုတာ လက်ခံပါပြီ။

"ပြောကောင် .. ဒါ .. ဘ သူ့လွယ်အိတ်လဲ"

"အဖေ့ လွယ်အိတ်"

"ဒါကကော"

"အဖေ့ ဖိနပ်"

"ဒီအထဲက ရှေ့ပွတ်ရာ သုံးပြုတဲ့ ပစ္စည်းတွေမဟုတ်လား"

အမေးကို ခေါင်းညိတ် ရင်းခေါင်းငုံ့နေမိသည်။ ထိုအချိန် နှောင်းနှောင်တ မျက်ရည်များက ပြင်မှာ ကျနေပြီ။

"ကျုပ် ... တစ်ဦးတည် မယ်ဆိုပြီး ကျုပ်လိမ်မိတာပါ။ အ ကို အမှုထဲမပါစေချင်တာကြောင့် ..."

"ဟင်း ... အမျိုးနဲ့ဘာသ ရုပ်ရှာနဲ့မြို့နယ်၊တိုင်းပြည်နဲ့သာသနာ မျက်နှာကိုတော့ မထောက်။ အဖေ့ တော့ ညှာတာသတဲ့။ မင်းညှာတော့ ကော လွတ်မှာတဲ့လား"

ငပြေ့ဘာမျှမပြော။ နှော ရက်အမှုတွဲ တည်ဆောက်သည်။ ဘုရားကိုဓာတ်ပုံရိုက်သည်။ သက်သေ



www.burmeseclassic.com

www.burmeseclassic.com



စွည်းများ ဓာတ်ပုံရိုက်သည်။ သက်သများကို ခေါ်စစ်သည်။ ပြီး ... ကိုအေးကို တရားခံပြေးအဖြစ် ဖမ်းဝရမ်းတ်သည်။

ငပြေ့ခမျာ ... မြို့နယ်အချုပ်ထဲမှာ ... ။

✦✦✦

ကိုအေး ပြန်တွေးသည်။ ငပြေ့တ အပြေးခိုင်းတော့ ဘုရားအင်းဘက်၊ မြောက်ဘက်မုခ်ဝမှ ထွက်ပြီး အပြင်ကိုပြေးခဲ့သည်အထိ စိတ်ထဲမှာ နောက်ကျောမလုံသေး။ သူတစ်ဥစ္စာခိုးတာ၊ လုယက်တာ၊ ဓားပြတိုက်တယ်ဆိုတာ ကြားသာကြားဖူးသည်။ ပြီး ... ထိုသို့ အမျိုးသာသနာအပေါ် သစ္စာဘယ်တော့မှမဖောက်ခဲ့ဘူး။ ယခု ... တင်းကျပ်ချုပ်နှောင်ထားသော ပေးစရာအကြွေးကြောင့် သာသနာ့အပေါ် သစ္စာဖောက်ခဲ့ပြီ။ မဲ့ပြီ။ မိမိကိုးကွယ် ဆည်းကပ်ခဲ့သည့်မြတ်စွာဘုရားရှင်၏ ရွှေချပ်လွှာများကိုခွာယူခဲ့ပြီ။

"အဖေ ... ပြေး .. ပြေးတော့။ ပြေး .. ပြေး .. အဖေ .. ပြေး" ဆိုသော ငပြေ့တိုက်တွန်းချက်များထားကို ကြားယောင်ဆဲ။ ထိုစဉ်က .. ငပြေ့နှင့်အတူ မြောက်ဘက်ကိုထွက်ပြေးပါက နှစ်ဦးစလုံးလွတ်နိုင်သည်။ အဘယ်ကြောင့် သားဖြစ်သူကို "သား ပါလိုက်ခဲ့ အတူပြေးမယ်" ဟု မပြောခဲ့သနည်း။

ယခု ... စုံစမ်းကြည့်တော့ ငပြေ့တစ်ယောက် မြို့နယ်အချုပ်ထဲမှာ အမှုတွဲတင်နေပြီတဲ့။ သည်ရက်နှင့်ဆိုလျှင် သုံးရက်ရှိပြီ။ ပြီး ... ကိုအေးကို တရားခံပြေးအဖြစ် သတ်မှတ်ပြီး ရဲတွေ၊ မီးသတ်ရဲဘော်တွေက တောနင်းရှာနေပြီတဲ့။ ထွက်ပေါက်တွေ ပိတ်ထားပြီတဲ့။ အဓိက ပစ္စည်းတွေ မိထားလေတော့ မိမိသည်အဓိကတရားခံ ရဲတွေခြေရာခံလိုက်နိုင်ကြပြီဆိုတော့ သိပါပြီ။ မိမိလွယ်အိတ်၊ မိမိဖိနပ်။ ရွှေပွတ်ရာအသုံးပြုခဲ့သော (---)ဘူးတစ်ဘူး။ ပြီး ဖယောင်းချပ်တစ်ချပ်။ ထိုကျကျန်ရစ်



www.burmeseclassic.com



# နဘူးချုံအတွင်း လူဝပ်ကျင်း လုပ်ထားပြီး ပုန်းကွယ်နေသည့် ကိုအေး။ တောင်တောင်မြောက် မြောက်စဉ်းစားရင်း၊ ကောက်ကျစ်စွာ ကြံဆဲ။

ပစ္စည်းများက မိမိထွက်ပြေးမည်အလုပ် အလိုလိုကျန်ခဲ့၊ ချန်ခဲ့သလို ဖြစ်နေပြီ။

ယခု .. ဥပဒေဘောင်အတွင်း ကွန်ရက်က အဘယ်သို့ရှောင်ပုန်းမည်နည်း။ ပြီး .. မိမိမှာ အကြံအစည်ရှိသည်။ အကြံ ...။ အကြံတဲ့။ ဘာအကြံလဲ။

ချွေးမ။ အေးမိကလေး။ အညာချော,ချောသည့် အေးမိ။ ငပြေ့၏ဇနီး။ ဟော ... ကြားသည်က ငပြေ့ကို ညတွင်းချင်းပင် မြို့နယ်ရဲစခန်းပို့တော့ ရှက်သည်ဆိုပြီး သူ့ရွာကို အပြီးပြန်သွားပြီတဲ့။ မိမိမှာတော့ တောထဲမှာ ချုံပုတ်တွေထဲခိုလိုက်။ သစ်ပင်ကြီးတွေပေါ်တက်အိပ်လိုက်နှင့်။ ခြေရာဖျောက်ကိုယ်ရောင်ဖျောက်အောင် လုပ်ခဲ့သည်။

နဘူးချုံအတွင်း လူဝပ်ကျင်းလုပ်ထားပြီး ပုန်းကွယ်နေသည့် ကိုအေး။ တောင်တောင်မြောက် မြောက်စဉ်းစားရင်း၊ ကောက်ကျစ်စွာ ကြံဆဲ။ သို့ဖြင့် ... နေဝင်ခဲ့ပြီ။ အမှောင်ထုက ကြီးစိုးလာပြီ။ ပုဇဉ်းရင်ကွဲသံများက တကျီကျီ၊ တကွီကွီနှင့် ဟစ်အော်ဆဲ။ ရုံဖန်ရံခါ တောခွေးများဟောင်သံ၊ တစ်တီတူးအော်သံများ ကြားရသည်။

ဝပ်ကျင်းထဲမှ ထွက်သည်။ မိမိပုန်းနေရာသည် သရက်တောရွာနှင့် မိုင်ဝက်ခန့်ဝေးသည့်နေရာ။ သစ်ပင်ကြီးတွေ၊ ဖုန်းဆိုးတောတွေ၊ တောနာနတ်တွေပေါသည့် နေရာ။

သရက်တောရွာဆီ မှန်း...
လာသည်။ မိမိရွာဘက် မပြန်ပါပဲ၊ အေ...
မိရှိသည့်ရွာကို အဘယ်ကြောင့်လာ...
သနည်း။ တောင်စဉ်ရေမရ၊ အမို...
စိတ်၊ အမှောင်စိတ်နှင့်တွေးရင်း ရွာ...
ချည်းကပ်ဆဲ။ မကြာ။ ရွာဘေးရော...
ပြီ။ ရွာထဲကလူသံများ ခပ်သဲ့သဲ့ကြာ...
သည်။ အခြေအနေကို အကဲခတ်...
ပြီး ရွာတောင်ပိုင်း အေးမိတို့အိမ်ရှိရာ...
လာခဲ့သည်။

အေးမိအိမ်ထဲဝယ် မီးရေ...
ကို ခပ်မှိန်မှိန်မြင်ရသည်။

"အေးမိ ... အေးမိ"

အိမ်ရှေ့ရပ်သည်။ အေး...
ယာကို အကဲခတ်သည်။ ကိုအေး...
ရောက်မှန်း မသိကြ။ ကိုအေးက ...
တိုးခေါ်ရင်း ရပ်ဆဲ။

"ဘယ်သူလဲ"

"ရှူး ... တိုးတိုး။ ဦးအေ...
အေးပါ"

"ဟင် .. ဦးလေး .. ...
လာ"

ပြောရင်း အေးမိက အိမ်...
ဝင်ဖို့ခေါ်သည်။

"အေးမိ၊ မနေ့ဖြန်၊ ...
နတ်တောစပ်ကို ထမင်းအပို့လာခဲ့...



www.burmeseclassic.com

www.burmeseclassic.com



ဦးလေး ထမင်းမစားရတာ သုံးရက်ရှိပြီ"

"ဟို .. ဟို။ ဦးလေးရယ်။ အေးမိလေ သိပ်ရှက်တယ်။ ကိုပြေအခါလည်း ဒီလိုလုပ်ခဲ့တာ သိပ်ပြီးသံသယမရှိဘူး။ ဘာဖြုလို့ ဒီလိုလုပ်ရသလဲဆိုတာ အေးမိဖြင့် တွေးလို့မရဘူး"

အေးမိကပြောရင်း၊ ကိုအေးကို စူးရဲစွာကြည့်ရင်းရှိသည်။ ကိုအေးခေါင်းငုံ့ထားဆဲ။ အေးမိက ဆက်ပြောသည်။

"ဟို .. ဦးလေး အဖမ်းခံလိုက်ပါနော်။ နော် ... ဦးလေး"

ကိုအေး .. အဖြေစကားမပေး။ အေးမိက ...

"အဲဒီညက ဦးလေးနဲ့ကိုပြေ့တို့ အပြင်ထွက်သွားတာ သိပါတယ်။ ဝက်အဝယ်ကိစ္စလို့ ထင်နေတာ။ အဲ .. အဲဒီညမှာပဲ ဘုရားဘေးကနတ်စင်မှာ မီးထွန်းဖို့သွားတဲ့လူ အချို့ရှိကြသလို။ သရက်တောက ဦးလေးတင်မောင်တို့ တနောင်းကုန်းကအပြန် ဘုရားနားအရောက် မသင်္ကာလူတွေ့တာနဲ့ ရွာကိုလူပြန်စုပြီး ဖမ်းကြတာတဲ့ ..."

"ကဲ .. မနက်ဖြန် ထမင်းလာပို့နော်။ နောက်ရက်မှ .. အခြေအနေကြည့်လုပ်ရမှာပဲ"

"စိတ် .. စိတ်ချ" ဟု အေးမိစကားမဆုံး၊ ရွာအပြင်ပြန်ထွက်သွားသူက ကိုအေး။

✦✦✦

အေးမိနဖူးပြင်ဝယ် ချွေးစလေးများ အစီအရီ ရီးလေးခိုနေသည်။

"ကျုပ်ဖြင့် .. တောကိုထင်းခုတ်ဆိုပြီး ညာထွက်လာရတာ"

အေးမိကပြောရင်း ... ပုဆိုးထုပ်ကိုဖြေသည်။ အထဲမှငှက်ပျောရွက်နှင့် ထုပ်ယူလာသောထမင်းများ။ ပြီး .. ကိုအေးကြိုက်သောဝက်သားနှပ်။ ပဲပြုတ်နှင့် သရက်ချဉ်။

"ဦးလေးစား .. အေးမိဒီမှာ အကြာကြီးနေလို့မရဘူး။ တော်ကြာ ... ဟို .. ဟို"

အေးမိက အကြောက်အလန့်ပြောသည်။ ကိုအေးက မိမိရှေ့တွင်ရှိနေသော ထမင်းနှင့်ဟင်းများဆီ အာရုံမရောက်။ အေးမိ၏ သနပ်ခါးကင်းသော မှုရင်းမျက်နှာ ဝင်းဝန့်ဝန့်လေးဆီမှာ။ ပြီး .. လွမ်းခြုံကြည့်နေသည်။ ကိုအေးမျက်လုံးများက ကျိုကျိုကလေးရှိသေစွာထိုင်နေသော အေးမိထံမှာ။ အေးမိ၏ ခန္ဓာကိုယ်အနှံ့အပြားမှာ။

"အေးမိက ဦးဆီထမင်းပို့လို့မိသွားရင် ကြံ့ရာပါဆိုပြီး၊ တရားခံကိုလျှို့ဝှက်ထားတယ်ဆိုပြီး ပုဒ်မအတပ်ခံရမှာ ကြောက်လို့လား"

မူမမှန်သောလေသံနှင့် ကိုအေးက စားတော့ဝါးတော့မည့်ဟန်နှင့်ပြောသည်။ အေးမိက မဖြေ။ ဒီလိုဘုရားရှေ့ပွတ်သည့်အလုပ်ဆိုတာ လူတွေအားလုံး ရွံရှာမုန်းတီးသည့် အလုပ်မျိုး။ ဘယ်ဘာသာ၊ ဘယ်လူမျိုးကမှ လက်ခံသည့်လုပ်ရပ်မှ မဟုတ်တာ။ ဗုဒ္ဓဘာသာဝင်တစ်ဦးက မိမိဘုရားကိုမိမိ ပြန်စော်ကားကြသည်မို့ ...

အို။ အေးမိလေ။ ရင့်ရင့်သီးသီး၊ ခါးခါးသီးသီး၊ ပတ်စက်စွာနှင့်ပြောလိုက်ချင်ပေမယ့် ပြောမထွက်ခဲ့။ မကင်းရာမကင်းကြောင်း ပတ်သက်ခဲ့ပြီမို့ ဒီလိုလူစားတွေကို ရွံသည်။ မုန်းသည်။

"အို ..."

ရုတ်တရက် အေးမိခမျာ မိမိ၏လက်နှစ်ဖက်ကို ဆက်ခနဲဆွဲယူခြင်းနှင့်အတူ မိမိကိုယ်ကို ဆွဲယူနေသောသူကို ရွံမုန်းစွာကြည့်သည်။

"ရှင် .. ရှင် .. ဟို၊ ဟို ..

www.burmeseclassic.com



ဦးလေး၊ ဦးလေး ...”

“ဟို .. ဟို .. အေး၊ အေးမိ ကို ... ချစ် .. ချစ်”

ကျွေးသည့်လက်ကို အကိုက်ခံရသောသူမို့ ဒေါသဖြစ်သည်။ ရှုံ့သည်။ ကြောက်သည်။ မိမိကိုယ်ကိုလည်း ယုံကြည်ချက်အပြည့်နှင့် ထမင်းလာပို့သည်။ အမှားကိုနောင်တရသည်။ ယုတ်မာရက်စက်သည့် လူတစ်ဦး၏အကြံကို ကြိုမတွေးကြည့်သည့်အမှားကို သိခွင့်ရသည့်အချိန် နှောင်းတော့မည်လား။ မိမိစေတနာကို စော်ကားမှုပြုခဲ့သည်။ အကြံပက်စက် မည်မထင်ခဲ့။ ယောက္ခမကိုမိဘလို သဘောထားပါလျက်နှင့် ...

“ဦး .. ဦးလေး။ ရှင် .. ရှင် မယုတ်နဲ့။ လွှတ် .. လွှတ် .. ခွေး .. ခွေးမျိုး”

“အို .. ပြောချင်ရာပြော။ ပြော ... ဟို ချစ်၊ ချစ်လို့ပါနော်”

အလို။ ဘဝရေစီးမိနစ်ရတော့မည်လား။ မိမိက ငပြေ့မယား။ ငပြေ့အဖေက ကိုအေး။ ကိုအေးက ချွေးမကို မတော်မတရား စော်ကားသင့်ရဲ့လား။ ခွေးမျိုးမို့ ခွေးကျင့်,ကျင့်ခဲ့ပြီလား။

“ဒီမယ် အေးမိ။ ငပြေ့ ထောင်ကျရင် နင့်ကိုငါလက်ထပ်ယူမှာပါဟ”

“ရှင် ...”

“ဟုတ်တယ်။ ငပြေ့က သူ တစ်ဦးတည်း၊ ရွှေပွတ်တဲ့အပြစ်ကို ခေါင်း ငုံ့ခံမယ့်သူပါကွယ်။ ဒါကြောင့် .. ဟို .. ဟို .. ချစ်”

“ဒီမယ် ဦးလေး။ ရှင် .. တော်တော်ပက်စက် ယုတ်မာတဲ့လူ။ ဒီလိုဆိုရင် အဲဒီညက ကိုအေးကိုခေါ်၊ ဘုရားရောက်မှ ရွှေပွတ်မယ့်အကြောင်း ပြော။ လူတွေလာဖမ်းတော့ ဦးလေးက အလွတ်ရုန်း။ ကိုပြေ့ကို အချုပ်ထဲပို့တာပေါ့”

ဒေါသနှင့်ပြောနေမိစဉ် ၊ကိုအေးက အေးမိကို စိမ်းစိမ်းကြည့်ရင်း ရှိစဉ်၊ ရုတ်တရက် ထမင်းထုပ်နှင့်မျက်နှာကိုပက်သည်။ ပါးကို ရိုက်လိုက်သည်။ ကိုအေး၏ရင်ဝကို ဆောင့်တွန်းသည်။

“လာ .. လာကြပါဦး၊ လာကြပါဦး”

“ဟောဒီမှာ .. တရားခံပြေး ဦးအေး .. ဟောဒီမှာ”

ပြောရင်းက အော်။ အော်ရင်းမှပြောရင်း ရွာဆီအပြေးနှင်...
အေးမိမှာ ဖိနပ်မပါ။ ထဘီဖရိုဖရဲ၊ ...
နာပြင်မှာ ဇောချွေးကလေးများ ...
လျက်။ အသက်ရှူပင်မမှန်။ လို...
မောစွာ ဟောဟဲလိုက်နေသည်။

အေးမိအော်သံကြောင့် ...
သရက်တောရွာထဲကလူများ အ...
ထွက်လာခဲ့သည်။ ညာသံပေးပြီး ...
ထွက်လာသော အချိန် ...

✦✦✦

အသက်ရှူလို့ပင်မဝ။ ...
ထောက်တွေကိုအားပေးရင်း ကြိုး...
ပြေးရင်းက ဂဏောင်းသည်။ နော...
ကိုလှည့်မကြည့်။ ညာသံပေးသံ...
ကြားရ။ ခွေးတွေလား၊ မျက်ရည်...
လား မသိနိုင်သော အရည်များက ...
လုံးထဲဝင်နေကြသည်။ ပြေးမိပြေး...
စွတ်ပြေးလာရာက၊ သရက်တော...
ထနောင်းကုန်းရှာ ဆက်ထားသေ...
လမ်းကြောင်းပေါ်ရောက်ခဲ့သည်။ ...
တရက် ရေဆာသည်။ အာသီသက ...
ကိုပူလောင်ဆွ၊ လည်ချောင်းတွေအ...
အက်ကွဲစွာ ခံစားနေရသည်။

နှုတ်ခမ်းတွေ ခြောက်...
ကပ်နှင့်ပြေးခဲ့ရာ တောရှေ့ရှူ...
ဘုရားထဲဝင်ခဲ့သည်။ အလို။ လန့်...



www.burmeseclassic.com

www.burmeseclassic.com



ပြေးခဲ့ရာက ဘယ်လိုကဘယ်လို ဘုရား
ိုင်းထဲရောက်ခဲ့ရပါသနည်း။

သည်တော၊ ဒီရေ၊ ဒီမြေက
မိတို့ အကုသိုလ်လုပ်ခဲ့သည့် နေရာ
...

သည်ဘုရား၊ သည်ဝန်းကျင်
ာ မိမိဘဝ အပါယ်ငရဲကျဖို့ ဘုရားရှေ့
တ်ခဲ့သည့်နေရာ ...

သဲစုနှင့်အမျှ မြားမြောင်မ
ရေတွက်နိုင်သည့် ကမ္ဘာပေါင်းများစွာ
ပါမည်ဟု သစ္စာပြုပြီး ရှေ့ပွတ်ခဲ့သည့်
နေရာ ...

ဘုရား။ ဘုရား။ ဘုရား။ ကို
အေးဘုရားတသည်။ ခေါင်းတွေက
နောက်ကျိနေသည်။ ရီဝေဝေနှင့်။ ပြီး
... မျက်လုံးတွေက ပြာမှိုင်းတုံ့ဆိုင်းစွာ
နှင့် အကြည့်များက မသဲကွဲတော့ပြီ
လေ။ ထိုစဉ် .. ဘုရားအရှေ့ဘက်မုခ်
ဦးသား၊ သရက်ပင်ကြီးဘေးက အုတ်ရေ
အိုးစင်ကို မြင်လိုက်ရသည်။ ရေအိုးစဉ်
ပါလားဟု အသိများက ရေဆာမှုဆန္ဒ
ကို အာသီသပိုပြီး ပြင်းထန်နေပြ။

ခြေလှမ်းများကို ကြိုးစား
လှမ်းရင်း ရေအိုးစင်အနားတက်ခဲ့၏။
သောက်ရေအိုး အဖုံးဖွင့်သည်။ အုန်း
မှုတ်ခွက်နှင့် ရေကိုအပြည့်ခပ်၏။ မော
ကာတဝကြီးသောက်လိုက်သည်။
နောက်တစ်ခွက်။ ပြီး .. နောက်တစ်
ခွက်။

နောက်တစ်ခွက်အခပ်,
ဘုရားဆီက ဆည်းလည်းသံကြား
လိုက်ရသည်။ တျောင့်တသာရကာမြည်
သံများ ကြားရသည်။ အသံများဆီအာ
ရုံအရောက်၊ အုန်းမှုတ်ခွက်က ရေအိုး
နှစ်လုံးကြားကျသွားသည် ...။

အုန်းမှုတ်ခွက်ကို လက်နှင့်
လှမ်းအကောက် ...။

"အား ..."

လက်ဖမိုးပေါ် ဓူခနဲဒဏ်
ချက်ကို ခံလိုက်ရသည်။ လက်ကိုပြန်
ယူရုပ်သိမ်းအပြီး အိုးနှစ်လုံးအကြား
အိုးများ၏အောက်ခင်းထားသော
သောင်သဲပြင်ပေါ်မှာ မြွေဟွေးကြီးတစ်
ကောင် ...

သိလိုက်ပြီ။ ကိုအေး ... ပိုး
ထိပြီ။ မြွေကိုက်ပြီ။ တွေးရင်းမှ ဇော
ချွေးများကျလာသည်။ ဘဝနေဝင်ချိန်
ကျခဲ့ပြီလား။ ဘုရားစူးခဲ့ပြီလား။ မိုက်
မှားမှုဒဏ်တွေ ခံရတော့မည်လား။
ဇောချွေးနှင့် ပိုးထိထားသောသွေးစို့
သည့် လက်ဖမိုးကိုကြည့်နေရင်းမှ ရေ
အိုးစင်ရှေ့လဲအကျ။ လေးလံသော ဝန်
ထုပ်ကြီးကိုထမ်းရင်း ....

✦✦✦

ကိုအေး၏အလောင်းကို
သယ်သွားကြပြီ။ အဓိကတရားခံက
ကိုအေး။ ငပြေက ကြံရာပါ။ အမှုက
ပေါ့ခဲ့သည်။ ကိုအေးပြောစကားများကို
အေးမိက တရားရုံးမှာ ထွက်ခဲ့သည်။
လုံးဝတော့မလွတ်။ ထောင်တစ်နှစ်ကျ
ခဲ့ပြီ။ ကိုအေးကတော့ .. ပြေး .. ပြေး
ခဲ့သည်။ သို့သော် .. သို့သော် ... ။

**ထွင်းကြီးသား၊ တင်ဝင်းဦး**



www.burmeseclassic.com

www.burmeseclassic.com



# နှလုံးသား၏ ဖြောင့်ချက်

ယုယုလွင်(ဘာသာပြန်ရှုထောင့်)



www.burmeseclassic.com

www.burmeseclassic.com



## နှလုံးသား၏ဖြောင့်ချက်

ယုယုလွင်

ဟုတ်ပါတယ်။ အလွန့်အ ကို တုန်လှုပ်ခဲ့ပါတယ်။ ခုချိန်ထိ ဒါပေမဲ့ ကျွန်တော်ရှူးနေတယ် ဘာကြောင့်ပြောချင်ရတာလဲ။ တော့မှာ ငြိတွယ်နေခဲ့တဲ့ ဒီအစွဲ လမ်းဟာ ကျွန်တော်ရဲ့အာရုံတွေ ထက်မြစေခဲ့တယ်။ အာရုံတွေ စီးမသွားဘူး။ ဝေဝါးမသွားဘူး။ ကုန်ပြောမယ်ဗျာ။ အားလုံးကို ပါးနပ်နပ် ကြားသိနေတယ်။ ာင်းကင်ဘုံကအရာတွေ အား းကိုလည်းသိတယ်။ ငရဲဘုံက အ ကြောင်းတွေ တော်တော်များများကို ည်း သိတာပါပဲ။ ဒီကမ္ဘာမြေပြင် ါက အကြောင်းအရာတွေအား းကိုလည်းသိတယ်။ ဒါဆို ကျွန် တော်ဘယ်လိုလုပ် အရူးဖြစ်မှာလဲ။ ခုဖြစ်ခဲ့တဲ့ အဖြစ်အပျက်တစ်ခု းကို ခင်ဗျားကိုပြောပြမယ်။ နား ထောင်ပြီး ကျွန်တော်ဟာ ကျန်း ကျန်းမာမာ၊ အေးအေးဆေးဆေးပဲ ဆိုတာ ဟုတ်မဟုတ် လေ့လာကြည့် ပေါ့ဗျာ။

ကျွန်တော့်စိတ်ထဲကို ဒီ အတွေးဘယ်လို စရောက်လာတယ် ဆိုတာတော့ ပြောဖို့ခက်တယ်။ ဒါပေမဲ့ ကျွန်တော့်ကို နေရောညပါ ခြောက်လှန့်နေတာတော့ အမှန်ပဲ။ အကောင်အထည်ပြဖို့လည်း အ လျဉ်းမဟုတ်ဘူး။ မြင်ရတဲ့အရာ လည်း အလျဉ်းမရှိဘူး။ ကျွန်တော် အဘိုးကြီးကို ချစ်တယ်ဗျ။ သူက လည်း ကျွန်တော့်အပေါ် ကောင်းပါ တယ်။ ရိုင်းပြ စော်ကားတာမျိုး လည်း မရှိဘူး။ သူပိုင်ဆိုင်တဲ့ ရွှေ တွေကိုလည်း ကျွန်တော်ရလိုတဲ့၊ ရ ချင်တဲ့အာသီသမရှိဘူး။ ကျွန်တော့် စိတ်ထင် သူ့ရဲ့မျက်လုံးဗျ။ ဟုတ် တယ်။ သူ့မျက်လုံးပဲ။ တိမ်စွဲနေတဲ့ သူ့မျက်လုံးတစ်လုံးက လင်းတတစ် ကောင်ရဲ့မျက်လုံးနဲ့ တူနေတယ်။ ဖျော့တော့တော့ အပြာရောင်မျက် လုံးပေါ်မှာ အလွှာပါးတစ်ခုက အုပ် နေတယ်။ အဲဒီမျက်လုံးနဲ့များ ကျွန် တော့်ကိုကြည့်လိုက်ရင်၊ တကတဲ ဗျာ၊ ကိုယ်ခန္ဓာထဲက သွေးတွေဟာ တဖြည်းဖြည်းချင်း တဖြည်းဖြည်း ချင်းတစ်စတစ်စ အေးစက်လာသ လိုပါပဲ။ ကျွန် တော်ဆုံးဖြတ်လိုက် တယ်။ ဒီမျက်လုံးကို အသက်ဇီဝိန် ခြွေပစ်မယ်လို့။ ဒါမှသူ့မျက်လုံးကို ဘယ်တော့မှ မမြင်ရတော့မှာဗျ။

ဒီအချက်ပဲပေါ့ဗျာ။ ခင် ဗျား ကျွန်တော့်ကို ရူးနေတယ်လို့ ထင်နေတာ။ အရူးဆိုတာက ဘာမှ မသိဘူးဗျ။ ဒါကို ခင်ဗျားသိသင့် တယ်။ ခင်ဗျား ကျွန်တော့်ကို နား လည်သင့်တယ်။ ကျွန်တော်ဘယ် လောက် ဉာဏ်သွားတယ်၊ ဘယ် လောက်သတိထားတယ်၊ ဘယ် လောက်ကြိုမြင်တယ်၊ ဘယ်လိုပရိ ယာယ်တွေသုံးတယ်ဆိုတာ ခင်ဗျား သိသင့်တယ်။ ကျွန်တော်သူ့ကို မ သတ်ခင် တစ်ပတ်လောက်အတော အတွင်းမှာ သူ့ကိုနည်းနည်းမှ ကြင် နာသနားစိတ် မဖြစ်ခဲ့ဘူးဗျ။ ကျွန် တော် ညတိုင်းညတိုင်း သန်းခေါင် ယံအချိန်လောက်မှာ သူ့အခန်း တံခါးချက်ကို လှည့်ပြီးဖွင့်တယ်။ အိုး...တကယ့်ကို ညင်ညင်သာသာ လေးပေါ့။ ပြီးတော့ ကျွန်တော့်ခေါင်း ဝင်သာရုံလေး ပွင့်လာတဲ့အခါ မီး အိမ်ကိုပိတ်ပစ်လိုက်တယ်။ ပိတ်ရ မယ်ဗျ။ ဒါမှလည်းမည်းမည်းမှောင် သွားတော့မပေါ့။ ပြီးတော့မှ ခေါင်း ကိုဒက်ခနဲ အခန်းထဲပို့လိုက်တယ်။ ဟင်း ... ဟင်း ... ခင်ဗျားမြင်ရင် ရယ်ချင်မှာ။ ကျွန်တော် အဲဒီအခန်း ထဲကို ခေါင်းဝင်ရုံလေး ချောင်းကြည့် ပြီး ဘယ်လောက် ကောက်ကျစ်စဉ်း လဲလိုက်သလဲလို့။ ကျွန်တော် ဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းလေး ရွေ့လျားလိုက်တယ်။ အလွန်၊ အလွန့်ကို ဖြည်းဖြည်းလေး ပါဘဲ။ ဒါမှလည်း အဘိုးကြီးအိပ် မောကျနေတာကို အနှောင့်အယှက် မဖြစ်မှာပေါ့။ ခေါင်းတစ်ခုလုံး တံခါးပေါက်ကနေ အခန်းထဲရောက်ဖို့ ကြိုးစားနေတာ အခုချိန်အထိပဲ။ တစ်နာရီလောက် ကြာပြီထင်ပါရဲ့။ အဘိုးကြီး ခုတင်ပေါ်မှာလဲလျောင်းနေတာကို မြင်နေရတယ်။ ပြီးတော့ ကျွန်တော့်ခေါင်းကို အခန်းထဲက ပြန်မရုပ်ဘဲ အခန်းထဲမှာထားပြီး မီးအိမ်ကို တကျိကျိအသံမြည်အောင် သတိကြီးစွာ၊ တကယ့်ကို သတိကြီးစွာ၊ သတိကြီးစွာနဲ့ အသာလေးပြန်ဖွင့်လိုက်တယ်။ ခဏနေတော့ မီးအိမ်ကအလင်းရောင်တန်း'လေးဟာ အဘိုးကြီးရဲ့ လင်းတမျက်စိပေါ်ကို ကျရောက်လာတယ်။ ဒီလိုမျိုး ကျွန်တော် ခုနစ်ညလောက်ဒုက္ခခံလာခဲ့ရပြီးပြီ။ ညစဉ်ညတိုင်း သန်းခေါင်ယံ အချိန်တွေမှာပေါ့။ ဒါပေမဲ့



ခက်တာက အဘိုးကြီးရဲ့မျက်
တွေက အမြဲတမ်းပိတ်နေတာပဲ
ခဲ့ရတယ်။ အဲဒီလိုဆိုရင် အလု
ဖြစ်တော့ဘူး။ ကျွန်တော် သူ
သတ်ချင်တဲ့စိတ် ဖြစ်မလာ
ဘူး။ အဘိုးကြီးက ကျွန်တော့်
ဆွတာမဟုတ်ဘူး။ သူ့မျက်လုံး
က ကျွန်တော့်စိတ်ကို ဆွနေတာ

မနက်ခင်းတိုင်းမှာလ
အလင်းရောင်ပေါ်လာပြီဆိုရင် ကျ
တော်ခပ်တည်တည်နဲ့ အဘိုးကြ
ကိုသွားပြီး အပြစ်မရှိသလို ရဲရဲတ
တင်းပဲ စကားတွေပြောဖြစ်တ
သိပ်ကိုလှိုက်လှိုက်လှဲလှဲ ခင်မင်
အသံတွေနဲ့ပေါ့။ ညဘက်တို
သန်းခေါင်ယံအချိန် ဆယ့်နှစ်
လောက်ကိုမျှော်လင့်ပြီး ကော
ကျစ်နေခဲ့ပေမဲ့ ညကအိပ်ပျော်
လားလို့ မေးရတာလဲအမောပါ
ခင်ဗျားသိတဲ့အတိုင်း အလွန်ကို
နှစ်ခြိုက်ခြိုက်အိပ်ပျော်တဲ့ အ
ကြီးပါပဲဗျာ။ သူအိပ်ပျော်နေတို
လည်း သူ့ကိုအပေါ်ကနေမိုး
ကြည့်ရတာလည်း ညတိုင်းပါပဲ။

ရှစ်ညမြောက်ခဲ့ပါပြီ။
တိုင်းထက် ပိုပြီးသတိကြီးစွာ
ရင်း တံခါးကိုဖွင့်တယ်။ ကျွန်တေ
လှုပ်ရှားမှုတွေထက်လက်ပတ်န



www.burmeseclassic.com

www.burmeseclassic.com



း်တွေရဲ့ ရွှေ့လျားမှုက ပိုမြန်နေ ာယ်။ ဒီနေ့ညတော့ အထမြောက် ိမ့်မယ်လို့ စိတ်ထဲမှာဖျတ်ခနဲ သိ ိုက်သလိုပဲ။ အရင်ညတွေက အဲ ိုလိုခံစားချက်မျိုး တစ်ခါမှုမဖြစ်ခဲ့ဖူး ူး။ အဘိုးကြီးကတော့ ကျွန်တော့် ိတ်ထဲလာရာ တိတ်တဆိတ်လှုပ် ားနေတာကို အိပ်မက်တောင် မက် ှာမဟုတ်ဘူးလို့ တံခါးကိုအသာ လေးဖွင့်နေရင်းက စဉ်းစားမိတော့ းစပ်ပိတ်ပြီး ခပ်ညှင်းညှင်းလေး ယ်မိတယ်။ ဟောဗျာ။ အဘိုးကြီး ြားသွားတယ်ထင်ပါရဲ့။ ခုတင်ပေါ် ာ ရုတ်တရက် အလန့်တကြားဖြစ် ွားသလို လှုပ်လှုပ်ရှားရှားဖြစ် ွားတယ်။

ကဲ။ အခု ခင်ဗျားကတော့ ာင်မယ်။ ကျွန်တော် နောက်ပြန် ုတ်။ တပ်ခေါက်ပြီးပြန်လိမ့်မယ် ို့၊ ခင်ဗျားမှားနေပြီ။ အဘိုးကြီး ခန်းက အမှောင်အတိကျနေတဲ့ ွင်းကြီးတစ်တွင်းလိုပဲ။ မည်းမည်း ှောင်နေတာ။ ပြတင်းပေါက်တွေက ည်း သူခိုးဓားပြတွေရဲ့ ရန်ကို ကြောက်လို့ မြဲမြံနေအောင်ပိတ် ားတာ။ ဒီတော့ ကျွန်တော့် ကြောင့် တံခါးပွင့်နေတာကို သူမြင် ှာမဟုတ်ဘူး။ ကျွန်တော် တံခါးကို တည်တည်ငြိမ်ငြိမ်လေး ဆက်တွန်း လိုက်တယ်။ တည်တည်ငြိမ်ငြိမ် လေးပါပဲ။

ကျွန်တော့်ခေါင်းက အ ခန်းထဲမှာရှိနေတယ်။ ခါတိုင်းလိုပဲ မီးအိမ်ကို အသာလေးဖွင့်ဖို့အလုပ် မှာ လက်ကချော်သွားတယ်။ အဘိုး ကြီးက ချက်ချင်းပဲထထိုင်လိုက်ပြီး အော်မေးလိုက်တယ်။

"ဘယ်သူလဲ"

ကျွန်တော်ငြိမ်ငြိမ်လေး နေလိုက်တယ်။ ဘာမှလည်းပြန်မ ဖြေဘူး။ တော်တော်ကြာတဲ့အထိ အဘိုးကြီးအိပ်ရာထဲ ပြန်လှဲလိုက်တဲ့ အသံကို မကြားရသေးဘူး။ တစ် ယောက်ရှိနေသလို ထင်နေပေမဲ့ လည်း ဟုတ်မှဟုတ်ရဲ့လားလို့နား စွင့်နေတုန်းပါပဲ။ ကျွန်တော် သူ့ကို သတ်ချင်နေပေမဲ့လည်း သူ့ကိုသတ် ချင်တာမဟုတ်တဲ့ ကျွန်တော်ရဲ့စိတ် နဲ့ သဘောထားချင်းအတူတူပါပဲ။

အဲဒီအချိန်မှာပဲ အဘိုး ကြီးရဲ့ စိတ်ဝိညာဉ်အတွင်းပိုင်းက နေ ထွက်ပေါ်လာတဲ့ မွန်းကျပ်နေတဲ့ ငြီးတွားသံသဲ့သဲ့ကြားလိုက်ရတယ်။ အဘိုးကြီးကိုသနားမိပါရဲ့။ ပထမ ဆုံးအကြိမ် ချွတ်ခနဲ အသံကြားက တည်းကသူနိုးနေခဲ့တာ။ အဲဒီတုံးက တည်းက စကြောက်နေခဲ့တာ။ စိတ် ထင်နေတာပါလို့စဉ်းစားဖို့ကြိုးစား နေခဲ့တာ။ ဒါပေမဲ့ စိတ်ထင်တာမ ဟုတ်မှန်းလည်း သိနေခဲ့တယ်။ ည စဉ် ချောင်းကြည့်နေခဲ့တဲ့ ကျွန်တော့် ရဲ့ခေါင်းက သူ့အခန်းထဲကို ချဉ်းနင်း ဝင်ရောက်နေပေမဲ့ သူ့အိပ်ရာထဲကို ပြန်လှဲလိုက်တဲ့အသံ မကြားရမချင်း ကျွန်တော် စိတ်ရှည်လက်ရှည်စောင့် နေခဲ့တာ တော်တော်ကြာသွားပြီ။ မီးအိမ်ကို နည်းနည်းခြင်းဖွင့်ဖို့ ကျွန် တော် ဆုံးဖြတ်လိုက်တယ်။ နည်း နည်းခြင်း၊ နည်းနည်းခြင်း ဖွင့်တယ်။ နောက်ဆုံးမှာ ပင့်ကူမျှင်ပဲရှိတဲ့ အ လင်းရောင်တန်း မှိန်မှိန်လေးဟာ သူ့ရဲ့ လင်းတမျက်လုံးနဲ့ တန်းနေ တာပဲ။ ဘယ်လောက်တောင် ခိုး ကြောင်ခိုးဝှက် တိတ်တိတ်လေး လုပ်ရတယ်ဆိုတာ ခင်ဗျား တွေး ကြည့်လို့တောင်မသိနိုင်ဘူး။

မျက်လုံးကပွင့်နေတယ် ဗျ။ ပြူးလို့၊ ကျယ်လို့။ ကျွန်တော်ဒီ မျက်လုံးကို စိုက်ကြည့်လိုက်တဲ့အ ချိန်မှာ ဒေါသတွေအလိပ်လိုက်အ လိပ်လိုက် တက်လာတော့တယ်။ မျက်လုံးပေါ်မှာအလွှာဖုံးနေတဲ့ မှုန် မှိုင်းမှိုင်းအပြာရောင် လင်းတမျက် လုံးကို ထင်ထင်ရှားရှားမြင်ရတဲ့ အ



www.burmeseclassic.com

www.burmeseclassic.com



ကွာအဝေးမှာရှိနေတော့ ရိုးတွင်းချဉ်ဆီထဲကကို စိမ့်တက်လာတော့တာပေါ့။ မီးရောင်က ဒီမကောင်းဆိုးဝါးနဲ့တူတဲ့ မျက်လုံးတည့်တည့်မှာပဲ တစ်ကွက်တည်းလင်းနေတော့ အဘိုးကြီးရဲ့တစ်ကိုယ်လုံးကို မြင်ရဖို့နေနေသာသာ မျက်နှာကိုတောင်မမြင်ရဘူး။

ပြောရဦးမယ်ဗျ။ အဲဒီအချိန်မှာ ကျွန်တော့်နားထဲကို ခပ်အုပ်အုပ်လာတယ်။ သွားနေတဲ့လက်ပတ်နာရီတစ်လုံးကို အဝတ်နဲ့ပတ်ထားတဲ့အခါကြားရတဲ့ အသံမျိုးပဲ။ ဒီအသံကိုလည်း ကျွန်တော်ကောင်းကောင်းသိတာပါပဲ။ ဒါ။ အဘိုးကြီးရဲ့နှလုံးခုန်သံလေ။ အဲဒီအသံက ကျွန်တော်ရဲ့စိတ်ရိုင်းတွေကို ချွန်းနဲ့အုပ်မရအောင် ပိုတိုးလာစေတယ်။ စစ်သားတစ်ယောက်ကို ရဲတင်းလာအောင် အဆက်မပြတ်တီးခတ်ပေးတဲ့ဒရမ်(မ်)တစ်လုံးရဲ့ ရိုက်ချက်တွေလိုပါပဲ။

ဒါပေမဲ့လည်း စိတ်တွေကိုချုပ်တည်းပြီးငြိမ်ငြိမ်လေး နေနေတုန်းပါပဲ။ အသက်တောင်ကောင်းကောင်းမရှူနိုင်ဘူး။ မီးအိမ်ကိုလည်း မလှုပ်မယှက်ကိုင်ထားရသေးတယ်။ လူကမလှုပ်မယှက်ငြိမ်

## မီးအိမ်ကိုလည်း မလှုပ်မယှက်ကိုင်ထားရသေးတယ်။ လူကမလှုပ်မယှက်ငြိမ်သက်နေပေမဲ့ တစ်ပြိုင်တည်းမှာပဲ နှလုံးသားတွေကတော့ ငရဲမီးနဲ့အလားသဏ္ဌာန်တူစွာ ဆူဆူပွက်ပွက် . . .

သက်နေပေမဲ့ တစ်ပြိုင်တည်းမှာပဲ နှ လုံးသားတွေကတော့ ငရဲမီးနဲ့အလားသဏ္ဌာန်တူစွာ ဆူဆူပွက်ပွက်နဲ့မငြိမ်မသက် ဖြစ်နေတယ်။ နှလုံးခုန်သံတွေက ပိုမိုမြန်လာသလို ပိုပိုပြီးတော့လည်း ကျယ်လာတယ်။ ခင်ဗျားမှတ်မိလား မသိဘူး။ ကျွန်တော်ပြောပြဖူးတယ်။ ကျွန်တော်သိပ်ကိုတုန်လှုပ်နေပါတယ်လို့။ ပြီးတော့ဗျာ ဒီလိုတိတ်ဆိတ်နေတဲ့ညအချိန်မှာ ဒီလောက်ထူးထူးကဲကဲတိတ်ဆိတ်နေတဲ့ အိမ်အိုကြီးထဲမှာ ဒီအသံကြောင့် ကျွန်တော်ရဲ့ လန့်ဖျပ်နေတဲ့ ကယောင်ချောက်ချားစိတ်တွေကို ထိန်းချုပ်ဖို့တော်တော်ခက်ပါတယ်။ ငြိမ်သက်စွာရပ်နေပေမဲ့ ပိုမိုကျယ်လာတဲ့နှလုံးခုန်သံ[illegible]ဟာ နှလုံးသားကြီးပေါက်ကွဲထွ[illegible] သွားတော့မလိုပါပဲ။ အိမ်နီးချ[illegible] တစ်ယောက်ယောက်ကများ ဒီ[illegible] လုံးခုန်သံကို ကြားသွားမလား[illegible] တွေးမိတော့ နောက်ထပ်ပူပန်[illegible] တစ်ခုက ကျွန်တော့်ကို ပူထူသွ[illegible] စေပြန်ပါတယ်။

အဲဒီအချိန်မှာပဲ ဇာတ်[illegible] လမ်းကို စလိုက်တာကတော့ အဘိ[illegible] ကြီး၊ သူကိုယ်တိုင်ပါပဲ။ အသံကျယ[illegible] ကြီးနဲ့ အော်ပါလေရော။ ကျွန်တော်[illegible] လည်းမီးအိမ်ကို ဆွဲဖွင့်လိုက်တယ[illegible] ခါတိုင်းညတွေတော့ ခေါင်းလေ[illegible] ဝင်ပြီးကြည့်ခဲ့ပေမဲ့ အခုတော့အခ[illegible] ထဲကို တစ်ကိုယ်လုံးခုန်ဝင်လိုက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဘိုးကြီးက ဒီတစ်ကြိမ်ပဲ၊ တစ်ခါတည်းညှစ်အော်နိုင်လိုက်တာပါ။ ကျွန်တော်က ချက်ချင်းပဲသူ့ကိုခုတင်ပေါ်ကနေကြမ်းပြင်ပေါ်ဆွဲချပြီး သူ့ရဲ့လေးလံလှတဲ့အိပ်ရာကြီးကို သူ့ကိုယ်ပေါ်ဆွဲတင်ဖိပစ်လိုက်တယ်။ ကျွန်တော်ကျေနပ်စွာပြုံးလိုက်တယ်။ မိနစ်ပေါင်းများစွာလောက် အဘိုးကြီးရဲ့နှလုံးတွေကခက်ခဲစွာဆက်ခုန်နေတုန်းပဲ။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်ကိုစိတ်ဒုက္ခမပေးဘူး။ နံရံတွေကိုဖောက် ထွက်ပြီးတော့လည်း အပြင်ကမကြားနိုင်ဘူး။ ကျွန်တော်မျက်လုံးကို သတ်နေတာဗျ။ အဘိုးကြီးကို မဟုတ်ဘူး။

တော်တော်ကြာတော့ နှလုံးခုန်သံရပ်သွားပါပြီ။ အဘိုးကြီးကတော့ သေသွားပါပြီ။ သူ့ကိုယ်ပေါ်က အိပ်ရာကြီးကို ဖယ်ပစ်ပြီးစစ်ဆေးကြည့်တယ်။ မလှုပ်မယှက်နဲ့ အလောင်းကြီးဖြစ်သွားပါပြီ။ ကျွန်တော့်လက်ကို သူ့နှလုံးသားရှိရာနေရာတည့်တည့်ပေါ်မှာ အချိန်နည်းနည်းကြာကြာ တင်ထားကြည့်လိုက်တယ်။ လုံးဝ မခုန်တော့ဘူး။ သေသွားတာကေန်အမှန်ပါပဲ။ သူ့မျက်လုံးကကျွန်တော့်ကို ဘယ်တော့မှဒုက္ခမပေးနိုင်တော့ပါဘူး။

ခင်ဗျားကျွန်တော့်ကို အရူးလို့ ထင်နေတုန်းပဲဆိုရင်တော့ ကျွန်တော်အလောင်းကို ဖွက်ဖို့ဘယ်လောက်အမြော်အမြင်ကြီးစွာကြိုတင်ပြင်ဆင်ထားသလဲဆိုတာတယ်လောက်ဉာဏ်ကောင်းသလဲဆိုတာ၊ ပြောပြလိုက်ရင် ရူးနေတယ်လို့ဆက်ထင်မှာမဟုတ်တော့ဘူး။ အခုဆိုရင် ညရဲ့အစွမ်းတွေက တဖြည်းဖြည်းလျော့လာပြီး မိုးလင်းဘက်သို့ကူးလာပြီ။ ခပ်လောလောအလျင်စလိုလုပ်ရပေမဲ့အသံတော့ မထွက်စေရဘူး။ အခန်းရဲ့ကြမ်းပြင်က ပျဉ်ချပ်သုံးချပ်ကို ခွာလိုက်တယ်။ ပြီးတော့ အဲဒီကျဉ်းမြောင်းမြောင်းနေရာလေးထဲမှာ အဘိုးကြီးရဲ့အလောင်းကို ထည့်လိုက်တယ်။ ပြီးတော့ ပျဉ်ချပ်တွေကို နေသားတကျပြန်စီလိုက်တယ်။ သပ်သပ်ရပ်ရပ်အမှားအယွင်းမရှိ၊ ဟာကွက်မရှိတော့ အဘိုးကြီးရဲ့မျက်လုံးအပါအဝင် ဘယ်သူ့မျက်လုံးနဲ့ပဲကြည့်ကြည့် သံသယနည်းနည်းလေးမှ မဝင်နိုင်ဘူး။ ဆေးကြောပစ်စရာ ဘာသွေးကွက်မှလည်းမရှိဘူး။ ဖြစ်လာနိုင်စရာအန္တရာယ်တွေ၊ အန္တရာယ်တွေ၊ အခက်အခဲတွေကို ကြိုတင်တွေးတောပြီး သတိဝီရိယနဲ့ အကြံထုတ်ခဲ့တာကိုး။

လုပ်စရာရှိတာတွေအားလုံး လုပ်ခဲ့ပြီးတဲ့အခါ မနက်လေးနာရီလောက်ရှိနေပြီ။ သန်းခေါင်ယံအချိန်တုန်းကလို မှောင်နေတုန်းမှာပဲ။ နာရီမြည်သံကြားပြီးတဲ့အခါ တံခါးခေါက်သံပေါ်လာတယ်။ ကျွန်တော်ပေါ့ပေါ့ပါးပါးဘဲ တံခါးသွားဖွင့်ပေးလိုက်တယ်။ ဘာကြောက်နေစရာရှိလို့လဲ။ အခု---

လူသုံးယောက်ဝင်လာတယ်။ ပျူပျူငှာငှာပါပဲ။ သူတို့ကိုယ်သူတို့ ရဲအရာရှိတွေဖြစ်ကြောင်းမိတ်ဆက်တယ်။ ညကယေ်သံပါအောင်အော်တဲ့အသံတစ်သံ အိမ်နီးချင်းတစ်ယောက်ကကြားလို့ ရဲစခန်းကိုအကြောင်းကြားတာနဲ့ ဖြစ်နိုင်ခြေကိုစုံစမ်းဖို့ ရောက်လာခဲ့တာပါတဲ့။ ကျွန်တော်ပြုံးလိုက်တယ်။ ဘာကြောက်စရာရှိလို့လဲ။ နော။ ကျွန်တော်ကြိုဆိုလိုက်တယ်။ အဲဒီအသံကကျွန်တော် အိပ်မက်ဆိုးမက်လို့ ယောင်ပြီးအော်လိုက်မိတာပါလို့ ပြောလိုက်တယ်။ အတူနေတဲ့အဘိုးကြီးကတော့ နယ်ပြန်နေလို့ မရှိဘူးလို့ပဲ ပြောလိုက်တယ်။ ဧည့်သည်တွေကို အိမ်တစ်အိမ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြတယ်။ ကြိုက်သလိုရှာကြဖို့လည်း လောကွတ်လုပ်လိုက်သေးတယ်။ အဘိုးကြီးရဲ့အခန်းကိုလည်း စေ့စေ့စပ်စပ် လိုက်ပြပေးတယ်။ သူ့ရဲ့အဖိုးတန်ရတနာတွေ လုံလုံခြုံခြုံရှိနေတာကိုရော၊ ဘာအနှောင့်အယှက်မှမရှိတာတွေရော၊ အားလုံးပေါ့။ ကျွန်တော်သတ္တိကိုတော့မွေးထားရတယ်ဗျ။ သူတို့ဘာပြောမလဲလို့နားထောင်ကြည့်ချင်တာနဲ့ အမောပြေနားဖို့ ကုလားထိုင်တွေကို အဘိုးကြီးအခန်းကို ယူလာပေးလိုက်တယ်။ ရှိင်းစိုင်းရဲရင့်နေတဲ့လူသတ်သမားဟာ ကျွန်တော်ကိုယ်တိုင် ဖြစ်နေတာကြောင့် အောင်ပွဲခံတဲ့အနေနဲ့ ကျွန်တော်မိခဲ့တဲ့သားကောင်ရဲ့ အလောင်းထည့်ထားတဲ့ နေရာရဲ့အပေါ်တည့်တည့်မှာ ကုလားထိုင်တစ်လုံးချပြီး ခပ်တည်တည်နဲ့ထိုင်နေ လိုက်တယ်။

ရဲအရာရှိတွေကတော့ ကျွန်တော့်ရဲ့အဖြေကို ကျေနပ်ပါတယ်။ သံသယမရှိပါဘူး။ ကျွန်တော်အမူအရာကလည်း အေးအေးဆေးဆေး သက်သောင့်သက်သာပဲဆိုတော့ စိတ်ချလက်ချယုံကြည်ကြတာပေါ့။ ကျွန်တော်ပြုံးရွှင်ရွှင်နဲ့ မေးသမျှပြန်ဖြေနေတုန်းမှာပဲ သူတို့ထိုင်လိုက်ကြပြီး အာလာပသလ္လာပစကားထိုင်ပြောကြတယ်။ ဒါပေမဲ့ ဘယ်လိုဖြစ်မှန်းမသိဘူး။ မကြာခင်မှာပဲ ကျွန်တော်အားတွေ



ကုန်လာတယ်။ သူတို့ကိုပြန်စေ…
လှပြီ။ ခေါင်းတွေပဲကိုက်လာသ…
လို။ နားထဲမှာပဲ အသံတွေကြား…
ရသလိုလိုပါပဲ။ သူတို့ကတော့ ထ…
စကားပြောနေကြတုန်းပဲ။

နေဒုံးဗျ။ ကျွန်တော့်…
ထဲကကြားနေရလိုလိုရှိတဲ့အသံ…
တဖြည်းဖြည်းသိသာလာတ…
တဖြည်းဖြည်းနဲ့ ပိုပိုကျယ်လာသ…
ပဲ။ ကျွန်တော်လည်း အဲဒီအသံ…
ပျောက်သွားအောင် စကားတွေ…
ပြောနေလိုက်တယ်။ ဒါပေမဲ့ကြ…
နေရတုန်းပဲဗျ။ နောက်တော့ အ…
အကျကို အသေးစိတ်ကြားလာ…
တယ်။ သိပြီဗျို့။ ဒီအသံဟာ ကျွ…
တော်နားထဲမှာမြည်နေတဲ့ အသံ…
ဟုတ်ဘဲကိုး။

အခုအချိန်မှာ ကျွန်တော်…
အားတွေ ပြတ်ကျလာကုန်ပြီဆိုတ…
ကို သံသယမရှိတော့ဘူး။ ဒါပေ…
ကျွန်တော်စကားတွေ ဆက်ပြေ…
နေတုန်းပဲ။ အသံကိုလည်းပိုကျ…
အောင်ပြောနေမိတယ်။ ဒါပေ…
လည်း နားထဲကိုလာရိုက်ခတ်နေ…
အသံတွေ ကြားနေရတုန်းပဲ…
တော့ ဘယ်လိုလုပ်ရမလဲ။ ဟာ…
ဒီအသံ ဟာ … ကျုပ်နား…ထဲမှ…
စွဲနေတဲ့ခပ်အုပ်အုပ်၊ မထင်မရှား…

www.burmeseclassic.com



ကြားတကြားကြားရတဲ့ ခပ်မြန်မြန်အသံတစ်သံပဲ။ သွားနေတဲ့လက်ပတ်နာရီတစ်လုံးကို အဝတ်နဲ့ပတ်ထားတဲ့အခါ ကြားရတဲ့အသံမျိုးပဲ။

ကျွန်တော်ပင့်သက်ရှိုက်လိုက်မိသည်။ ရဲအရာရှိနှစ်ယောက်ကတော့ အဲဒီအသံကို ကြားပုံမရဘူး။ ကျွန်တော်စကားပြောတွေပိုမြန်လာတယ်။ လောလောလောလောနဲ့ ပြောနေမိတယ်။ ဒါပေမဲ့ဗျာ။ အဲဒီပုံမှန်အသံပေးဟာ ပိုပိုကျယ်လာတယ်။ ကျွန်တော်မတ်တတ်ထရပ်လိုက်ပြီး အသေးအဖွဲ့စကားတွေကို အချေအတင်ပြောနေမိတယ်။ လက်ဟန်ခြေဟန်တွေ ပါပါလာပြီ။ ဒါပေမဲ့ဗျာ။ အဲဒီပုံမှန်အသံလေးဟာ ပိုပိုကျယ်လာတယ်။ ဘာကြောင့်ပျောက်မသွားရတာလဲ။ ကျွန်တော်ခြေလှမ်းကျဲကြီးတွေ တဒုံးဒုံးနဲ့ကြမ်းပြင်ပေါ်မှာ ဟိုလျှောက်ဒီလျှောက်နဲ့ လျှောက်နေမိပြန်ရော။ ဒီရဲနှစ်ယောက်သိသွားမှာကို စိုးရိမ်ပြီးစိတ်တိုနေမိတယ်။ ဒါပေမဲ့ဗျာ။ အဲဒီပုံမှန်အသံလေးဟာ ပိုပိုပြီးကျယ်လာတယ်။

အို ... ဘုရားသခင်။ ကျွန်တော်ဘာလုပ်ရမလဲ။ ဝေဝေဝါးဝါးတွေဖြစ်။ ကယောင်ချောက်ချားတွေဖြစ်။ ပါးစပ်ကလည်း ကျိန်လို့ကျိန်။ ဘာတွေဖြစ်နေတာလဲ။ ကျွန်တော်ထိုင်တဲ့ကုလားထိုင်ကို ဆွဲမလိုက်ပြီးကြမ်းပြင်က ပျဉ်ပြားတွေပေါ်မှာ ဋ္ဌိ ဋ္ဌိ ဋ္ဌိ ဋ္ဌိ နဲ့ လျှောက်ခြစ်နေမိတယ်။ ဒါပေမဲ့ နားထဲကအသံက ပိုပြီးတော့ဖုံးလွှမ်းနေပြီး ပိုပိုကျယ်လာတယ်။ ပိုပို.. ပိုပိုပြီး ကျယ်ကျယ်လာတယ်။ ဟိုရဲနှစ်ယောက်ကတော့ အေးအေးဆေးဆေး ပြုံးပြုံးပြုံးပြုံးနဲ့ စကားဆက်ပြောနေတုန်းပါပဲ။

ဘယ်လိုလဲဗျ။ ကျွန်တော့်ကျတော့ကြားရပြီး သူတို့ကျတော့ မကြားရဘူးဆိုတာ ဖြစ်နိုင်ပါ့မလား။ ဒါဆိုရင်- အလို-မြတ်စွာဘုရား။ မဟုတ်ဘူး။ မဖြစ်နိုင်ဘူး။ သူတို့ကြားတယ်။ သူတို့သံသယများဖြစ်နေကြတာလား။ သူတို့သိနေတာလား။ ကျွန်တော့်စိတ်ထဲက ဖြစ်နေတဲ့အဖြစ်ကို မသိချင်ယောင်ဆောင်ပြီး သရော်နေကြတာလား။

အခုဖြစ်နေရတဲ့ စိတ်သောကထက်စာရင် တခြားဘယ်အရာမဆို ဖြစ်ရတာကပိုကောင်းလိမ့်ဦးမယ်။အခုလို ပြောင်လှောင်သရော်ခံနေရတာထက်စာရင် တခြားဘယ်အရာမဆို ဖြစ်ရတာကပိုသည်းခံနိုင်လိမ့်ဦးမယ်။ ဒီသူတော်ကောင်း ယောင်ဆောင်နေတဲ့ ကြောင်သူတော်တွေလို။ သိရက်သားနဲ့ မသိချင်ယောင်ဆောင်နေကြတာတွေ။ လှောင်ပြောင်သလို၊ သရော်သလို လုပ်နေကြတာတွေကို ကြာရှည်သည်းမခံနိုင်တော့ဘူး။ စိတ်ထဲမှာရှိတဲ့အတိုင်းတအားအော်မပစ်လိုက်ရရင်တော့ ကျွန်တော်သေမှာပဲ။

ဟော။ ကြားရပြန်ပြီ။ နားထောင်စမ်း။ ကျယ်လာပြီ။ ပိုကျယ်လာပြီ။ ပို- ပိုကျယ်လာပြီ။ ပို- ပို ပြီးတော့ ... ။

"လူညစ်တွေ၊ ဗီလိန်တွေ" ကျွန်တော်ရဲတွေကို အသံကုန်အော်ပစ်လိုက်တယ်။

"ခင်ဗျားတို့ ကြားရက်သားနဲ့ မကြားချင်ယောင်ဆောင်မနေကြနဲ့။ စိတ်ဒုက္ခပေးနေတာတွေတော်ပါတော့။ ကျုပ်သတ်ခဲ့တာပဲဗျာ။ ကျုပ်လုပ်ခဲ့တဲ့အလုပ်ပဲ။ သိတာပေါ့။ ဒီပျဉ်ချပ်တွေကို ဆွဲလှန်လိုက်။ ဒီနေရာမှာဗျ။ ဒီနေရာမှာ။ ဒါမှ ဒီနေရာမှာပုန်းနေတဲ့ သူ့ရဲ့နှလုံးခုန်သံတွေကို မောင်းထုတ်ပြီး အနိုင်ရနိုင်မှာ"

**ယုယုလွင်**



www.burmeseclassic.com

www.burmeseclassic.com



# ကျားသေတောရေဝင်ချိန်

တွင်းကြီးဝမ်းမောင်





www.burmeseclassic.com

www.burmeseclassic.com



## "ကျားသေတောရေဝင်ချိန်"

**တွင်းကြီးဝမ်းဓောင်**

သမုဒ္ဒရာ ဝမ်းတစ်ထွာ၊ ဝမ်းသမုဒ္ဒရာ အူဂဏီ။

သည်စကားက မရှိရှား၊ ပေါများသည်ဟူသော လောကမှ ငသောတို့သို့သော ရှား၍မရှိ၊ မရှိ၍ရှားသည့် စားစရာအဖို့ သွေးထွက်အောင်မှန်သော စကား။

စားဝတ်နေရေးအတွက် အဖေဖြစ်သူသူရော၊ သားဖြစ်သူ ငလုံးပါ မိသားစုဝင်များနှင့်အတူ ကုန်းကြီးရှန်း လှုပ်ရှားခဲ့သည်။ ပုံကျလုပ်ငန်းဝင်ငွေကို အခြေခံရသော မိသားစုဖြစ်ရာ လျှော့ဦးစိုစို လျှော့ဦးခြောက်ခြောက်ခဲ့ရဘိသည်။ ငါ့ဝမ်းပူဆာ မနေသာသောအခါ တောလိုက်လုပ်ငန်းကိုပါ လုပ်ခဲ့ရသည်။ ထမင်းတစ်လုတ် ဟင်းတစ်လုပ်အတွက်ပါ။

ယနေ့ ကျားသေတောကို သူတို့သွားရမည်။

တတ်သိသူတို့က အဖေဖြစ်သူ ငတောနှင့် သားဖြစ်သူ ငလုံးတို့ကို မြင်လိုက်ရုံမျှနှင့် ဘာလုပ်သွားကြတော့မည်ကိုသိသည်။

ငတောတို့ ထမ်းလာကြသည်က ကိုင်း(ဂိုင်း)များ။

ထိုကိုင်းများသည် သာမန်ကိုင်းမဟုတ်၊ ချည်လာသောကြိုးများကလည်း သာမန်ကြိုးမဟုတ်။

ကိုင်း(ဂိုင်း)က ကွေးရဆန့်ရသည့်တိုင် ထွန်သွန်ဝါးဝမာ ခိုင်ခံ့တောင့်တင်းသော ဝါးမာများ။ ညွှတ်ကိုင်းနေကျဖြစ်၍ ညွှတ်ကိုင်းတော့ရသည်။ မကျိုးမပြတ်ဝါး။

ကြိုးကလည်း သွပ်နန်းပျော့ကြိုးကို ခိုင်လွန်ကြိုးတုတ်တုတ် သုံးပင်ပူးထဲမှာ ညှပ်လိပ်ကျစ်ထားသောကြိုး။

သည်ကိုင်းသည်ကြိုးဖြင့် သူတို့ကိုင်း(ဂိုင်း)ထောင်မည်။ အခြားဒေသများက သုတ်ကိုင်းဟုခေါ်ကြသည်။ ငတောတို့ ဒေသခေါ်ကတော့ ကိုင်းရိုက် ကိုင်းရိုက်ဖြင့် သားကောင်ကို ထောင်သူကို ကိုင်း(ဂိုင်း)ရိုက်သမားဟုခေါ်သည်။ သိတတ်သူတို့က ကိုင်းရိုက်သမားမှန်း မပြောဘဲသိသည်။ သွားရင်းလာရင်း ငလုံးကမေးသည်။

"အဖေ"

"ဟေ"

"ကျုပ်တို့ ဘယ်လောက်ဝေးဝေးသွားရမလဲ"

"ဟ .. ကျားသေတောဆိုတော့ အနည်းဆုံး ခြောက်တိုင်(ဆယ်နှစ်မိုင်) ပေါ့ဟ"

"သားကောင်တွေ ခြေရာပေါပါလား"

"မင်းခေါင်းက ဆံပင်အတိုင်းပဲ"

"အဟီး"

ငတောသည် ကိုင်းရိုက်ဝါးများနှင့် သံတူရွင်းတို့ကို ထမ်းရင်း ရှေ့မှခရီးပြင်းနှင်သည်။ နောက်မှငလုံးက ထမင်းထုပ်၊ ဘူးသီးခြောက်ရေဘူး၊ ဓားရှည်၊ ဓားလုံ့နှင့် လွယ်အိတ်တစ်လုံးပါသည်။ ပခုံးပေါ်မှ ဓားလုံ့ရိုးကို ထမ်းပိုးသဖွယ် အသုံးပြုကာ ရှေ့ပိုင်းက ထမင်းထုပ်၊ နောက်ပိုင်းက ဘူးသီးခြောက်ရေဘူးလျို၍ ထမ်းလာသည်။ လွယ်အိတ်ဖောင်းဖောင်းကြီးလွယ်လျက်၊ လက်ထဲမှ ဓားရှည်တယမ်းယမ်း။

သားဖနှစ်ယောက်စလုံးရွာမှ ကိုးနာရီထိုးကတည်းက မနက်စာစား၊ ညနေစာ ထမင်းအတွက် ထုပ်ယူပြီး ခရီးပြင်းနှင်ခဲ့ကြသည်။ နှစ်ခါမျှသာ နားခဲ့သော်လည်း ညနေစောင်းမှသာ ကိုင်း (ဂိုင်း)ထောင်မည့်တောသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သည်။ နားခဲ့သော်လည်း ညနေစောင်းမှသာ ကိုင်း(ဂိုင်း) ထောင်မည့်တောသို့ရောက်သည်။

ကျားသေတော အနောက်ဘက်၌ ချင်းတွင်းမြစ်ရှိသည်။ စိုင်ပျော်တောနှင့် ဆက်စပ်လျက် မိုင်ငါးဆယ်ကျော်ကျော်ကျယ်ဝန်းသည့် တောဖြစ်သည်။ သစ်ကြီးဝါးကြီးများ၊ ဝါးမျိုးစုံ၊ ဝါးရုံ တောကြီးများ၊ ကိုင်းတော၊ ဆောက်တော၊ ချုံနွယ်ပိတ်ပေါင်းများ၊ ထူး၊ ချိုင့်၊ ကလိုထ်များ ပေါများလှသည်။

ဆောင်းနှင့်နွေရာသီ၌ မိုခိုစားသောက်စရာ သစ်ကြီးဝါးကြီးများပိတ်ဆည်း ညို့မှိုင်းနေသကဲ့သို့၊ နွေရာသီ၌ ရေသေဖြစ်သော်လည်း ရေမပြတ်သည့်ချောင်းလက်တက် လက်ဆွယ်များပေါလှသည်။ အချို့ချောင်းများ၌ ဝါးသုံးလေးရိုက် မမီသည့် ရေအနက်အထိရှိသည်။

ချင်းတွင်းမြစ်ရေတိုးချိန်၌ ကျားသေတော၏ အချို့အစိတ်အပိုင်းများသည် ရေဝင်ဒေသ။ ယခုအခါ ချင်းတွင်းမြစ်ရေတိုးဝင်စပြုပြီ။ ကျားသေတောသို့ ရောက်ရှိလာပြီ။

ရေဝင်လာသော်လည်း ကျားသေတော တစ်တောလုံးကို ဖုံးလွှမ်းရိုးထုံးစံမရှိ။ သားကောင်တို့ကလည်း ထိုသဘာဝကို သိသည်။ ရေလွတ်ရာနေရာသို့ ခေတ္တရွှေ့ပြောင်းလှည့်လည်၍သာ နေထိုင်ကြသည်။ ထိုတောကို ပစ်ခွာမထွက်။ ရေကျသွားချိန်၌ အစာပေါရေပေါ။ မှီခိုစရာကောင်းလှသော ထိုတော၌ မြူးတူးပျော်ပါး ကျက်စားကြသည်။ သားပေါက်ကြသည်။

ကြီးမားသည့် ဝါးရုံတောကြီးများ၊ ချုံပုတ်ကြီးများအလယ်၌ ပေါက်ရောက်နေသော ဗိတောက်ပင်ကြီးအောက်တွင် ငတောတို့သားအဖ နားသည်။ ရေချိုးထားသကဲ့သို့ စီးဆင်းလျက်ရှိသည့် ချွေးများကိုသုတ်ရင်း ဗူးသီးခြောက်ရေဘူးကြီးထဲမှရေ
သားဖနှစ်ယောက် တစ်လှည့်စီသော
ကြသည်။ တောရေးတောရာကို အ
ခတ်ကြသည်။

သည်ဗိတောက်ပင်ကြီး
စောင့်ရပ်အဖြစ်သတ်မှတ်ရန် ယခ
များကတည်းကပင်လျှင် ငတော
ဖြတ်ခဲ့သည်။ ရှင်းလင်း၍ လင့်စင်
ခဲ့သည်။ ဗိတောက်ပင်ပေါ် ဆင်
တက်ရာ၌ လွတ်စေရန် ဝါးတ
ခုတ်၊ ပင်စည်ကို ထောင်ထားခဲ့
ငတောကွမ်းယာကိုဝါးပြီး ကွမ်း
ထွေးလိုက်သည်။ပြီးမှ ...

"အဖေ ခြေရာခံလာခဲ့
ငါးရက်စလုံး ခြေရာစုံအောင်တွေ့



www.burmeseclassic.com



တာပဲ ငါ့သား၊ သားကောင်သွားလမ်းလာလမ်းကိုလဲ အဖေမျက်စိထဲမှန်းဆရအောင်ကို သတိထားခဲ့တယ်"

"ဒီလမ်းတွေ မှန်းထောင်ရမှာပေါ့နော် အဖေ"

"ဟုတ်တယ်ငါ့သား သားတို့အဖေတို့ တောလုပ်ငန်းဆိုတာ စေ့စပ်ရတယ်၊ သေချာရတယ်၊ စိတ်ရှည်ရတယ်၊ သေချာပေါက်ဖြစ်နိုင်တာကို ချိန်ဆပြီး လုပ်ရတယ်။ အခုအနေအထားက ဒီအခြေခံမှုသာ အဖေတို့လက်လွတ်မဖြစ်တာ၊ အခြေအနေက ရွှေလျားအခြေအနေပဲ၊ မတည်ငြိမ်ဘူး၊ အတိအကျ ခန့်မှန်းမရနိုင်ဘူး၊ ငတ်လွန်းလို့သာ လုပ်စားရမှာသား ချင်းတွင်းမြစ်ရေက တရိပ်ရိပ်တိုး၊ သားကောင်တွေက မူလနေရာမှာ နေမရတော့ အနေပျက်အထိုင်ပျက်၊ မူလနေရာမြဲ သားကောင်တွေကလဲ တခြားသားကောင်တွေ သူတို့ဒေသဝင်လာတော့ သူတို့လဲ အနေပျက်အထိုင်ပျက်၊ ဒီအခြေအနေကြားထဲမှာ ကိုင်းလာထောင်ရတာက ရင်မောစရာပဲ၊ ဦးဖွရချင်တဲ့အကောင်ရ၊ ရတဲ့အကောင်ဟာ ဆန်ဖိုးဆီဖိုးလို့ ဂါထာရွတ်ထောင်ရမှာပဲ"

သူ့အဖေ၏ ဂါထာကို ငလုံးစိတ်မှ ရေရွတ်ကြည့်မိသည်။ ဦးဖွ၊ ရချင်တဲ့အကောင်ရ၊ ရတဲ့အကောင်က ဆန်ဖိုး၊ ဆီဖိုး။

ငတောပြုံးသလို ငလုံးလည်း ပြုံးဖြဲဖြဲဖြစ်သွားသည်။ ဒါက ဘဝအခြေအနေကို ဖော်ပြတဲ့ ဦးဖွဂါထာပဲ။

သားအဖနှစ်ယောက် ချွေးတိတ်စပြုသော်လည်း အညာနေသည် "နေဖင်ပြဲ တစ်တိုင်ခွဲသွားနိုင်သေး" ဟု အညာသား ဆိုစမှတ်ပြုချိန်ရောက်သည့်တိုင် အပူဓာတ်မလျော့သေး။

တိမ်နီတိမ်ဝါ တိမ်ပြာတွေကြားမှပင်လျှင် ခရီးပြင်းနှင်လာသူတို့ကို အိုက်စပ်စပ်ဖြစ်အောင် ပူသေးသည်။ ရေကြက် ရေငှက်သံ၊ ကုန်းကြက်ကုန်းငှက်သံ ညံညံစီစီ တောရနံ့သင်းပျံ့ပျံ့။

"တဲ ငါ့သား ၊ အဖေတို့ကိုင်းစထောင်စို့"

ငတောနှင့် ငလုံးတို့သည် ကိုင်းကြီးကိုင်းငယ် ထောင်နေကြမို့ ကျွမ်းကျွမ်းကျင်ကျင်။ ငတောစိတ်ကြိုက်နေရာများကို ရွေးချယ်ပြီး စတင်ထောင်သည်။ ကူးရမည့်ကျင်းကနှစ်ကျင်း၊ တစ်ကျင်းက ကိုင်းစိုက်ကျင်း၊ တစ်ကျင်းက မိကျင်းခေါ် ကွင်းလျှောကျင်း။ သားကောင်သွားလမ်းကျနိုင်မည့် နေရာကို ငတောကပြသည်။ ငလုံးက ကိုင်းရိုက်ဝါးလုံးဖြင့် ကိုင်းလိုက်သည်။ ထောင်မည့်ဝါးလုံးတစ်ဆုံးမှ တစ်ထောင်ကျော်ကွာဝေးသည့် နေရာသည် ကိုင်းရိုက်ကျင်း တူးရမည့်နေရာ သားကောင်သွားလမ်းကျနိုင်သော ခန့်မှန်းနေရာ၌ အလျားတောင်ဆုပ်၊ အနံတောင်ဆုပ်၊ အနက်တောင်ဆုပ်ရှိသည့် ကျင်းကိုတူးသည်။ ထိုကျင်းသည် သားကောင်ထောင်မည့် ကွင်းလျှောကြိုးထားမည့်ကျင်း၊ သားကောင်မိမည့်ကွင်း။ အထူးသတိပြုရသည်မှာ ကိုင်းရိုက်ဝါးမှာ စိုက်ရမည့်ကျင်း။ ကိုင်း(ဂိုင်း)ရိုက်ကျင်း။ သုတ်ကိုင်းကျင်းဟု ခေါ်နိုင်သည်။ ကိုင်းရိုက်ကျင်းကို တူးရာ၌ နုတ်မရရုန်းမရစေရန် တစ်တောင်ထွာခန့်အနက်အထိတူးကာ ကိုင်းစိုက်ပြီး မြေကိုဆောင့်ဖို့ရသည်။

ကိုင်းရိုက်ဝါးစိုက်ပြီး ကိုင်းရိုက်ထိပ်မှ သွပ်ကြိုးပျော့ညှပ်ထားသော နိုင်လွန်သုံးပင်ပူးကြိုးကို သားကောင်ထောင်သည့် ကျင်းပေါ်ဆွဲယူရသည်။ ကိုင်းကို ကွေးရသည်။ ထိုကျင်း



www.burmeseclassic.com

www.burmeseclassic.com



# ဒါကြောင့် ဝီရိယ၊ ဝီရိယလို့ ပြောတာပေါ့ ငါ့သား။ လူမွဲဆိုတာ ဝီ ရိယနဲ့ ဖွဲလုံ့လနဲ့ လုပ်အားနဲ့ လုပ်ကိုင်စားသောက်ရတဲ့ လူစားဆိုတော့ လျှော့မရဘူး၊ ပေါ့မရဘူး။

ထိပ်၌ ငုတ်တိုင်နှစ်တိုင် ရိုက်စိုက်ထားပြီး လျှာခလုတ်ကို ကန့်လန့်ခံလိုက်သည်။ ထိုလျှာခလုတ်ပေါ်၌ ဝါးမာစိတ်ကလေးများကို ခပ်ကျဲကျဲညှိတင်သည်။ ဝါးမာစိတ်လေးများအပေါ် အဝတ်စုတ်အုပ်ပြီး အဝတ်စုတ်အပေါ် မြေပါးပါးဖို့ထားရာ ပကတိသားကောင်သွားလမ်းကဲ့သို့ ရှိနေ၏။

လျှာခလုတ်ပေါ် ဝါးမာစိတ်တင်၊ ဝါးမာစိတ်အပေါ် အဝတ်ဖုံး၊ အဝတ်အပေါ် မြေမှုန့်များဖြူးထားသည့်ကျင်းအပေါ်၌ ကိုင်းမှဆွဲယူလာသောကိုင်းရိုက်ကြိုးကို ကွင်းလျှောဖြုလျက်ကွင်းတင်ထားသည်။

သားကောင်က ထိုကျင်းကိုနင်းမိလျှင် ဝါးမာစိတ်လေးများ ကျွံဝင်သွားမည်။ ကန့်လန့်ခံထားသော လျှာခလုတ်ပြုတ်သွားမည်။ ထိုအခါ ကွင်းလျှောဖြင့် ချည်ပြီးနှောင်ပြီးဖြစ်သွားသည်။

ကွင်းလျှောဖြင့် သားကောင်မိကြောင်းကို ကြေညာပေးမည့် ချူလုံးလေးက ကိုင်းရိုက်ဖျားမှာပါသည်။ အချို့ဒေသ၌ ခလောက်ကို ဆွဲကြသည်။ ငတောတို့က ချူဆွဲထားသည်မို့ သားကောင်မိ၍ ရုန်းကန်ပါက ချွင်၊ ချွင်၊ ချွင်မြည်ကာ အသံပေးလေ့ရှိသည်။

သားအဖ နှစ်ယောက်စလုံးကြိုးစိတ်ချ၊ ကိုင်းစိတ်ချဖြစ်စေရန်ကျင်းနက်နက်တူး၊ နာနာဆောင့်၊ အပြန်အလှန်စစ်သည်က သေသေချာချာ။ သူတို့ကိုင်းအားလုံး ထောင်ပြီးအ

ချိန်၌ နေလုံးကွယ်ခဲ့ပြီ။

"တို့ ကိုင်းတွေက စိတ်…
ပါတယ်ကွာ၊ သတိဆိုတာ ပိုတယ်မ…
သာ စစ်နေရတာ"

"တက်သုတ်ရိုက်ထော…
တာတောင် နေဝင်နဲ့အကိုက်နော်…
ဖေ"

"ဒါကြောင့် ဝီရိယ၊ ဝီရိ…
လို့ ပြောတာပေါ့ငါ့သား။ လူမွဲဆိုတာ …
ရိယနဲ့ ဖွဲလုံ့လနဲ့ လုပ်အားနဲ့ လုပ်ကို…
စားသောက်ရတဲ့ လူစားဆိုတော့ လျှေ…
မရဘူး၊ ပေါ့မရဘူး။ ကဲ အလင်းရော…
ညီအစ်ကို မသိတသိနဲ့ ထမင်းစား…
အောင်"

ထမင်းထုပ်ကိုဖြေကာ ထုံ…
မပျက် ဝတ္တရားကျေ တင်မြှောက်…
ခိုက်ပြီး ငတောတို့ထမင်းစားကြသည်…
ထမင်းစားပြီးလျှင်ပြီးချင်း လင့်စ…
ထက်သို့ ငတောတို့တက်ခဲ့ကြသည်…
ခြောက်တိုင်(ဆယ့်နှစ်မိုင်)ခရီးကို ခြေ…
လျှင်သုတ်ခဲ့ရ၊ ထမ်းပိုးခဲ့ရ၊ တောအ…
ရောက်၌ တူးဟယ်၊ ထောင်ဟယ်၊ လု…
ခဲ့ရ၍ စိတ်ကသာဆောင်နေရသည်…
သားအဖနှစ်ယောက်စလုံး ပင်ပန်း…
သည်။ လင့်စင်ပေါ် ကျောဆန့်ခြေဆန့်…
လုပ်ရသောအခါ ထူးခြားသောအရသာ…



www.burmeseclassic.com

www.burmeseclassic.com



ခံစားရသည်။ အပန်းဖြေသည် ခေါ်မလား၊ ခြေညောင်းလက်ဆန့်လိုက်ရ၍ ခန္ဓာကိုယ် အားသစ်အင်သစ် ဝင်လာသည်ခေါ်မလား မသိသော်ငြား အရသာရှိ၏။

တစ်စတစ်စ အမှောင်ထုစိုးမိုးလာသည်။ ညဘက် ရောက်လာသည်။ ညက လဆုတ်ဆယ်ရက်ည။ ကြက်ဦးတွန်ခါနီးမှသာ လရောင်ခြည် ပြေးလိမ့်မည်။ ကောင်းကင်၌ ကြယ်ပွင့်ရောင်စုံ လင်းလင်းလက်လက်၊ လေအရှေ့ အဝေးစီမှ ချေဟောက်သံ၊ သမင်ဟောက်သံ၊ တောဝက်အုပ်တို့ အီအီအုအုမြည်သံရော ပါလာ၏။ လင့်စင်ပေါ်နေသော်လည်း ငတောရော၊ ငလုံးပါ သတိမမေ့၊ ဓားလုံအသင့် ဓားရှည်အသင့်၊ နားတစွင့်စွင့်၊ အသင့်အနေအထား။ ညဦးပိုင်းရောက်လေ သားကောင်မျိုးစုံတို့ အသံစုံလေလေပင်။

"ချွင် ... ချွင် ... ချွင် ... ချွင် ... ချွင် ... ချွင် ... ချွင် ... ချွင်"

ထောင်ထားသော ကိုင်းရိုက်ငါးခုထဲမှ တစ်ခုသော ကိုင်းရိုက်စီက ထွက်လာသောအသံ၊ ပထမဆုံး လာဘ်ဦးတိုက်သည့်အသံ။ ညဦးပိုင်းမှာပင် လျှင် သားကောင်စတင်မိသည်။ ဆန်ဖိုးဆီဖိုး ရတော့မည်ဟူသော အသိကြောင့် သားဖနှစ်ယောက်စလုံး ကျောခင်းနေရာက ငေါက်ခနဲထသည်။

"အဖေ၊ ကျုပ်တို့ကိုင်းရိုက် အကောင်မိပြီဗျ။ ခြုသံကြားလား ဆင်းရအောင်"

"အေးကွ၊ အဖေလဲကြားတယ်၊ တုတ်မီး(လက်နှိပ်မီး)ယူ၊ ဆင်းတော့လဲ သတိဝီရိယနဲ့ဆင်း။ ကိုင်း(ဂိုင်း)ကို လောဘတကြီး ဝင်မတော်နဲ့"

ခြုသံမြည်နေရာ ကိုင်းဆီသို့ ငတောနှင့်ငလုံးတို့ ဓားဆွဲ၊ လှံဆွဲ မီးထိုးထွက်ခဲ့ကြသည်။ ကိုင်းအနီးရောက်၍ တုတ်မီး(လက်နှိပ်မီး)ဖြင့် ထိုးကြည့်လိုက်ပြီးမှ သားဖနှစ်ယောက်အံ့အားသင့်လွန်းသဖြင့် ပါးစပ်ဟသွားသည်။ သူတို့ဘယ်လိုမှ မမျှော်လင့်ခဲ့သည့် အကောင်ပါ။

ကိုင်း၌တွဲလောင်းကြီးမိနေသော သတ္တဝါမှာ တောကြီးဖွတ်။ တွဲလောင်းတွဲလောင်း တလှုပ်လှုပ်ရှုန်းကန်နေသော တောကြီးဖွတ်မှာ လူကြီးလက်မောင်းတုတ်တုတ်ခန့် ရှိသည်။ အမြီးကြီးဖြင့် ရိုက်မိရိုက်ရာကို ရိုက်နေသည်မှာ ဆတ်တိုက်စဉ်ကိုက်တဖျန်းဖျန်း။ ရိုက်မိသမျှချုံတို့ ပြတ်သတ်ကျသည်။ အားစိုက်ရုန်းလေ၊ ရိုက်လေ၊ သူ့ကိုယ်သူ ဆွဲဆန့်သတ်သလိုဖြစ်လေ၊ ထိုသို့ဖြစ်လေ အားစိုက်ရုန်းလေ ရိုက်လေရာမှ တစ်စတစ်စ ပျော့ခွေကျသွားသည်။

"ကြီးလိုက်တဲ့ ဇောတိကကြီး အဖေရာ၊ ဖွတ်မိချောင်း ဖြစ်မလားပဲ"

"ဟာ၊ ဒါတော့ သေသေချာချာသိမှ စနစ်တကျ ပြောရမှာပဲ၊ သေချာတာကတော့ ဒီဇောတိက (တောဖွတ်ကြီး)ဟာ ငါးပိဿာဝန်းကျင် ရှိမှာပဲ"

"ဇောတိကကြီး(တောကြီးဖွတ်) ငြိမ်သွားပြီ၊ ကျုပ်ဖြုတ်လိုက်မယ်"

ငလုံးက တောဖွတ်ကြီးကို ဖြုတ်ပြီး ကိုင်းပြန်ထောင်သည်။ တောကြီးဖွတ်မှာ အသက်မရှိတော့။ လင့်စင်သို့အပြန်၌ ငတောစကားဆက်သည်။

"ဘာကောင်တွေရလို့ ဘာကောင်တွေမိမယ်သာ မသိတာ၊ ထပ်ရဦးမှာပဲ"

"အဖေ ဘယ်လိုလုပ်ခန့်မှန်းလဲ"

"နှစ်ရက်တည်းနဲ့ ဆင်ကူး

www.burmeseclassic.com





ကျွန်းရွာလေးမြုပ်အောင် ရေတိုးသတဲ့၊ ဒီလောက်တိုးမှတော့ ဒီတောလဲ ထင်တာထက်ရေဝင်ပြီလေ၊ သားကောင်တွေအသံ ငှါသား ဂရုစိုက်နားထောင်၊ ငြိမ်မနေတော့ဘူး၊ လှုပ်လှုပ်ရှရှ အသံပေးနေပြီ”

ရေမလွှတ်တဲ့အပိုင်း မူလနေသူကလဲ ရေလွှတ်ရာပြောင်း၊ ရေလွှတ်ရာမူလနေသူကလဲ ပြောင်းလာသူရောကြောင့် အနှောင့်အယှက်ဖြစ်၊ နှစ်ဖက်စလုံး မတည်မငြိမ်၊ စားကျက်သစ်ရှာတဲ့ အကောင်ကလဲ မတည်မငြိမ်၊ စားကျက်ဟောင်း နေသူကလည်း ညှော်တောကောင်ပလောင်ကြောင့် မတည်မငြိမ်၊ စားကျက်အပြောင်း၊ စားကျက်အတွင်း မတည်မငြိမ်မှာ သွားရင်းလာရင်း စူးစမ်းရင်း၊ ဒီဇောတိကကြီး(တောကြီးဖွတ်ကြီး)၊ ဒီဘက်ရောက်လာတာ နေမှာပါ”

လင့်စင်ပေါ် ရောက်သော်လည်း သူတို့သားအဖ အိပ်မပျော်၊ ထပ်မံပေါ်လာမည့် ခြူသံကို နားတစွင့်စွင့်။

ညသည်ရင့်လာ၏။ ခြူသံမှာ ထပ်မံထွက်ပေါ်မလာသေး၊ တော၏ တိတ်ဆိတ်မှုက ပိုမိုနက်ရှိုင်းလာသည်။ တိတ်ဆိတ်နေမှုကို ထွင်းဖောက်ထွက်ပေါ်လာသော အသံများအား တော
မားနားဖြင့် ငတောအာရုံပြုသည်
အဝေးဆီမှ ကျားသစ် အစာမာန်ဖီ
သင်းခွေချပ်ခေါ်သံ၊ ရှီးခနဲရှီးခနဲ အ
ပေးလာသော မြွေကြီးတွန်သံ၊ ဝေါ
ဝေါဝေါနှင့် တောလန့်သံတို့သာ ရံဖန်
ခါ ကြားရသည်။ ကောင်းကင်၌ ကြ
စုံခင်းလျက် ဝင်းဝင်းလက်လ
တောကြက်တို့က လိုဏ်သံပေါ
သည်အထိ အားရပါးရ တွန်ကျူး
သန်းခေါင်ချိန်ကာလ။

“ချွင်၊ ချွင်၊ ချွင်၊ ချွင်”

ငတောရှေ့ ပုံးပါ ပြိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်သော အသံ။

“ဟော၊ အဖေ မိပြန်ပြီဗျ၊ အဖေ သားကောင်သွားလမ်း မှန်းတာ မှန်ပြန်ပြီ”

“ငါ့သား‌ရာ၊ လေးငါး ခြောက်ရက်လောက် အပြန်ပြန်အလှန်လှန်ကြည့်ရ၊ ရှုရ၊ တွက်ရချက်ရ၊ မှန်းရဆရတဲ့ ဝီရိယအကျိုးပေါ့၊ ဘာကောင် လာမယ်လို့သာ အတပ်မသိပေမဲ့ လာချင်းလာ၊ ပြန်ချင်းပြန်ရင် ဒီနေရာ ဒီချုံကြား ဒီသစ်ပင်ကြားက ဖြစ်နိုင်ကောင်းရဲ့လို့ မှန်းဆထောင်ရတာပေါ့၊ အတွေ့အကြုံနဲ့ အခြေအနေပေးပေါ့”

ပြောပြောဆိုဆိုနှင့် ခြုံသံကြားရာသို့ သားဖနှစ်ယောက် သွားခဲ့သည်။ ကိုင်း(ဝိုင်း) တုန်ခါသည်အထိ သားကောင်က ဆောင့်ဆောင့်ရုန်းရာ ခြုံသံတချွင်ချွင်၊ ကိုင်းက ညွတ်လိုက်ထောင်လိုက်၊ လက်နှိပ်မီး(တုတ်မီး) အရောင်အောက်တွင် တောခွေးအပြာနှမ်းနှမ်းတစ်ကောင်၊ တောခွေးအကြီးက ဆန့်ဆန့်ရုန်းလိုက်၊ ကြိုးကိုကိုက်လိုက်၊ ကြိုးကိုကိုက်သောနေရာမှာ ဝါးကျည်တောက်စွပ်ထားသော နေရာဖြစ်ရာ ကိုက်မရ။ အခြားနေရာများ လှမ်းကိုက်ရန်ကလည်း သူ့အခြေအနေမပေး၊ သူ့ကို လက်မြှောက်ခိုင်းပြီး မထားသလို ဖြစ်ရာ ခြေနှင့်မြေနှင့် မလွတ်လုလုလွတ်လုလု။ မထိတထိ အနေအထား။

“မီးထိုးထား၊ အဖေကြည့်ရှင်းမယ်”

လက်မိထား၍ ရုန်းမရရာမှ လူသံကြောင့် ပိုမိုထိတ်လန့်ကာ၊ အငမ်းမရ ရုန်းကန်နေသော တောခွေးအကြီး အငြိမ်စောင့်နေပြီး ငြိမ်သလိုရှိသည်နှင့် တပြိုင်နက် ဓားလှံရိုးဖြင့် ခေါင်းကိုစွပ်ခနဲရိုက်လိုက်သည်။ ရိုက်လက်ဆမှန်သောကြောင့် တောခွေးအကြီးသည် အသံပင်မပြုနိုင်ဘဲ မြေပေါ်ပစ်လဲကျသွားသည်။ တောခွေးအကြီး မလှုပ်နိုင်မှ ကိုင်းကြိုးကိုဖြေသည်။

“ဝလိုက်တဲ့ ခွေးမကြီး အဖေရာ၊ ပိဿာတစ်ဆယ်တော့ကျော်မှ ကျော်နေမှာပဲ”

“တောခွေးအ အထီးကြီးကွ၊ အုပ်နဲ့ဆိုရင် အလွန်ကြောက်စရာကောင်းအောင် ရမ်းကားတာ၊ နှစ်စဆွဲ တောခွေးအဆိုတော့ ပိုဝတာပေါ့”

“နှစ်စဆွဲဆိုတာ ဘာလဲဗျ”

“ကုန်းသားကောင်လဲစားရ၊ ရေသားကောင်လဲ စားရတာကိုခေါ်တာ၊ ဒီကျားသေတောရဲ့ ထူးခြားချက်က ဒါလဲပါတယ်”

တောခွေးအကြီးကို ဖြုတ်ကာ လင့်စင်ရှိရာ ပြန်ကြသည်။ မောင်ရင် ဆိုင်းထမ်းကြယ်ကို တောသမားကြည့်နေကျဖြစ်ရာ ငတောရှာကြည့်သည်။ တွေ့မြင်ရသည်။ ပုဆိုးစုတ်လေးများခင်းလျက် လင့်စင်ပေါ် ကျောပြန်ဆန့်သည်။ ကျောပြန်ဆန့်ရာမှ မည်မျှအိပ်မောကျသွားသည်ကို မှန်းဆမရ၊ အိပ်မက်ထဲ၌ မပီဝိုးဝါးခြုံသံကြားရသလိုလို၊ တကယ်အသံလိုလို ထင်မိယောင်မှား။

“ချွင် ... ချွင် ... ချွင် ... ချွင် ... ချွင် ... ချွင် ...”

သားအဖနှစ်ဦးစလုံး အိပ်မက်ထဲမှ မဟုတ်ကြောင်းနှင့် လက်တွေ့ဖြစ်ကြောင်း သတိဝင်မှ ကုန်းကျုံးထသည်။ မောင်ရင် ဆိုင်းထမ်း ကြယ်မှာ အနောက် ရောက်နေပြီ။ သည်သင်္ကေတက အရုဏ်တက်တော့မည့်သင်္ကေတ။ လဆုတ်ဆယ်ရက် ညလသည်၊ တိမ်ဖုံးသောကြောင့် လရောင်မ



www.burmeseclassic.com

www.burmeseclassic.com



ရှိ။

ငတောက ဓားလှံနှင့်တုတ်မီး(လက်နှိပ်မီး)ယူပြီး၊ ငလုံးက ဓားရှည်ကိုင်ကာ သားကောင်မိရာနေရာကိုင်းသို့ အပြေးသွားခဲ့သည်။

"အဖေ တုတ်မီး(လက်နှိပ်မီး)ထိုးနော်၊ ဘာကောင်မှန်းမသိ ညာကောင်မှန်းမသိ"

တုတ်မီး(လက်နှိပ်မီး)ဖြင့် ကိုင်းမိနေရာသို့ ငတောထိုးကြည့်သော်လည်း မိနေသောသားကောင်ကိုမမြင်။ သားကောင်သည် သူမှိန်နေသော ချုံပုတ်ငယ်နှင့် ကွယ်နေရာက ငတောတို့ဆီ ဒုန်းပြေးဒုန်းဝင်သည်။ သတိရှိသော ငတောက အဆုတ်၊ သားကောင်က လှမ်းအပတ်၌ ငတော၏ ခြေနှစ်ချောင်းကြားက ပုဆိုးပတ်မိပြီး ဖျန်းခနဲ ကွဲသွားသည်။

"နင့် အမေဝလွှား၊ ဝက်တောင်းကြီးဟ၊ ဝက်တောင်းကြီး"

"ဟုတ်တယ် အဖေရေ၊ တော်သေးတာပေါ့ဗျာ၊ လူထိခိုက်သေးလား"

"ပုဆိုးရှေ့ပိုင်း ကွဲသွားရုံကွ၊ ဆုတ်လိုက်တော့ နောက်ပိုင်းတောင် မထိမိဘူး၊ ဆုတ်လွတ်အောင်ဆုတ်"

"ကျုပ်ဓားနဲ့ ခုတ်လိုက်မယ် အဖေ"

"ဟာ သွားမလုပ်နဲ့၊ မလုပ်နဲ့၊ ကြိုးခုတ်မိမှ သားဖနှစ်ယောက် ဝက်ပက်ခံရလို့ သေကုန်မယ်၊ ဓားနဲ့ခုတ်မိရင်သာ ကြိုးပြတ်နိုင်တာ၊ အချိန်လေးငါးဆယ်ကျော် ဝက်တောင်းရုန်းလို့ ကြိုးမပြတ်နိုင်ဘူး၊ စိတ်ချလက်ချသာနေ၊ ကြိုးနဲ့မမှီလောက်တဲ့ မနီးမဝေးနေရာမှာ မင်းသွားရပ်စမ်း၊ တုတ်မီး(လက်နှိပ်မီး)ကိုလဲ မင်းယူထား၊ ဝက်တောင်းကြီးသွားလေရာထိုးထား၊ မင်းလှုယောင်ပြတော့"

တုတ်မီး(လက်နှိပ်မီး)ကို ငလုံးအားလှမ်းပေးပြီး ငတောက ဓားလှံကို ဆလိုက်သည်။ ကြိုးအဆုံးမမီလောက်သည့်နေရာမှ လှုယောင်ပြလာသော ငလုံးအား ဝက်တောင်းကြီးက ဒေါသတကြီးဖြင့် ပြေးပက်လိုက်သည်။

လက်မိထားသော ကိုင်းကြီးက ဝက်တောင်းကြီးကို ဆွဲဆောင့်လိုက်သကဲ့သို့ ဖြစ်သွားရာ ကိုင်းကြီးအဆုံး၌ ဝက်တောင်းကြီး ထိုးလဲကျသွားသည်။

ဤသည်ကို စောင့်ဆိုင်း… သော ငတောက လက်လွှတ်မခံ။ ဝက်… တောင်းကြီး၏ လက်နောက်သို့ ဓား… ဖြင့် အားကုန်ပစ်ထိုးလိုက်သည်။ ဝက်… တောင်းကြီး၏ အော်ဟစ်သံတို့… ကျူးသေသောတောကို ဖုံးလွှမ်းသွားသ…

အရုဏ်သည် တစ်စတ… ရင့်သန်လာ၍ အရှေ့ဆီမှ နေ… တော်ပြေး ရောင်နီပတ္တမြားတို့ … အန်ကျလာပေပြီ။

အရုဏ်ဦး လေပြ… တောရနံ့၊ တောပန်းရနံ့တို့ ရောထွေ… ဝင်လာ၏။ တောကြက်တို့က … ကြက်ဆော်စပြုလာပြီ။ ဝက်တော… ကြီးနှင့် တောခွေးအတို့ကို တော… ပျက်နွယ်ဖြင့် တုပ်နေသော ငတော… ငလုံးတို့ရင်၌ ပီတိတဝေဝေ။ သ… ကောင်မှ ဆန်ဖိုး၊ ဆီဖိုး၊ ဖန်တီး… တော့မည်ဟူသော အသိဝင်လာ… အခါ ပင်ပန်းသမျှ ပိန်းကြာရွက်… ရေမတင်သကဲ့သို့ ပြေပျောက်ရသ… အရှေ့ဆီမှ ကြယ်နီပေါ်လာ၏။ … ကြက်တွန်သံတို့ ပို၍ပို၍ မြိုင်ဆိုင်… ၏။

**တွင်းကြီးဝင်း…**



www.burmeseclassic.com

www.burmeseclassic.com

# HURRICANE Restaurant

- ချိုသာသောဈေးနှုန်း
- သန့်ရှင်းသပ်ရပ်သော ဆိုင်အပြင်အဆင်
- ယဉ်ကျေးပျူငှာသော ဝန်ထမ်းများ၏ အကောင်းဆုံးဝန်ဆောင်မှု
- ကျွမ်းကျင်သော စားဖိုမှူးကြီး၏ ကောင်းမွန်လတ်ဆတ်သော အစားအသောက်များ
- နိုင်ငံခြားအရက်မျိုးစုံနှင့် မြန်မာစည်ဘီယာ၊ အေဘီစီစည်ဘီယာ အခြားအချိုရည်မျိုးစုံ

တန်ဖိုးရှိလှတဲ့ ငွေကို အကျိုးရှိရှိကုန်ရကျိုးနပ်အောင်
**HURRICANE Restaurant** သို့ လာခဲ့ပါ။


အပတ်စဉ် သောကြာနေ့တိုင်း
အထူးအစီအစဉ် ဖျော်ဖြေမှုရှိသည်။

အမှတ်(၇၄)၊ လေးထောင့်ကန်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်။
ဖုန်း-၀၉ ၇၃၀၃၄၂၁၉၊ ၀၉ ၄၁၀၇၄၃၅၂၊ ၀၉ ၇၃၁၅၈၅၈၉

www.burmeseclassic.com

www.burmeseclassic.com

ညီလေးစက်စိုးရေးတဲ့စာ



# ကျောက်ခင်းမလား ... လမ်းခင်းမလား

ဆူးသစ်



www.burmeseclassic.com

www.burmeseclassic.com



## "ကျောထဲခင်းမလား ...ထမ်းခင်းမလား"

**ဆူးသစ်**

**ညီလေးရေ ...**

ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှာ စင်ကာပူနိုင်ငံမှာ အဓိက ရုဏ်းတစ်ခု ဖြစ်ခဲ့ပါတယ်။ Little India လို့ခေါ်တဲ့နေရာမှာ အိန္ဒိယလူမျိုးတစ်ဦးကို Private Bus က ဝင်တိုက်လိုက်တဲ့ခါ အဲဒီလူ သေဆုံးသွားခဲ့ပါတယ်။ အဲဒီမှာ သူနဲ့ပတ်က်တဲ့လူတချို့က အဲဒီဘက်စ်ကားကို မှန်ရိုက်ခွဲ၊ ကားကိုဖျက်စီးခဲ့ကြပါတယ်။

အဲဒီနောက်မှာတော့ ရဲကား၊ သူနာပြုယာဉ်၊ မီးသတ်ကားတွေရောက်လာပြီး အခြေအနေကို ထိန်းသိမ်းဖို့ကြိုးစားတဲ့အခါ လူလေးရာလောက်ဟာ အဲဒီကားတွေကို ဖျက်စီးမီးရှို့ပြီး ရဲတချို့ပါသေဆုံးခဲ့ရပါတယ်။ အဲဒီအခြေအနေတွေဖြစ်နေတာက ညသန်းခေါင်ကျော်ပါပြီ။

ဒါပေမဲ့ နံနက်(၂)နာရီလောက်မှာတော့ ရဲတွေက သတင်းစာရှင်းလင်းပွဲလုပ်ခဲ့ပါတယ်။ ဘာတွေဖြစ်ခဲ့တယ်၊ ဘယ်လိုဆုံးရှုံးတယ် စတာတွေကိုရှင်းတာပါ။ မနက်မိုးလင်းချိန်မှာ အစ်ကိုတို့အလုပ်သွားတော့ အဖြစ်အပျက်တွေက တစ်စစီကြားနေရပါတယ်။ Facebook ပေါ်မှာတော့ သတင်းတွေက စပျံ့နေပါပြီ။

အဲဒီလိုစပျံ့နေတဲ့အထဲက အဆိုးဆုံးက အစ်ကိုတို့လိုစင်ကာပူမှာ အလုပ်လုပ်နေသူတွေတောင် ဘယ်သူဘယ်ဝါရယ် မခွဲခြားနိုင်သေးတဲ့အချိန်မှာ မြန်မာပြည်ကတချို့လူတွေဟာ Fackbook ပေါ်တက်ပြီး ဘယ်လူမျိုးတွေကဖြင့် စင်ကာပူမှာတောင်သောင်းကျန်းနေပြီဆိုပြီး ဖွကြသေးပါတယ်။ စင်ကာပူမှာအလုပ်လုပ်နေတဲ့ အစ်ကိုတို့အတွက် ရယ်စရာကောင်းသလို အင်မတန်မှစက်ဆုပ်ဖို့ကောင်းလို့ပါ။ ဘုမသိဘမသိနဲ့ လူမျိုးရေးအဓိကရုဏ်းဖြစ်အောင် တွန်းပို့နေသလိုပါပဲ။

အစ်ကိုတို့အလုပ်ထဲရောက်တော့ မြန်မာတွေသာ အလုပ်ဆင်းနိုင်ပြီး ကျန်တဲ့အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့လို အလုပ်သမားတွေဟာ အဆောင်မှာရဲကစစ်တာခံနေရလို့ မလာနိုင်ဘူးလို့သိရပါတယ်။ နောက်မှပြန်သိရတာက အဲဒီအဆောင်တွေက အလုပ်သမားတချို့ပါ ညကဖြစ်တဲ့အဓိကရုဏ်းမှာပါလို့တဲ့။

ဒါဖြင့် စင်ကာပူရဲက ဘယ်လိုခြေရာခံလိုက်ပါသလဲ။ သတင်းတွေရဲ့အဆိုအရ ရဲကားတွေဖျက်ဆီး၊ ရဲတွေသေနဲ့၊ အဲဒီညပိုင်းဖြစ်စဉ်တွေအပြီးမှာ အဲဒီနေရာမှာပဲ အမှန်တကယ်ပါဝင်ပတ်သက်တဲ့ လူ(၂၀)ကျော်ကိုလက်ရဖမ်းမိပါတယ်။ အဲဒီလူတွေကနေတစ်ဆင့် စင်ကာပူဘယ်အဆောင်တွေကနေပါသလဲဆိုတာ စလိုက်ပါတယ်။ ပြီးမှ MRT လို့ခေါ်တဲ့ ဘူတာရုံမှရှိတဲ့ CCTV ကနေတစ်ဆင့် ညဆယ်နာရီနောက်ပိုင်းမှာ အဲဒီအဓိကရုဏ်းဖြစ်တဲ့နေရာနားက ဘူတာကိုဝင်ထွက်သူတွေရဲ့ မှတ်တမ်းနဲ့၊ ညဆယ်နာရီနောက်ပိုင်းမှ အဆောင်ကိုပြန်ဝင်လာတဲ့ ကတ်ပြားမှတ်တမ်းတွေကို စစ်တယ်လို့သိရပါတယ်။

စင်ကာပူကအဆောင်တွေမှာ အဝင်အထွက်ကို ကတ်ပြားရိုက်ပြီးမှ ဝင်ထွက်ခွင့်လုပ်ထားတော့ သက်ဆိုင်ရာ ကတ်ပြားကိုင်ဆောင်သူတွေဟာ ဘယ်အချိန်မှာအဆောင်ကို ဝင်နေထွက်နေတယ်ဆိုတာ အကုန်ပေါ်ပါတယ်။ အဲဒီလို အဝင်အထွက်တွေကိုမှတ်ပြီး လူတွေကိုရွေးထုတ်၊ အဆင့်



www.burmeseclassic.com

www.burmeseclassic.com



(၃)ဆင့်ခွဲပြီး ဘတ်စ်ကားတွေနဲ့ ခေါ်ထုတ်သွားပါတယ်တဲ့။ ခေါ်သွားခံရတဲ့လူတွေဟာ ရင်ဘတ်ပေါ်မှာအရောင်ပါတဲ့ တိတ်တွေနဲ့ ဦးစားပေးအဆင့်သတ်မှတ်ခံရပြီး အဲဒီအထဲက မှ စစ်ဆေးပြီးအပြစ်မရှိသူတွေကိုတော့ ပြန်လာပို့ပေးပါတယ် တဲ့။

အဲဒီအချိန် အဆောင်မှာနေကြတဲ့ မြန်မာတွေကို တော့ ဘာလူမျိုးလဲလို့မေးပြီး မြန်မာပါတယ်ဆိုရင် Work Permit တွေပြခိုင်းသတဲ့။ သေချာပြီဆိုရင်တော့ အလုပ်သွား ခွင့်ရကြတယ်လို့ အလုပ်ထဲကိုရောက်လာတဲ့ မြန်မာလေးတွေ ကအစ်ကို့ကို ပြောပြကြပါတယ်။

နောက်ဆုံးတော့ အဲဒီအဓိကရုဏ်းမှာပါဝင်တဲ့သူ တွေ ထောင်နဲ့ကြိမ်ဒဏ်ကျခံသွားရတယ်လို့သိရပြီး အဲဒီလို ပြစ်ဒဏ်ကျခံပြီးရင်တော့ ကိုယ့်ပြည်ကိုယ့်ရွာပြန်ရမှာဖြစ်သ လို နောက်လည်းစင်ကာပူကို လာလို့မရတော့ပါဘူး။

**ညီလေးရေ ...**

သူများနိုင်ငံမှာအလုပ်လုပ်တဲ့အခါ ကိုယ့်ဘာသာ ငွေရှာမယ်ဆိုရင် သူတို့နိုင်ငံရဲ့ဥပဒေကို လေးစားလို့တော့လို ပါလိမ့်မယ်။ ဒါမှမဟုတ် ထောင်ဒဏ်ကြိမ်ဒဏ်လည်း ခံနိုင် တယ်။ ကိုယ်လည်း လုပ်ချင်တာလုပ်မယ်ဆိုရင်တော့ ကြိုက် သလိုလုပ်ပါလို့ပဲ ပြောချင်တယ်။

အစ်ကို စင်ကာပူမရောင်ခင်က မြန်မာတွေဆန္ဒပြ ခဲ့တဲ့ ကိစ္စတစ်ခုရှိခဲ့ဖူးတယ်လို့ သိရတယ်။ အစ်ကိုတို့နိုင်ငံရဲ့ နိုင်ငံရေးနဲ့ ပတ်သက်လို့ပေါ့။ ဒါပေမဲ့ ပါတဲ့သူတွေကို CCTV ထဲကပြန်ရှာပြီးအရေးယူတာကို အချိန်တန်လို့ သတ်တမ်းတိုးမှ ပြဿနာတက်မှန်းသိခဲ့ရတာလို့ တကယ် ကြုံခဲ့ရတဲ့သူငယ်ချင်းတွေက ပြောပြခဲ့ပါတယ်။ သူတို့အရေး ယူတာက Work Permit ဆိုပြန်၊ Permit Residence (PR) ဆိုပြုတ်ပြီး S pass တို့၊ EP တို့ဖြစ်ကုန်တယ်တဲ့ သဘောကတော့ နေထိုင်ခွင့်တွေကို အဆင့်တစ်ဆင့်နှိမ် လိုက်တဲ့သဘောပေါ့။ နှိမ့်မရတဲ့ဆင့်ဆို ပြန်ပေါ့။

ဒီအတွက်လည်း စင်ကာပူဝန်ကြီးချုပ်ပြောထား





www.burmeseclassic.com

www.burmeseclassic.com



**အစ်ကိုပြောချင်တာက စင်ကာပူလို တရားဥပဒေစိုးမိုးပြီး တင်းကျပ်တဲ့နိုင်ငံမျိုးမှာတောင် အဓိကရုဏ်းဆိုတာ ရှိပါတယ်။ အဓိက က ဘယ်လို ကိုင်တွယ်ဖြေရှင်းမလဲဆိုတာနဲ့ ဘာကြောင့်ဖြစ်သလဲဆိုတာတွေပါပဲ။**

တဲ့ စကားတစ်ခွန်းရှိပါသတဲ့။ "သူတို့နိုင်ငံသားတွေတောင် မကျူးလွန်တဲ့ ဘယ်ပြစ်မှုမျိုးကိုမဆို တခြားနိုင်ငံသားကသူတို့ဆီလာပြီး ကျူးလွန်တာမျိုးကို သည်းခံနေမှာမဟုတ်ပါဘူး "တဲ့။ ဒါကြောင့်လည်း တစ်ခုခုဖြစ်တာနဲ့ ပြတ်ပြတ်သားသားကို အရေးယူပစ်ခဲ့တာ။

အခုနောက်ဆုံးဖြစ်ခဲ့တဲ့ အဓိကရုဏ်းဆိုရင် စင်ကာပူမှာအနှစ်(၄၀)ကြာမှ တစ်ခါပြန်ဖြစ်တာလို့ သိရတယ်။ အဲဒီအတွက် စင်ကာပူနိုင်ငံသားတွေက နောက်ဆိုစင်ကာပူနိုင်ငံသားတွေကို ဘယ်လိုကာကွယ်မလဲလို့၊ ဘာတို့ဆိုတဲ့ အသံတွေထွက်လာခဲ့သေးတယ်။ ပထမတော့ စင်ကာပူရဲ့တွေမှာ အဓိကရုဏ်းနှိမ်နင်းတဲ့အတွေ့အကြုံ မရှိဘူးဆိုတာမျိုးဆိုခဲ့ကြသေးတယ်။

အစ်ကိုနားလည်တာတော့ အဲဒီလိုမဟုတ်ဘူး။ စင်ကာပူရဲ့က လူရှေ့သူရှေ့ထွက်ပြီး မျက်ရည်ယိုဗုံးခွဲ၊ တုတ်နဲ့ရိုက်၊ သေနတ်နဲ့ပစ် မလုပ်ခဲ့တာပါ။ နိုင်ငံတကာက မြင်နိုင်တာကိုး။ ပြီးတော့ လူမျိုးရေးပဋိပက္ခအသွင် ဆောင်နိုင်တာကိုး။ ဒီတော့ ရှေ့မှာတန်ပြခဏလွှတ်ထားပြီး နောက်နေ့ကျမှ တိတိကျကျနဲ့ ဆွဲစိတဲ့ပုံစံသုံးသွားတာ။ ဒါနဲ့ပတ်သက်လို့ ကောလဟာလတွေ ပျံ့နိုင်လို့လည်း ညတွင်းချင်းသတင်းစာရှင်းလင်းပွဲလုပ်ခဲ့တာ။ သူတို့ပြည်သူတွေ စိတ်ပူမှာစိုးတာရော ပေါ့။

ပြီးတော့ အစ်ကိုတို့အလုပ်ထဲအထိ သတင်းတွေကိုမှားတင်မှာစိုးလို့ Facebook ဆိုလူမှုကွန်ရက်တွေမှာမတင်ဖို့ ညွှန်ကြားချက်တွေရောက်ခဲ့ပါသေးတယ်။ သူတို့တတွေဟာ လူမျိုးရေးအဓိကရုဏ်းကို တော်တော်စိုးရွံ့နေပုံပါပဲ။ အဲဒါကို ဘုမသိ၊ ဘမသိနဲ့ အင်တာနက်ကသတင်းကြားရုံနဲ့ စင်ကာပူမှာတော့ ဘာလူမျိုးတွေသောင်းကျန်းနေပြီဆိုပြီး ရမ်းတုတ်နေတဲ့လူတွေ၊ အစ်ကိုတို့ မြန်မာပြည်မှာရှိနေတာ၊ အင်မတန်စိတ်ပျက်စရာပါပဲ ညီလေးရေ။

အဲဒီလိုလူတွေများနေတဲ့ အစ်ကိုတို့တိုင်းပြည်မှာ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခတွေဖြစ်နေတာ ဘာဆန်းလို့လဲလို့တွေးမိသေးတယ်။ Facebook ပေါ်မှာနာမည်ကြီးရုံသက်သက် လုပ်ချင်နေကြတာကိုး။ ရည်ရွယ်ချက်မည်မည်ရရမရှိပါပဲ လျှောက်လုပ်နေတာ၊ ကိုယ့်တိုင်းပြည်ပျက်စီးဖို့အရေးလို့ သူတို့တွေးမိပုံမရပါဘူး။

**ညီလေးရေ ...**

အစ်ကိုပြောချင်တာက စင်ကာပူလို တရားဥပဒေစိုးမိုးပြီး တင်းကျပ်တဲ့နိုင်ငံမျိုးမှာတောင် အဓိကရုဏ်းဆိုတာ ရှိပါတယ်။ အဓိကက ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတာနဲ့ ဘာကြောင့်ဖြစ်သလဲဆိုတာတွေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဘောတီးနေတဲ့ Facebook လိုလူမှုကွန်ရက်တွေပါပဲ။ သုံးတတ်ရင်အကျိုးရှိပေမဲ့ မသုံးတတ်ရင်တိုင်းပြည်ပါ ပျက်သွားတတ်ပါတယ်။ အဲဒီကွန်ရက်တွေမှာ လူတွေကိုလှုံ့ဆော်တာ သိပ်လွယ်တာကိုး။ သွေးထိုးပေးဖို့ အကောင်းဆုံးနေရာတွေပေါ့။

ဘာကြောင့် အဓိကရုဏ်းဖြစ်သလဲဆိုတာမှာ အဲဒီလူမှုကွန်ယက်နဲ့ မီဒီယာတွေရဲ့တွန်းအားက အများကြီးစကားပြောပါတယ်။ ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတာကတော့ နိုင်ငံတော်ပိုင်းဖြစ်သွားပါပြီ။ ကိုယ်လိုချင်တာကိုရဖို့ ကြိုးစားတဲ့အခါ ပညာသားပါပါလုပ်တာမျိုးက နိုင်ငံတကာကိုမျက်နှာပြဖို့ လုတာပါပဲ။

စင်ကာပူအစိုးရဟာ တရားဥပဒေနဲ့ပတ်သက်ရင်နိုင်ငံခြားသားဆိုလည်း ထိထိရောက်ရောက်အရေးယူတာပဲ။ ပြန်ပို့သင့်ပို့တာပဲ။ ဒါက ဘာကိုပြသလဲဆိုတော့ သူတို့နိုင်ငံသားနဲ့ သူတို့နိုင်ငံရဲ့အရေးကို တကယ်ထိပါးလာရင် သူများတွေလိုပါးစပ်ကအော်မနေဘဲ တကယ်လက်တွေ့လုပ်ပစ်တာပါ။ အဲဒီအတွက် စင်ကာပူမှာနေရတဲ့ အစ်ကိုတို့လို နိုင်ငံခြားသားတွေဟာ သူတို့ဥပဒေကို မလေးစား၊ မလိုက်နာဘဲ မနေလို့ကို မရတာပါ။ တကယ်လုပ်မှာကိုး။

**ညီလေးရေ ...**

ဒီမိုကရေစီလိုချင်တယ်လို့ လူတွေကပြောကြပါတယ်။ တကယ်တော့ အစ်ကိုတို့ပြည်သူတွေကပါ တကယ်ပါရမှာပါ။ အဓိကရုဏ်းကို ရှောင်ရမယ့်အစား ငါတော့မပါ[...] နော်၊ မီးပဲထိုးပေးတာပါဆိုတဲ့ လူတွေအစ်ကိုတို့ပြည်[...] ခပ်များများပါ။ တစ်ဖက်ကကြည့်ရင်လည်း ကိုယ့်နိုင်ငံ[...] မဟုတ်ဘဲ ကိုယ့်ပြည်တွင်းမှာ ကိုယ့်နိုင်ငံနဲ့ကိုယ့်လူမျိုး[...] ဒုက္ခပေးပြီဆိုရင်တော့ နိုင်ငံတော်ကနေ ထိရောက်တဲ့[...] ဒဏ်တွေချလို့ ပြည်တွင်းကနှင်သင့်နှင်ရပါမယ်။ အစ်ကို[...] လို မြန်မာနိုင်ငံသားတွေလည်း ပြည်ပမှာတကယ်ခံနေရ[...] ဒုနဲ့ဒေးကိုး။ မှားရင်ပြန်၊ မှန်ရင်စံပါပဲ။

သူတို့တစ်တွေက သူတို့တိုင်းပြည်အတွက် [...] ပိုင်ခွင့်လို့ပြောရင် အစ်ကိုတို့လည်း အစ်ကိုတို့တိုင်းပြည်[...] တွက် လုပ်ပိုင်ခွင့်ရှိတယ်ဆိုတာ ပြစေချင်ပါတယ်။

ဒီမိုကရေစီလမ်းကိုသွားရင် ကျောက်တုံး[...] တော့ ခင်းချင်ခင်းရပါမယ်။ ဒါပေမဲ့ ဘယ်လောက်ကြာ[...] ခင်းထားမလဲဆိုတာကို တွေးကြည့်စေချင်ပါတယ်။ ပန်း[...] ထားတဲ့လမ်းကို ရောက်ဖို့ဆိုတာတော့ အစ်ကိုတို့ ညီလေး[...] မျှော်လင့်ထားတဲ့ အရာပဲမဟုတ်ဘူးလား။ ကျောက်တုံး[...] ထားတဲ့လမ်းထဲ အကြာကြီးမဖြတ်ချင်ဘူးဆိုတာတော့ မြ[...] ပြည်သူတိုင်းရဲ့ ဆန္ဒဆိုတာ အားလုံးကိုသိစေချင်မိ[...] ဆောင်းပါးနဲ့ ဆန္ဒပြုလိုက်ရတာပါပဲ ညီလေးရေ။

ဆုံး[...]



www.burmeseclassic.com

www.burmeseclassic.com

နှလုံးသားရှုထောင့်
ကြောင့်ချက်နှလုံးသား



# အစွန်းခံ နှလုံးသား

ခေတ်လူ(စိတ်ပညာ)

သီတာရေ ...

**အချစ်ဆိုတဲ့** "ပဒိုင်းသီး"ကို စားမိခဲ့သူတိုင်းအဖို့ တော့ စူးလည်းစူး ရူးလည်းရူး ရူးနေဆဲပါ။ ခံစားချက်အသိအတွေးကို "အမှိုက်သရိုက်"လို စွန့်ပစ်နိုင်သူ၊ နှင့်အတွက်တော့ ဝေဒနာကင်းမဲ့ပြီး နောက်တစ်ယောက်တွေ ဘယ်လောက်ထပ်နေပြီလဲ၊ ကိုယ်မတွေးဝံ့ မတွေးရဲပါဘူးလေ။ 'ချင်းတွင်းမြစ်ရေ ရပ်တန့်စေပြီး မဟူရိုးမပြိုပျက်ကျမှ မေ့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



မုန်းမယ်'တဲ့လား။ ခုဆိုချင်းတွင်းမြစ်ရေက စီးမြဲစီးလျက် ခရီးဆက်နေဆဲပါ။ မဟူရိုးမ ပြိုပျက်ကျဖို့ ဝေလာဝေး ညို့ညို့ မှိုင်း အုံ့မှိုင်းဆင်ပြီး မြူခိုးတလွင်လွင်နဲ့ သာယာနေဆဲပါ။

**သီတာရယ် ...**

သတ္တာလူးတဲ့နှုတ်ခမ်းအစုံက 'တမာ'စကားလုံး လှလှတွေကို မတ်မိမတ်မောရစ်မူးခဲ့သည်ကား ငါ့ရဲ့အမှားပါပဲ။ မြစ်လိုကောက်ကွေ့ တိမ်လိုအပြောင်းအလဲများပြီး မြွေလို အဆိပ်အတောက်ပြင်းတတ်တဲ့ ဝံပုလွေမလို နင်နဲ့တွေ့ဖြစ်အောင်ဆုံပေးခဲ့တဲ့ ကံကြမ္မာဆိုတာကြီးကိုလည်း 'သောနုတ္တ ညည်းချင်းမျိုးနဲ့ ဘာကိုမှ အပြစ်မဆိုချင်တော့ပါဘူး။ တကယ်တော့ ချစ်မိသူနဲ့အပြစ်ရှိသူဟာ ငါပါပဲလေ။ အလွမ်းနဲ့အတိတ်ကြောင်းကို မေ့ကောင်းစရာလို့ မသတ်မှတ်နိုင်သေးတဲ့ငါ့မှာသာ အပြစ်ရှိခဲ့တာပါ။

သီတာနဲ့စတင်ဆုံခဲ့တဲ့အဖြစ်က ငါ့အတွက်ဝေ... နာရီပိုင်းအတွင်းကလိုပါပဲ။ 'ယင်း'ဆိုတဲ့ မြို့မကျတောမကျ... တဲ့ ငါတို့ရွာလေးကို ငါ့မမနဲ့အတူ နင်အလည်ရောက်ခဲ့... နော်။ အသားဖြူဖြူ၊ ဆံပင်ကုပ်ဝဲ၊ မျက်လုံးဝိုင်းဝိုင်းလေး... ဝိုင်ဆိုင်ထားတဲ့ နင့်ကိုတွေ့မှ အမြဲတမ်းသံပတ်ပြတ်နေခဲ့... ငါ့နှလုံးသားက စတင်လှုပ်ရှားစပြုလာခဲ့တယ်။ ညှို့သည်... တဲ့အသိလေးက ရှိနေတော့ နင့်ကိုအကြည့်လေးတစ်ချ... ကြည့်ရုံ၊ နင့်အရှေ့ရောက်ရင် မရိုးမရွစိတ်နဲ့ ခေါင်းငုံ့... လျှောက်ဖြစ်တာကလွဲရင် အမူအရာတစ်ချက်မများအော... နေခဲ့တာပါ။ ဒါပေမဲ့ မီးတောင်မြုံလိုဖြစ်နေတဲ့ ငါ့ရင်ထဲ... စကားလုံးတွေကိုတော့ အချစ်ကဗျာလှလှလေးတွေအ... စီးမျောခွင့်ရှိနေပြီပေါ့။





www.burmeseclassic.com

www.burmeseclassic.com



(၁၀)တန်းအောင်ပြီးစငါ့မှာ အလုပ်ဟူ၍မယ်မယ် မရှိသေးတော့ အိမ်အလုပ်ကိုဝိုင်းကူတယ်။ သူငယ်ချင်း ွနဲ့ လျှောက်လည်တယ်။ ပြီးတော့ ငါ့ရဲ့ပင်မဝါသနာဖြစ်တဲ့ ဖတ်တယ်၊ စာရေးတယ် ဒါပါပဲ။ မှတ်မှတ်ရရပြောရရင် နင့် ကျိတ်ပြီးစိတ်ဝင်စားလာမှ ငါ့ရဲ့ကလောင်သွားကပိုပြီး ထက်လာသလိုပဲ။ ငါ့ရဲ့အတွေးတွေ ခံစားချက်တွေအားလုံး ချစ်ကာရန်လေးတွေအဖြစ်နဲ့ စာမျက်နှာတိုင်းမှာ ထပ်နေခဲ့

လျှို့ဝှက်ချက်တွေ အပြည့်အသိပ်တင်ထားတဲ့ ငါ့ ချစ်လှေကလေးက နင်ပြန်တော့မယ်ဆိုတာလည်းသိရော ဒနာပင်လယ်ပြင်မှာ ယိမ်းထိုးလှုပ်ခါသွားပြီဟာ။ အိမ်ကို ည်း မကပ်ချင်တော့ဘူး။ အပေါင်းအသင်းတွေနဲ့ နေ့တိုင်း လွှင့်မှုရှုက်တိုင်ကို အလံထူနေမိတယ်။ မပြေပါဘူး။ ခံ ချက်တွေက တိုးတိုးလာပြီး ရင်ထဲကမီးတောက်တွေက လောင်ကျွမ်းလာတယ်။ ငါလေ နင့်အသံကိုမကြားရမှာ ကိုမြင်တွေ့ခွင့်မရမှာ အလွန်ကြောက်တယ်လို့ပြောရင် နင် ယ်မှာလား။ တစ်ကိုယ်ရေအတွေးတွေနဲ့ အိမ်ကိုပြန်ရောက် တော့ ညတောင်တော်တော်နက်နေပြီ ... ။

"ကိုဟိန်း"

အိမ်အဝင်က ပိတောက်ရိပ်မှာ နင့်အသံကိုကြား ်ရတော့ ငါ့ရင်တစ်ခုလုံး လှိုက်မောတုန်ခါသွားရတယ်။

"ဟင် .. သီတာ ညနက်ပြီလေ မအိပ်သေးဘူး ား"

"ကျွန်မရှင့်ကို စောင့်နေတာ"

"တို့ကို"

"ဟုတ်တယ် ကိုဟိန်း၊ ကျွန်မရှင့်ကို တောင်းပန် ချင်လို့"

"ဘာကြောင့်လဲ သီတာ"

"ကျွန်မ ရှင့်စာတွေကို ခိုးဖတ်မိတယ်"

"ရပါတယ် သီတာ၊ တို့ခွင့်လွှတ်ပါတယ်၊ သီတာ သွားအိပ်တော့နော် ..."

နင်ခြေလှမ်းသုံးလှမ်းလောက် အရောက်မှာ နင့် လက်တစ်ဖက်ကို ဖမ်းဆွဲပြီး၊ ရင်တွင်းစကားတွေတရစပ် ပြောချလိုက်တဲ့ငါ့အပြုအမူဟာ အိမ်ရှင်တစ်ယောက်အနေနဲ့ ရိုင်းသွားမယ်ဆိုတာ မသိခဲ့လို့မဟုတ်ပါဘူး။ ဦးနှောက်နဲ့အသိ ကို နှလုံးသားကအနိုင်ယူလိုက်တော့ နင်ပေးသမျှအပြစ် ဒဏ်ခံရုံပဲလို့ လည်စင်းပေးခဲ့မိတယ်။ ဒါပေမဲ့ နင်က ခေါင်း မညိတ် ခေါင်းမခါဘဲ အဝေးကို ထွက်ပြေးသွားတယ်နော်။ ဒါဟာ ဘဝတစ်သက်စာ ဝေးခြင်းလားလို့ တွေးမိတိုင်း ဆွေး လိုက်ရတဲ့ နှလုံးသား၊ ပူလိုက်ရတဲ့ရင်၊ အလွန့်အလွန်ပါပဲ သီတာရယ်။

ဝေဒနာအကြောင်းကို ကြေညာမောင်းခတ်ရရင် 'စီ ၆၀' အခွေပေါင်းများစွာ ရလိမ့်မယ်ထင်တယ်။ နင်မရှိ တော့ ကြားသမျှအသံ၊ မြင်သမျှ အရာတွေအားလုံး အဓိပ္ပာယ်ကင်းပြီး စားသမျှအစာအားလုံး အာဟာရမဲ့သလို ခံစားလာရတယ် သီတာ။ ပုံမှန်လည်ပတ်ခဲ့တဲ့ ငါ့ရဲ့အနေအ ထိုင်တွေလည်း ခန်းခြောက်လို့ပေါ့။ အိပ်စက်ခြင်းဆိုတာ ဘယ်မှာလဲ၊ ပျော်ရွှင်စရာ ဝေလာဝေးလို့ ရေးသမျှစာ ဖတ် သမျှ စာအုပ်တွေလည်း ကာရန်တွေပျောက်နေကြပြီ သီတာ ရယ်။

နောက်ဆုံးတော့ အရှေ့ထောင်က ပြန်လာတဲ့ နှလုံး သားကို ဆုပ်ကိုင်ရင်း မုံရွာမြို့ကို အရောက်လှမ်းခဲ့ရတယ်



www.burmeseclassic.com

www.burmeseclassic.com



သီတာ။ ငါ့ မမအတူအညီနဲ့ နင်တို့အိမ်ကိုရောက်တော့ "သီတာ အပြင်ခဏသွားတယ်" ဆိုတဲ့ နင့်မေမေရဲ့အသံက ငါ့နှလုံးသားကို ဆူးချွန်နဲ့ ထိုးလိုက်သလိုပါပဲ။ ခဏဆိုတဲ့ စကားဟာ နှစ်နာရီလောက်ကြာလာတော့ ငါ့ဝိညာဉ်တစ်ခုလုံး နတ်ဝင်သည်လို ယိမ်းနွဲ့ကြလေရဲ့။ အလဲလဲအပြိုပြို ဖြစ်နေတဲ့ ငါ့ဟန်မူရာတွေကို အဖန်ဖန်ထိန်းရင်း သီတာ့မျက်နှာလေးကို မြင်ရဖို့အရေး မျှော်ရတာလည်း အမောပါပဲလေ။ ဒါပေမဲ့ မျှော်သာမျှော် ပေါ်မလာလေသူကတော့ ကမ္ဘာ့ဝင်ရိုးစွန်းအထိများ ခရီးဆက်နေလေပြီလား။

အပြန်လမ်းတစ်လျှောက် ဝေဒနာပန်းခြောက်တွေ ကောက်ရင်း တစ်ယောက်တည်း ရင်ကွဲနာကျ တစ္ဆေရုပ်ပေါက်နေသလား မပြောတတ်ဘူး။ ချွေးတဖြိုက်ဖြိုက်နဲ့ ဧပြီလရဲ့ နေပူပူအောက်မှာ ခံစားမှုဝေဒနာအစုက ဒီဂရီအ



ပြည့်ပါပဲ။ မျှော်လင့်ခြင်းတောင်ခါးပန်းထိပ်က ပြိုကျခဲ့တဲ့ ဖြစ်အင်ကို လူတွေသိရင် ရယ်နေကြမလား။ ကြေကွဲအ နဲ့ သလ္လာဝတီဆိပ်ကမ်းက ရွှေချင်းတွင်းကဖေးမှာ ထိုင် တော့ တိုက်ဆိုင်စွာပဲ စိုးပိုင်ရဲ့ သီတာသီချင်းသံက ခံစ အားလုံးကို ဖမ်းယူသွားကြလေရဲ့။

သီချင်းဆုံးလို့ အချိန်အတော် ကြာသည်ထိ အသိအတွေးတွေ မျောလွင့်နေမိတယ် သီတာ။ လမ်း ဘက်ကို အကြည့်ရောက်တော့မှ လူအုပ်ကြားထဲမှာ နင် မြင်တော့ ငါ အတော်ပျော်သွားတာပေါ့။

"သီတာ တို့နောက်လိုက်လာတယ် ဟုတ်လား

"အင်း"

"ဒါဆို တို့ကို ချစ်တယ်ပေါ့"

"အို"

ရှက်သွေးဖြာသွားတဲ့ နင့်အသွင်လေးကို ယ ငါ့ရင်ထဲမှာ စွဲနေဆဲပါ သီတာ။ အဲဒီနေ့က နင်နဲ့ငါ ကန် ယာ နံဘေးက စိန်ပန်းပင်ရိပ်မှာ ကြည်နူးမှုတွေ ဖောင် ချစ်စကားတွေ ပန်းကုံးလိုသီဖြစ်ခဲ့ကြတယ်နော်။ ယောက်နဲ့ တစ်ယောက် ခွဲခါနီးမှာ "ကျွန်မ ကိုကို့ရွာကို လာခဲ့ဦးမှာပါ" ဆိုတဲ့ စကားလက်ဆောင်ဟာ အဲဒီတုန် တော့ ချိုမြဆုံးစကားလုံးတွေပဲပေါ့ သီတာ။

နင်တို့ရွာကို နောက်တစ်ခါ အလည်ရောက် တော့ ငါ သိပ်ပျော်ရတယ် သီတာ။ တရားဝင်ချစ်သူအဖြ နှစ်ဦးသားရှေ့လက်တွဲပြီး ပျော်ပွဲတွေ ဆင်ရတော့ ကြည်နူးရတာပေါ့။ နင်သိတဲ့အတိုင်း ငါတို့ရွာက မြောက်လမ်းမရှည်ကြီးတလွဲပြီး ကျန်တဲ့လမ်းတွေက



www.burmeseclassic.com

www.burmeseclassic.com



ိမ်ကောက်ကွေးနေကြတာလေ။ အိမ်ခြေတွေကလည်း တ်သိပ်ပြီး မြို့တွေမှာလို ပန်းခြံမရှိတော့ ချစ်သူတို့ ပျော်စ ကြည်နူးစရာနေရာကို သတ်သတ်မထားနိုင်ဘူးလေ။ ပေမဲ့ စေတီပုထိုးတွေကပေါတော့ ကြည်နူးစရာအလိုလို ်ရပြန်တာပေ့ါ။ ရွာမြောက်စွန်းက ဖောင်တော်ဦးစေတီမှာ င်နဲ့ငါ ထာဝရလက်တွဲနိုင်ဖို့ တောင်းဆုတွေ အကြိမ်ကြိမ် ခဲ့ဖူးတယ်နော်။ ပြီးတော့ ရွှေမြင်တင်စေတီ၊ မဟာမြတ်မုနိ၊ ာကမာန်အောင် ဘုရားအဆူဆူမှာ ပီတိအဟုန် ချစ်ခြင်း ုံနဲ့ လည်ပတ်ဖူးမြော်ခဲ့တာ ငါ့ခုထိသတိရနေဆဲပါ သီ ။

နေဝင်ရီတရောမှာ ချင်းတွင်းမြစ်ဘေးက သဲ ာင်ဖွေးဖွေးပေါ် တူယှဉ်ထိုင်ပြီး မဆုံးနိုင်တဲ့ မဟူရိုးမ ုကို တမျှော်တခေါ်ငေးမောရင်း နှစ်ဦးသား ရင်တွင်းစကား ွ ဖလှယ်ဖြစ်ခဲ့တာ ငါ မမေ့နိုင်သေးဘူး သီတာ။

"ဟို မဟူရိုးမပျက်ကျပြီး ချင်းတွင်းမြစ်ရေစီး ရပ် နဲ့သွားမှ ကိုကို့ကို သီတာ မုန်းမှာသိလား။ ဒါပဲနော် ကိုကို ဘယ်တော့မှ သစ္စာမဖောက်ရဘူး သိလား"

"စိတ်ချ သီတာ ကိုကိုလဲ သီတာနဲ့ ထပ်တူပါပဲ။ ည် သီတာကို ပြောစရာရှိတယ်"

"ဘာလဲ ကိုကို"

"မကြာခင် ကို ရန်ကုန်ကို သွားတော့မယ် သီ ။ အနုပညာလုပ်ငန်းထဲမှာ နာမည်တစ်လုံးရအောင် ကြိုး မယ်။ ကျောင်းဆက်တက်မယ်။ ကျောင်းပြီးတော့ အလုပ် စ်ခုခုရှာ၊ ပြီးတော့ သီတာနဲ့ လက်ထပ်မယ် ပျော်စရာကြီး ် သီတာ"

အနာဂတ်အတွက် ကြိုတင်စီမံကိန်းတွေချပြီး ပျော်ရွှင်မှုတွေ ဖြစ်ခဲ့မိတာလည်း ယနေ့တိုင် တမ်းတဆဲပါ သီတာ။

ရန်ကုန်ကို ရောက်တော့ သူငယ်ချင်းတစ်ယောက် ရဲ့ ရုံးမှာ အတူစာရေးအဖြစ် ဝင်လုပ်ရင်း တစ်ဖက်တစ်လမ်း က ငါ ဝါသနာပါတဲ့ အနုပညာအတွက် ကခုတ်တရ ကြိုးစား ခဲ့ပါတယ် သီတာ။ ရန်ကုန်မြို့ရဲ့ လူနေမှုစနစ်အောက်မှာ အချိန်တွေ စီးမျောရင်း နင့်အပေါ် သတိရစိတ်တွေကတော့ တစ်နေ့မှ မလပ်ခဲ့ပါဘူး။ နင့်အပေါ် လွမ်းဆွတ်တမ်းတစိတ် နဲ့ စာလွှာတွေ အတန်တန်ပို့ခဲ့ပေမဲ့ နင့်ရဲ့ လက်ရေးဝိုင်းဝိုင်း လေး တစ်လုံးသော်မှ ငါ့ဆီပြန်ရောက်မလာခဲ့တာ ဘာကြောင့် လဲ။ နင့်ရဲ့ စာတစ်လုံးဟာ ငါ့အတွက်အားဆေးတစ်ခွက်ဆို တာ နင်မသိရှာလေသလားကွယ်--။





www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတွေဖွင့်တော့ မုံရွာပြန်ဆင်းတော့ နင့်ဆီကို တန်းလာမိခဲ့တယ်။ နင့်ရဲ့ရွှေမျက်နှာလေးကို တဝကြီးကြည့်ပြီး ဆွေးရပ်ဝေဒနာကို ရင်ဖွင့်ပြမယ်လို့ မျှော်မှန်းခဲ့သမျှ 'မရှိဘူး၊ အပြင်သွားတယ်' ဆိုတဲ့ စကားလုံးတွေကသာ ငါ့မျှော်မှန်းစိတ်တွေကို ရိုက်ချိုးပစ်ခဲ့ကြတယ် သီတာ။ တမင်သက်သက် ရှောင်နေတယ်ဆိုတာကို အဲဒီတုန်းကသာသိခဲ့ရင် အရှက်မရှိတဲ့ မျက်နှာကြီးနဲ့ နင့်အိမ်ကို ခဏခဏ လာဖြစ်ခဲ့မှာ မဟုတ်ပါဘူး။

ပထမနှစ်ကုန်ဆုံးလို့ ဒုတိယနှစ် စတက်ချိန်မှာ ငါ့နှလုံးသားပင်လယ်ပြင်က ဝေဒနာဒီရေတွေ တရှိန်ရှိန်တက်လာခဲ့ပြီ သီတာ။ နင့်ကိုမြင်ဖို့ နင့်အသံကို ကြားဖို့ ကျောင်းဝန်းကျင်အနှံ့ ခြေဆန့်ရတာလည်း အမောပါပဲ။ ဒါပေမဲ့ ဖွေသာဖွေ အဖြေမရှိတဲ့ ပုစ္ဆာလို ငါ့အတွက်တော့ အချည်းအနှီးတွေပဲပေါ့။ တစ်ခါတစ်ခါတော့လည်း အဖြစ်အပျက် တချို့က ရယ်စရာတော့အကောင်းသား။ ရှာလိုက်ရတာ အမောသား၊ တွေ့မယ်တွေ့တော့ ကိုယ့်မျက်စိအောက်မှာ ဆိုသလိုပေါ့။

နင်က အလုပ်တစ်ဖက်နဲ့ ကျောင်းတက်နေတယ်တဲ့။ ငါ့ညီမဝမ်းကွဲတစ်ယောက်ဆီက ဒီသတင်းကိုကြားရတော့ ငါအလွန် ပျော်သွားတာပေါ့။ ဒါနဲ့ နင်တာဝန်ကျတဲ့ ပို့ချုချက်စာအုပ်တွေ ထုတ်ပေးတဲ့ဌာနကို ငါအပြေးကလေး လှမ်းခဲ့မိတယ်။ နင့်အသွင်၊ နင့်အပြုံး၊ နင့်မျက်လုံးတွေ ပြောင်းလဲနေတာကို အဲဒီတုန်းကတည်းက ခွဲခြားမိခဲ့ရင် သိပ်ကောင်းမှာပဲ သီတာရယ်။

'စကားပြောချင်တယ်' လို့ ငါကအရေးဆိုတော့ 'မအားလို့ပါ' ဆိုတဲ့ စကားနဲ့ အမြဲပယ်ချ၊ တာဝန်

ဝတ္တရားတွေ အလုပ်တွေ ဒါတွေနဲ့ပဲ ငါ့ တောင်းဆိုမှုဟာ

ထဲ ရေသွန်ဖြစ်ခဲ့ရတာပါပဲလေ။ ငါ ရှူးလိုက်ပုံများ နင်ရဲ့

ချက်တွေဟာ မာယာလက်နက်တွေပါလို့ မတွေးမိဘဲ နင့်

မြင်နေရရင် ကျေနပ်ပါတယ်လေဆိုတဲ့ အသိနဲ့ နင်နဲ့ မျ

စောင်းထိုး မောင်မောင်ညီနောင်ဆိုင်ထဲကနေ နေ့စဉ်နဲ့အ

ထိုင်နေဖြစ်ခဲ့တာဟာ ချစ်သူအပေါ် အပြစ်ဟူသမျှ မြူတစ်

မျှ မထင်ဘဲ နားလည်သိတတ်စွာ ချစ်နေခဲ့တဲ့ ငါ့ရဲ့သစ္စာတ

တွေပါလို့ နည်းနည်းလေးမှ မတွေးမိခဲ့ဘူးလား သီတာရယ်

အဟောင်းအဟောင်းသော သစ်ရွက်တွေကြွေ

နောက်ဆုံးနှစ်သစ်ရွက်တွေ ဝေလာတဲ့အထိ ငါ့ဘေးနား

အသစ်ဆိုတာမရှိ။ နှလုံးသားအစားထိုးခြင်းဆိုတာ မလုပ်

ပါဘူး။ ချစ်သူကို တမ်းတရုံ၊ ချစ်သူအသံကို ကြားရုံ၊ ချစ်

မျက်နှာကို မြင်ရုံနဲ့တင် ခံစားမှုအသိကို ဖြေသာသလိုဖြေ

တာပါ။ နင်ကတော့ ဒီလိုမဟုတ်ပါပဲ မုသားကို နေ့စဉ်သုံး

မာယာဝတ်ရုံကို တစ်ကိုယ်လုံးခြုံပြီး တရုတ်သိုင်းဆန်ဆ

အရှောင်အတိမ်းတွေက မြန်လာပြီလေ။ နင့်ကို မြင်ခွင့်မသာ

ကြည့်ခွင့်မဆုံတဲ့အခါ ငါ့အဖြစ်က နွေလွင်ပြင်အလယ်

သစ်ပင်အိုကြီးနဲ့ ဘာများခြားဦးမှာလဲကွယ်။

နင်ပြန်နေကျ ဗန္ဓုလလမ်းထိပ်က စောင့်ခဲ့မိ

လည်း အမောသား။ သာစည်လမ်းနံဘေးကနေ အလွ

တစ်ထုပ်နဲ့ ကြေကွဲသံစဉ်တွေဖွင့်ပြီး နင့်ကို တမေ့တ

စောင့်ကြည့်ခဲ့ရတာလည်း အခါခါပါ သီတာ။ နင်ကတော့

တို ဂရုစိုက်ဖို့နေနေသာသာ အပြုံးလေးတစ်ပွင့်သော်မှ

မသွားတော့ဘူးနော်။ ဒီလိုနေ့ရက်တွေ ထပ်လာတာနဲ့အ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ရဲ့ စိမ်းကားမှုသရုပ်ကို အဖြေထုတ်ဖို့ ငါ ကြိုးစားမိတယ် ဆိုရင်ပဲ--။

"ရှင် တော်တော်တုံးတဲ့သူပဲ သိလား။ ကျွန်မမှာ ချစ်သူတစ်ယောက်ရနေပြီရှင့်၊ သူ့နာမည်က အောင်မင်းတဲ့"

ရက်စက်နိုင်ပါတယ် သီတာ။ တစ်ပွင့်ဟောင်းတော့ တစ်ပွင့်ပြောင်းပြီး အချစ်ကိုဟောင်းနွမ်းပစ္စည်းတစ်ခုလို သတ်မှတ်နိုင်သူအဖို့တော့ ကျောက်စက်ရုပ်အသည်းနဲ့ ခံစားမှုဆိုတာ ဘယ်ရှိပါ့မလဲနော်။ ငါ့မှာသာ ပြီးခဲ့တဲ့အတိတ်အကြောင်းကို ရှေးဟောင်းဓာတ်ပြားတစ်ချပ်လို တမေ့တမောနဲ့ အမြဲဖွင့်လှစ်ခံစားနေမိတော့ သောကဆိုတာ ဘယ်မှာပြေပါတော့မလဲကွယ်။

ခုဆို ငါဟာ ချင်းတွင်းမြစ်ကမ်းနံဘေးက အလွမ်းသောင်စွန်းကိုနေ့တိုင်းရောက်နေဆဲပါ။ နှစ်ကိုယ်တူ ကြည်နူးခဲ့ရတဲ့ ဘုရားစေတီအဆူဆူမှာ ခံစားမှုတွေ ပြေပါစေတော့ရယ်လို့ ဆုတောင်းရင်း ဒီနှလုံးသားရှုထောင့်ကနေ ရင်ထဲက အကြောင်းတွေကို ရင်ဖွင့်လိုက်ပါရစေ သီတာရယ်။

**သီတာခံစားဇတ်ရှုနိုင်ပါစေ။**

**တစ်ချိန်က ကိုတိန်း**

**ခေတ်လူ (စိတ်ပညာ)**

ကဲ "ခေတ်လူ (စိတ်ပညာ)"ရဲ့ "အစွန့်ခံနှလုံးသား"ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက "ကိုတိန်း"ရဲ့ ခံစား ချက်တွေကို "သီတာ"က ဘယ်လိုပြန်ပြီး ဖြေရှင်းမလဲ။ "သီတာ"ရဲ့ ကိုယ်စားကိုယ်ပွားခံစားပြီး (၁၀-၄-၂၀၁၄) ရက်နေ့နောက်ဆုံးထားကာ ရေးသားပေးပို့ကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

**မောင်ငြိမ်းသူ (ကြို့ဝင်တောတ်)**



www.burmeseclassic.com

www.burmeseclassic.com




၂၀၁၃ခုနှစ်၊ နိုဝင်ဘာလထုတ်၊ မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်းထဲမှာ ဖော်ပြခဲ့တဲ့ **“သီသီထန် (ကျိုက်ထို)”** **“နှန်းမထိုက်ပေဒါ”**ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက **“သဲညှာ(ခ)မြတ်သဲညှာ”**ရဲ့ ခံစားချက်တွေကို ‘ကို’ရဲ့ ကိုယ် ကိုယ်ပွားခံစားပြီး ဖြေရှင်းပေးထားသူတွေထဲက ပထာမရွေးချယ်ထားတဲ့ (၁၀)ဦးရဲ့ စာရင်းကို ဖော်ပြလိုက်ပါတယ်—

| | | |
|---|---|---|
| (၁) | K-ဇော် | – “မမျှော်လင့်ပါနဲ့တော့” |
| (၂) | အောင်မျိုးထက် | – “ရင်နင့်ကြေကွဲ” |
| (၃) | လှမျိုးနောင် | – “မုန်းမေ့နိုင်ပါစေ” |
| (၄) | မြတ်မျိုးမြတ် | – “မလွှဲသာလို့ပါ” |
| (၅) | ကျော်မင်းအောင် | – “ရှောင်လွှဲလို့မရနိုင်လို့ပါ” |
| (၆) | စိုးမင်းဆွေ | – “ချစ်လှပါသည်---သို့သော်” |
| (၇) | ယမင်းခင် | – “စာနာမိပါရဲ့” |
| (၈) | ကြေးတေသွယ် | – “လူကိုလူချင်း လေနဲ့ရင်း” |
| (၉) | နှင်းဖြူသျှင် (သံတွဲ) | – “သွေးနဲ့ရေးတဲ့အသည်းစာ” |
| (၁၀) | လှထက်မင်းဝေ | – “ဆန်လေဦးပေါ့ ပေဒါရယ်” |



www.burmeseclassic.com

www.burmeseclassic.com



**"ပြန်လည်စီစစ်သုံးသပ်ချက်"**

(၁) **K-ဇော် - "မချော်ထင့်ပါနဲ့တော့"**

နှလုံးသားရှုထောင့်ကို သေချာစွာဖတ်ရှုပြီးမှ ခံစားချက်ကို ပြန်ရှင်းပြရမှာပါ။ အရေးအသား ပြေပြစ်ပေမဲ့ မူလခံစား ချက်နဲ့ လွဲနေပါတယ်။

(၂) **အောင်မျိုးထက် - "ရင်နင့်ကြေကွဲ"**

ကျိုးကြောင်းဖော်ပြချက်က ယုတ္တိကင်းမဲ့နေပါ တယ်။ မူလခံစားချက်နဲ့ ဆက်စပ်ကိုက်ညီအောင် ခံစားရေးသားပါ။ အရေးအသားသင့်ပါတယ်။

(၃) **လှမျိုးနောင် - "မုန်းမေ့နိုင်ပါစေ"**

ကျိုးကြောင်းဖော်ပြချက်က ရုပ်ရှင်ဗီဒီယိုဆန်နေ ပါတယ်။ ဆက်လက်ကြိုးစားစေချင်ပါတယ်။

(၄) **မြတ်မျိုးမြတ် - "မထွဲသာလို့ပါ"**

အစချီလာတာ ဆွဲဆောင်မှုရှိသလောက်၊ အဖျား ရှူးသွားပါတယ်။ စာရေးတာဝါသနာပါရင် စိတ် ရှည်ပါ။ ဖွဲ့ရှိပါ။ဆက်လက်ကြိုးစားစေချင်ပါတယ်။

(၅) **ကျော်မင်းအောင်- "ရှောင်ထွဲလို့မရနိုင်လို့ ပါ"**

သူငယ်ချင်းရဲ့ ရည်းစားကို သူငယ်ချင်းသေသွားလို့ အဖေမပေါ်ဘဲ မွေးဖွားရမယ့်ကလေးအတွက် အနစ်နာခံလိုက် ရတာပါလို့ ဖြောင့်ချက်ပေးထား တာသင့်ပါတယ်။ ဒါပေမဲ့ ရိုးစင်းလွန်းနေပါတယ်။

(၆) **စိုးမင်းဆွေ -"ချစ်လှပါသည်--သို့သော်"**

တစ်ချိန်တုန်းက ပဲခူးသန်းအောင် ပါဝင်ခဲ့တဲ့ ရုပ်ရှင်ဇာတ်ကား နာမည်ဖြစ်နေပါတယ်။ အရေး အသားပြေပြစ်ပေမဲ့ ကျိုးကြောင်းဖော်ပြချက်မှာ အားနည်းနေပါတယ်။

(၇) **ထမင်းခင် - "စာနာမိပါရဲ့"**

'ကို'ရဲ့ ဇနီးက သူ့ခင်ပွန်းနဲ့ ချစ်ခဲ့တဲ့ 'သဲညာ'ကို စာနာမိပါတယ်လို့ ရေးသားထားတာ သင့်ပါ တယ်။ ဒါပေမဲ့ စာမူက တိုလွန်းနေပါတယ်။

(၈) **ကြော့ထေဘွတ် - "လူထိုလူချင်းထေနဲ့ ရင်း"**

ပွဲစား၊ လူပွဲစား၊ အချစ်ပွဲစားဆိုပြီး မိန်းကလေးဗီဗီ ရန်ထောင်စကားတွေနဲ့ သဲညာလို ခံစားရတဲ့ မိန်းကလေးက ကြားခံဝင်ပြီး ခံစားရေးဖွဲ့ထားတာ သင့်ပါတယ်။ ဒါပေမဲ့ စကားပြောတွေနဲ့ စကား ပြေတွေ ရောထွေးနေပါတယ်။

(၉) **နှင်းဖြူဘျင် (ဘံတွဲ) - "သွေးနဲ့ရေးတဲ့ အသည်းစာ"**

ကျိုးကြောင်းဖော်ပြချက်က ရိုးစင်းလွန်းနေပါ တယ်။

(၁၀) **လူထက်မင်းဝေ - "ဆန်ထေဦးဝေ့ါ ဗေဒါ ရယ်"**

ကျိုးကြောင်းဖော်ပြချက်က သင့်ပေမဲ့ ဆွဲဆောင် မှုရှိပြီး ရသမြောက်ပါတယ်။

**" အကြိုက်ဆုံးဖြောင့်ချက်နှလုံးသားပိုင်ရှင်"**

ဒီလအတွက် အကြိုက်ဆုံးဖြောင့်ချက်နှလုံးသား ပိုင်ရှင်ကတော့ **"လူထက်မင်းဝေ"** ဖြစ်ပါတယ်။ ကဲ **"လူထက်မင်းဝေ"**ရဲ့ **"ဆန်ထေဦးဝေ့ါ ဗေဒါရယ်"** ဆိုတဲ့ ဖြောင့်ချက်နှလုံးသားကို ခံစားကြည့်ကြပါစို့။ ॥

**မောင်ငြိမ်းသူ-ကြို့ဝင်ထောက်**
**တာဝန်ခံအယ်ဒီတာ**
**ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com




**"အချစ်ရယ်---**

**ကိုယ်မင်းကို ချစ်မိတယ်**

**ကိုယ့်အချစ်အတွက်**

**ကိုယ့်ကို ခွင့်လွှတ်ပါကွယ်---"**

ရာဘင်ဒြာနတ်တဂိုးရဲ့ ကဗျာကို ဆရာကောင်းသန့် ဘာသာပြန်ထားတဲ့ ကဗျာတစ်ပုဒ်ထဲက စာသားလေး တွေလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သဲညှာရေ---

ကိုယ်မင်းကို ချစ်မိခဲ့ပါတယ်။ ဒါ--ဒါပေမဲ့ အဲဒီ ချစ်တွေအတွက် ကိုယ့်ကို ခွင့်လွှတ်ပေးပါကွယ်--။

✳ ✳ ✳ ✳ ✳

သဲညှာရေ----

တကယ်တော့ 'ကို'ဟာ လူပျိုလူလွတ် တစ်ယောက်မဟုတ်ခဲ့ပါဘူးကွယ်။ ကာမပိုင်လင်ယောကျ်ား တစ်ယောက်ပါ။ 'သဲညှာ'နဲ့ မတွေ့ခင် ဟိုးလွန်ခဲ့တဲ့ နှစ်နှစ်ယောက်က 'ကို'ဟာ မိဘတွေ သဘောတူပေးစားခဲ့တဲ့ 'ကို့' ထက် အသက်သုံးနှစ်လောက်ကြီးတဲ့ 'မနှင်း'ဆိုတဲ့ နှင်းဖြူမေ'ဆိုတဲ့ အမျိုးသမီးတစ်ယောက်နဲ့ အိမ်ထောင်ကျခဲ့တယ်။ အမှန်တော့ 'ကို့'မိဘတွေက ပွဲလွန်းရှုပ်လွန်းတဲ့ 'ကို့'ကို ခြေငြိမ်အောင် အိမ်ထောင်ချပေးခဲ့တာပါ။ ပြီးတော့ 'မနှင်း'တို့အိမ်နဲ့ 'ကို့'တို့အိမ်က တစ်အိမ်မှတစ်အိမ်လိုနေခဲ့ကြတာလေ။ အတွင်းသိအစင်းသိမို့ မိဘတွေချင်း စီစဉ်ခဲ့ကြတာ။ 'ကို'က ခါးခါးသီးသီး ငြင်းခဲ့ပေမယ့် မိဘစကားကို မပယ်ရှားဝံ့တဲ့ 'မနှင်း'ကတော့ သူ့မှာချစ်သူရှိရက်နဲ့ 'ကို့' ကို လက်ထပ်ခဲ့တယ်။

'ကို့'အကြောင်းကို သိတဲ့ ဖေဖေနဲ့မေမေက သူတို့နဲ့အတူ 'ကို'နဲ့ 'မနှင်း'ကို ခေါ်ထားတယ်။ မိဘတွေ အတွက်ကတော့ 'ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးဆေးကြောင့်လေး'ဆိုသလိုပါပဲ။ ခြေငြိမ်အောင်လို့ အိမ်ထောင်ချပေးခဲ့ပါတယ်။ ဒါပေမဲ့ ဆိုးချင်တိုင်း ဆိုးခွင့်ရခဲ့တဲ့ တစ်ဦးတည်းသောသား 'ကို'ဟာ မိဘတွေပေးစားလို့ ယူရတဲ့အတွက်ရော 'မနှင်း'မှာ ချစ်သူရှိခဲ့တာကိုပါ အကြောင်းပြပြီး အရင်ထက် ခြေလှမ်းတွေ ပိုရှုပ်ခဲ့ပြန်တယ် သဲညှာ။

လူဆိုတာကလည်း အခက်သားပဲလေ။ ကိုယ်သာအပြစ်တွေတောင်လိုပုံနေမကလို့ မှိုတက်နေပါစေ။ ကိုယ်ပိုင်ဆိုင်မယ့်အရာဆိုရင်တော့ ခြောက်ပြစ်တင်း သဲလဲစင်မှ ဖြစ်စေချင်ကြတယ်မဟုတ်လား။



www.burmeseclassic.com



ကိုလည်း အဲဒီလိုအတွေ့ရှိတဲ့ လူတစ်ယောက်ပါပဲ သဲညာ။ မနှင်းကို ချစ်တဲ့စိတ်ကြောင့် မဟုတ်ပေမဲ့ ကို့ရင်ခွင်ထဲ ရောက်နေတဲ့ သူဟာ အခြားပုရိသတစ်ယောက်ရဲ့ ရင်ခွင်မှာ ခိုဝင်နားခဲ့ဖူး၊ ပျော်ရွှင်ခဲ့ဖူးတာကိုသိရတော့ အရင်ကတည်းက ရှိခဲ့တဲ့ ညဏ်ဆိုးတွေက ပိုပိုပြီး ဆိုးပြခဲ့တယ်လေ။ မနှင်းကပြောတော့–

“အချစ်ဦးဆိုတာ မြေဦးရတာတောင် မမေ့ဘူး တဲ့”။ မနှင်းက အချစ်ဦးရှိခဲ့တယ်မဟုတ်လား။ ကျွန်တော့် ဘဝမှာတော့ အချစ်ဦးဆိုတာ မရှိခဲ့ဘူး။ မနှင်းရဲ့ တွဲခဲ့သမျှ အားလုံးက အပေါ်ယံတွေပဲ။ ဒါကြောင့် မနှင်းလို ကျွန်တော်လည်း ဘဝမှာ အချစ်ဦးတစ်ယောက်လောက်တော့ ရှိခဲ့ချင်တယ်။ လွမ်းလို့ကောင်းအောင်ပေါ့လို့ ပြောပြီး ကိုဟာ မနှင်းအပေါ် အနိုင်ယူခဲ့တယ်။ အဲဒီကတည်းကစပြီး မနှင်းလည်း ကိုယ့်ကိစ္စတွေကို မတားမြစ်တော့ဘူးလေ။

ခုတော့ ‘စကားနောက်တရားပါ’ဆိုသလို ဖြစ်ရပါပြီ သဲညာ။ အချစ်ဦးအတွက် လွမ်းလို့ကောင်းချင်ခဲ့တဲ့ ကိုယ်ဟာ ချစ်ခဲ့ဖူးတဲ့ ကိုယ့်အချစ်တွေအတွက် အခုဆို လွမ်းတတ်ခဲ့ပါပြီကွယ်။ မိန်းကလေးတော်တော်များများကို နှုတ်ကနေ ‘ချစ်တယ်’ဆိုတဲ့ စကားကို ပြောခဲ့ဖူးပေမယ့် သဲညာကိုတော့ ‘ကို့’ရင်ထဲ နှလုံးသားထဲကတေ လှိုက်လှိုက်လှဲလှဲကို ချစ်တယ်လို့ ပြောခဲ့တာပါ။

သဲညာက ကို့ရဲ့ အချစ်ဦးပါပဲ။ ဒါပေမဲ့လည်းလေ တ... အတွက်ကတော့ ဆုံတွေ့ရတာဟာ ထီပေါက်ပြီး လ... မှတ်ပျောက်နေသလို အလာကောင်းပေမယ့် အ... နှောင်းခဲ့ပါပြီ သဲညာရယ်။

* * * * *

သိပ်ချစ်တာပေါ့ဆိုတဲ့ သဲညာရဲ့ စကားကို ကြ... လိုက်ရချိန်မှာတော့ ကိုယ့်ခန္ဓာကိုယ်တစ်ခုလုံး လေ... မြောက်တက်သွားသလို ကိုယ့်ရင်ထဲ တစ်ခါမှ မဖြ... ပေါ်ခဲ့ဖူးတဲ့ ကြည်နူးမှုတွေဟာ သဲညာနဲ့ ဆုံတွေ့... ဖြစ်ပေါ်ခဲ့တာပါ။ ရိုးသားဖြူစင်လှတဲ့ သဲညာကို ချစ်မိတဲ့ သိစိတ်က ပျော်ရွှင်သလောက် ကျန်နေတဲ့ မသိစိတ်ထဲမှာ တော့ အတွေးတွေဟာ သူ့အလိုလို မွန်းကျပ်နေတယ်။ ဒါဟာ အနာဂတ်ကို ကြိုသိနေတဲ့ ရှေ့ပြေးနိမိတ်လိုပါပဲ။

သဲညာနဲ့အတူ ရွာဦးဘုန်းကြီးကျောင်းမှာ ဝါဆို... သင်္ကန်းကပ်ပြီး ကြည်နူးပျော်ရွှင်မှုတွေနဲ့ ပြန်လာတဲ့ ကိုဟာ အိမ်ရောက်ချိန်မှာတော့––

“သား သမီးနှင်းမှာ ကိုယ်ဝန်ရှိနေပြီ သုံးလ... တဲ့”

“ဗျာ––ကျွန်တော့်ကို မနှင်းတစ်ခါမှ မပြော... ဖူးဘူး”

“ဟုတ်တယ် သမီးနှင်းလဲ မသက်သာလို့ ဆေးခန်းမှာ စစ်ကြည့်တော့မှ သိတာ”



www.burmeseclassic.com

www.burmeseclassic.com





"ဟင်"

ရင်ထဲက ပျော်ခဲ့တဲ့ အပျော်တွေဟာ ရုတ်တ
တ် ဒီသတင်းကို ကြားလိုက်ရတဲ့အခါ ပျောက်ကွယ်သွား
လား။ မဟုတ်ပြန်ဘူး ကို့ ရင်ထဲမှာ အေးချမ်းတဲ့
တိလေးတစ်ခု စီးဆင်းသွားသလို ခံစားလိုက်ရတယ်။
းတော့ ခွန်အားတွေရှိလာသလို နောက် ကို့ဦးနှောက်
ထဲမှာ မတွေးမိဖူးခဲ့တဲ့ အတွေးတွေဟာ ရုတ်ချည်းဆိုသ
ို ပေါ်လာတယ် သဲညာရယ်။ အရင်က ပွေခဲ့ရှုပ်ခဲ့တဲ့
တ်ဆင်ရိုင်းတွေကို ချွန်းနဲ့ပေါက်ပြီး ကျုံးသွင်းနေသလို
ကြာသောကာလမှာ 'ငါဟာ ဖခင်တစ်ယောက်ဖြစ်တော့မယ်' ဆိုတဲ့ အသိက 'အချစ်ဦး' ဆိုတဲ့ အသိကို စတင် အနိုင်ယူလာတယ်။

'သားရဲ့ အရွဲ့တိုက်ပြီး ဆိုးနေတဲ့ အကျင့်စရိုက်တွေကို သားရဲ့ နောက်လာမယ့်မျိုးဆက်ကို လက်ဆင့်ကမ်းမှာလား။ ဒါမှမဟုတ် ဒီမှာတင်ပဲ အဆုံးသတ်မှာလား ဆိုတာကိုတော့ သားပဲ ဆုံးဖြတ်ပါ။ မေမေနဲ့ သားဖေဖေရော သမီးလေး နှင်းကပါ ဘာမှပြောမှာမဟုတ်ဘူး။ သားသားလည်း မကြာခင် ဖခင်တစ်ယောက် ဖြစ်လာတော့မှာလေ ဆုံးဖြတ်ပေါ့"

မေမေရဲ့ စကားကိုကြားပြီးချိန်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အသိစိတ်တွေက ကို့ရင်ထဲ ပွဲတင်သံတွေ ထပ်နေတယ်။ ရင်ထဲမှာ အေးချမ်းစွာ စီးဆင်းနေတဲ့ ရင်သွေးဆိုတဲ့ ပီတိ လေးတွေက တွေဝေနေတဲ့ ကိုစိတ်ကို ခိုင်မာတဲ့ ဆုံးဖြတ်ချက်တွေ ချစေခဲ့တယ်။ အဲဒါကတော့လေ--

"အချစ်ကို အောင်နိုင်ဖို့ တစ်ခုတည်းသော နည်းလမ်းက ထွက်ပြေးခြင်းပါပဲ" တဲ့။ ဒါကို ကြားခဲ့ဖူးတဲ့ သိုးဆောင်းစကားတစ်ခုပါ သဲညာ။ ကိုဟာ ရင်ခွင်ပြောင်းလို့ သဲညာကို မေ့သွားခဲ့တာမဟုတ်ပါဘူး။ သတိရပါတယ်။ လွမ်းရပါတယ်။ ဒါပေမဲ့ မဖြစ်နိုင်တော့တဲ့ ဘဝမို့ ရှေ့ဆက်မတိုးမိအောင် ကိုယ့်စိတ်ကိုယ်ထိန်းပြီး သဲညာရဲ့အဝေးကို ထွက်ပြေးခဲ့ရတာပါကွယ်။ တစ်ဖက်မှာ သောင်ထွန်းဖို့ တစ်ဖက်က တမ်းပြိုရတယ်တဲ့။ ကို့စိတ်ဆန္ဒတွေ ပြည့်ဝသာယာဖို့ လောကထဲ ဝင်လာမယ့် ဖြူစင်လွန်းတဲ့ လူမမည် ကိုယ့်ရင်သွေးဟာ အဖေမဲ့ရမယ့် ကြမ္မာဆိုးတွေနဲ့ ရင်မဆိုင်စေချင်ဘူး။ နောက် လင်သားတစ်ယောက်ရဲ့ ပစ်ခွာမှုကိုခံရမယ့် သစ္စာရှိရှိ ကိုယ့်အပေါ် ခွင့်လွှတ်နားလည်ပေးခဲ့တဲ့ လောကအလယ်မှာ ကလေးတစ်ယောက်မိခင်အဖြစ်နဲ့ ကျန်ရစ်ရမယ့် မနှင်းရဲ့ နာကျင်ခြင်းတွေ။ ပြီးတော့ သဲညာ--။

ဟုတ်ပါတယ်။ အချစ်တစ်ခုတည်းနဲ့ တစ်ရွာသားကို မျက်စိစုံမှိတ် ယုံကြည်ပြီး ကို့အပေါ် အမျှော်လင့်ကြီး မျှော်လင့်နေတဲ့ သဲညာရဲ့ ရိုးသားဖြူစင်တဲ့ ဘဝကို အစွန်းထင်းတွေ မဖြစ်စေချင်တော့ဘူးလေ

လူပျိုလူလွတ်မဟုတ်တဲ့ ကို့ကို မသိနားမလည်စွာ ချစ်

ကြိုက်မိခဲ့တဲ့ သဲညာကို ပတ်ဝန်းကျင် တံတွေးခွက်

မမျောစေချင်ဘူး။ ရိုးသားစွာ ကို့ကို ချစ်ခဲ့တဲ့ သဲညာ

ကို့ရဲ့ဘဝမှာ သဲညာက နောက်ထပ် မရှိတော့တဲ့ အချစ်

ဆိုတာတော့ ယုံကြည်ပေးပါကွယ်။ ဒါပေမယ့်---။

လောကကြီးရဲ့ ချစ်တိုင်းလည်းမညားကြတဲ့

တွေထဲမှာ ကိုယ်တို့နှစ်ယောက်ရဲ့ နာမည်တွေကို ရေး

လိုက်ကြပါစို့ သဲညာ။ တကယ်တော့ အချစ်ဆိုတာ ဘဝ

မသေးငယ်လှတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်သလို ဘဝ

မကြီးမားလှတဲ့ အစိတ်အပိုင်းတစ်ခုဆိုလည်း မမှား

နိုင်ပါဘူးကွယ်။ ဘဝမှာ အချစ်ရေးထက် အရေးကြီး

တာကို ခု ကိုယ် နားလည်သွားသလို တစ်နေ့နေ့

သဲညာလည်း နားလည်လာပါလိမ့်မယ်ကွယ်။

ဒါ့ကြောင့် ကိုနဲ့သာဆို ဘဝခရီးလမ်းကို

ဘယ်လောက်ထန်ထန် လှိုင်းဘယ်လောက်ကြီးကြီး

ကျော်ဖြတ်ချင်တယ်ဆိုတဲ့ သဲညာရေ--အချစ်ဝင်နေတဲ့

အပြစ်မမြင်နိုင်ခဲ့ပေမဲ့ ခုတော့ ကို့အပြစ်တွေကို မြင်လှည့်

ပါတော့ကွယ်။ အလိမ်အညာတွေဆင့်ပြီး ရိုးသားဖြူစင်

နန်းမထိုက်ဘဲ လောကစံကို ကြံ့ကြံ့ခံနိုင်တဲ့ အစွမ်း

သတ္တိရှိတဲ့ ဗေဒါပန်းလေးကို ခူးဆွတ်မိတဲ့ ကို့ကို အပြစ်

မြင်ပြီး အချစ်မဝင်ပါနဲ့တော့ကွယ်။ လွမ်းစရာကိုနာစရာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ဖြေပြီး ကိုယ်ချစ်မရှာဘဲ သူချစ်ကိုသာ ရှာပါတော့ကွယ်။

ဒါကြောင့် ကိုကို ဆက်လက်ပြီး မစောင့်တော့ ဘဲ တစ်ရွာတည်းနေ တစ်ရေတည်းသောက်ပြီး သဲညာအပေါ် သိပ်သံယောဇဉ်ရှိရှာတဲ့ "စိုးမြတ်ဦး" ကိုပဲ ဘဝကြင်ဖော် အဖြစ် ရွေးချယ်လိုက်ပါတော့လို့ ရင်နာနာနဲ့ပဲ ပြောပါရစေတော့။

"စေလိုရာစေ ဖြစ်လိုရာဖြစ် မြစ်ကြီးထဲမှာ

စီးမျောနေကြတဲ့ ခေတ်လူသားတွေဟာ

သူများကို ကယ်တင်ဖို့အလုပ်ထက်

ကိုယ့်ကိုယ်ကိုယ် ဆယ်ငင်ဖို့အလုပ်ကို

တစ်ခုတ်တရ လုပ်နေကြရတယ်" ဆိုတဲ့

ဆရာ မောင်ခိုင်မာရဲ့ ကဗျာလေးလိုပါပဲ။ ကိုယ့် ဘဝကိုယ် သာယာအောင် အချစ်ရေးကို ရှေ့တန်းမတင်ဘဲ လက်တွေ့ဘဝကို လုပ်ဆောင်နိုင်ဖို့ ကြိုးစားပါတော့လေ။ ကိုယ့်ဘဝကိုယ် ဆယ်ငင်နိုင်ပြီး ပျော်ရွှင်အေးချမ်းတဲ့ဘဝကို ပိုင်ဆိုင်နိုင်ပါစေလို့ ဖြူစင်ရိုးသားတဲ့ မေတ္တာနဲ့ ကို ဆုတောင်းပေးလိုက်ပါတယ် သဲညာရယ်။


**အထိတ်တ "ထို"**

**လူထတ်မင်းဝေ**




www.burmeseclassic.com

www.burmeseclassic.com










အမှတ်(R-1)၊ ဂန္ဓမာလမ်း နှင့် (၆)လမ်းထောင့်၊ မင်္ဂလာဥယျာဉ်မြို့တော်အိမ်ယာစီမံကိန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ။

ဖုန်း - ၂၉၂၉၉၂၊ ၂၉၆၇၄၆၊ ၂၉၉၂၆၇၊ ၂၀၅၇၅၄၊ ၂၀၅၄၀၄၊ ၂၀၅၇၇၉

www.burmeseclassic.com

www.burmeseclassic.com





# ၃၉ ကိုက်ရှု

ခိုင်ဇင်သန့်



www.burmeseclassic.com

www.burmeseclassic.com





ကမ်းတရီးစကား ရုပ်ရှင်ထုတ်လုပ်ရေးအတွက် မင်းမြဒေးက စီစဉ်ပေးပါတယ်။ ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်က နရီမင်းရဲ့ဝတ္ထု၊ နေစိုးသော်ရဲ့ဇာတ်ညွှန်းနဲ့ **"၃၉-ဗိုတ်ပူ"**လို့ အမည်ပေးပြီး ရုပ်ရှင်ဇာတ်ကားရိုက်ကူးပေးထားပါတယ်။

ကျရာဇာတ်ရုပ်ပေါ်အောင် နေတိုး၊ ဝေဠုကျော်၊ ကျော်ရဲအောင်၊ စိုးမြတ်သူဇာ၊ ဝတ်မှုံရွှေရည်၊ ချောရတနာ။ မေသဥ္စာဦး၊ ဗေလုဝ၊ မိုးဒီ၊ ပွင့်၊ ချစ်ဖွယ်၊ အုန်းသီး၊ တောင်းစံ၊ ထက်ထက်၊ သိန်းဖုံ၊ ဘဲဗင်းဒေး၊ ဆာမိ၊ စည်သူ၊ 5 star အဖွဲ့တို့ ပါဝင်သရုပ်ဆောင်ထားကြပါတယ်။

ညီအစ်ကိုဝမ်းကွဲတော်စပ်သူ လူချောနဲ့ စိန်ပေါတို့ဟာ ဗိုက်ပူဘတ်စ်ကားကို နေအိမ်ပြုလုပ်ကိုင်စားသောက်ကြတယ်။ လူချောမှာမူလက နိုင်ငံခြားသို့သွား၊ အလုပ်လုပ်ဖို့ ပတ်စ်ပို့လုပ်ထားရာ ကြွက်ကိုက်သွားလို့ ပတ်စ်ပို့ပျက်စီးသွားရာ နိုင်ငံခြားသွားဖို့မရတော့လို့ ကြွက်ကိုမုန်းတီးနေသူဖြစ်တယ်။ စိန်ပေါကမူ ချစ်သူပစ်သွားလို့ မိန်းမမုန်းနေသူဖြစ်တယ်။

တစ်ရက် လူချောတို့ရဲ့ ဘတ်စ်ကားပေါ်မှာ ဆ… ဆိုတဲ့လူငယ်တစ်ယောက် အိပ်နေတာကိုမောင်းချလို့လည်… ရဘူး။ သူ့ကိုအလုပ်ပေးပြီး အတူနေခွင့်ပြုဖို့ပြောပြီး စ… အချို့လည်းထုတ်ပေးပြီး တောင်းပန်တယ်။ တစ်နေ့ လူ… ထောင်ထားတဲ့ ကြွက်ထောင်ချောက်မှာ ကြွက်မိနေတာ… ဆန်နီလွှတ်ပေးလိုက်ရာ လူချောစိတ်တိုတယ်။ ဆန်နီ… ထွက်ပြေးရာ လူချောလိုက်ဖမ်းရင်း နှစ်ဦးစလုံးလဲကျ… ဖက်မိသွားကြပြီး စိတ်လှုပ်ရှားသွားကြတယ်။ ဆန်နီ… ယောကျ်ားလေးမဟုတ်ကြောင်း သိသွားတယ်။

ကြွေးရှင် ဒေါ်စိန်နက်က ကြွေးဆပ်မယ်ဆို… ကတိများ မကြာခဏပျက်လို့ ကြွေးနဲ့ပစ္စည်းများသိမ်းဖို့… ရာ ဆန်နီက "မိမိဆပ်ပါမယ် .. ရက်အကန့်အသတ်ပေး… …"လို့ ဝင်ပြီးတောင်းပန်တယ်။ ဒေါ်စိန်နက် ပြန်သွား… ဆန်နီက ဖုန်းဆိုင်တစ်ခုမှနေပြီး ဖခင်ထံဖုန်းဆက်တာ "… မိပြန်လာမယ် ငွေသုံးသိန်းပို့ပေးပါ"လို့ ပြောင်းတယ်။ …



www.burmeseclassic.com

www.burmeseclassic.com





ချောက မိမိတို့အတွက် ဆန်နီအနစ်နာခံတာကိုသိပြီး စိတ်ကောင်းဖြစ်သွားတယ်။

ဆန်နီမှာ မိန်းကလေးဖြစ်ကြောင်း လူချောက စိန်ပါကို ထုတ်ပြောပြီးနောက် စန္ဒီ(ဆန်နီ)က သူမရဲ့နောက်ကြောင်းကို ထုတ်ပြီးဝန်ခံပြောပြတယ်။ သူမရဲ့မိခင်ကွယ်လွန်ပြီးနောက် ဖခင်က နောက်အိမ်ထောင်ပြုရာ မိထွေးဖြစ်သူက ကောက်ကျစ်သူဖြစ်လို့ စန္ဒီရမဲ့အမွေပစ္စည်းများကို အပိုင်သိမ်းနိုင်ဖို့ မိထွေးကသူ့ရဲ့မောင်ဖြစ်သူနဲ့ အတင်းလက်ထပ်ပေးဖို့စဉ်ရာ ဖခင်ကမိထွေးအလိုကိုလိုက်တယ်။ စန္ဒီက လက်မခံနိုင်ပဲ အိမ်မှထွက်ပြေးလာခဲ့ခြင်းဖြစ်တယ်။ ဒါကိုသိပြီး လူချောနဲ့စိန်ပေါ်မှာ သနားပိုသွားခဲ့ပြီး စန္ဒီကို ယခင်ကထက်ပိုပြီး ဂရုစိုက်အိပ်ကြတော့တယ်။

မကြာမီ စန္ဒီရဲ့ဖခင်က တပည့်များနဲ့အတူ ရောက်လာကာ လူချောတို့ကို ပြဿနာရှာတယ်။ စန္ဒီက တောင်းပန်ပြီး ကျေးဇူးဆပ်မဲ့အကြောင်းပြောကာ ပြန်လိုက်သွားခဲ့တယ်။

စန္ဒီ ပြန်သွားပြီးနောက် ကားပြင်ဖို့အတွက် လူချောတို့ထံ ငွေများရောက်လာခဲ့တယ်။ စန္ဒီက ပို့လိုက်ခြင်းဖြစ်တယ်။

ဆန်နီကိုလွမ်းနေတဲ့လူချောက စန္ဒီထံသို့ ဘတ်စ်ကားအိုကြီးနဲ့ လိုက်သွားကြတယ်။ စန္ဒီတို့ခြံထဲ ဝင်ခွင့်ပင်မရ။ အစောင့်များကမောင်းထုတ်ကာ မိထွေးရဲ့မောင်နဲ့တပည့်များက ပြဿနာရှာတယ်။ စန္ဒီထွက်လာပြီး လူချောတို့ကို အိမ်ပြန်ကြဖို့ပြောတယ်။ “မိမိတို့သံယောဇဉ်များ ပြီးဆုံးသွားပြီ ..” လို့ပြောပြီး “ရှင်ပေးဖူးတဲ့ လက်ဆောင်ပြန်ယူသွား” လို့ဆိုကာ ဘူးတစ်ခုကိုပေးတယ်။ ဘူးထဲမှာ ပန်းတစ်ပွင့်နဲ့အတူ “လာခိုးပါ” ဆိုတဲ့ စာတိုကလေးပါလာတယ်။

လူချောတို့အကြံရပြီး အိမ်ထောင်ပရိဘောဂအသစ်များပို့ဖို့ ရောက်လာကြသူများကို ဖော်ပြပြီး ရုပ်ဖျက်ကာ လူချောတို့ အိမ်ထဲကစန္ဒီကို ခိုးထုတ်ကြတယ်။ မိထွေးရဲ့မောင်နဲ့တပည့်များသိသွားကာ ထိုးကြိတ်ပုတ်သတ်ပွဲဖြစ်သွားတယ်။ စန္ဒီက ဖခင်ကိုတောင်းပန်တယ်။ ဖခင်က စန္ဒီဘက်မှ ရပ်တာ ပြေးဖို့အချက်ပြတယ်။ လူချောနဲ့စန္ဒီတို့ ထွက်ပြေးကြတယ်။

လူချောနဲ့စန္ဒီတို့ ဘတ်စ်ကားပေါ်တက်ပြီး စိန်ပေါ်ကမောင်းကာ ထွက်ပြေးကြတယ်။ နောက်မှ လိုက်လာကြသူများမှာ ဘတ်စ်ကားမီးခိုးမှိုင်းများကြားမှာ မည်းပေတူးကာ ကျန်ရစ်ခဲ့ကြပြီး လူချောနဲ့စန္ဒီတို့က လက်ပြကာတဲ့တာလုပ်သွားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်အနီးက ရွာလေးရဲ့ဦးစီးခေါင်းဆောင် ကြီး ဦးရွှေကျော်ဟာ အိုးတိုးအတ တူဖြစ်သူ အောင် ောင်းကို မွေးစားထားတယ်။ ဦးရွှေကျော်ရဲ့ညီ ဦးရွှေမော်နဲ့ နီး ဒေါ်တင်တင်တို့မှာ သားကြီး အာကာရွှေနဲ့ သမီးငယ် မော်ရွှေ ရှိတယ်။ အာကာရွှေက သင်္ဘောသားဖြစ်ပြီး နုမော် ွှေက တက္ကသိုလ် ဒုတိယနှစ်ကျောင်းသူဖြစ်တယ်။

တစ်ရွာတည်းသား ငယ်သူငယ်ချင်း ဦးကျော် ကျော်နဲ့ ဇနီး ဒေါ်ခင်မမတို့မှာ သမီးကြီး ဂျူးဂျူးနဲ့ သားငယ် နွှကျော်တို့ရှိတယ်။ ဂျူးဂျူးက ဘွဲ့ရပြီး မိဘများရဲ့ စီးပွား ရေးလုပ်ငန်းများကို ကူညီလုပ်ကိုင်နေသူဖြစ်ပြီး နန္ဒာကျော် တော့ ကာလသားပေါက်စ ပျော်ပျော်နေတတ်သူဖြစ်တယ်။ ျူးဂျူးက အာကာရွှေနဲ့ ချစ်သူရည်းစားဖြစ်နေကြပြီး နှစ် က်မိဘရိပ်မိသိရှိပေမဲ့လည်း တစ်ရပ်တစ်ရွာတည်းသားခြင်း ဖြစ်နေလို့ မသိချင်ယောင်ဆောင်နေကြတယ်။

ဒါအပြင် ရွာရဲ့မှတ်နာဖုံးစာရင်းဝင်တစ်ဦးဖြစ်တဲ့ ဦး အေးမောင်နဲ့ ဇနီးဒေါ်သန်းရင်တို့မှာ သားကြီးဇော်ဇော်နဲ့ သမီးငယ်သော်သော်တို့ရှိတယ်။ ဇော်ဇော်က နုမော်နဲ့အတူ တက္ကသိုလ်တက်နေတဲ့ ကျောင်းသားတစ်ဦးဖြစ်ပြီး နုမော်ကို ငယ်ကျွမ်းဆွေဖြစ်လို့ ကျိတ်ချစ်နေတယ်။ သော်သော်က တော့ ရွယ်တူသူငယ်ချင်း နန္ဒကျော်နဲ့ပေါင်းထား နှောက် ပြောင်တတ်သူဖြစ်တယ်။

တစ်နေ့ အလွန်စပ်စုပြီး အတင်းပြောတတ်တဲ့ ဝဲ ပြုတ်သည်ဒေါ်ညွန့်ရဲ့ စကားအရောင်းအဝယ်လုပ်မှုကြောင့် ဦးကျော်ကျော်–ဒေါ်ခင်မမတို့လင်မယားနဲ့ ဦးရွှေမော်–ဒေါ် တင်တင်တို့လင်မယား တစ်ဖက်နဲ့တစ်ဖက် အထင်အမြင်လွဲ များစွာ အကြီးအကျယ်ရန်ဖြစ်ကြတယ်။ ပြီးရပ်ကွက်လူကြီး





www.burmeseclassic.com

www.burmeseclassic.com



များဖြစ်ကြတဲ့ ဦးရွှေတော့်၊ ဦးအေးမောင်နဲ့ ဒေါ်သန်းရင်တို့ ပိုင်းဝန်းဖျောင်းဖျမှုကြောင့် ရန်ပွဲရပ်သွားပေမဲ့ ဦးကျော်ကျော်၊ ဒေါ်ခင်မမတို့နဲ့ ဦးရွှေမော်-ဒေါ်တင်တင်တို့မှာ အာဃာတမာန် မာနကိုယ်စီနဲ့ မခေါ်မပြောနိုင်ဖြစ်သွားကြတယ်။

နှစ်ဖက်သားသမီးများမှာ ငယ်သူငယ်ချင်းများဖြစ်နေလို့ မိဘများကွယ်ရာမှာ ခိုးကြောင်ခိုးဝှက်တွေ့ဆုံ ခင်မင်ပေါင်းသင်းကြတယ်။ ချစ်သူဖြစ်နေကြတဲ့ အာကာရွှေနဲ့ ဂျူးဂျူးတို့မှာ မိဘချင်းအဆင်ပြေခင်မင်နေချိန်က သူတို့ရဲ့အချစ်ရေးမှာ သာယာဖြောင့်ဖြူးနေသလောက် မိဘများရန်သူသဖွယ် ဖြစ်သွားတဲ့ဒီအခါ ချစ်သူနှစ်ဦးပေါင်းစုံဖို့ မလွယ်ကူတော့ပေ။ ဒါကြောင့် သားသမီးသူငယ်ချင်းလူငယ်များ စုရုံးတိုင်ပင်ကြရင်း အာကာရွှေနဲ့ဂျူးဂျူးတို့ ချစ်သူနှစ်ဦး သဘောတူလက်ထပ်လိုက်ကြတယ်။ အာကာရွှေမှာ ချစ်သူဂျူးဂျူးကို ပိုင်ဆိုင်ဖို့သေချာသွားပြီဖြစ်လို့ စိတ်အေးလက်အေးနဲ့ သင်္ဘောပြန်လိုက်သွားတယ်။

နှစ်လ/သုံးလခန့် အချိန်ကြာတဲ့အခါ ပဲပြုတ်သည်ဒေါ်ညွန့် စကားအရောင်းအဝယ်လုပ်လို့ ဇော်ဇော်နဲ့နုမော်တို့ ပြဿနာပေါ်လာတယ်။ နုမော်မှာ ဇော်ဇော်ကြောင့် ကိုယ်ဝန်ရှိနေကြောင်းသိလိုက်ရလို့ မိဘများနဲ့ရပ်ရွာလူကြီးများ မျက်လုံးပြူးထိပ်လန့်သွားကြတယ်။

ဒီအချိန်မှာ သင်္ဘောတက်သွားတာ မကြာသေးတဲ့ အာကာရွှေမှာ ရာထူးတိုး၊ သင်္ဘောအပြောင်းအလဲကြောင့် အချိန်ပိုရပြီး မြန်မာပြည်ပြန်လာပြီး ရွာကိုပြန်ရောက်လာတယ်။ အာကာရွှေပြန်ရောက်လာမှ နုမော်မှာနှစ်ဖက်မိဘနဲ့ လူကြီးများ သူမအပေါ်အထင်အမြင်လွဲမှားမှုကို ဖြေရှင်းနိုင်ခဲ့တယ်။

အဖြစ်မှန်က အာကာရွှေနဲ့ဂျူးဂျူးတို့ အချစ်န[…] တွဲခဲ့မိရာမှ (အာကာရွှေ မရှိချိန်မှာ) ဂျူးဂျူးကိုယ်ဝန်ရှိလာ[…] ဇော်ဇော်၊ နုမော်နဲ့ သူငယ်ချင်းလူငယ်များတိုင်ပင်ကာ ဂျူး[…] ကိုဝိုင်းဝန်းစောင့်ရှောက် ကာကွယ်ပေးကြခြင်းဖြစ်တယ်။ [...] ဂျူးကိုယ်ဝန်ကို မြို့တက်ဆေးခန်းသွားပြချိန်မှာ ပဲပြုတ်သ[…] ဒေါ်ညွန့်က နုမော်တစ်ယောက်တည်းကိုသာ မြင်တွေ့ခဲ့မိ[…] နုမော်ပြဿနာတက်ခဲ့ရခြင်းဖြစ်တယ်။ နုမော်မှာ အဖြစ်[…] ကိုပြောပြလိုက်ပါက ဂျူးဂျူးနဲ့မိဘများ အရှက်ရမှာကိုစိုး[…] ပြီး ဇော်ဇော်နဲ့တိုင်ပင်ကာ ပြဿနာများကို ခေါင်းခံရင်ဆိ[…] ဖြေရှင်းခဲ့ခြင်းသာဖြစ်တယ်။

နတ်ရွာမိုးရဲ့(မိုးလုံချည်)ဝတ္ထုကို ကိုရွှေအိုးသ[…] က ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာဇမ္ဗူထွန်းသက်လွင်[…] Power King ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ကိုဇော်မင်း[…] စဉ်ပေးမှုနဲ့ **“အချစ်များနှင့် ဖန်ဆင်းမယ်”**လို့ အမည်[…] ပေးပြီး ပုံဖေါ်ကျူး ရိုက်ကူးထားတာဖြစ်ပါတယ်။

ကင်မရာမင်း အကယ်ဒမီကျော်ဖြူရိုက်ကူး[…] ထပ်ဆင့်အကယ်ဒမီ ဇော်မင်း(ဟံသာမြေ)တည်းဖြတ်ထ[…] ပါတယ်။ ဇာတ်ကားနောက်ခံသံစဉ်များကို အကယ်ဒမီ[…] မှူးဝင်းကိုက ဖန်တီးဖြည့်ဆည်းပေးထားပြီး ဇာတ်ဝင်[…] ကို သားစိုး၊ အကော်ဒီယံအုန်းကျော်၊ ဂျင်းနီတို့က ရေး[…] ထားကြပါတယ်။

ပါဝင်သရုပ်ဆောင်ထားကြသော ဟိန်းဝေယံ၊ [...] အောင်၊ ရဲအောင်၊ ကောင်းခန့်၊ ထွန်းအိန္ဒြာဗို၊ မေသန်းနု၊ [...] သန်းနု၊ မေသဉ္ဇာဦး၊ စိုးပြည့်သဇင်၊ မိုးယုစံ၊ ဦးဝင်း[…] အောင်ဇော်မင်းတို့နဲ့ ဇာတ်ပို့ဇာတ်ရန်များပဲဖြစ်ကြပါတယ်[…]



www.burmeseclassic.com

www.burmeseclassic.com



# စာအုပ်စင်ရှုထောင့်ကဏ္ဍ

ကိုကြီးထူး

## "မွန်ပြည်နယ်၊ ကျိုက်ထိုမြို့ မဟာမုနိသွန်းဘုရားကြီးသမိုင်း"





"သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်ရ ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်) လူမှုထူးချွန် (ပထမအဆင့်)နှင့် စာပေများဆုရှင်"၏ စာအုပ်တွင် "မဟာမုနိသွန်းဘုရားသမိုင်း"ဟူသော ခေါင်းစီးနှင့်အညီ ဓာတ်ပုံမှတ်တမ်းများနှင့်တကွ အသေးစိတ်ဖော်ပြထားသည်။ ကျိုက်ထီးရိုးဘုရားသို့ သွားကြသူတိုင်း ဝင်ရောက်ဖူးမြော်ကြသည့်ဘုရားကြီးဖြစ်၍ လေ့လာကုသိုလ်ယူသင့်ကြသည်။ အမေ့သားထိုက်စာပေ ဝ၉၄၂၁၁၄၆၉၇၈မှ တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

BURMESE CLASSIC .com

## "မြန်မာတို့၏ အနှိုင်းမဲ့ ဇရပ်နှင့် အခြားဆောင်းပါးများ"

"ဆရာဦးမြင့်ဝေ (ကြို့ပင်ကောက်)"၏ ဤစာအုပ်တွင် ကမ္ဘာရေးရာ၊ မြန်မာ့ရေးရာ၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည်ဖြင့် ဗဟုသုတမျိုးစုံကို သတင်းစာဆောင်းပါးအရေးအသားမျိုးဖြင့် လိုရင်းတိုရှင်း ကျစ်လျစ် သိပ်သည်းစွာ ရေးသားထားရာ စာကြည့်တိုက်တိုင်းတွင် အမြဲတမ်းထားရှိသင့်ကြသလို တစ်ဦးချင်းအနေဖြင့် ဝယ်ယူသိမ်းဆည်းထားသင့်သည်။ ဓာတ်ပုံမှတ်တမ်းများဖြင့် (၁၁.၃×၈")ဆိုဒ်ကြီး တစ်အုပ်လျှင် ၃၀၀၀ိ/-နှုန်းဖြင့် အမှတ်(၄-စီ)၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၁၂၇၅၊ ၅၄၁၂၇၆မှ တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိသည်။






www.burmeseclassic.com

www.burmeseclassic.com






## “စိတ္တသတ္တိနှင့် စာရေးဆရာ (၂၇)ဦးတို့၏ ဒေါင်းခြေရာစာစုများ”

“ဆရာတော် မေတ္တာရှင် (ရွှေပြည်သာ)”စီစဉ်သည့် ဤစာအုပ်တွင် “ဆရာတော် မေတ္တာရှင် (ရွှေပြည်သာ)” အပါအဝင် စာရေးဆရာကြီးငယ် အသွယ်သွယ်တို့က ပါဝင်ရေးသားကြသည်။ ဒေါင်းခြေရာစာစုဆိုသည့်အတိုင်း ဒီမိုကရေ ကို ခံစားချက်အမျိုးမျိုးဖြင့် ရေးသားထားကြရာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ မတူကွဲပြား သဘောထားများကို လေ့လာ ဖတ်ရှုသင့်ကြသည်။ ညီမေတ္တာစာပေ၊ အမှတ် (၂၇၂-က)၊ ဗထူးလမ်း၊ (၆/၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ မှ တစ်အုပ်လျှင် (၁၅၀၀ိ/-)နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။



## “မြန်မာ့မြေမှ မြန်မာ့ထန်း”

“ဆရာကာတွန်းကြည်ဝင်း”၏ ဤစာအုပ်တွင် မြန်မာ့ထန်းအကြောင်းကို ခရေစေ့တွင်းကျ အသေးစိတ်ရေးသား ထားရာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ မြန်မာလူမျိုးများ၏ ထန်းတက်ထန်းလှီးပညာ၊ ထန်းလျက်ထုတ်လုပ်ပုံ၊ ထန်းဝင် မှထွက်သည့် လူအသုံးအဆောင်ပစ္စည်းများ၊ ထန်းတစ်ပင်လုံး အသုံးဝင်ပုံများကို ရောင်စုံဓာတ်ပုံများနှင့်တကွ အညာသားပီ ပီပြင်ပြင်စွာလေ့လာရေးသားထားသည်။ စာကြည့်တိုက်တိုင်းတွင် ထားရှိသင့်သည်။ သင်းစာပေ၊ အမှတ် (၁၀)၊ ရတနာမြိုင်လမ်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့မှ တစ်အုပ်လျှင် (၂၀၀၀ိ/-)နှုန်းဖြင့် ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

www.burmeseclassic.com



## "ဘဝရဲ့ အားမာန်နှင့် အခြားဝတ္ထုတိုများ"




"ဆရာကြီး ရွှေမြိုတ်သောင်းတင်"သည် စာပေလုပ်ငန်းတစ်ရပ်တည်းဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုခဲ့ရာ စာပေနယ်တွင် စာပေအတွေ့အကြုံ ကြွယ်ဝသူဖြစ်သည့်အလျောက် အချစ်၊ အလွမ်း စုံထောက်လုံးချင်း (၇၀)အုပ်ကျော် ရေးသားခဲ့သူဖြစ်သည်။ ယခုအသက် (၈၀)ပြည့် အထိမ်းအမှတ်အဖြစ် မဂ္ဂဇင်းဝတ္ထုတိုများကို စုစည်းထုတ်ဝေခဲ့ရာ ဝတ္ထုကို ကြိုက်နှစ်သက်သူများ ဝယ်ယူသိမ်းဆည်းထားသင့်သည်။ ကောင်းထွန်းစာပေ၊ ဖုန်း-၀၉၇၃၀၁၀၁၇၁မှ တစ်အုပ်လျှင် (၁၅၀၀ိ/-)နှုန်းဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိသည်။

**ထိုကြီးထူး**



www.burmeseclassic.com

www.burmeseclassic.com



# တစ်လတာသင့်ကံကြမ္မာ

တက္ကသိုလ်စိုးမိုးနိုင်

## တနင်္ဂနွေ



အောင်မြင်မှု အသီးအပွင့်များကို ခူးဆွတ်ယူခွင့်ရရှိမည့်ကာလ။ ပခုံးချင်း ယှဉ်ပြိုင်လာသူတို့ကို အနိုင်ဖြင့် ပွဲသိမ်းနိုင်ပေလိမ့်မည်။ ဆန်းကြယ်သည့် တိုက်ဆိုင်မှုများ ကြုံရမည်။ မိဘ၊ ဆရာ၊ အကြီးအကဲတို့ထံမှ စောင့်ရှောက်မှုကို ရရှိပေလိမ့်မည်။ အတ္တမာနကို ချိုးနှိမ်လျက် လိုက်လျောညီထွေ နေတတ်မှုကြောင့် မိသားစုနှင့် အဆင်ပြေနေမည်။ ကျန်းမာရေးသင့်၏။

ချစ်မိသူအပေါ် အနိုင်းမဲ့မေတ္တာကြီးမားနေမည်။ သံယောဇဉ်ကြီးမားလွန်းနေမည်။ ဖူးစာရေးနတ်က သင့်ကို ကောင်းချီးပေးပါလိမ့်မည်။

**ထီထိုးရမည့်နေ့** – အင်္ဂါ၊ ကြာသပတေး။

**အကျိုးပေးဝထာန်း** – (၁ စ ၆) (၂ စ ၇)

**ထခြော**– တစ်ပတ်အတွင်းမှာ ဘုရား (၉)ဆူလှည့်ဖူးကာ တစ်ဆူတွင် အဓိဋ္ဌာန်ပုတီး (၉)ပတ်စိပ်လျက် တစ်ခုတည်းသောဆုကို တောင်းပါ။

## တနင်္လာ



ပုံပြင်ထဲက ယုန်ကလေးကဲ့သို့ အိပ်ပျော်နေ... တတ်သည့်ကာလ။ ဝီရိယအားနည်းသဖြင့် ဘဝမှာ အ... နှင့် ရင်ဆိုင်ရမည်။ အရှုံးကို အပြုံးနှင့် ရင်ဆိုင်နိုင်ရန် ကြိုး... စားလျက် အရှုံးထဲမှအမြတ်ကို ရှာပါ။ အရှုံးအတွ... နောင်တမရဘဲ သင်ခန်းစာယူနိုင်အောင် ကြိုးစားသင့်... ကျန်းမာရေးအနေဖြင့် နှာစေး၊ ချောင်းဆိုးလောက်ထ... ခံစားရတတ်သည်။

ချစ်သူထံမှ ဝမ်းသာဂုဏ်ယူဖွယ်ရာ စကားကြ... ရတတ်သည်။ သင့်ဘဝအတွက် အသင့်တော်ဆုံး အချ... ရုံရှေတော်နှင့် ဖူးစာဆုံကာ ရင်ခုန်ရပေလိမ့်မည်။

**ထီထိုးရမည့်နေ့** – ကြာသပတေး၊ သောကြာ။

**အကျိုးပေးဝထာန်း** – (၅ စ ဝ) (၅ စ ၁)

**ထခြော**– ပြန်လည်ကျေးဇူးတုံ့ပြန်လိုသော မျှော်လ... ချက် တစ်စုံတစ်ရာမပါဘဲ နွမ်းပါးသူတို့ကို ဝတ်စုံ၊ ... ကြေးနှင့် ဆေးဝါးအစရှိသဖြင့် တတ်နိုင်သရွေ့ လှူ... ပါ။

www.burmeseclassic.com



## အင်္ဂါ



အိပ်မက်များကို ကြည်ကြည်လင်လင် အောင်အထည်ဖော်ခွင့် ရရှိမည့်ကာလ။ စီးပွားရေးလုပ်ငန်း ရည်ရွယ်ချက်တို့ အောင်မြင်ဖြစ်ထွန်းမည်။ ရည်မှန်းချက်ဆီကို စူးစူးစိုက်စိုက် မမိုက်မသုန်ချီတက်နေပေလိမ့်မည်။ လက်လွှန်ထားသော ငွေကြေးဥစ္စာများ ပြန်လည်ရရှိပေလိမ့်မည်။ ကျန်းမာစေရန် တရားထိုင်ခြင်း၊ တရားမှတ်ခြင်းတို့ကို ပြုလုပ်သင့်၏။

ဆွေမျိုး၊ လူကြီးမိဘတို့ကြောင့် ချစ်သူနှင့် အလှမ်းဝေးကွာရတတ်သည်။ ချစ်သူ၏ အထင်မြင်လွဲမှားမှု၊ အထင်သေးမှု ခံရတတ်၏။ ချစ်သူနှစ်ဦး အမြင်မကြည်လင်မှုများ ကြုံမည်။

**ထီထိုးရမည့်နေ့** – ဗုဒ္ဓဟူး၊ သောကြာ။

**အကျိုးပေးဝထာန်း** – (၆ ၈ ၀) (၃ ၈ ၉)

**ထကြာ**– လမ်းတံတား ပြုပြင်ရေးသို့ ငွေ (သို့မဟုတ်) လုပ်အားဒါနပေးလှူပါ။

## ဗုဒ္ဓဟူး



မပြိုင်ဘဲနဲ့ အနိုင်ပွဲများ ရရှိတတ်မည့်ကာလ။ အတိတ်က ကြိုးစားမှု၏ ဆုလာဘ်များကို ခံစားရပါလိမ့်မည်။ မိုးပေါ်က ကျလာသည့် စွမ်းအားသစ်များကြောင့် ကံကောင်းမွန်မှုများက ဆက်တိုက်ကြုံရတတ်သည်။ ဦးတည်ချက်၊ ရည်မှန်းချက်အတိုင်း တန်းတန်းမတ်မတ် လျှောက်လှမ်းနေပေလိမ့်မည်။ မိမိသာမက အများအတွက်ပါ ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်ရန်အတွက် အရက်၊ ဆေးလိပ်များကို ရှောင်ရှားသင့်၏။

ဘဝခရီးအတွက် ရာသက်ပန်ဘဝခရီးအဖော်နှင့် တွေ့ရှိမည်။ မြတ်နိုးဖွယ်ကောင်းသည့် ချစ်သူလေးကို ဘဝတစ်သက်တာမှာ ပိုင်ဆိုင်ခွင့်ရရှိပေလိမ့်မည်။ အချစ်ကံကောင်းပါလိမ့်မည်။

**ထီထိုးရမည့်နေ့** – သောကြာ၊ စနေ။

**အကျိုးပေးဝထာန်း** – (၇ ၈ ၄) (၂ ၈ ၁)

**ထကြာ**– ဖြူစင်မြင့်မြတ်သော စေတနာဖြင့် သွေး (သို့မဟုတ်) ဆေးလှူဒါန်း ကုသိုလ်ယူပါ။

## ကြာသပတေး



အတွေးသစ်၊ အမြင်သစ်များဖြင့် ဘဝကို လျှောက်လှမ်းနေမည့်ကာလ။ ကုသိုလ်ကံ အထောက်အဆိုး ရောရောထွေးထွေးရှိနေ၏။ အဖြူကံ၊ အမည်းကံ ရောနေ၏။ အလုပ်နှစ်မျိုး၊ သုံးမျိုးကို တစ်ပြိုင်တည်း လုပ်ချင်နေတတ်၏။ ယခုကာလအတောအတွင်း စားသောက်ဆိုင်ကဲ့သို့ စီးပွားရေးလုပ်ငန်းများ ... ဆိုမှုကိစ္စရပ်တို့ အောင်မြင်မည်။ ကျန်းမာရေးအနေဖြင့် သစ်ပင်စိုက်ပျိုးခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်းတို့ဖြင့်

www.burmeseclassic.com



စိတ်ဓာတ်ကို ပို့မြှစ်နှုပ်ရှိအောင်နေထိုင်လျှင် ကျန်းမာပေလိမ့်မည်။

ချစ်သူမတွေ့ တွေ့သူမချစ် ဖြစ်နေမည်။ ဖူးစာရေးနတ်က သင့်နဖူးမှာ စာရေးဖို့ မေ့နေလိမ့်မည်။

**ထီထိုးရမည့်နေ့** – အင်္ဂါ၊ စနေ။

**အထိုးပေးဝထာန်း** – (၃ ၈ ၉) (၉ ၈ ၆)

**ထတြာ**– လူကြီးမိဘများကို တရားစာအုပ်ပေးလှူပါ။

**သောကြာ** 

ဇနက္ခမင်းသား ပင်လယ်တွင်းမှာ ကူးခတ်နေရချိန်။ ဘဝအမောများနှင့် ဝေနေမည်။ ယခုအချိန်မှာ ဝီရိယနှင့် ဉာဏ်ပညာပေါင်းစပ်ကာ ကြိုးစားရန် အထူးလိုအပ်၏။ ဖွဲ့ရှိလျှင် အခက်အခဲမှ လွတ်မြောက်ရန် ကူညီသူ ပေါ်လာပေလိမ့်မည်။ အရာရာကို ပါးနပ်လိမ္မာစွာ လုပ်ဆောင်သွားလျှင် သင့်ဘဝအဆင်ချောပေလိမ့်မည်။ ကျန်းမာရေး သင့်၏။

ချစ်သူ၏ အထင်သေးခြင်း၊ ရှုတ်ချပြစ်တင်ခြင်း ခံရတတ်သည်။ နိုင်လိုသူကို အရှုံးပေးမှ နှလုံးအေးချမ်းမှု ရရှိမည်။

**ထီထိုးရမည့်နေ့** – ဗုဒ္ဓဟူး၊ တနင်္ဂနွေ။

**အထိုးပေးဝထာန်း** – (၃ ၈ ၃) (၉ ၈ ၉)

**ထတြာ**– အများအတွက် ကောင်းစေချင်သော စေတ... ကို အရင်းခံလျက် လမ်းတံတားပြုပြင်ခြင်း၊ ဥ... ထောက်ခြင်း၊ ရေချမ်းစင်လှူခြင်း စသည့်တို့ကို ပြုလုပ်...

**စနေ** 

ပန်းကောင်းအညွန့်ချိုး အပြောခံရမည့်ကာလ... ဝေဖန်ပြစ်တင် ရှုတ်ချမှုများ ခံရတတ်သည်။ ဝေဖန်မှုမျ... ကို အမှုမထားဘဲ မိမိလုပ်သင့်သည့်အလုပ်များကို ဆ... လုပ်ရန် အကြံကောင်းပေးလို၏။ အိမ်ခြံမြေ အရော... အဝယ်ကိစ္စတို့မှာ ဆန္ဒမစောဘဲ ဆောင်ရွက်သွားလျှ... အဆင်ပြေချောမွေ့သွားပေလိမ့်မည်။ ကျန်းမာရေး အ... တွက် ရာသီခြောက်ပါး သင့်တင့်မျှတအောင် စားသုံးသ... ၏။

မုန်တိုင်းဖြင့်စသော အချစ်ကန္တာရထဲမှာ ခရီးဆ... ပေလိမ့်မည်။ အချစ်ကံခေလိမ့်မည်။ ချစ်လိုသည်ကတ... မျိုး ဖြစ်လာသည်က တစ်ဖုံကြုံရမည်။

**ထီထိုးရမည့်နေ့** – အင်္ဂါ၊ စနေ။

**အထိုးပေးဝထာန်း** – (၇ ၈ ၁) (၂ ၈ ၀)

**ထတြာ**– ပွင့်တော်မူပြီးသော ဘုရားများကို ရှိခိုးကန်တော့... ပါ။ 'သမ္ဗုဒ္ဓေ' ဂါထာကို ရွတ်ဆိုပါ။

**ထတ္တသိုလ်စိုးနိုင်**



www.burmeseclassic.com